
ဂျူး



ပုံနှိပ်ခြင်း
ပထမအကြိမ်
ဇူလိုင်လ၊ ၁၉၉၁၊
အုပ်ရေ/၅၀၀
တန်ဖိုး ၂၂/ကျပ်

ထုတ်ဝေသူ
ဦးမိုးကြည်(မြ ၀၉၅၀) မိုးကြည်စာပေ
၂၂၆ ငါးထပ်ကြီးမြောက်
ဗဟန်းမြို့နယ်
ရန်ကုန်မြို့

မျက်နှာဖုံးပုံနှိပ်သူ
ဒေါ်ကြည်ကြည်အေး မြ/၀၃၂၅၅
ဆန်းသိမ် အော့ဖ်ဆက်
၁၅၀၊ ၄၈ လမ်း၊ ရန်ကုန်

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
(၂၂၇၊ ၉၁၊ ၅)
စာမူကြိုတင်ခွင့်ပြုချက်အမှတ်
(၆၁၁၊ ၉၀၊ ၁၀)

အတွင်းပုံနှိပ်-ဒေါ်မိုးသီတာ၊မြ-၀၄၄၃၂၊
နံ့သာပုံနှိပ်တိုက်
၁၃၊၁၀၇ လမ်းမင်္ဂလာတောင်ညွန့်
ရန်ကုန်မြို့





## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး .... ဒို့အရေး

တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး.... ဒို့အရေး

အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး .... ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်

ပြည်ထောင်စုသား အားလုံး၏

ပဓာနကျသော တာဝန်ဖြစ်၏။

# အပိုင်း (၁)

## ခရေခ်းဖြာ (၁)

ပြဲတင်းပေါက်ကလေး....

ဝါးကပ်ပေါ်မှာ သစ်သားပြား ထပ်ကပ်ထားပြီး ဖွင့်ပိတ်လိုက်တိုင်း ကျွီခနဲ အသံမြည်သွားတတ်သည်။ ထိုပြတင်းပေါက်ကလေးကို ကမင်တကာမဟုတ်ဘဲ အသံမြည်အောင် ဖွင့်လိုက်သော အခါ သုတ်ခနဲ တိုးဝင်လာတတ်သော လေပြည် အေးသည် ဘဝင်ကို အေးစိမ့်သွားအောင် တတ်နိုင်စေ၏။ လယ်ကွင်းပြင်နှင့် ချောင်းငယ်၏သဲသောင်ကို ဖြတ်တိုက်လာသောလေပဲလေ။ သည်အတိုင်းအတာထက် ပိုပြီး အေးမြနိုင်သေးသည်ပဲ။ ဖွင့်သွားသောပြတင်းမှာ လက်ယှက်မေးတင်လျှက် ငြိမ်သက်နေလိုက်သောအခါ သူ့လို ငြိမ်မနေတတ်သော ယုဇနပင် အကိုင်းတို့သည် လှုပ်လီလှုပ်လဲ့ဖြင့် မျက်စိရှုပ်မိလောက်အောင် ရှေ့မှာ ရှိနေကြပြန်သည်။

သူ မြင်ချင်သည်က တစ်မျိုး ဖြစ်၏။

ကိုယ်ကိုကိုင်းလျက် ပြတင်းမှကျော်ကြည့်လိုက်သောအခါ
မနီးမဝေး ချောက်၏ အောက်ဘက်မှ မြစ်ရေပြင်ပေါ်မှာ
ခိုစီးနေကြသော ဒိုက်သရေကလေးများကို သူ တွေ့သည်။
လပြည့်ခါနီးမှာ မဝိုင်းတဝိုင်းဖြစ်နေသော လမင်းကို တိမ်ရိပ်
အနည်းငယ် ဖုံးလျက်မှုပင် ရေပြင်မှာ အလင်းရောင်ထင်နေ
သေး၏။ ထို့ကြောင့် ငွေရောင် တလက်လက်ထနေသော
မြစ်ရေပြင်၊ နောက်ပြီး အနည်းငယ်မျှသာ မြေနုပေါ်နေ
သော သောင်တို့ကို ဝိုးတဝါး သို့မဟုတ် စိတ်ကူးယဉ်
ကောင်းစွာမြင်နိုင်သည်။ အခါကာလမရွေး သည် ရှုခင်းကို
မြင်နိုင်သည်မဟုတ်။ မိုးတွင်း မြစ်ရေတက်သည့်ကာလမှသာ
တဲနှင့်မနီးမဝေး ချောက်မှာ ရေတက်လာတတ်ပြီး တစ်နေ
လုံး ပြန့်ပြန့်ပြူးပြူး လှပနေတတ်သော သောင်ပြင်ကိုလည်း
ရေလွှမ်းဖုံးလျက် သဲချားကို တိုက်စားသွားတတ်သည်။ သို့
ပေမယ့် သူ မိုးကို ချစ်သည်။ နောက်ပြီး မြစ်ရေပြင်ကိုလည်း
ချစ်သည်။

ငေးကြည့်ခနဆဲမှာပင် တဆတ်ဆတ်လှုပ်လျက် ခပ်သာ
သာ မျောနေကြသော ဗေဒါအုပ်တို့သည် ညဥ့်ယံဆီမှာ
လရိပ်ကို ခိုလှုံလျက် ရေပြင်ဖွေးဖွေးမှာ စည်းစိမ်ခံစားနေ
ကြသည်ကို မြင်ရ၏။ ဒီ အတက် အကျ ရှိသောချောင်းမို
ဗေဒါတို့၏ လှုပ်ရှားမှုကို ကြည့်ပြီး ရေရှိန်ကို ခန့်မှန်းနိုင်
သည်။ ချောင်း၏အဝမှာ မြစ်ပြင်ကျယ်ရှိသည်။ ဗေဒါ
တို့သည် မြစ်ပြင်ကျယ်မှ ရှေ့ဆက်မျောလေမည်လား။ ဘယ်
သောင်ကမ်းမှာ ခိုဝင်နားဖို့များ ကြံရွယ်ထားလေသည်မသိ
လရောင်အောက်မှာ ခေါင်းတထောင်ထောင် လည်တမော



မော့ဖြင့် ကြော့ကြော့ကလေး ဟန်ချီနေသော ခရမ်းပြာ
ရောင် ပန်းကလေး....

သူ မြင်ချင်သည်မှာ ထို ခရမ်းပြာရောင် ပန်းကလေး
ကိုပင် ဖြစ်သည်။ နောက်ပြီး သူ ဖြစ်ချင်သည်မှာလည်း ခရမ်း
ပြာရောင် ပန်းကလေးပင် ဖြစ်သည်။ ခရီးမဆုံးသရွေ့
ခေါင်းထောင် လည်မော့လျက် မညည်းမညူ မခိုမကပ်ဘဲ
ဆက်သွားလေမည့် ခရမ်းပြာ ပန်းကလေး၏ ဇွဲ၊ အားမာန်၊
သတ္တိ အားလုံးကို သူ နားလည်ထားပြီးသား ဖြစ်သည်။

သို့သော်လည်း....

ပန်းတိုင်—

ခရမ်းပြာ ပန်းကလေး၏ ပန်းတိုင်ကို ဘယ်ဆီမှာဟု သူ
တပ်အပ်မသိ။ လမ်းခရီးမှာ အခက်အခဲ၊ အနှောင့်အယှက်
အမျိုးမျိုးဖြင့် ဆက်လက် သွားနေမည်ဟုတော့ မှန်းဆရ
သည်။ ခရမ်းပြာ၏ ပန်းတိုင်ကို သူ မသိ။ သို့ပေမယ့် သူ
ရည်ရွယ်သည့် ပန်းတိုင်ကိုတော့ သူ သိသည်။ ပန်းတိုင်ကို
အရောက်သွားရမည့် လမ်းကိုလည်း သိသည်။ မကြာမတင်
ကာလမှာ သူ့ ခရီးဆုံး ပန်းတိုင်သို့ သူ ရောက်သွားလိမ့်
မည်။

သို့ပေမယ့်....

ထိုနေရာမှာ သူ့ အတွက် ကြင်နာခြင်းတစ်ခု ရှိပါမည်
လား မသိ။

*

သူတစ်ယောက်
မ်းငါရုံဆံတို့ကပင်

## ခရမ်းဖြာ (၂)

ပျဉ်းမပန်းတို့၏ အရောင်တောက်တောက်ကြောင့် မျက်စိအမြင်မှာ ကျိန်းစပ်လျက် ရှိသည်။ အစိမ်းရောင် သစ်ရွက်တို့သည် ဖုန်မှုန့်တို့ ကင်းစင်လျက် သစ်လွင်လှပနေကြ၏။ သရက်ပင်၊ ပိတောက်ပင် စသော အရိပ်ကြီးသည့် သစ်ပင်တို့အောက်ဘက်မှ နေရောင်ကို ကာကွယ်နားဖြေနေကြသော အလုပ်သမားတချို့ ရှိ၏။ သံဆူးကြိုးကာရံထားသည့် ကတ္တရာလမ်းမဘေး ဟိုဘက်ဆီမှာ မြက်ပင်တို့ ရှင်သန်နေသော ကွင်းပြင်ကျယ်က မျက်စိတဆုံး။

တကယ်ဆိုလျှင်တော့ မိုးစက်တို့ ခန်းလျက် စိမ်းလန်းစွာ ကျန်ရှိနေသောဝန်းကျင်မှာ နေပြောက်ကျဲကျဲတို့ဖြင့် တင့်တယ်သည့် ဝန်းကျင်အနေအထားမို့ စိတ်ကြည်နူးချင်စရာ သောင်ကမ်းမှ သို့ပေမယ့်...
လရောင်အောက်မှ



"ရင်ငြိမ်း"

သူမ၏ နှုတ်ခမ်းတို့ သိသာရုံ ဆတ်ခနဲလှုပ်သွားပြီး မျက်တောင်ခတ်သွားသည်။ တည်ငြိမ်နေသော လည်တိုင်သည် အနည်းငယ်လှုပ်ရှားသာလျက် မျက်ခုံးတို့ စောင်းငဲ့ကြည့်၏။ အဖြူရောင် ဇာအင်္ကျီလက်ရှည်သည် အသားအရေ၏ ကြည်လင်ခြင်းကို အသောက်အပံ့ပြု၏။ ပြောပါ ဟူသော သဘောဖြင့် ရင်ငြိမ်းက မေးဆတ်ပြသည်။

"ရင်ငြိမ်း မပြောချင်ပေမယ့် ဖြိုးနားလည်ပါတယ်"

သက်ပြင်းရှိုက်သံ....

ကြားရခဲသောအသံဖြစ်သည်။ မိန်းမသားတစ်ယောက်ဟု သေချာပေမယ့် တွေဝေခြင်း၊ ပျော့ညံ့ခြင်း၊ ဝန်တိုခြင်း၊ အားကိုးလွှယ်ခြင်းတို့ မရှိတတ်သော ရင်ငြိမ်းထံမှ မျက်ရည်နှင့် သက်ပြင်းရှိုက်သံသည် ကြုံတောင့်ကြုံခဲသော အနေအထား ဖြစ်၏။

ကြည်လင်နေသော ကောင်းကင်ပြင်ထက်မှ ရွှေ့လျားနေသော တိမ်စိုင်ခဲပို့၏ ဦးတည်ရာသည် ဘယ်ဆီမှာမသိ။ အဆုံးမရှိသော စိတ်တို့၏ လွင့်မျောရာကတော့ နောက်ဆုံး ရင်ငြိမ်းထံမှာ ရပ်နားသည်။ စေ့ပိတ်ထားသော နှုတ်ခမ်းတို့၏နောက်ကွယ်မှာ စကားပေါင်း မြောက်မြားစွာ ရှိနေမည်ဖြစ်ကြောင်း သိနေသည်။ ကားမှန်ပြတင်းကို စူးရှသော နေရောင်လာထိပြီး ခဏအကြာမှာ ပြန်လည် မှေးမှိန်သွားပြန်၏။ သည်နေ့အဖို့ ရင်ငြိမ်း၏ နှုတ်ခမ်းအဖွင့်ကို ပဲ စိတ်ရှည်စွာ စောင့်ရလေမလား။

အခါခပ်သိမ်းမှာ သူသည် စိတ်တိုလွယ်သူတစ်ယောက်ဖြစ်ခဲ့၏။ ခဏတဖြုတ်ဆုံဖြစ်သော သူစိမ်းသုံးဆံတို့ကပင်

ထိုအချက်ကို စက္ကန့်ပိုင်းအတွင်း သတိထားမိသလောက်ပင်။ သို့ပေမယ့် ရင်ငြိမ်းနှင့်ပတ်သက်သမျှ သူ စိတ်ရှည်ခဲ့ရသည်။ သည်းခံခဲ့ရသည်။ နားလည်ခွင့်လွှတ်နိုင်ဖို့ အမြဲ ကြိုးစားခဲ့ရသည်။ ထိုအရာအားလုံးသည် ရင်ငြိမ်း၏ အထုအထည်ကြီးမားလွန်းသောမေတ္တာတရားကို တုံ့ပြန်ပေးဆပ်နိုင်သည့် သူ့ ထံမှ တန်ပြန်မှု အချို့ပင်ဖြစ်၏။ ထို့ကြောင့်လည်း သူနှင့် ရင်ငြိမ်းတို့ ရည်မှန်းခဲ့သည့် ဘဝသည် အခက်အခဲ၊ အတားအဆီး အနည်းငယ်မျှသာ ရှိလိမ့်မည်ဟု နှစ်ဦးစလုံးက ထင်ခဲ့သည်။

"ဘယ်သူ့ကိုမှ အပြစ်မတင်ပါဘူး ရင်ငြိမ်း။ ဖြိုးရဲ့ ဖြတ်ခဲ့သမျှ ဘဝဆိုတာ ဘယ်တုန်းကမှ ချောမွေ့ညီညွတ်တယ် ဆိုတာမှ မရှိခဲ့ဘဲ။ အမြဲပဲ တိုက်ခိုက်ခဲ့ရတယ်။ ရုန်းကန်ခဲ့ရတယ်။ နောက်ပြီး အမှားအယွင်းတွေ အများကြီး ကြုံခဲ့ရတယ်။ ဒါပေမယ့် ဖျက်သိမ်းမရတဲ့ အမှားတစ်ခုကြောင့် ရင်ငြိမ်းရဲ့ ဆုံးဖြတ်ရမယ့် ရလာဒ်မှာ အကြီး အကျယ် အနှောင့်အယှက် ဖြစ်နေတော့မယ်။ ဘယ်သူမပြု မိမိမှုဆိုတဲ့ စကားလို ဖြိုး ပြုခဲ့သမျှ အမှားကို ဖြိုးခံနိုင်ရည်ရှိပါတယ်။ ဒါပေမယ့် ရင်ငြိမ်း ခံစားနေရမှာ။ အဲဒီအတွက် ကိုယ့်ကိုယ်ကို ခွင့်မလွှတ်နိုင်ဘူး ရင်ငြိမ်းရယ်"

မျက်နှာတူရူမှ ဖုန်ဆိုးကွင်းပြင်ကို ရင်ငြိမ်းက မလှုပ်မယှက် ငေးမောနေ၏။ နှုတ်ဖျားမှထွက်သည့် စကားတို့သည် ရင်ငြိမ်း၏ နှလုံးသားကို ထိုးဖောက်ဝင်နိုင်စွမ်းပါမလား မသိ။ သို့ပေမယ့် ရင်ငြိမ်းသည် အာရုံ စူးရှ ထက်မြက် သူတစ်ယောက်ဖြစ်ကြောင်း သူ ကောင်းကောင်းသိ၏။



"အဘင်းအမွေ တောင်းဆိုရတဲ့ပုံစံမျိုး ရင်ငြိမ်းနဲ့ ဖြိုး ကြားမှာ မရှိသင့်ဘူးလို့ ဖြိုး ယုံကြည်တယ်။ ဒါပေမယ့် ရင်ငြိမ်းရယ်။ ထပ်ပြောချင်သေးတယ်။ မျှော်လင့်နေပါရစေ။ နောက်ထပ် အချိန်တွေရှိသမျှမှာ မျှော်လင့်နေပါရစေလို့"

ရီဝေစွာ ငေးမောနေသော မျက်ဝန်းတို့၏ အောက်ခံမျက်သားမှာ အနီရောင်သွေးကြောမျှင်တို့ ယှက်သမ်းလာသည်။ မျက်ရည်ကျဂျန်မလွယ်သော မိန်းမသားတစ်ယောက်၏ တင်းတင်းခံနိုင်မှုသည် ဘယ်အတိုင်းအတာအထိများ ရှည်ကြာမှာပါလိမ့်။

သို့ပေမယ့် ရင်ငြိမ်းကို မငိုစေချင်ပါ။ အထူးသဖြင့် သူ့ကြောင့် ဖြိုး ဆိုသည့် လူတစ်ယောက်အတွက် မျက်ရည်တစ်စက်မျှပင် မကျစေချင်ပါ။ ဒါက ရင်ထဲမှလာသော စေတနာ သက်သက် ဖြစ်သည်။

"ဖြိုး"

အေးစက်ပြီး ဆွဲဆောင်နိုင်ဆုံးသော သူမ၏ အသံသည် ပြောင်းလဲမှုကင်းစွာ တည်ငြိမ်နူးညံ့နေလျက်ပင်။

ဘယ်အရာကိုမဆို သွေးအေးစွာ ဆုံးဖြတ်လေ့ရှိသော သူမ ရင်ထဲမှ ဘာတွေ ဖြစ်ပျက်ပြောင်းလဲနေသလဲဟု သိချင်လိုက်တာ။ သူကတော့ အရာရာတိုင်းမှာ ရင်ငြိမ်းနှင့် ဆန့်ကျင်ဘက်ပင် ဖြစ်သည်။

သွေးပူလွယ်ပြီး စိုးရိမ်ကြီးတတ်သော၊ ပူပန်မှု လွန်ကဲတတ်သော၊ စိတ်မချနိုင်တတ်သော စိတ်ခံစားမှုများမှ အစ ပါပဲလေ။

ထို့ကြောင့် တည်ငြိမ်ပြီး သေသပ်စွာ ဟန်ဆောင်ရန်လိုအပ်သော နေရာမှာ ဟန်ဆောင်တတ်သော ရင်ငြိမ်းနှင့်

ယှဉ်ပြိုင်ပွဲများမှာ အမြဲ အလျှော့ပေးနေရသည်သာ ဖြစ်သည်။ သို့ပေမယ့်လေ သေချာခြင်း တစ်ခုတော့ ရှိသည်။ 'ဖြိုး' ဟူသော ကောင်လေးကို ချစ်သည့်အချစ်ကိုတော့ ရင်ငြိမ်း ဘယ်တော့မှ ဟန်မဆောင်၊ မခြွင်းချန်ဘဲ ပြတ်သားခြင်းပင် ဖြစ်၏။ ချစ်သူ၏ ပြည့်စုံသော မေတ္တာတရားကို သံသယကင်းစွာ ပိုင်ဆိုင်ရသူအဖြစ် ဖြိုး ကိုယ့်ကိုယ်ကို ယုံကြည်သည်။ ကျေနပ်သည်။ နောက်ပြီး ဂုဏ်ယူသည်။

''ပြောပါ ရင်ငြိမ်း''

ခေါ်သံကိုကြားရပြီး နောက်ထပ် စကားမဆက်သောအခါ မချင့်မရဲစိတ်ဖြင့် ရင်ငြိမ်းကို စကားထောက်ပေးလိုက်သည်။ ရင်ငြိမ်းက ဆံပင်ရှည်များကို လက်ချောင်းများဖြင့် ထိုးဖွ သပ်တင်လိုက်၏။ ခြောက်သွေ့နေသော နှုတ်ခမ်းတို့ကို လျှာဖြင့် သပ်လိုက်သည်။ လေးလေးနက်နက် စကားတစ်ခွန်းကို ရင်ငြိမ်းထံမှ မကြားရခင် မြင်နေကျ အပြုအမူ အသက်ကို ခဏ အောင့်ထားလိုက်မိသည်။

''မျှော်လင့်ချက်အတွက် လုံလောက်တဲ့အချိန် မရှိတော့တော့ပါဘူး ဖြိုးရယ်''

ရင်ငြိမ်း၏ မပေါ့တပေါ် နှာတံဘေးမှကပ်လျက် လိမ့်ဆင်းသွားသော မျက်ရည်စက်ကို မြင်လိုက်ရသည်။ ကောင်းသော ကံကြမ္မာကို ဘယ်တော့များမှ ကြုံခွင့်ရလေမလဲ။



ဘယ်လိုလုပ်မလဲဟင်....

အလုပ်တွေကြားထဲမှာ အားလုံးကို မေ့ပျောက်ထားခဲ့ရမည်လား။ လောလောဆယ်ကတော့ အကောင်းဆုံးနည်းလမ်းတစ်ခုပင် ဖြစ်သည်။ ဒါပေမယ့် ဘယ်လောက်ကြာကြာအထိ မိမိကိုယ်မိမိ လိမ်ညာဟန်ဆောင်နိုင်မည်လဲ။ စက်ရုပ်တစ်ရုပ်လိုပင် အမှားအယွင်း မရှိ ပုံမှန် လည်ပတ်နေသည့် အချိန်များမှာ ခံစားနားလည်နိုင်သော နှလုံးသားကိုလည်း အနားပေးထားနိုင်လျှင် ကောင်းမည်။ တကယ်တော့လေ ဖြတ်သန်းကုန်လွန်ခဲ့သော အချိန်တွေမှာ မလိုချင်သော မိုက်မှားမှုတို့ကို ခွာထုတ်ဖယ်ပစ်နိုင်လျှင် ဘယ်လောက် ကောင်းလိမ့်မလဲ။

သူသည် မိမိကိုယ်တိုင် ရှန်းကန်ခဲ့ရသော အတိတ်တို့ကို ပြန်လှည့်ကြည့်မိတိုင်း ဂုဏ်ယူ တတ်သူ တစ်ယောက် ဖြစ်၏။ သို့ပေမယ့် မြင့်မားလာသည်ဟု ထင်ရသော အနေအထားတို့တွင် ဆိုးရွားသော မိုက်မှားမှုတို့လည်း ပါဝင်ခဲ့သည်။ ဒါကလည်း ပတ်ဝန်းကျင်က တညီတညွတ်တည်း သတ်မှတ်သော အပြစ်ဟု ယူဆလောက်သည့် သတ်မှတ်ချက်များကြောင့်ပါ။ နောင်တ ရတတ်သော သူသည် နောင်တ ဟူသော အရာကို မခံယူလိုမည့် အလုပ်တစ်ခုကို ဆန္ဒအလျောက် ပြုမူမိပြန်သည်။ ခုချိန်မှာ သူ့ကြောင့် ရင်ငြိမ်း 'နောင်တ' မရစေလိုပါ။

အလုပ်တိုက်ရှေ့မှာ ကားရပ်လိုက်သောအခါ ဆေးပေါ့လိပ်ကို သွားဖြင့် ခဲထားလျက် သတင်းစာတစ်စောင်ကိုဖွင့်ဖတ်နေသော ပန်းချီဆရာကို အဆင်သင့် တွေ့ရသည်။ အဝတ်အစားကို ဖြစ်ကတတ်ဆန်း ဝတ်တတ်သော ပန်းချီဆရာသည်

အခါတိုင်းနေ့များထက်ပင် ပို၍စုံတ်ပြုတ်နေသေး၏။ ႏုသို့ပေမယ့် စူးရှတောက်ပြောင်သော မျက်လုံးတို့ကတော့ ပျောင်းနွမ်းမသွားပါ။

"ရှော့ ကိုမင်း၊ ခင်ဗျားစိတ်ကြိုက်သာ လုပ်လိုက်ပါတော့ဗျာ"

စက္ကူအိတ်အညိုရောင်ဖြင့် ထည့်ထားသောအဖြူအမည်းခေါက်ပုံအကြီးများကို စားပွဲပေါ်တင်ပြီးသည့်အခါ သူ ဟန်မဆောင်နိုင်တော့ဘဲ တစ်ယောက်တည်း အိမ် ပေါ် ထပ် သို့ တက်သွားလိုက်၏။

''ဘာဖြစ်လာတာလဲဟ''

ဟု ကိုမင်းက အူကြောင်ကြောင်ရေရွတ်ရင်း ကျန်ခဲ့သည်။ အလုပ်တိုက်ဖွင့်ထားသော အောက်ထပ်နှင့် အပေါ်ထပ်၏ဖွဲ့စည်းပုံက တခြားစီ။ အိမ်ပေါ်တက် လှေကား ရင်း ထိပ်အခန်းမှာ ညှော့ခန်းကျယ်ဖြစ်သည်။ ဆိုဖာဆက်တီ ကျွန်းကွက်စားပွဲဝိုင်း၊ နောက်ပြီး ထမင်းစားခန်းကို ခြားထားသောအလှတင် ဗီရိုရှည်မျောမျောပေါ်မှာ ကက်ဆက်၊ ပန်ကာ၊ ကန့ကမာအရုပ်ကလေးများ၊ အောက်ဘက် ဗီရိုထဲမှာ ရင်ငြိမ်း မြတ်နိုးသော စာအုပ်တွေ။ ဗီဒီယိုဒက်ခ်နှင့် တွဲထားသော ရုပ်မြင်သံကြားက ဘုရားစင်၏ အောက်ဘက်အခန်းထောင့်မှာ ခပ်စောင်းစောင်းရှိသည်။

ဘုရားစင်ဘက် တောက်လျှောက်မှာတော့ အိပ်ခန်းတွေနှစ်ယောက်အိပ်အခန်းတစ်ခန်းနှင့် တစ် ယောက် အိပ် ခန်းတစ်ခန်း ဖြစ်သည်။ နှစ်ယောက်အိပ်ခန်းမှာ အိမ်သာ၊ ရေချိုးခန်းတွဲလျက် တစ်ယောက်အိပ်ခန်းကိုတော့ ရင်ငြိမ်း၏စာကြည့်ခန်းအဖြစ် သူကရည်ရွယ်သည်။



လှေကားထိပ်မှာရပ်ပြီး အိမ်ထောင်ပရိဘောဂ အသစ်တို့ဖြင့် ဖိတ်ဖိတ်လက် တောက်ပြောင်နေသည့် ညှော့ခန်း ကို သူ ငေးကြည့်နေမိသည်။ ညဘက် အနားယူချိန်မှာ ရုပ်မြင်သံကြားရှေ့ ထိုင်ပြီး သူနှင့် ရင်ငြိမ်း။

တက်တစ်ချက်ကို ပြင်းပြင်းခေါက်လိုက်မိသည်။ ညှော့ခန်းထဲသို့ မဝင်ဖြစ်ဘဲ အိပ်ခန်းကျယ်ဆီသို့ လျှောက်သွားလိုက်၏။ အခန်းတံခါးကို လှည့်ဖွင့်လိုက်သောအခါ အခန်းတစ်ခုလုံး၏ အပြင်အဆင်ကို မြင်ရသည်။ နှစ်ယောက်အိပ် ခုတင်မှာ ရင်ငြိမ်း နှစ်သက်သော အဖြူရောင်အိပ်ရာဖုံး၊ ပြတင်းပေါက်ခန်းဆီးတွေမှာ သူ နှစ်သက်သော အပြာရောင်နုနု၊ မှန်တင်ခုံထားရာဇနေရာလပ်တစ်ခု၊ ခုတင်ခြေရင်း ရေချိုးခန်းဝင်ပေါက်နံဘေးမှာ အဝတ်ဗီရိုထားရန် နေရာ။ ခု လောလောဆယ်တော့ ခုတင်ပေါ်မှာ အဝတ်ဟောင်းတို့ စုပြုံနေသည်။ ဒါတွေအားလုံးဟာ နှစ်ရှည် လ,များကြံစည်ခဲ့ရသည့်စိတ်ကူးကို ၊တတ်စွမ်းသရွေ့ ပြည့်စုံအောင် အကောင်အထည်ဖော်ထားခြင်းပင် ဖြစ်သည်။

လေးနှစ်ကျော် ငါးနှစ်ကာလအတွင်းမှာ စိတ် ကူး ယဉ်ခြင်းကို မျက်စိဖြင့် တပ်အပ်မြင်နိုင်စေရန် သူ ကြိုး စား ခဲ့ ရသည်။ နောက်ပြီး မျှော်လင့်ချက်အားလုံးသည် ရင်ငြိမ်းနှင့်အတူ ငြိမ်သက်အေးချမ်းစေမည့် နောက်ထပ် ဘဝသစ်တစ်ခုဆီသို့ပင် ဦးတည်ခဲ့၏။ ဒါတွေကို ရင်ငြိမ်း သိပြီး သား ပါလေ။ ဆပ်ပြာပူဖောင်းတို့ လေထဲမှာ လွင့်မျော ပေါက်ကွဲသွားသောအခါ ကြည့်ပြီး သူ ပျော်ခဲ့သည်။ ရင်ထဲမှာ မျှော်လင့်ချက်ဟူသည် ဆပ်ပြာပူဖောင်းမဟုတ်သည့်အတွက် သူဘယ်လို ပျော်နိုင်ပါ့မလဲ။

ခုအင်ပေါ်မှာ နွမ်းရိစိတ်မောစွာ သူ လှဲချပစ်လိုက်သည့် အမိုးမျက်နှာကျက်မှ လေးထောင့်ကွက်တို့ကိုသာ မြင် ရ လျက် ရင်ငြိမ်း၏ မျက်နှာသည် အမြင်အာရုံမှာ ဝင်လာပြ တွယ်နေပြန်၏။ ခဏမဟုတ်။ တစ်ဘဝစာ သည်မျက်နှာကို စွဲလန်းတပ်မက်နေဦးမည် ဖြစ်သည်။ တစ်ယောက်တည်းရှိနေ သည့် အချိန်ပေါင်းများစွာကို အမှတ်မထားမိခဲ့သော်လည်း ခုချိန်မှာမှ တစ်စုံတစ်ခု လပ်ဟာနေကြောင်း သေ ချာ သိ ရ တော့၏။ ပိုင်ဆိုင်ချင်တဲ့အတွက် အတ္တသမားလို့ ပြောမလား ရင်ငြိမ်းရယ်။ ဖြိုးရဲ့ရင်ကို ဖြည့်စွမ်းဖို့အတွက် ရင်ငြိမ်းကို ကိုယ် လိုအင်ပါတယ်။ ဒါပေမယ့် ရင်ငြိမ်းရဲ့ သောက ကင်း ပြီး ငြိမ်းချမ်းတဲ့ဘဝကလေးကိုလည်း ထူထောင် ပေး လို တာ အမှန်ပါပဲ။

ဖြတ်သန်းခဲ့ရသော ကန္တာရတောတွင် ရင်ငြိမ်းသည် ရေ ကြည်တစ်ပေါက်ဖြစ်၏။ သူ့ဘဝမှာ ရင် ငြိမ်း ကို လိုအပ် သည်။ ဤလိုအပ်ချက်သည် ကျေးဇူးစားရေး၊ ငွေကြေး ငည်း စိမ်တို့နှင့် မပတ်သက်သော နှလုံးသား၏ အလိုဆန္ဒဖြစ်၏။ နောက်ပြီး ရင်ငြိမ်းရွံမုန်းသော အသွေးအသားဆန္ဒ သက် သက်ချည်း မဟုတ်ဘဲ ဖြူစင်သော၊ မြင့်မြတ်သော ချစ်ခြင်း မေတ္တာသက်သက်ဆိုသည့်ကိုလည်း ချစ်သူဘဝကို လေးနှစ် တာ ဖြတ်သန်းခဲ့ရသည့် ရင်ငြိမ်း အသိဆုံးနေမှာပါ။

ကဲ ဒါဆိုလျှင် ရင်ငြိမ်းခေါင်းခါငြင်းဖို့မကောင်းတော့ ဘူးနော်။ သို့ပေမယ့် အခိကခိုင်လုံသော အချက်ဘစ်ချက်က သူတို့နှစ်ယောက်၏ကြားမှာ ကန့်လန့် ခံနေတော့သည်။ ဒါ ကလည်း အစကတည်းက ရင်ငြိမ်းကိုယ်တိုင် ဥပေ က္ခာ ပြ ထားခဲ့သည့်ကိစ္စ။ လူတစ်ဦးတစ်ယောက်၏ ကိုယ်ကျင့်တရာ



နှင့် သစ္စာကို နှုတ်ဖျားမှ စကားမပါဘဲ၊ သက်သေခံလက် မှတ်တွေမပါဘဲ အကဲဖြတ်လက်ခံလို့ရသည်ဆိုတာ ရင်ငြိမ်း ပြောခဲ့တဲ့စကားပဲလေ။

မိန်းမများစွာထဲက သူ့ချစ်သူ ရင်ငြိမ်းသည် ထူးခြား သော မိန်းမဖြစ်၏။ မိန်းမ မဆန်သော မိန်းမဖြစ်၏။ ဒါကို ရင်ငြိမ်းနှင့် စ,တွေ့ကတည်းက သူ သိခဲ့ပြီးသား။

သူသည် ခရမ်းပြာပန်းကလေးတစ်ပွင့် ဆိုလျှင် ရင်ငြိမ်း သည် ပန်းတိုင်ရောက်အောင် ထောက်ပံ့နိုင်စွမ်းသော၊ မေး မ နိုင်စွမ်းသော လေပြည်ကလေး ဖြစ်လိမ့်မည်။

*

## ခရမ်းပြာ (၃)

"အဝေဖန်မခံနိုင်လို့ မဟုတ်ဘူး။ ပုဂ္ဂိုလ်ရေး ထိခိုက်… မပါတဲ့အပြုသဘော ဝေဖန်ရေးကိုပဲ ကျွန်မတို့က လက်ခံနိုင်… မယ်။ စာပေ ဝေဖန်ရေးဆိုပြီး ခေါင်းစဉ် ကြီး ကြီး တပ် ပြီး… ခနဲ့ခနဲ့ညားညားနေရာယူနေတိုင်းတော့ မျက်စိမှိတ်ပြီး လေး… စားမနေနိုင်ဘူး။ စာရေးသူဆိုတာကတော့ ကိုယ်ယုံကြည်ရာ… အယူအဆတစ်ခုကို ပရိသတ်ဆီ ကိုယ့်ပုံစံနဲ့ တင်ပြချင်မှာပဲ… အဲဒါကို စာပေအယူအဆသက်သက်နဲ့ပဲ ဘယ်နေရာ ဘာ… လိုအပ်တယ်ဆိုတာ ညွှန်ပြထောက်ပြတာမျိုးကို လက်ခံ နိုင်… တယ်။ အကွက်ချပြီဆိုပြီး နိုင်တိုင်း ဖိပြောနေမယ့် စေတနာ… မဲ့ပြီး အတ္တကြီးတဲ့ဝေဖန်ရေးမျိုးတော့ မဖြစ်စေချင်ဘူး"

မဂ္ဂဇင်းတိုက်ထဲမှ ထွက်လာသော စကားသံ တို့ ကြော… သူ့နံဘေးမှ ပါလာသူ အုပ်ချုပ်ရေးမှူး ကိုလှသောင်း… သူ့ကိုလက်ကုတ်ပြီး ပြုံးလေသည်။ လူနှစ်ယောက်စာမျှ…



ထားသော သံတံခါးကို ဖြတ်သန်းလာခဲ့ပြီးမှ အမှောင် တစ်ဝက် အလင်းတပြက်ဖြစ်နေသော တိုက်တွင်းဘက်စားပွဲရှေ့မှာ သူ့ကို ကျောပေးထားသော မိန်းကလေးတစ်ယောက်ကို တွေ့သည်။ လှိုင်းတွန့်များရှိသော ပွဖောင်းဖောင်း ဆံပင်ကို လည်တိုင်နောက်မှာ သိုးမွေးကွင်းကလေးဖြင့် စုစည်းထား၏။ အင်္ကျီက စပို့ရှပ်ပွပွ၊ အနက် ရောင် လက် ရှည် ဖြစ်သည်။ မျက်နှာမမြင်ရခင်မှာပင် အသံ အနည်း ငယ် ကြီး သယောင်ရှိလျက် ဩဇာသက်ရောက်မှု ရောစွက်နေသည့်စကားသံကို သေချာကြားလိုက်ရပြီး ဖြစ်သည်။

"ဟုတ်ပါတယ်လေ။ အမှန်တော့"

မဂ္ဂဇင်းတိုက်မှ တာဝန်ရှိသူက စကားစ ဖြတ်လျက်....

"လာလေဗျာ"

ဟု သူ့ကို လှမ်းခေါ်သည်။ လွယ်အိတ်ကို ပခုံးမှဖြုတ်လျက် စားပွဲနံဘေးမှာ ရပ်လိုက်သောအခါ သူမက ဖျတ်ခနဲ လှည့်ကြည့်ပြီး ပြန်လှည့်သွား၏။

"ထိုင်လေ။ စာအုပ်ဖြန့်ပြီလား"

လူအားလုံး မြင်တွေ့မှတ်မိနေသည့်အပြုံးတစ်ခုဖြင့် သူ ခေါင်းယမ်းသည်။

"ရုံးတင်ထားတုန်းဗျာ"

စားပွဲနံဘေး ခုံလွတ်မှာ လက်ထဲမှ စက္ကူလိပ်ကို တင်ပြီး လွယ်အိတ်ကို ကုလားထိုင်လက်တန်းမှာ ချိတ် လိုက် သည်။ စားပွဲပေါ်မှ ခပ်ရွရွတင်နေသည့် လက်ချောင်းကလေးများကို စိတ်ဝင်တစား ကြည့်မိ၏။ ပကာသန၏ အရိပ်အယောင် အနည်းငယ်မျှပင် မရှိဘဲ သန့်ရှင်းသော ပန်းနုရောင် လက်

သည်းတိတိရိရိကလေးများက စိတ်ကို ဆွဲ ထောင် ထား နိုင်သည်။

''ဝေဖြိုး၊ ဒါ ကဗျာဆရာမ ရင်ငြိမ်းလေ''

''ဟုတ်ကဲ့ခင်ဗျ''

လေးစားခြင်း အမူအရာဖြင့် ခေါင်းညွတ်လျက် အသိအမှတ်ပြုပြီးမှ တရားဝင်ခွင့်ပြုချက်ရသွားသလို သူမ မျက်နှာကို စေ့ စေ့ ကြည့်လိုက်မိသည်။ ထူထဲသော မျက်ခုံးတန်းတန်းတို့သည် မိန်းကလေးမျက်နှာနှင့် မလိုက်ဖက်ဟု ထင်သည်။ သို့ပေမယ့် ထိုမျက်ခုံးနှင့် လိုက်ဖက်စွာ ကြည်လင်နေသော မျက်ဝန်းကတော့ သူမ၏ ထူး ခြားမှု တစ် ရပ် ဖြစ်ကောင်း ဖြစ်နိုင်သည်လေ။

''ဆရာမ၊ ဒါ ကျွန်တော်တို့ မဂ္ဂဇင်းလောကကပဲ။ ဝေဖြိုးတဲ့''

''ဟုတ်ကဲ့ရှင်၊ သိရတာ ဝမ်းသာပါတယ်''

ရေးရိုးကျသော နှုတ်ဆက်စကားတစ်ခွန်းဖြင့် နှုတ်ဆက်တတ်သော သူမကို နည်းနည်းတော့ အံ့သြစွာ စူး စမ်း မိသည်။ ဘာကယ်တော့ ရေးရိုးဆန်သော မိန်းမတစ်ယောက် မဟုတ်မှန်း အဝတ်အစားနှင့် မျက်နှာအမူအရာက သိသာစေသည်။

''ဆရာမရဲ့ ကဗျာတချို့ တလေ ကျွန်တော် ဖတ်ပါတယ်။ နူးညံ့ လွန်းဘယ်။ သိင်္ကေရှရှဘိတွေ များတယ်။ ဒါပေမယ့် ဗျာ၊ တွေ့ တွေ့ ချင်း ဝေဖန်တာ စော်ကားတယ်လို့ မထင်ပါနဲ့''

သူမ နှုတ်ခမ်းကိုစေ့ လျက် ပြုံးရုံပြုံးသည်။



''နူးညံ့တဲ့ ချစ်ခြင်းတွေ သိပ်များလွန်းနေတယ်။ ကျွန်တော်တို့လို အခြေခံလူတန်းစားတွေအဖို့တော့ သေချာ ပီပီပြင်ပြင် မခံစားနိုင်ဘူးဗျာ''

ရင်ငြိမ်းက သူ့ ကိုပြုံးလျက်ကြည့်ရင်း....

''ဒါ ပြဿနာမဟုတ်ပါဘူး''

ဟု အေးစက်သောအသံမှန်ဖြင့် ပြောသည်။

''အဲဒီအတွက်တော့ ကျွန်မ ကြိုးစားပါ့မယ်လို့လဲ ပြောနိုင်ပါတယ်။ အပေါ်ယံအမြင်တစ်ခုနဲ့တော့ မဖြစ်ဘူး။ ကျွန်မထက်တော်တဲ့သူတွေက ဒီလိုအဖွဲ့မျိုးမှာ ပိုပြီး ကရုဏာရသ မြောက်အောင် ဖွဲ့နိုင်ပါတယ်''

နှုတ်ခမ်းတို့ပြန်၍ စေ့ ပိတ်သွားသည်။ တင်း မာ သော စကားသံဟု သတ်မှတ်မရ။ ဒါ သူမ၏ ပင်ကိုယ်အမူအရာနှင့် ဓာတိုင်လ် ဖြစ်နိုင်ဘယ်။

''ကဗျာဆိုကတည်းကတော့ ချစ်စရာကောင်းတဲ့ အငွေ့ အသက်တစ်ခုခု ရှိနေတာပါပဲလေ''

ကိုလှသောင်းက ဝင်ပြောသည်။ အမှန်တော့ သူမ၏ အေးစက်သော စကားသံကို နောက်ထပ်မကြားချင်တာဖြစ်နိုင်၏၊ နောက်ပြီး သည့်ထက်လိုက်လှဲနွေးထွေးသော စကားကို ကြားချင်သောကြောင့်လည်း ဖြစ်နိုင်သည်။

''ဟုတ်ကဲ့ရှင့်။ ကဗျာတွေက ချစ်စရာကောင်းပါတယ်''

ဟု သိမ်မွေ့စွာပြုံးလျက်ပြောပြီး သူမ ထိုင်ရာမှ ထ ့ဟန်ပြင်သည်။

''ကဲ လာရင်းကိစ္စလဲ ပြီးပြီ။ ကျွန်မ ပြန်ပါဦးမယ်ရှင်။ အားလုံးပဲ ခွင့်ပြုပါဦး''

''ဟုတ်ကဲ့၊ ကောင်းပါပြီခင်ဗျ''

သူက ဝတ္တုရေးကျေထက် ပိုပြီးလိုက်လှဲစွာ ပြုံး ပြ လိုက်သည်။

"စာမူခနဲ့ စာအုပ် ကျွန်တော်ပို့ခိုင်းလိုက်ရမလား"

ဟု စားပွဲနောက်မှာ မလှုပ်မယှက် ထိုင်နေသည့် တာဝန်ခံက မေး၏။

"ကိစ္စမရှိပါဘူး။ ကျွန်မ လာထုတ်ပါ့မယ်"

ပြောပြီးသည်နှင့် ခြေလှမ်းသွက်သွက်ဖြင့် သူမ ထွက်သွားသည်။ တာဝန်ခံက အင်္ဂလိပ်ဇာတ်လိုက်မင်းသားလို ပခုံးတွန့်လိုက်ရင်း....

"မလွယ်ဘူးဗျို့၊ တကယ့်ဖိုက်တာပဲ"

ဟု သူမ အတော်ဝေးဝေး ရောက်သွားမှ ခပ် တိုး တိုး ပြော၏။

"ဘာလဲဗျ၊ ဝေဖန်ရေးကိစ္စလား"

"အေးဗျာ။ တကယ်တော့ သူနဲ့ ဘာ မှ မ ဆိုင် ပါ ဘူး။ တခြားစာရေးဆရာမတစ်ယောက်ကို ဝေဖန်ထားတာ။ အဲဒါကို သူကပြန်ပြီး ဝေဖန်တာပေါ့ဗျာ"

"ပုံစံကတော့ ထက်မယ့်ပုံစံပဲ"

ကိုလှသောင်း၏ သုံးသပ်ချက်အဆုံးမှာ....

"ခင်ဗျားကလဲဗျာ။ ကဗျာဆရာမပါဆို"

ဟု တာဝန်ခံက ပို၍ လေးနက်စေသည့် ပုံစံဖြင့် ပြော၏။

"လူအများနဲ့မတူတဲ့ အတွေးအခေါ် တချို့တလေတော့ ရှိမှာပေါ့"

"ကျွန်တော်ကတော့ သဘောကျတယ်"

"ဩော"



ကိုလှသောင်းရော တာဝန်ခံ ကိုမြင့်ရီပါ မျက်လုံးပြူးမျက်ဆံပြူးဖြင့် သူ့ကို ကြည့်ပြီး ရယ်ကြသည်။

"ခေါင်းမွေး ပြောင်ချင်ပြီထင်တယ်"

"ဘာဆိုင်လို့လဲဗျ"

"သူ့အတွေးအခေါ်ကို လိုက်မမီလို့လေ"

"ကျွန်တော် သူ့စကားပြောပုံနဲ့ စတိုင်လ်ကို သဘောကျလို့ ပြောတာပါဗျာ။ တခြားရည်ရွယ်ချက် မရှိပါဘူး"

ပြောပြောဆိုဆို စကားစကို ဖြတ်သည့်အနေဖြင့် သူက ကြော်ငြာထည့်မည့် ပန်းချီစာရွက်ကို ဖြန့်ချလိုက်သည်။ သို့ပေမယ့် မှတ်မှတ်သားသားရှိတတ်သော ဦးနှောက်ထဲမှာတော့ မကြာခင်ကာလက ကြားခဲ့ရသော စကားစုအချို့နှင့် အတူ တင်းတင်းစေ့ ထားတတ်သော နှုတ်ခမ်းဖူးဖူးတို့ကို သတိရနေပြန်၏။ ရင်ငြိမ်း ဟူသော အမည်နာမကို စတင် သိခဲ့ရစဉ်မှာပင် ရင်ငြိမ်းသည် သူ့စိတ်အစဉ်ကို မသိသာလှသော ဝေဒနာအချို့ဖြင့် နှိုးကြွစေခဲ့သည်။ သမားရိုးကျခွဲလမ်းခြင်းတစ်ခုထက်ပိုသော ဂရုပြုမိခြင်းသည် ရင်ငြိမ်း၏ မထူးခြားလှသော ရုပ်ရည်ရူပကာကြောင့်မဟုတ်။ ကဗျာဆန်သော အဝတ်အစား အဆင်အပြင်ကြောင့် မဟုတ်။

အကြောင်းရင်း တိတိပပ မရှာဖွေနိုင်ဘဲ ရင်ငြိမ်းသည် သူ့ကို မေ့ပျောက်မလွယ်အောင် အတိုင်းအတာ အနည်းငယ်မျှ လွှမ်းမိုးထားနိုင်ခဲ့သည်။ သူမ ကိုယ် တိုင် က တော့ နေ့စဉ် တွေ့နေကျ လူတစ်ယောက်ထက် ပိုပြီး သူ့ကို စိတ်ဝင်တစား မရှိနိုင်ပါ။

မဂ္ဂဇင်း၏ စာမျက်နှာများပေါ်တွင် အနီရောင်ခြယ်သော ရင်ငြိမ်း၏ အမည်နာမနှင့် နှီးညှိသော ကဗျာစာသားတို့ကို

မကြာခဏ တွေ့ရသည်။ ရင်ငြိမ်းသည် အချစ်ကဗျာများကိုပင် ဆက်လက်ရေးသားနေဆဲ ဖြစ်၏။ နေ့စဉ် မြင်တွေ့ ပြောဆိုနေကျ လူအများထဲမှ လုံးဝ မထင်ရှားသော 'သူ' စကားသည် ရင်ငြိမ်းအဖို့ အလေးထား အမှတ်ရစရာ မဟုတ်မှန်း သိပါလျက် ရင်ငြိမ်း ကဗျာကိုတွေ့တိုင်း ပုံသဏ္ဍာန်ပြောင်းလဲလာမည့် ကဗျာစာသားတို့ကို မျှော်လင့်တကြီး ရှာဖွေမိသည်။

ဒါပေမယ့်...

ရင်ငြိမ်းသည် အချစ်ကဗျာရေးသော ကဗျာဆရာမ တစ်ယောက်သာ ဖြစ်မြဲ ဖြစ်နေ၏။

သံယောဇဉ်မတည်သေးသော တွယ်တာမှု အစအနတို့ ကွယ်ပျောက်သွားတော့မည့်အချိန်မှာပင် ရင်ငြိမ်းနှင့် ဒုတိယအကြိမ် ပြန်ဆုံပြန်သည်။ ပြန်လည် ဆုံစည်းခြင်း အစသည် ရင်ငြိမ်းအဖို့ ကံကောင်းခြင်း ဖြစ်ကောင်းဖြစ်နိုင်၏။ သို့ပေမယ့် သူ့အတွက်တော့ ကံဆိုးသောအဖြစ်ပင်။

ဒါကိုလည်း ကျေကျေနပ်နပ်ပင် သူ ခံယူ၏။ ဘာကြောင့်လဲဆိုတော့ ရင်ငြိမ်းသည် သူ့နှလုံးသား၏ အလိုအပ်ဆုံး ဖြစ်လာခဲ့ပြီလေ။ ဒါကိုပဲ့ အတ္တကြီးသည်ဟု ရင်ငြိမ်းက တစ်ခါတစ်ရံ သူ့ကို စွပ်စွဲတတ်သည်လား မပြောတတ်။

ရှိပါစေတော့လေ....

*



ကတ္တရာလမ်းမပေါ်သို့ မိုးစက်များ ကန့်ထွက် လွင့်စင်လာသည်။ ချိုင့်ခွက်တို့ထဲမှာ ရေဝင်နေပြီး ရေစီးမြောင်း ပိတ်နေသည်လားမသိ။ လမ်းမမှာ အနည်းငယ် ရေဝပ်နေ၏။ သူက သူပိုင်ဆိုင်သော ယောကျ်ားဆောင်း ထီးကောက်ကြီးကို လက်တစ်ဖက်မှ ကိုင်ထားရင်း ကျန် တစ်ဖက်ဖြင့် လွယ်အိတ်ကို ရင်ခွင်မှာ ပိုက်လျက် ဆက်လျှောက်ခဲ့သည်။ လွယ်အိတ်ထဲမှာ ရုံးတင်ရန် လက်နှိပ်စက်စာမူ သုံးအုပ်ရှိနေသည့်အတွက် လေးပင်သော်လည်း တယုတယ ရင်ခွင်မှာ ပိုက်ထားရ၏။ လမ်းမပေါ်မှာ မိုးသည်းသည်းနေ့များ၏ ထုံးစံအတိုင်း လူရှင်းနေသည်။

သူက ခေါင်းငုံ့လျှောက်လာရင်းမှ ရွှေတိဂုံစေတီတော်ကို မော့၍ ဖူးမျှော်လိုက်သည်။ အရှေ့ဘက်မုခ်၏ လမ်းမကြီးက ဖြောင့်တန်းစွာ မြင်နေရသည်။ ထိုစဉ်မှာပင် ထိုလမ်းမကြီးအတိုင်း တစ်ယောက်တည်း လျှောက်လာသော ရင်ငြိမ်းကို သူ တွေ့လိုက်ရ၏။ ရင်ငြိမ်းနှင့် အမှတ်မထင် ဆုံဖြစ်ခြင်းသည် အံ့ဩစရာ မဟုတ်သော်လည်း မိုးသည်းသည်းထဲမှာ ထီးမပါဘဲ ဘယ်သူ့ကိုမှ ဂရုမစိုက်လေဟန် အေးအေးဆေးဆေး လျှောက်လာနေသော ရင်ငြိမ်း၏ပုံစံကြောင့် သူ စိတ်အနှောင့်အယှက် ဖြစ်သွားရသည်။ ကားလမ်းမကို ဖြတ်ကူးပြီး ရင်ငြိမ်းထံသို့ ရှေ့ရှု လျှောက်သွားလိုက်၏။

"ရင်ငြိမ်း"

စတွေ့ကတည်းက ရင်ငြိမ်းကို 'ရင်ငြိမ်း'ဟုပဲ သူခေါ်ချင်ခဲ့သည်။ နာမည်ရှေ့မှ 'မ' ဟူသော လေးစားမှုဖြစ်စေမည့် ဝိသေသကို အသုံးမပြုလိုခဲ့။ ရင်ငြိမ်းက မိုးရေစက်တို့ တတောက်တောက်ကျနေသော နဖူးပေါ်မှ ရေစိုဆံပင်တို့

ကို လက်ဖဝါးဖြင့် သပ်တင်လိုက်ပြီး မော့ကြည့်သည်။ မျက်ဝန်းမှာ အံ့အားသင့်မှုကို ရှာဖွေမတွေ့။ အလွန်တရာ အေးစက်လွန်းသော မိန်းကလေးတစ်ယောက်ပါလား။

"ဩော်"

ဟူသော အသိအမှတ်ပြုသည့် စကားတစ်ခွန်းမှ လွဲပြီး လိုက်လှဲပျူငှာဟန်လည်း မရှိ။ သူက ထီးကို ရင်ငြိမ်းအပေါ်မှ အုပ်မိုးပေးထားလိုက်ပြီး ....

"ဘယ်သွားမလို့လဲ ရင်ငြိမ်း။ ထီးမပါဘူးလား"

ဟု မေးလိုက်သည်။ သူ့လေသံသည်လည်း ပြင်ဆင်မရဘဲ နဂိုပုံစံအတိုင်း မာကျောကျောဖြစ်နေမှာ သေချာပါသည်။

"ဘုရားကဆင်းပြီး စာအုပ်တန်း ရှိလိုရှိငြား လျှောက်လာတာ သုံးလေးလှမ်းပဲ မလျှောက်ရသေးတယ် မိုးက ရွာလာပါလေရော။ ထီးဆောင်းလေ့မရှိတော့ ဘစ်ကိုယ်လုံး ရွှဲတော့တာပဲ"

"ဟောဗျာ"

ခုလို စိတ်ရှည်လက်ရှည် ရှင်းပြနေတော့လည်း ရင်ငြိမ်းသဏ္ဍာန်က တကယ့်ကို ကလေးတစ်ယောက်လို ကြည်လင်သွားပြန်သည်။ ချောမွတ်လျက် သနပ်ခါးရောင် မရှိသော ပါးပြင်ကလေးများကို မို့တက်သွားအောင် ြုံးတတ်လျက် နှဲ့များ နှုတ်ခမ်း တင်းတင်းစေ့ပြီး မာနလွှမ်းသော အပြုံးမျိုးကို ဘာကြောင့်များ လူတွေကြားထဲမှာ ဖန်တီးနေဘတ်သည် မသိ။ တကယ်တော့ ရင်ငြိမ်းက အပြစ်ကင်းစွာ ချစ်စရာ ကောင်းပါသည်။

"ကျွန်တော်လိုက်ပို့ပေးမယ်။ ဘယ်ပြန်မှာလဲ"

"အို—ရပါတယ်"



အားတုံ့ အားနာ ငြင်းပြီး ရင်ငြိမ်းက ထွက်သွားဖို့ ခြေလှမ်းပြင်သည်။

"မဟုတ်ဘူးလေ။ ရင်ငြိမ်းတစ်ယောက်တည်း မိုးရွာထဲမှာ မသင့်တော်ပါဘူး။ ကျွန်တော် လိုက်ပို့ပါရစေ။ ဘယ်ပြန်မှာလဲ ပြော"

"ဒီနားတင်"

ရင်ငြိမ်းက ဂျပန်သံရုံးဘက်သို့ လက်ညှိုးထိုးပြောသည်။

"ကဲ... လာ"

"ဘာလဲ အိမ်သိမှာ စိုးလို့လား"

"မဟုတ်ပါဘူး။ ဝေဖြိုးကို အားနာလို့၊ လမ်းလျှောက်ရမှာ"

"ဒါလေးများ"

"ဟိုလေ....ရင်ငြိမ်းက ဘတ်စ်ကား စီးရင်လဲ ခေါင်းမူးတတ်လို့။ ဘုရားလာရင် အမြဲပဲ လမ်းလျှောက်လာတယ်"

ရင်ငြိမ်းက မဝံ့မရဲဟန်ဖြင့် အယူခံ ဝင်နေပြန်သည်။ ခုတော့လည်း သိုးငယ်လေးတစ်ကောင်ပါလား ရင်ငြိမ်းရယ်။

"ဟုတ်ပါတယ်လေ....လမ်းလျှောက်ဆိုတော့လဲ လျှောက်တာပေါ့။ မိုးရွာထဲမှာ လမ်းလျှောက်ရတာ ပိုတောင် ပျော်စရာကောင်းသေးတယ်"

ဂျပန်သံရုံး၏ ဘေးဘက်လမ်းကြားဆီ ရောက်လာသည်။ ရင်ငြိမ်းက ကလေးငယ်တစ်ယောက်လို ရွှင်ပျစွာ ရယ်သွဲ့ကြသည်။

"ဟုတ်တယ်နော်....ရင်ငြိမ်းတော့ မိုးရွာထဲလမ်းလျှောက်ရတာ သိပ်ပျော်တာပဲ။ နောက်ပြီး မိုးဟွင်း လမ်းထွက်ရင် ထီးလဲ မဆောင်းချင်ဘူး"

ရင်ငြိမ်းက ကလေးဆန်လွန်းနေသော သူမစကားသံ
သူမ ကိုယ်တိုင် သတိထားမိသွားသည် ထင်၏။ ချက်ချ
အရယ်ရပ်လိုက်ပြီး လူကြီးတစ်ယောက်လို တည်ငြိမ်သွား
သည်။ ပြီးတော့ စာအုပ်တန်း၏ အခြေအနေကို မေးနေ
နောက် မော်ဒန်ဝတ္ထု၊ ကဗျာတွေအကြောင်းကိုစကားစ
အမှန်တော့ သူ စိတ်မဝင်စားပါ။ ရင်ငြိမ်းကိုယ်တိုင်ကလ
ပြောစရာစကား မရှိသည့်အတွက် ရှာကြံ ပြောနေရဟန်
သည်။ စိစစ်ရေးရုံးရှေ့ရောက်တော့ လွယ်အိတ်ထဲမှ စ
များကို သတိရသော်လည်း ရုံးထဲ မဝင်ဖြစ်တော့။ အ
နောက်ကျလျှင်လည်း ရှိပါစေတော့၊ ရင်ငြိမ်း အန
ခွာသွားဖို့သည် ဆွဲငင်အား မရှိပါဘဲ တွယ်ကပ်နေချင်
မိမိကိုယ်တိုင်၏ မိုက်မဲမှု၊ တွေဝေမှုများကြောင့်သာ ဖြစ်မ

''ဝေဖြိုး....အလုပ်အားရဲ့လား။ အနားနာစရာတွေ
ဖြစ်ကုန်ပြီ''

''အားနာစရာ မဟုတ်တာ။ ကူညီသင့်လို့ ကူညီ
မင်္ဂလာတစ်ပါးပါဗျာ''

မိုးပေါက် မိုးစက်တို့ ပိုစိပ်လာ၏။ အနက်ခံပါတိတ်
စုံသည် ရင်ငြိမ်း၏ ခန္ဓာကိုယ်ပေါ်မှာ တစ်သားတည်
ကပ်နေသည်။ သွေးရောင်လွှမ်းနေသော နှုတ်ခမ်းတို့တဖြ
ဖြည်း အရောင်ဖျော့လာသည်။ ရင်ငြိမ်းက စိတ်ထဲမှာ
တစ်ရာ အနှောင့်အယှက် မရှိသလိုပင် ခြေလှမ်းကျဲကျဲ
လမ်းလျှောက်လျက် အေးအေးဆေးဆေး စကားပြော
သည်၊ ရင်ငြိမ်း စကားပြောသည့်အခါ နားထောင်
မျက်နှာကို ကြည့်ပြီးမှ ပြောတတ်သည့် အကျင့်ကဝေ
လည်း အမှတ်ဘင်ထင် သတိထားလိုက်မိပြန်သည်။



''တကယ်ဆိုရင်တော့ ရင်ငြိမ်းရဲ့ ဝါသနာနဲ့ အဓိကကျ
တဲ့အလုပ်က ပန်းချီပါ၊ ကဗျာကတော့ ကျောင်းတက်နေ
ကတည်းက နှစ်လည်မဂ္ဂဇင်းတွေမှာ အတိုအစကလေးတွေ
ရေးရင်းနဲ့ တဖြည်းဖြည်း မဂ္ဂဇင်းစာမျက်နှာပေါ် ရောက်
လာတာ''

အနုပညာ ဖန်တီးသူတစ်ယောက်အနေဖြင့် ရင်ငြိမ်းကို
လေးစားသည်။ အနုပညာကို ခုံမင်ခံစားတတ်သည့် အဆင့်မှ
လွဲလျှင် ပါရမီ မရှိခဲ့သူမို့ ဖန်တီးသူများ၏ အရည်အချင်းကို
အားကျနေရုံမှလွဲပြီး ကိုယ်တိုင်ကိုယ်ကျ မဖန်တီးနိုင်ခဲ့။ သည့်
အတွက်လည်း ရင်ငြိမ်းသည် သူ့ထက် အမြဲ အသာရနေခဲ့
သည်။

''ကျွန်မကြောင့် ဝေဖြိုးလဲ တစ်ကိုယ်လုံး ရွှဲနေပြီ''

အနည်းငယ် လူရှုပ်ထွေးသော ဘတ်စ်ကားဂိတ်မှာ လူ
အုပ်စုတို့ကို ရှောင်ရှားရင်း ရင်ငြိမ်းနှင့် ပို၍ နီးကပ်သွား
သည်။

''ကျွန်တော်က မိုးရွာထဲ သွားနေကျ''

''ရင်ငြိမ်းလဲ သွားနေကျပါ''

ရင်ငြိမ်းက အားကျမခံ ခပ်စွာစွာ လေသံဖြင့် ပြော၏။
တကယ်ဆို ရင်ငြိမ်း၏ စကားသံက အေးဆေး တည်ငြိမ်ပါ
သည်။ သို့ပေမယ့် ကိုမြင့်ရီကတော့ ရင်ငြိမ်းကို ဖိုက်တာဟု
တွယ်ရာမှာ အမည်ပေး ခေါ်ဝေါ်လေ့ရှိ၏။ ရင်ငြိမ်းအပေါ်
သူ ကြည့်မြင်သော အမြင်သည် အများ တကာ ထက်တော့
အနည်းငယ် ထူးခြားသည်။

လမ်းဆုံကိုဖြတ်ကျော်ပြီး ဝက်ဘာလမ်း အစပိုင်းကလေး
မှာပင် ရင်ငြိမ်းတို့ အိမ်ရှိသည်။

ရင်ငြိမ်းက ၁န်းအသင့်အတင့်ကျယ်သော ခြံထဲရှိ တိုက်
ကလေးကို ညွှန်ပြလျက်....

''အဲဒါ ရင်ငြိမ်းတို့အိမ်''

ဟု ပြောသည်။ ခြံတံခါးကို ရင်ငြိမ်း ဖွင့်နေစဉ်
ခမ်းနားသည် မဟုတ်သော်လည်း မြင့်မားနေသည့် အဆော
အခန်း၊ အဆင်အပြင် လူနေမှုစနစ်တို့ကြောင့် ရှို့ဆုတ်ဆု
ဖြင့် ခြံထဲ လှမ်းဝင်ဖို့ကို အတော်ကြာအောင် စဉ်းစားနေ
သည်။ ရင်ငြိမ်းက ဧည့်ဝတ်ကျေပွန်ပါ၏။ အိမ်မှာရှိသေ
ရင်ငြိမ်း၏ မေမေနှင့် မိတ်ဆက်ပေးပြီး ကော်ဖီကော
ကောင်းတစ်ခွက် တိုက်သည်။ ရင်ငြိမ်း မေမေသည်လ
ရင်ငြိမ်းကဲ့သို့ စိတ်သဘောနူးညံ့ဟန်ရှိသည်။

သို့ပေမယ့် ရင်ငြိမ်းလောက် ရိုးသားဟန်မရှိဟုထင်သ
ရင်ငြိမ်းက ကိုယ်တိုင်ပိုင်ဆိုင်သော မာနအတွက် ဂုဏ်ယူ
ရှိသော်လည်း အစွမ်းကုန် ရိုးသားမှုရှိသည်ဟု သူ ယုံကြ
သည်။ ရင်ငြိမ်းက ပိန်ပိန်သွယ်သွယ် ဖြစ်သော်လည်း ရင်ငြ
မေမေက အတာန် ဝ၏။ နောက်ပြီး အရပ်ပုသော ရင်ငြိမ်း
ယှဉ်လျှင်တောင် ပို၍ ပုဟန်ရှိသည်။ အခြား မောင်နှမ
ကိုလည်း တွေ့ရ၏။ ရင်ငြိမ်း အဝတ်အစားလဲနေစဉ်အတ
ရင်ငြိမ်းမေမေက သူ့ကို ဧည့်ခံသည်။

''သမီးကြီးက အဲလိုပဲ။ ဘဇ္ဇတ်ထိုး။ အကျိုးအကြော
ရှင်းပြလဲ မနာခံဘူး။ အပြင်ထွက်ရင် ထီးယူသွားပါ။
မဟုတ် အိမ်ကကား ပြန်လာမှ သွားဆိုတာ ပြောလို့မရ
သူ တစ်ခုခု လုပ်ချင်မိပြီဆို ချက်ချင်းမှ....''



ရင်ငြိမ်းကို အငြ်စ်တင်ချင်သည့် လေသံလား။ သူတို့
သားစု၏ အဆင့်အတန်း အခြေအနေ တစ်ရပ်ကို ရိုးတိုး
ပ်တိဘဲ သိစေချင်၍လား။

မဟုတ်နိုင်ပါဘူးလေ။ သူ့မျက်ဝန်းများ ရင်ငြိမ်းအပေါ်
းသားနေဆဲဟု သူကိုယ်တိုင် ယုံကြည်သည်။ ဖုံးဖိမရသည့်
ဘန်းစား ခွဲခြားသိနိုင်သော သူ့ အဆင်အပြင်၊ အဆောင်
ယောင်သည် ရင်ငြိမ်း၏ မိမင်အတွက် အရေးစိုက်လောက်
ာ အနေအထားမှ မဟုတ်ဘဲ။

ခုလောက်ထိ လှိုက်လှဲ ဧည့်ဝတ်ကျေသည့်အတွက် ရင်ငြိမ်း
မိသားစုကို ကျေးဇူးတင်သည်။ သို့ပေမယ့် ရင်ငြိမ်းတို့
မ်ကို နောက်တစ်ခေါက် ရောက်ဖြစ်မည်မထင်တော့။ ဘာ
ကြောင့်လည်းဆိုတော့၊ ရင်ငြိမ်းတစ်ယောက်မှလွဲပြီး ကျန်
သားစုဝင်တို့၏ ဝတ်ကျေတမ်းကျေ အပြုံးသည် သူ့ကို
သက်ရှူကျပ်စေခဲ့၏။ စာမူထည့်ထားသော လွယ်အိတ်ကို
ပြီး သူပြန်သောအခါ ရင်ငြိမ်းက ခြံတံခါးဝအထိ လိုက်
သည်။

''လာလည်ပါနော်''

ဟူသော ဖိတ်ခေါ်စကားတွင် ရိုးသားသော လှိုက်လှဲ
တို့ ပါဝင်နေ၏။

နောက်ထပ် အခေါက်ပေါင်းများစွာ လာချင်ပါရဲ့
ငြိမ်းရယ်။ ဒါပေမယ့် သီးခြားဖြစ်နေသော ဘဝနှစ်ခု
ားမှာ ရှေ့တိုးခက်၊ နောက်ဆုတ်ခက်သော သံယောဇဉ်
းတို့ ယှက်သန်းပြီး လွမ်းနေရမှာ စိုးသည်။ သူ့ဘက်က
ငြိမ်းကို စတွေ့ကတည်းက စိတ်ဝင်တစားထက် ပိုပြီး

ခင်တွယ်နေမိပြီလေ။ နောက်ထပ် နောက်ထပ် အခါပေါင်း များစွာမှာ ယိမ်းယိုင်လာတော့မည့် သူ့ နှလုံးသားကို သူ မြင်နေရသည်။

မဖြစ်ပါဘူးလေ။

သူ့ဘဝမှာ အရေးကြီးဆုံးအရာသည် တိုးတက်နေသော ရှင်သန်မှုဖြစ်၏။ ခရီးမဆုံးသေး၍ သူ ဆက်လျှောက်နေရဦး မည်။ ပန်းတိုင်မရောက်သေးသ၍ သက်လုံကောင်းမှုဖြစ်မည်။ အကယ်၍ ထိုခရီးမှာ အဖော်လိုအပ်သည်ပဲ ဆိုပါတော့ အဲ့သည်အဖော်က သူ့ဘဝကို နားလည် စာနာမှုကြီးစွာဖြ သူနှင့် ထပ်တူ ရုန်းကန်နိုင်မှပဲ ဖြစ်မည်။

သို့ပေမယ့် သူ အဖော် မလိုချင်သေးပါ။

သူ့ အတွက်ကြောင့် ပူပန်လိုက်မော သောကပွေရမ မိန်းကလေးတစ်ယောက်သည် ရင်ငြိမ်း မဖြစ်စေရ။

❀

အနေမနီးသော်လည်း ရင်ငြိမ်းကို သတိတရ ရှိနေ ဖြစ်သည်။ သူက အလုပ်တိုက်နှင့် အခြားနေရာတွေ၊ အ သဖြင့် မြို့လယ်ခေါင်မှာ ကျင်လည် ကျက်စားနေရ ရင်ငြိမ်းက မြို့ထဲသို့ တစ်ခါတစ်ရံမှသာ ရောက်လာတတ် ဖြစ်သည်။ ထို့ကြောင့်လည်း ရင်ငြိမ်းနှင့် သူ ဆုံတွေ့ခွင့် နည်းပါးလွန်းလှသည်။ ရင်ငြိမ်း၏ ကဗျာလေးများကိုလ မဂ္ဂဇင်းစာမျက်နှာပေါ်မှာ အတွေ့ရနည်းလာဖြန်၏။



သော်လည်း ကဗျာကဏ္ဍပါသော မဂ္ဂဇင်းတိုက်တွေရောက် ိုင်း....

''ရင်ငြိမ်းလာသေးသလား''

ဟု သူ မေးမိတတ်သည်။ အဲလို မေးတိုင်းလည်း ပြုံးသလို လှောင်သလို မျက်ဝန်းများကို သူ ရင်ဆိုင်ရမြဲ ဖြစ်၏။ သို့ ပေမယ့် ကံကြမ္မာက သူ့ဘက်သို့ တစ်ခါတစ်ရံ ရောက်လာ တတ်သည်။ သူ ဘယ်လိုမှ မျှော်လင့်မထားဘဲ ကြိုတင် သိမနေ သော အချိန်မှာ ရင်ငြိမ်းနှင့် တတိယအကြိမ် ဆုံပြန်သည်။

ဝါပေးစာယူသင်တန်းအတွက် ငွေသွင်းပြီးအပြန် သူ ပင်မတက္ကသိုလ်ထဲဝင်ခဲ့သည်။ ပင်မတက္ကသိုလ်သည် သူ့ အတွက် ရောက်ခဲလှသော နေရာဒေသဖြစ်သည်။ နောက်ပြီး ခြေဦးလှည့်ရန် စိတ်အားတက်သန်ခြင်းမရှိသောနေရာလည်း ဖြစ်သည်။ ကျောင်းထဲမှာ သူနှင့် ဆယ်တန်းအတူ အောင် ားကြသော သူငယ်ချင်းများရှိ၏။ ကံ့ကော်မြေမှာ ခြေချ ခွင့် အခွင့်မသာခဲ့သော သူ့အတွက် သူငယ်ချင်းများ၏ ပျော်ရွှင်တက်ကြွနေသော အမူအရာများက စိတ်အားလျှော့ စေခဲ့သည်။ ထို့ကြောင့် အတတ်နိုင်ဆုံး ကျောင်းဝန်းကျင် သူ ရှောင်သည်။

ခုတော့ မြန်မာစာဌာနမှ ဆရာတစ်ယောက်၏ မှာကြား က်ကြောင့် သူ ကျောင်းထဲရောက်ခဲ့ရ၏။ သူ့ အလုပ်ရှင် သော မဂ္ဂဇင်းမှာ ဝတ္ထုတိုရေးလေ့ရှိသော ဆရာက စာမူကို ကျောင်းမှာ လာယူပါ-ဟု မှာထားခဲ့သည်။ ကြောင့် ငွေသွင်းပြီးလျှင်ပြီးချင်း တက္ကသိုလ်ရိပ်သာ မ်းမကို ဖြတ်ကူးလျက် ပင်မတက္ကသိုလ် တံခါးဝဆီသို့

လျှောက်ခဲ့ရသည်။ အခိပတိလမ်း၏ ခံ ညားထည်ဝါမှုအရိပ် ကြောင့် ခြေလှမ်းတို့ တွန့်ဆုတ်ရပြန်၏။

တော်ပါသေး၏။ သူသွားရမည့် မြန်မာစာဌာနက အခိ ပတိလမ်း ဆုံးအောင် လျှောက်ရန်မလိုအပ်၍သာ။ မန္တလေး ဆောင် ဝင်းထဲမှ ဖြတ်ပြီး တောင်ငူဆောင်ဘက်ဆီသို့ ကွေ့ လျှောက်လိုက်သည်။

''ဝေဖြိုး''

ခေါ်သံကို ကြားကြားချင်း 'ရင်ငြိမ်းပဲ' ဟု ဝမ်းသာ အားရဖြစ်သွားသည်။ အေးစက်ပြီး နူးညံ့သော ရင်ငြိမ်း၏ အသံကို အမြဲ မှတ်မိ ရင်းနှီးနေတတ်သည်ဆိုတာ ရင်ငြိမ်း သိလျှင် အံ့သြလေမလား။ ခြေလှမ်းကိုရပ်ပြီး နံဘေး ခ လှမ်းလှမ်းဆီသို့လှည့်ကြည့်စဉ် မန္တလေးဆောင် ပေါ်တိ အောက်မှလျှောက်လာသည့် ရင်ငြိမ်းကိုတွေ့သည်။ပန်းရော စပို့ရှပ်ပွပွ၊ အနက်ရောင်ထဘီတို့ကြောင့် ဟိုးယခင် နှစ်ကြိ က တွေ့ခဲ့သော ရင်ငြိမ်းထက် ပိုပြီး ကလေးဆန်နေသည် ဆံပင်တို့ကိုဘော့ မြင်နေကျပုံစံအတိုင်း နောက်ဘက်သို့ လှ သိမ်းလျက် ဇာည်တိုင်နောက်မှာ ခပ်ဘင်းတင်း စုစည် ထား၏။ နှုတ်ခမ်းတို့က ဆေးမတင်ဘဲ နီရဲနေသည်။

''ရင်ငြိမ်း''

''မတွေ့တာကြာပြီနော်၊ ဘယ်ပျောက်နေလဲ''

ရင်ငြိမ်း စကားကြောင့် လှစ်ခနဲ ပြုံးရင်း....

''ကျွန်တော်က ပုံမှန်လှုပ်ရှားနေတဲ့သူပဲ''

ဟု ရင်ငြိမ်းကို ခပ်ငေးငေးကြည့်လျက် ပြောတော့မှ–

''ဟုတ်သားပဲလေ၊ ရင်ငြိမ်းလည်း မြို့ထဲကို မရော ဖြစ်ဘူး''



ဟု ရယ်မောလျက် ရင်ငြိမ်း ဝန်ခံစကား ဆို၏။

''ဝေဖြိုးကို အရင်က ကျောင်းမှာ မတွေ့မိဘူးနော်''

ယဉ်ကျေးလိမ္မာသော ရင်ငြိမ်း၏စကားသည် အပြော ခက်နေသော သူ့ကို ထွက်ပေါက်တစ်ခု ရှာဖွေသွားနိုင်စေ သည်။

''ကျွန်တော် ကျောင်းထဲက မဟုတ်ပါဘူး။ ဆရာ့ဆီက စာမူလာယူတာ။ ကျွန်တော်က ကောရက်ရှ်စ်(စာပေးစာယူ)ပဲ တက်တာ''

''ဩော်....ဟုတ်တာပေါ့။ အလုပ်တစ်ဖက်နဲ့ ဆိုတော့ ဒေး တက်ဖို့ အခက်အခဲရှိတာပေါ့နော်''

ရင်ငြိမ်းက စာအုပ်တချို့ကို ရင်ခွင်မှာပိုက်ထားရင်း သူနှင့်အတူ ယှဉ်လျှောက်သည်။ ရိုးသားသောစကားနှင့် ကြည်စင်သော မျက်ဝန်းတို့ကြောင့် လူသူမသိအောင် အား ငယ်နေသည့် စိတ်ဓာတ်တို့ ကွယ်ပျောက်သွား၏။

'ဟုတ်တယ် ရင်ငြိမ်း၊ကျွန်တော်တို့လိုလူတွေက ဟဲ့ ကော် တော ဆိုတာကို စိတ်ကူးနဲ့ ခြေချခွင့်တောင် မရှိနိုင်တဲ့ ဘဝ ပါ။ ကျွန်တော်တို့မှာ ပတ်ဝန်းကျင် အသစ်အဆန်းထဲဝင်ပြီး အတွေ့အကြုံရှာဖို့ နောက်ပြီး သူငယ်ချင်းတွေနဲ့ လွတ်လွတ် လပ်လပ် ပျော်ပါးဖို့ အချိန်မပေးနိုင်ဘူးလေ''

ရင်ငြိမ်းက နှုတ်ဆိတ် ငြိမ်သက်နေပြီးမှ....

''တစ်ခုခု စားပါဦး''

ဟု ခေါ်သည်။

''ဟင့်အင်း၊ ကျွန်တော် စားလာခဲ့ပြီးပြီ''

''ဒါဆိုလည်း လက်ဖက်ရည်ဖြစ်ဖြစ်ပေါ့။ လာပါ စကား လည်းပြောရအောင်''

မိန်းကလေးတစ်ယောက်၏ ဖိတ်ခေါ်မှုကို အတင်းအခမ့် ငြင်းပယ်လိုက်ဖို့ ရိုင်းစိုင်းသွားမလားဟု အတွေးရောက်သည်။ တစ်နည်းအားဖြင့် မိမိကိုယ်မိမိ အကာအကွယ်ယူသည့်သဘောပါပဲလေ။ နောက်ပြီး ရင်ငြိမ်း ဖြစ်နေသည့်အတွက် လုံးဝကြီးကို ငြင်းပယ်ချင်စိတ်မရှိ။ နောက်ထပ် စကားတုံ့ပြန်မနေတော့ဘဲ ရင်ငြိမ်းနှင့်အတူ ဇော်ဂျီ ကင်(န်)တင်း ဆီသို့ ဦးတည်လျှောက်သွားလိုက်၏။

ဗာဒံပင်ရိပ်အောက် စားပွဲတစ်ခုမှာ နေရာယူလိုက်ပြီး ရင်ငြိမ်းက ကော်ဖီခါးခါးတစ်ခွက် စမှာသည်။

“ဝေဖြိုးရော”

“ကော်ဖီပဲ”

ရင်ငြိမ်းက သူ့ကို အံ့သြဟန်ဖြင့် ငေးကြည့်နေရင်းမှ....

“ကော်ဖီခါးခါး နှစ်ခွက်”

ဟု မှာသည်။

“လက်ဖက်ရည် မကြိုက်ဘူးလား”

“ကျွန်တော် မသောက်တတ်ဘူး။ ကော်ဖီတောင် တစ်ခါတလေခုပဲ။ ကျွန်တော့် အိမ်မှာဆို ရေနွေးကြမ်းပဲ သောက်တာ”

“လက်ဖက်ရည်မကြိုက်ဘဲ ယောကျ်ားလေး ရှားရှားပါးပါးထဲမှာ ဝေဖြိုးလည်း အပါအဝင်ပေါ့ ဟုတ်လား။ ရင်ငြိမ်းကတော့ မဂ္ဂဇင်းဒလာကက လူတွေကို လက်ဖက်ရည်ဆိုင်တွေမှာပဲ တွေ့တွေ့နေတာ”

“ကျွန်တော်က ငယ်ငယ်ကတည်းက ထမင်းကြမ်းခဲ၊ ရေနွေးကြမ်းနဲ့ ကြီးလာတဲ့ကောင်ပဲ ရင်ငြိမ်းရဲ့။ အဲတော့



ခုချိန်မှာ လက်ဖက်ရည်၊ ကော်ဖီထက် ထမင်းကြမ်းနဲ့ ရေနွေးကိုပဲ မကျေမှာတတ်နေတာ သိပ်တော့ မဆန်းပါဘူး”

ရင်ငြိမ်းက ချစ်ဖို့ကောင်းစွာ ပြုံးရယ်သေသည်။

“ဟုတ်ပါပြီလေ။ ရင်ငြိမ်းကို ဘဝသရုပ်ဖော်ကဗျာတွေ ရေးဖို့တိုက်တွန်းခဲ့တာကိုလည်း ခုမှ ပိုပြီး နားလည်တတ်လာပါပြီ”

ဝ တွေ့သည့်နေ့က အဖြစ်ကို ရင်ငြိမ်း ပြန်လည်သတိရသွားဟန် တူသည်။

“အဲဒီနေ့က ရင်ငြိမ်း စိတ်ဆိုးသွားတာလား”

ရင်ငြိမ်းက ခေါင်းယမ်းရင်း....

“မဆိုးပါဘူး။ ဒါပေမယ့် နည်းနည်းတော့ ရှက်သွားတယ်”

ဟု ရိုးသားစွာ ဖြေသည်။

“ဘာဖြစ်လို့”

ကော်ဖီခွက်တို့ ရောက်လာသည်။

“ဆေးလိပ်ယူဦးမလား အစ်ကို”

ဟု အလုပ်သမားက မေး၏။ သူ ခေါင်းယမ်းလိုက်စဉ် ရင်ငြိမ်းက....

“ရင်ငြိမ်းကို အားနာလို့လား”

ဟု ပြုံးစစဖြင့် မေး၏။

“မဟုတ်ဘူး။ ကျွန်တော် မသောက်တတ်တာပါ”

စားပွဲထိုးလုပ်သား ပြန်ထွက်သွားသည်။ သူက....

“ပြောပါဦး။ ခုနက ရှက်သွားတဲ့အကြောင်း”

တူ စကားကို ပြန် အ စ ဖော် ပေး လိုက်၏။ ရင်ငြိမ်းက ကော်ဖီကို ပန်းကန်ပြားထဲ ငှဲ့ထည့်လိုက်ပြီးမှ စကားပြော ရန် ခေါင်းပြန်မော့လာသည်။

"ဒီလိုလေ.... အမှန်အတိုင်း ပြောရရင်တော့ ဝေဖြိုး ပြောတဲ့ ဘဝသရုပ်ဖော်ဆိုတဲ့ ပုံရိပ်တွေက ရင်ငြိမ်းနဲ့ သိပ် မနီးစပ်ဘူး။ ပြောရမှာတော့ ရှက်စရာပဲ။ ရင်ငြိမ်း ခုအရွယ် အထိ တစ်ခါမှ သားငါးရောင်းတဲ့ ဈေးထဲ မရောက်ဖူး ဘူး။ သိပ်ကျပ်တဲ့ ဘတ်စ်ကားကို တိုးမစီးဖူးဘူး။ အဲတော့ ရင်ငြိမ်း သေချာ မသိတဲ့၊ သေချာ လေ့လာထားဖို့လ စိတ်မဝင်စားတဲ့ လောကရဲ့ တစ်ပိုင်းတစ်စ အကြောင်းက ရင်ငြိမ်း ဒုပေါ်လွင်အောင်၊ ပီပြင်အောင် သရုပ်မဖော်ရဲဘူး ကြောက်တယ်။ အဲဒါမျိုးက တစ်စုံတစ်ခု မှားယွင်းသွားရင် သိပ် သိသာတယ်လေ"

ရင်ငြိမ်းက စကားစကိုဖြတ်ပြီး သူ့မျက်နှာကို ကြည် သည်။ အကြံဉာဏ်တောင်းခံသည့် သဘောလား။ တစ် တစ်ခု ဝေဖန်စေချင်သည်လား မသိ။ ခပ်နွေးနွေးရှိသော ကော်ဖီကို တစ်ငုံ ငုံလိုက်သည်။

"ထားပါလေ။ ဒါဆို အချစ်ကဗျာတွေကရော"

"ဩော....ကြည့်။ မဂ္ဂဇင်း တွေ့ဆုံခန်းတွေကလို ေ တော့မယ် ထင်တယ်"

ရင်ငြိမ်း စကားကြောင့် သူ ဟက်ဟက်ပက်ပက် ရယ်လိုက် မိသည်။ ရယ်သံသည် ပတ်ဝန်းကျင်မှာ အနည်းငယ် စူ သွား၏။ တစ်ဘက်ဝိုင်းမှ ကျောင်းသူတစ်အုပ် ခေါ် လည်လာကြသည်။



"မဟုတ်ပါဘူး။ ဒါပေမယ့် အနည်းနဲ့အများတော့ နီး စပ်မယ် ထင်လို့ပါ"

"အင်းဟင် ... ဒါပေါ့။ နီးစပ်စရာတွေ အများကြီး။ ဖေဖေ မေမေနဲ့ မောင်လေး ညီမလေးတွေ အများကြီး"

ပြောပြီး ရင်ငြိမ်းက ကော်ဖီ ထည့်ထားသော ပန်းကန် ပြားကို နှုတ်ခမ်းမှာ တေ့သည်။ ရင်ငြိမ်း၏ မျက်ဝန်းတို့ ပြုံးနေကြ၏။

"ဒါပေမယ့် ရင်ငြိမ်းရေးနေတဲ့ အချစ်တွေက အဲဒါ တွေမှ မဟုတ်ဘဲ"

"ကဲ... ဝေဖြိုးတော့ တွေ့ ဆုံ ခြင်း တာ ဝန် ခံ လုပ် ဖို့ ကောင်းနေပြီ"

ရင်ငြိမ်းက ပါးနပ်စွာ ရှောင်ထွက်သွားပြန်သည်။ ဆိုလို ရင်းကို ရင်ငြိမ်း သေချာနားလည်ပါလိမ့်မည်။ သူ ကိုယ်တိုင် ကလည်း အဲသည် ရင်ငြိမ်း၏ အဖြေကို မျှော်လင့် လိုချင်နေ ခဲ့သည်။ သို့ပေမယ့် ရင်ငြိမ်းက တိတိပပ မပြော။

ဆုံးရှုံးခြင်းများစွာတို့ကို ရင်ဆိုင်ခဲ့ဖူးပြီ ဖြစ်သည့်အတွက် စာမေးပွဲ အောင်စာရင်း မျှော်ရသလိုတော့ ထူးခြားပြီး မတုန်လှုပ်ပါ။ သို့သော်လည်း ရင်ငြိမ်းရယ်....

ငြိတွယ်နေတော့မည့် အနှောင်အဖွဲ့ တစ်ခုကြောင့် သက် ပြင်းကိုတော့ ရင်ငြိမ်း မသိအောင် ရှိုက်မိပါ၏။ ရင်ထဲမှာ တော့ နေမကောင်းချင်။

"ကိုယ်တွေ့ရယ်လို့တော့ ဘယ်ဟုတ်ပါ့မလဲ။ ဒါပေမယ့် အချစ်ဆိုတာ စိတ်ကူးယဉ်လို့ ကောင်းတယ်မလ"

သူ မျက်မှောင် ကြုတ်လိုက်သည့်အတွက် ရင်ငြိမ်းက သူ့ ကိုကြည့်ပြီး ရယ်လေသည်။

"ရင်ငြိမ်းနဲ့ နီးစပ်နေတဲ့ ဝန်းကျင်မှာ ကြုံသမျှ၊ သိ
သမျှ၊ ခံစားရသမျှကိုပဲ ပုံပြီး သိမ်မွေ့သွားအောင် စာဖွဲ့
ကြည့်တာပါ။ ရင်ငြိမ်းဟာ ကဗျာစာဆို မဟုတ်ပါဘူး။ အနု
ပညာ ဝါသနာရှင် တစ်ယောက်ပါ"

ရင်ငြိမ်း၏ မျက်ဝန်းများကို စက္ကန့်ပိုင်းမျှ စေ့စေ့ကြည့်
မိသည်။ ကြည့်စင်နေသော မျက်ဝန်းတွင် ဝေဒနာရိပ်ငွေ့
ငွေ့ သန်းနေမည် ထင်သည်။ ဖူးရွနေသော နှုတ်ခမ်းတို့မှ
ဖွင့်ဟမပြောသော်လည်း သူမ ရင်ထဲမှာ တစ်စုံတစ်ခု ရှိနေ
မည်။ မရှောင်လွှဲနိုင်သည့် နုငယ်စဉ်ကာလတို့မှာ သူမ သံ
ယောဇဉ် ရှိခဲ့လေသူ သို့မဟုတ် ရင်ခုန်တွယ်တာခဲ့ဖူးသူ ရှိ
ကောင်းရှိနိုင်ပါရဲ့။

ရင်ငြိမ်းက စကားလမ်းကြောင်းကို ဦးတည်ရာ လွှဲလိုက်
ပြန်သည်။ ရင်ငြိမ်း မြန်မာစာ ဂုဏ်ထူးတန်း တက်နေသည်ဟု
ခုမှ သိရသည်။ နောက်ပြီး ရင်ငြိမ်းနှစ်သက်သည့် နတ်သျှင်
နောင်၏ ရတုများအကြောင်း။ သင်ခန်းစာကို ဝါသနာနှင့်
တွဲဖက်လေ့လာနေရသည့်အတွက် ရင်ငြိမ်း စိတ်တိုင်းကျမှာ
ပါ။

ဒုတိယအကြိမ်အဖြစ် အလုပ်တာဝန်ကို မေ့လျော့သွားပြန်
သည်။ ပထမအကြိမ်တုန်းက စိစစ် ရေးရုံးသို့ အရောက်
နောက်ကျသွားသည့်အတွက် နောက်တစ်နေ့မှ စာမူတင်ရ
သည်။ အလုပ်ရှင်၏ ငြိုငြင်မှုသည် စိတ်မှာ တဒင်္ဂသာ
ထင်၏။

ပြန်ခါနီးမှ....

"အိမ်လာလည်ဦးလေ"

ဟု ရင်ငြိမ်းက မှာသည်။



"ကျောင်းကိုတော့ မကြာခဏ လာပါရစေ"

ဟု ရင်ငြိမ်းကို ခွင့်တောင်းတော့ ရင်ငြိမ်းက ခေါင်း
မညိတ် ခေါင်းမခါဘဲ နှုတ်ခမ်းကို တင်းတင်း စေ့လျက်
သူ့ကို အကဲခတ်သလို ကြည့်လေသည်။

ရင်ငြိမ်းက သူ့နှလုံးသား၏ အနီးကပ်ဆုံး တစ်နေရာ
မှာ ရှိနေခဲ့ပြီဖြစ်ကြောင်း သူ ကိုယ်တိုင်ပင် မသိနိုင်ခဲ့။

*

အလုပ်မအားလပ်သည့်ကြားမှပင် ရင်ငြိမ်းကို မမေ့မလျော့
နိုင်ခဲ့။ တစ်နေ့ တစ်ရက်ကို "နောက်တော့ မေ့ပျောက်သွား
မှာပါ"ဟု ဖြေသိမ့်ကြည့်သည်။ နောက်တစ်နေ့ အိပ်ရာမှ
နိုးစ အချိန်တွင်လည်း ရင်ငြိမ်းကိုပဲ သတိရ၏။ ဒုက္ခပဲ။

ပုံနှိပ်စက်၊ ကလာခွဲ၊ အော့ဖ်ဆက်တို့ကို ကူးချည်သန်း
ချည် ကြားကာလမှာပင် ရင်ငြိမ်း၏ စကားသံတို့ကို ကြား
နေရဆဲ ဖြစ်သည်။ သတိမထားမိခင်မှာပင် ချက်ချင်း ရင့်
သန်လာသော ဝေနာအမြစ်ကို ဘယ်လို ဆွဲနှုတ်ပစ်မည်လဲ။
မဖြစ်သင့်ဘူးလေဟု ကိုယ်တိုင် စိတ်ကို လျှော့ချသည်။ တကယ်
ဆို စောင့်စည်း ထိန်းချုပ်ရမည့် အကြောင်းတရားများက
နောက်ဆပ် သံယောဇဉ်တို့ကို လက်ခံရန်မသင့်ဟု တားမြစ်
နေပြီ။

ဒါတွေကို ရင်ငြိမ်း သိနိုင်မှာ မဟုတ်ပါဘူးလေ။

ရင်ငြိမ်းသည် အဖြူရောင်ပန်းကလေး တစ်ပွင့်။ သူနှင့်
ပေါင်းစပ်မှ ညိုးနွမ်း စွန်းထင်းသွားရမည့် အဖြစ်မျိုးကို

ဘယ်လိုမှ မဖြစ်စေချင်ပါ။ နောက်ပြီး ရင်ငြိမ်းကိုယ်တိုင်က သူ့ဘဝကို သိနေခဲ့လျှင်ရော။

ဒါက ပထမ ရင်ဆိုင်ရမည့် အခြေအနေ ဖြစ်သည်။ ဒုတိယက....

မလိုအပ်တော့ပါဘူးလေ။

သူ့ဘဝ၏အဖော်သည် သာမန် မိန်းမပီသမှုလောက်နှင့် သူ့ကို လက်တွဲရဲမည် မထင်ပါ။ ကြုံ ခဲ့ ဖူး ပြီး သား အတိတ်ကာလတို့သည် အရိပ်မည်းများပမာ သူ့နောက်မှာ ထပ်ချပ်ရှိနေဆဲဖြစ်၏။ ဒါကို ကိုယ်တိုင် နားလည်ရမည်။

စိတ်ကို အတတ်နိုင်ဆုံး ချုပ်ထိန်း ဆုံးမနေသည့်ကြားမှ ပင် ခြေလှမ်းတို့က ဦးတည်ရာ ပြောင်းချင်သေးသည်။

''စွဲလမ်းစိတ်''ဟု မိမိကိုယ်တိုင်သတ်မှတ်ပြီး ပြတ်တောက်ရနိုင်မည့်အထင်နှင့် ကြိတ်မှိတ်ပြီး လွှမ်းသည်။ ညအိပ်ရာဝင်ချိန်တွေမှာ ရင်ငြိမ်းသည် စိုးမိုးခြယ်လှယ်တတ်သည့် နတ်သမီးတစ်ပါး။

နေ့ရက်များစွာ ကုန်ဆုံးသွားခဲ့သည်။

ရင်ငြိမ်းကို သတိရစိတ်က ထူးဆန်းစွာ ဆက်လက်တည်မြဲနေခဲ့၏။

*

''ဝေဖြိုး....မင်းကိုမေးနေတယ်''

''ဘယ်သူလဲ''

''ရှေ့မှာ ညွှန့်သည်တဲ့''



စာအုပ်များ ထုပ်ပိုးနေရာမှ တိုက်ရှေ့ဘက် ရုံးခန်းဆီသို့ လှမ်းကြည့်မိသည်။ တချတ်ကပ်ဘောင်ဘို့ ကွယ်နေသည့်အတွက် ရုံးခန်းစားပွဲကို မမြင်ရ။

ချွေးရွှဲနစ်နေသော စွပ်ကျယ်အင်္ကျီကျောဘက်ကို လက်ပြန်ခါလိုက်ပြီး ရုံးခန်းဘက်သို့ထွက်ခဲ့သည်။ နောက်ကျောမှ ဆံပင်ကိုမြင်လိုက်ကတည်းက အသက်ရှူမှားပြီး ရင်ခုန်သံ ချုပ်လုမတတ်ပင်။

ရင်ငြိမ်း....

''ဝေဖြိုးနဲ့သူငယ်ချင်းတွေလား။ နောက်လည်း တိုက်ကို ဝင်ထွက်ပါနော်။ ဒါနဲ့ ကဗျာစာအုပ်လုပ်ဖို့ မကြိုးစားဘူးလား''

သူ့အလုပ်ရှင်က စကားစမပြတ်ဘဲ ရင်ငြိမ်းကို လောကွတ်ချော်နေသည်။ သူ ရင်ငြိမ်း၏ နောက်ဘက်ကျကျမှာ ရပ်လိုက်၏။

''အစီအစဉ် မရှိသေးပါဘူး''

''ဝေဖြိုး....လာလေ''

ရင်ငြိမ်းက လည်ပြန် လှည့်ကြည့်သည်။ အိပ်မက်တစ်ခုလို ယုံစားခက်လှသည်ဟု အသားကို နာကျင်အောင် ဆွကြည့်ချင်စိတ်ပင် ပေါက်လာ၏။

''ဖြိုးရေ .. မတွေ့တာကြာလို့ ဒီနေ့ မြို့ထဲလည်း ရောက်တာနဲ့ ဝင်လာတာ''

''ဟုတ်တယ် ကျွန်တော်လည်း စာအုပ် ဖြန့်ရက်မို့ မအားဘူး''

ရည်ရွယ်ချက် တစ်စုံတစ်ရာဖြင့် ပြောလိုက်ရသော်လည်း စိတ်မှာ မလုံလဲဘဲ ရင်ဆို့ချင်၏။ နှလုံးသားနှင့် ပတ်သက်

လျှင် ပျော့ညံ့တတ်သူဖြစ်ကြောင်း မိမိကိုယ်မိမိ ကောင်
ကောင်း သိသည်။ တမင် မမြင်မတွေ့အောင် ရှောင်နေသည်
ကြားမှပင် သံယောဇဉ်တင်းစေအောင် နှောင်လိုက်ပြန်
လားကွယ်။ ရင်ငြိမ်းကတော့ သူ့စကားကို သတိမထား
ဟန်ဖြင့်....

"ဟုတ်လား။ အားနာစရာကြီးနော်။ အလုပ်ပျက်
ပြီလား"

ဟောင်းပန်သလို ပြောသည်။

"ဟင့်အင်း....ကိစ္စမရှိပါဘူး"

ဦးလေးကျော်က စားပွဲမှ ထ,သွားသည်။ သူက ကြို
ကုလားထိုင် တစ်လုံးမှာ ဝင်ထိုင်လိုက်ရင်း ရင်ငြိမ်းပြောလ
မည့် စကားကိုစောင့်၏။ တကယ်တော့ သုံးကြိမ်မျှသော
သာ ဆုံဖြစ်သော နည်းပါးလှသည့် အချိန်အတိုင်းအတာ
တစ်ခုအတွင်း ရင်ငြိမ်း၏ သံယောဇဉ်ကို သူ အံ့ဩခြင်
ဖြစ်သည်။

နောက်ပြီး သူ့ကို အကူအညီတောင်းစရာ တစ်စုံတစ်
များရှိနေသလား။ မဟုတ်သေးပါဘူးလေ။ ဤ

ရင်ငြိမ်းကို အခွင့်အရေးတစ်စုံတစ်ခု မျှော် ကိုး လျ
ဟန်ဆောင်တတ်သော မိန်းမတစ်ယောက်ဟု သူ ဘယ်တုန်
ကမှ မယူဆခဲ့ပါ။

"ကိစ္စ အထူးအထွေတော့ မရှိပါဘူး။ မတွေ့တာကြ
လို့ ဝင်လာတာ။ ဒီနေ့ ကဗျာတစ်ပုဒ် လာပို့တာလေ"

"ဟုတ်တယ်ဗျာ။ အလုပ်မအားလို့ ဘယ်ကိုမှ ခြေ
မလှည့်နိုင်တာ။ ကျွန်တော် ရောက်မလာလို့ စိတ်ဆိုးသလာ
ဟင်"



"မဆိုးပါဘူး။ ဒါ စိတ်ဆိုးစရာမှ မဟုတ်တဲ့"

ရင်ငြိမ်း စကားဆုံးမှ အလောတကြီး မေးလိုက်မိသည့်
အတွက် စကားလွန်သွားခြင်းကို ချက်ချင်း နောင်တရလိုက်
သည်။ ဟုတ်သားပဲ ဒီလို မေးခွန်းမျိုး မေးရမည့် အခြေ
အနေမှ မဟုတ်တာ။

"ခုလည်း အလုပ်များနေတယ် ဟုတ်လား၊ ချွေးသံ
တရွှဲရွှဲနဲ့"

ရင်ငြိမ်းက ချွေးစက်တို့ စို့နေသည့် အင်္ကျီကိုကြည့်ရင်း
ပြောသည်။ မျက်နှာပေါ်မှ ချွေးတို့ကို လက်ဖဝါးဖြင့် ပွတ်
သုတ်လိုက်ပြီး....

"ချွေးစော် မနံဘူးလား"

ဟု ရင်ငြိမ်းကို ပြုံးရယ်လျက်မေးလိုက်၏။ ရင်ငြိမ်းက
နှာခေါင်းရှုံ့ပြီး....

"နံတာပေါ့"

ဟု ပြန်ဖြေလေသည်။ ပင်ပန်းနေသမျှသည် တူးဆန်းစွာ
ပျောက်ဆုံးသွားပြီး ချက်ချင်း ပျော်ရွှင်လာသည်။ သိမ့်ခနဲ
လှုပ်ခတ်သော ရင်ခုန်သံကို ကိုယ်တိုင်ပင် မယုံ လိုက် မိ။
ရင်ခုန်သံတို့ အနားယူနေသည်မှာ ကြာပြီလေ။

ရင်ငြိမ်းက ဆွတ်ဆွတ်ဖြူသော ရှပ်အင်္ကျီပွပွကိုဝတ်ထား
သည်။ ပြောင်ရှင်းနေသည့် နဖူးပြင်အစပ်မှာ ချွေး စက်
ကလေး အနည်းငယ် စို့နေ၏။ သူ့အမြင်မှာတော့ ရင်ငြိမ်း
သည် ချစ်စရာအကောင်းဆုံး မိန်းကလေးတစ်ယောက် ဖြစ်
သည်။

"ဒါဆို ခဏ။ ကျွန်တော် အင်္ကျီသွားလဲလိုက်ဦးမယ်"

"မဟုတ်ဘာ။ ရင်ငြိမ်းပြန်စောင့်မှာ။ အလုပ် ဆက်လု
ပါလေ"

"ဟာဗျာ....ကော်ဖီတောင် သောက် မ သွား တော့ဘူ
လား"

ရင်ငြိမ်းက ခေါင်းခါငြင်းသည်။

"ကျေးဇူးတင်ပါတယ်။ နောက်မှပေါ့။ ခုတော့ ရင်ငြိမ်
ပြန်လိုက်ဦးမယ်။ ဝေဖြိုး အလုပ်ပျက်သွားတာ အားန
စရာကြီး"

ရင်ငြိမ်းက ထိုင်ရာမှ ထရင်းပြောသည်။ ရင်ငြိမ်းကိုအလု
တိုက်ရှေ့ရောက်သည်အထိလိုက်ပို့မှ ပလက်ဖောင်းနံဘေးမှ
ရပ်ထားသော ရင်ငြိမ်းတို့အိမ်မှ ကားကို မြင်လိုက်ရ
ကားက အဝါဖျော့ရောင် ပါဘလေကာဖြစ်၏။ သော့ ပိ
ထားသော တံခါးကို ဖွင့်အပြီး....

"သွားမယ်နော်"

ဟု ရင်ငြိမ်း နှုတ်ဆက်သည်။

"ဟုတ်ကဲ့ ကျွန်တော် ကျောင်းကိုလာခဲ့ဦးမယ်။ ခွင့်
ပါတယ်နော်"

ရင်ငြိမ်းက မှန်တံခါးကို ချလိုက်သည်။

"ဟုတ်ကဲ့။ အလုပ်အားရင် လာခဲ့လေ"

ရင်ငြိမ်းကိုယ်တိုင် မောင်းသွားသော ကားကလေး မျက်
တဆုံး ရောက်သွားသည်အထိ မငြိမ်သက်သော ရင်ခွင်
ထိန်းသိမ်းရန် ကြိုးစားနေရဆဲ ဖြစ်သည်။ အတွေး
ယောက်ယက်ခတ်လျက် ခုချိန်ထိ မယုံကြည်နိုင်သော အ
တစ်ခုကို ယုံကြည်လက်ခံနိုင်ဖို့ အကြိမ်ကြိမ်အထပ်ထပ် ပြန်လ
သုံးသပ်နေရဆဲလည်း ဖြစ်သည်။



ရင်ငြိမ်း နှလုံးသားထဲကို ဝင်ကြည့်ဖို့ ကြိုးစားမိသော စိတ်ကူးသည် သူလို လူတစ်ယောက်အတွက် မိုက်မဲလွန်းရာ ကျနေလေမလား။

ဖြူစင်ခြင်းတို့ကို အရောင်စွန်းထင်းစေခဲ့လျှင် သူသာ အပြစ်ရှိသူ တစ်ယောက် ဖြစ်ပေလိမ့်မည်။ ရင်ငြိမ်းသည် သူ့အပေါ်မှာ ရိုးသားဖြူစင်စွာ တွယ်တာမိခြင်းမဟုတ်ဟု သူ ငြင်းနိုင်မလား။ တစ်ယောက်တည်း ခေါင်းကို ခါယမ်းပစ်လိုက်သည်။ သူကတော့ ရင်ငြိမ်းအပေါ် သမုဒယဖြင့် တွယ်နှောင်မိပြီလေ။

*

သူသည် နောက်ရက်များမှာ ညနေပိုင်း အလုပ်တွေကို ခဏထားခဲ့ပြီး ရင်ငြိမ်းထံ ရောက်သွားတတ်လေတော့သည်။ ရင်ငြိမ်း အတန်းပြီးချိန်ကို မှန်းပြီး တောင်ငူဆောင်ကို ဦးတည်သွားခြင်းဖြစ်သည်။ ရင်ငြိမ်းအိမ်ကို ညနေတိုင်း ရောက်ဖို့ခတော့ သူစိတ်ပင်မကူးရဲပါ။ ရင်ငြိမ်းက ကျောင်းကို ကားနှင့်လာသည်။

သို့ပေမယ့် သူရောက်လာတတ်သော ညနေတိုင်းမှာ ရင်ငြိမ်းက ကားကို ကျောင်းရှေ့မှာ ထားခဲ့ပြီး ရွှေဘိုဆောင်နှင့် ဒဂုံဆောင်ဘေးက လမ်းအတိုင်းသူတို့နှစ်ယောက် သမ်းလျှောက်ကြသည်။

ထိုညနေချိန်တိုင်းမှာ ရင်ငြိမ်း၏ ကလေးဆန်ပြီး ရိုးသားနေသော မျက်နှာကို ပျော်ရွှင်ကျေနပ်မှုတို့ ပြည့်လျှမ်းလျက် မြင်ရသည်။

သူက ရင်ငြိမ်း၏ ကျောင်းလွယ်အိတ်ကိုလွယ်ပေးပြီး ရင်ငြိမ်းက သူ့အပါးမှာ စကားချိုချိုပြောလျက် သူ့ မျက်နှာကို မော့မော့ကြည့်တတ်သောအခါ သူသည် မလောကနှင့်ဝန်းကျင်ကိုပင် ခဏ မေ့လျော့သွားမိပြီး ရင်မှ ကြည်နူးခြင်းတို့ဖြင့် အနာဂါတ်ကာလ သူနှင့် ရင်ငြိမ်းတို့၏ ကမ္ဘာလေးကို စိတ်ကူးယဉ် တည်ဆောက်နေမိ၏။

ရင်ငြိမ်း မျက်ဝန်းထဲမှ တွယ်တာရိပ် စွန်းထင်းသော နူးညံ့မှုတို့ကို သူနားလည်တတ်ခဲ့ပြီ။

ထို့အတူ နှုတ်ဖျားမှ တစ်ခွန်းမဟဘဲ ကြင်နာမှုစွက်သော သူ့အမူအရာ၊ နားလည်သည်းခံမှုတို့ကို ရင်ငြိမ်း မြင်တတ်ခဲ့ပြီ။

အံ့ဩစရာပါပဲနော်...။

သူနှင့် ရင်ငြိမ်းတို့သည် တကယ်ဆို ခုလောက်ထိ လျင်မြန်စွာ နီးစပ်ဆုံတွေ့နိုင်သည့် အခြေအနေမျိုးမရှိ။ သူ့ဘဝအနေအထားနှင့် ရင်ငြိမ်းဘဝ ရပ်တည်မှုသည်လည်း ခုလောက်ထိ တစ်ဦးနှင့်တစ်ဦး နားလည် နိုင်လောက်အောင် အထောက်အကူ မပြုနိုင်။

ဩော် ဖူးစာကံ ဆိုတာများလား။ သူ့ဘက်ကတော့ ဘယ်သူ့ကိုမဆို အမှန်အတိုင်း ဝန်ခံနိုင်ပါသည်။

သူရင်ငြိမ်းကို စတွေ့ကတည်းက စိတ်ဝင်စားခဲ့မိသည်။ ''စိတ်ဝင်စားခြင်း''ဟူသောစကားလုံးသည်ရင်ငြိမ်းအတွေး



အရဆိုလျှင် လေးနက်ချင်မှ လေးနက်မည် ဖြစ်သော်လည်း ...င်ယောက်ဘည်းအတွက်ကတော့အရမ်းကို လေးနက်ပါ ...သည်။

ဘာကြောင့်လဲ ဆိုတော့...

သူက ဘဝတိုးတက်မှုဟူသော အရေးမှ လွဲလျှင် ဘာကိုမျှ ...တ်ဝင်စား ရှိတတ်သူ မဟုတ်ပါလေ။

နောင်တတရား များစွာကို လက်ဝယ် ပိုင်စားရသော ...အခါ သူနောက်ဆုံး အမှားတစ်ခုတလေကို ထပ်မှားဖို့ပင် ...ကြောက်ရွံ့ရှောင်လွှဲခဲ့သည်။

ထိုအထဲမှ သံသောဇဉ် ငြိတွယ်မှု အပိုင်းပါ ပါပင် ...၏။

ထို့ကြောင့် သူမိန်းကလေး အများစုကို ရှောင်ရှားခဲ့ ...သည်။ သို့ပေမယ့် ရင်ငြိမ်းသည် သူ့ရင်ကို ထူးဆန်းစွာ ညှိမ်း...ငြိတွယ်စေခဲ့သော အင်အားရှိသည့် မိန်းမတစ်ယောက်ဖြစ် ...သည်။

ကဲ ဘယ်လိုရုန်းထွက်မလဲ။

ရုန်းထွက်ရန် မဆိုထားနှင့်။ မတော်ဘဆ လွတ်မြောက် ...ားမှာကိုပင် သူက ကြောက်ရွံ့ စိုးရိမ်နေခဲ့သည်။

ရယ်စရာပါပဲ။ နောက်ပြီး ရင်ငြိမ်းကိုယ်တိုင်ကပင် သူ့ကို ...သား နှစ်သက်စွာ တွယ်တာဟန် ရှိနေသည် ဆိုတော့ ...ကောင်းသော၊ မသန့်ရှင်းသော ဆန္ဒဖြင့် မဟုတ်လေဘဲ ...မှဒယ နှောင်ရစ်လျက် သံယောဇဉ် ရေစီးမှာ မျောပါသွား ...တော့သည်။

သို့တိုင်လျက်...

ရင်ငြိမ်း၏သိက္ခာနှင့် ကိုယ်ကျင့်တရားကို သူ လေးစာ
သည်။

ရင်ငြိမ်းသည် ကိုယ့်ကိုယ်ကို လိမ္မာကျွမ်းကျင်စွာ ထိန်
သိမ်းနိုင်သော မိန်းကလေး တစ်ယောက်ဖြစ်ကြောင်းကို
ကောင်းကောင်း သိနေပြီ။

နူးညံ့သော မာနတရားဖြင့် နှလုံးသားစည်းရိုးကိုခိုင်ခို
ချထားသူတစ်ယောက်လည်းဖြစ်သည်။

သည်လိုမိန်းကလေးကိုမှ သဲသဲမဲမဲ ချစ်မိပြီဆိုတော့ တစ်
တစ်စ တန်ဖိုးမြင့်မားလာသော သူမနှင့် သူမထံမှ တုန့်ပြန်
အတွက် သူ အားတုံ့အားနာ ဖြစ်ရတော့သည်။

ဘယ်လို ပြောရက်မှာလဲ ရင်ငြိမ်းရယ်။

ကိုယ့်မှာက လုံး ဝ ညစ်နွမ်းနေသည် မဟုတ်တောင်
ငြိမ်းလို သန့်သန့်စင်စင် အဖြူရောင်မှ မဟုတ်လေတော့....

ညပေါင်းများစွာမှာ အခွေးတစ်ဝက်ဖြင့် အိပ်ပျော်
သည်ချည်း။

ရင်ငြိမ်း၏မျက်ဝန်းများကို အိပ်မက်ထဲမှာ ရင်ဆိုင်ရ
ကြေကွဲမှုတို့ဖြင့် ဖွင့်ပြောထွက်ဖို့ ကြိုးစားကြည့်ရင်း ရင်ဖြ
အပါးမှ ပြေးထွက်ခဲ့ရသည်ပင်ဖြစ်လေသည်။

ညနေတိုင် ခြေလှမ်းများကိုဦးတည်ရာပြောင်းလဲဖို့ဖြ
စားကြည့်လည်း အချည်းနှီးပင်။ အချိန်တိုင်း သတိ
လာသည့်အခါ 'တောင်ငူဆောင်'ဟူသော ပေါ်တီကိုထ
စာတန်းကို မြင်ရစမြဲပင်ဖြစ်၏။



''နေမြင့်လေ အရှုံးရင့်လေ'' ဟူသော စကားပုံ၏
အဓိပ္ပာယ်အတိုင်းဆိုလျှင် သူလည်း ရှုံးသွပ်သူ တစ်ယောက်
ဖြစ်နိုင်သည်။

ပြောတော့ ပြောမှဖြစ်မည်။

*

''ဝေဖြိုး အားရဲ့လားဟင်''

ရင်ငြိမ်းက သူနှင့်တွေ့တိုင်း သည်စကားကို အရင်ဦးဆုံး
မေးလေ့ရှိသည်။ သူကလည်း...

''အားပါတယ်''

ဟု မုသားမလွတ်စွာ ပြန်ဖြေတတ်မြဲ။ ခုလည်း သူမေးနေ
ကျ မေးခွန်းကိုပင် သူမ မေးပြန်သည်။

''အားပါတယ်။ ရင်ငြိမ်း ဘယ်သွားချင်လို့လဲ''

''လိပ်ခုံးမှာ ပန်းချီပြပွဲရှိတယ်တဲ့။ ဒီချိန် မပိတ်သေးဘူး။
ရင်ငြိမ်း သွားကြည့်ချင်တယ်''

ရင်ငြိမ်းမှာ မိန်းကလေးသူငယ်ချင်း ရှိမရှိသူမသိ။သို့ပေ
မယ့် သူမြင်သမျှ ကာလတွေမှာ ရင်ငြိမ်းသည် အမြဲ တစ်
ယောက်တည်းသာ ရှိနေတတ်၏။

မြို့ထဲစာအုပ်ဆိုင်ကို လာသည့် နေ့မှာတောင် ရင်ငြိမ်း
တစ်ယောက်တည်း။

ကျောင်းမှာလည်း သူလာသည့်ညနေချိန်တိုင်း အတန်း
ဆောင်မှာ တစ်ယောက်တည်း ထိုင်ငေးနေတတ်သော ရင်
ငြိမ်းကို တွေ့ရတတ်သည်။

တခြား မိန်းကလေးတွေလို မဟုတ်ဘဲ ဤသည့် ထူးခြားသည့် အမူအကျင့်တွေကြောင့်ပဲ သူ ရင်ငြိမ်းကို မြတ်နိုးမှု ပိုခဲ့ရလေသလားမသိ။

"ဟိတ်–ပြောလေ။ လိုက်ပို့နိုင်မလား"

"ပို့မှာပေါ့ ရင်ငြိမ်းရာ။ ဒါများ မေးနေရသေးသလား"

"ဒါဆို ခုသွားရအောင်နော်"

ရင်ငြိမ်းက ကားသော့ကို လွယ်အိတ်ထဲမှနှိုက်ယူရင်း ပြောသည်။ အတန်းထဲမှ မိန်းကလေး တချို့က ရင်ငြိမ်းနှင့် သူ့ကို စိတ်ဝင်စားသလိုကြည့်၏။

"လိပ်ခုံးမှာမို့လား။ လမ်းပဲ လျှောက်သွားကြရအောင်နော်"

ရင်ငြိမ်းက ကားသော့ကို လက်ထဲမှာ ဆုပ်ထားလျက်မှ ပင် သူ့ကို မျက်လုံးအဝိုင်းသားဖြင့် ငေးမောကြည့်သည်။ သူညင်ညင်သာသာ ပြုံးပြလိုက်၏။

ရင်ငြိမ်း နားလည်သွားဟန်ဖြင့် ပါးစုံ့ကလေးများ တက်လာအောင် ပြုံးရင်း ခေါင်းညိတ်သည်။

"ကောင်းပြီလေ။ ဒါဆို လမ်းပဲ လျှောက်သွားကြတာ ပေါ့"

ရင်ငြိမ်းက ကားသော့ကို လွယ်အိတ်ထဲ ပြန်ထည့် လိုက်သည်။ လက်မှနာရီကို ငုံ့ကြည့်ပြီး ခြေလှမ်းစ၏။

ကော်ရစ်ဒါမှာ ထိုင်နေသော ကျောင်းသား တချို့က ရင်ငြိမ်းကို စူးစမ်းဟန်ဖြင့် ကြည့်သည်။ သူက မမြင်ဟန် ဆောင်နေလိုက်သော်လည်း စိတ်ထဲမှာတော့ မကျေမနပ် ဖြစ် နေမိသည်။



ဘယ်လိုလဲရင်ငြိမ်း။သည်လိုပဲတစ်ယောက်တည်း လျှောက် သွားနေတတ်သလား။ နောက်ပြီး ကောင်လေးတွေရဲ့ စိတ် ဝင်စားမှုကိုရင်ငြိမ်း ဘယ်လိုများတုံ့ပြန်ပါလိမ့်။

"လာလေ"

လှေကားဆင်းမှာ တွန့်ဆုတ် တွန့်ဆုတ် ကျန်ရစ်နေသော သူ့ကို ရင်ငြိမ်းလှည့်ကြည့်လျက် ခေါ်သည်။ အဓိပတိလမ်းမ ဘက်သို့အထွက်မှာ ကျောင်းသားတစ်ယောက်က ရင်ငြိမ်းကို လှမ်းနှုတ်ဆက်၏။

"ပန်းချီပြပွဲသွားမလို့"

ဟု ရင်ငြိမ်းက ပြန်ဖြေသည်။ ရယ်ပြုံးနေသော ရင်ငြိမ်း မျက်နှာကို လှည့်ကြည့်မိတော့....

"ဘာဖြစ်နေတာလဲ"

ဟု အရယ်မပျက် ရင်ငြိမ်းက မေးလေသည်။

"ဘာဖြစ်လို့လဲ"

"မျက်မှောင်ကြီးကုတ်လို့"

ရင်ငြိမ်းပြောမှပင် မကျေနပ်နိုင်သည့် အတွင်းစိတ်ကို ဖုံးဖိမရကြောင်း ကိုယ့်ကိုယ်ကို သိလိုက်ရတော့သည်။

"ခုန ဘယ်သူလဲ"

"အသိတစ်ယောက်ပါ"

ရင်ငြိမ်းက ဘာမှ မထူးခြားသလိုပင် ဖြေ၏။ တက္ကသိုလ် ရိပ်သာလမ်းမကို ဖြတ်ကူးပြီး တက္ကသိုလ်စာအုပ်ဆိုင်ရှေ့မှ ဖြတ်သွားသည်။ စကားသံ တိတ်ဆိတ်နေသည့်အခါ မနေ တတ်သလိုပင် ဖြစ်မိ၏။ ရင်ငြိမ်းကသည်း "စကားတစ်ခွန်းမှ ပော။

ရင်ငြိမ်း နှုတ်ဆိတ်နေခြင်းကို ဘာကြောင့်ဟု သူမသိပေမယ့် သောက်ဆိုင်သော မေးခွန်းကို ပိုင်စိုးပိုင်နင်း မေးမိခြင်းအတွက်တော့ သူ့ကိုယ်သူ စိတ်မလုံ။ သည်မေးခွန်းကြောင့်များ ရင်ငြိမ်း စိတ်ခုလေသလားဟုလည်း စိုးရိမ်လွန်းမိပြန်၏။

"ရင်ငြိမ်း"

"ဟင်"

ရင်ငြိမ်း မော့ကြည့်သည်။

"စကားပြောလေ"

"ဘာပြောရမှာလဲ"

"စိတ်ဆိုးနေသလားလို့"

"ဟင်....ဘာကိုလဲ"

ရင်ငြိမ်း အံ့သြသွားလျက် မျက်ခုံးနှစ်ဖက်ကို တွန့်ချိုးပြီး သူ့ကို စူးစိုက်ကြည့်သည်။ သူ အဖြေခက်သွားပြီး ရည်ရွယ်ချက်မဲ့စွာ ဆံပင်တို့ထဲသို့ လက်ချောင်းများဖြင့် ထိုးဖွပစ်လိုက်၏။

"ခုနက မဆိုင်ဘဲ မေးမိတဲ့အတွက် တောင်းပန်ပါတယ်"

"ကိစ္စ မရှိပါဘူး။ ရင်ငြိမ်း နားလည်ပါတယ်"

"မဟုတ်ဘူး။ ရင်ငြိမ်း နားမလည်ပါဘူး"

ပါးနပ်စွာ လမ်းကြောင်းလွှဲလိုက်သော၊ သူမစကားကို မခံမရပ်နိုင်စွာ ချက်ချင်း ငြင်းလိုက်တော့....

"အတင်းကြီးပဲ"

ဟု သူမ ရယ်မောလေသည်။ ခရေပင်လမ်းသွယ်ကလေးမှာ သူတို့နှစ်ယောက်မှလွဲပြီး စကားသံတိတ်နေ၏။ လမ်းပေါ်



ရှိနေသည့် လူတစ်ယောက်စ နှစ်ယောက်စမှာလည်း လမ်းကိုသာ ခပ်သုတ်သုတ် လျှောက်သွားနေကြသည်။

"အမှန်တော့ ရင်ငြိမ်းရဲ့ ကိုယ်ရေးကိုယ်တာပဲလေ။ ဒါပေမယ့် ကျွန်တော်က ရင်ထဲရှိတာကို ဟန်ဆောင်မထားတတ်ဘူး"

ရင်ငြိမ်းက လမ်းတစ်ဖက်ဆီသို့ မျက်နှာလွှဲသည်။

"ရင်ငြိမ်းကတော့ ဟန်ဆောင်တတ်တယ်။ အဲဒါက အရည်အချင်း တစ်ရပ်ပဲလေ"

"ဟုတ်ပါတယ်။ အဲဒီနေရာမှာလည်း ရင်ငြိမ်း ထက် ကျွန်တော် ညံ့သွားပြန်ရော"

ရင်ငြိမ်းက ပွင့်လင်းစွာ ရယ်လိုက်သည်။ ရင်ငြိမ်း ဟန်ဆောင်တတ်တယ်ဆိုတာ သူ ဘယ်လိုယုံမလဲ။ ရင်ငြိမ်း၏ ကြည်စင်နေသော မျက်နှာကို မြင်သူတိုင်း ဟန်ဆောင်တတ်သူဟု ဘယ်သူမှ သတ်မှတ်မှာ မဟုတ်တာ သေချာသည်။

"အံ့သြစရာပဲနော်။ ရင်ငြိမ်းလေ ဖြိုးကို မြင်မြင်ချင်း အရမ်းကို ခင်သွားတာ။ ဘာကြောင့်မှန်း မသိဘူး။ နောက်ပြီး ရင်ငြိမ်းမှာ ဖြိုးလောက် ရင်းရင်းနှီးနှီး အဖော်မရှိဘူး။ ဘယ်တော့မဆို ရင်ငြိမ်းတစ်ယောက်တည်း ဖြစ်နေတာများတယ်"

ရင်ငြိမ်းက စကားကိုခဏနားသည်။ ခရေပင်အုပ်ဆီသို့ ငေးမောနေသော ရင်ငြိမ်းမျက်နှာကို တစိမ့်စိမ့် ကြည့်နေမိရင်း စေ့ပိတ်ထားသော နှုတ်ခမ်းတို့ အစပ်ဆီမှာ စကားလုံးများစွာ တန်းစီဆို့ပိတ်လာသည်။

ဖွင့်ပြောလိုက်ရမလား။

ရင်ငြိမ်းသည် သူ့အတွက် ခေါင်းခါတတ် မည့်မိန်းကလေး တစ်ယောက် မဟုတ်မှန်း သူသိနေတော့လည်း ပြီးဆုံးခဲ့ပြီး သော အချိန်များကို ပြန်နှမြောနေပြန်သည်။ တကယ်ဆို အဲဒီအချိန်တွေက ရင်ငြိမ်းအတွက်သာ သန့်စင်နေခဲ့ဖို့ ကောင်း သည်။ အော်....ဘာကြောင့်များ....

ဝန်တိုတတ်သည့် စိတ်သည် ရင်ငြိမ်းကို တန်ဖိုးထား သောကြောင့်ဟု သူ့ကိုယ်သူ သိသည်။ သို့ပေမယ့် အဲဒါက လည်း တရားမဝင်ပါလေ။ သူ၏ ဝန်တိုမှုကို ရင်ငြိမ်း လက်ခံ ပိုင်ခွင့် လိုက်နာပိုင်ခွင့် မရှိ။ တစ်ဖက်သတ်ဆန်လွန်းသော အဖြစ်ပါလေ။ တစ်ခုပဲ။

ရင်ငြိမ်းကလည်း သူ့ဝန်တိုမှုကို စူးစမ်းစွာ ခံယူလိုစိတ် ရှိနေလေမလား။ ဒါကမမျှော်လင့်နိုင်သော အခြားတစ်ဘက် ဖြစ်၏။

"အဖော်ဆိုတာ ဘာလဲ"

"အဖော်ဆိုတာ အမျိုးမျိုးရှိနိုင်တာပဲ ဖြိုးရဲ့။ ရင်ငြိမ်း တတ်သလောက် ဖြေရရင်တော့ အဖော်ဆိုတာ အဖော်ပဲ"

ရင်ငြိမ်းက သူမစကားကို ကိုယ်တိုင်သဘောကျစွာ ပြန် လည် ရယ်မောနေလေသည်။

အဖော်ဆိုတာ အဖော်ပဲတဲ့။

ဟုတ်တယ်လေ။ ဒါ့အပြင် ဘာများ ဖြစ် နိုင် ဦး မှာ လဲ....။

ရင်ငြိမ်းက သူ့ကို သူမ၏ အဖော်တစ်ယောက်ဟု ယုံကြည် မျှော်လင့်ထားဟန်တူသည်။ သူကိုယ်တိုင်က သူသည် ရင်ငြိမ်း ၏ အဖော်တစ်ယောက် မဖြစ်နိုင်ဟု ထင်နေပြန်၏။



ရင်ငြိမ်း၏အဖော်သည် သူမအတွက် သည်းခံစိတ်ရှည်မှု၊ ကြင်နာမှု၊ စောင့်ရှောက်ဖေးမမှု၊ တွဲခေါ်ယုယမှု၊ ဖြည့်ဆီး မှု အားလုံး ပြည့်စုံနိုင်မှုလေ။ တကယ်တော့ သူ့မှာ အဲသည် အရည်အချင်းတွေမှ မပြည့်စုံခဲ့ဘဲ။

"တစ်ယောက်တည်းဆိုတဲ့ ဘဝဟာ ပိုပြီးလွတ်လပ်တယ်။ ပျော်ဖို့ကောင်းပါတယ် ရင်ငြိမ်း။ ကိုယ့်ရဲ့ အနာဂါတ် ကိုယ်ပဲ ပိုင်ချင်တဲ့သူတွေဟာ တစ်ယောက်တည်း နေတာ ပိုပြီး သင့်တော်ပါတယ်။ အဖော်ဆိုတာက လိုအပ်တဲ့အချိန်မှာ သာ အသုံးဝင်တာပါ။ မလိုအပ်တဲ့အချိန်ကျတော့ ဥပေက္ခာ ပြုလိုက်ဖို့ ခက်သွားရော မဟုတ်လား"

ရင်ငြိမ်းက သူ့ကို စွေကြည့်သည်။

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမယ့် ဘဝနဲ့ပတ်သက် လာရင်ကော ဘယ်လိုလုပ်မလဲ။ ဘဝမှာ လက်တွဲဖို့ အဖော် ကျတော့ လိုအပ်တယ်၊ မလိုအပ်ဘူးဆိုတာမှ မရှိဘဲ။ နှလုံး သားရဲ့ ဆန္ဒနဲ့သာ သက်ဆိုင်တာ မဟုတ်လား"

ဟု သူ့အဆိုကို လက်မခံချင်သလို စောဒကတက်၏။

"ဟာ....ရှိတာပေါ့။ ကိုယ့်ရဲ့ အလိုကို မဖြည့်ပေးနိုင်တဲ့ အခါ ဒါမှမဟုတ် သိပ်ပြည့်စုံသွားတဲ့အခါ၊ ဒါမှမဟုတ် သစ္စာတရားကို ချိုးဖောက်လာတဲ့အခါ အဲဒီအဖော်ကို မလို ချင်တော့ဘူး။ မလိုအပ်တော့ဘူးလေ။ အဲဒီအခါမှာ ဘယ်လို ဥပေက္ခာပြုမလဲ"

"ကဲ...ဒါဆို တစ်ယောက်တည်းသမားတွေအတွက် ရှေ့ နေ တစ်ယောက်ရပြီ"

"မဟုတ်ဘူးလေ။ ဖြိုးက အကောင်းဘက် လှည့်တွေး ပေးတာပါ"

ဘီအီးဒီ ကန်င်တင်း ဘေး လမ်းမှ ဖြတ်လျက် ဆေး တက္ကသိုလ်စာသင်ဆောင်များဆီသို့ ဖြည်းဖြည်း လျှောက်နေ စဉ်....

''ရင်ငြိမ်းကလဲ တစ်ယောက်တည်းနေရတာကို သဘော ကျပါတယ်''

ရင်ငြိမ်း ပြောသည်။

''တကယ်လား''

''တကယ်ပါ။ သံယောဇဉ်ကို ရင်ငြိမ်း ကြောက်တယ်''

''သူ့ ဘာသာသူ တွယ်လာရင်''

ရင်ငြိမ်း ခေါင်းငုံ့သွားပြီး ခေါင်းခါလိုက်သည်။ တင်း ကျပ်မှုတို့ဖြင့် ရင်သည် ပြင်းစွာ တုန်မခါနေ၏။ ရင်ငြိမ်းထံမှ အဖြေစကားကိုမကြားချင်။ နာကျင်စေမည့် ဆူးတစ်ချောင်း ကို မြင်နေလျက်က နုတ်ပစ်ဖို့ လက်မရဲနိုင်ပြန်ပါ။ ခွင့်လွှတ် တော့ ရင်ငြိမ်းရယ်။

⁂

လိပ်ခုံး ပန်းချီပြပွဲကအပြန်မှာ ဘီအီးဒီ စားသောက်ဆိုင် တန်းအစွန်ရှိ ဗာဒံပင်ရိပ်အောက် ခုံကလေးတွေမှာ နှစ် ယောက်သား ထိုင်မိပြန်သည်။ သူက—

''ကော်ဖီခါးခါးနှစ်ခွက်''

ဟု မှာသည်။ ထုံးစံလိုဖြစ်နေသည့် သူနှင့် ရင်ငြိမ်းကြား မှာ ရှိတတ်သော သိနားလည်မှု တစ်ခုပင်။ လက်မှ ကိုင်လာ



သော သူမ၏ စာအုပ်နှစ်အုပ်ကို စားပွဲပေါ် ပြန်တင်လိုက် ပြီး ရင်ငြိမ်းက ပန်းချီခန်းမမှ ဝယ်လာသော ကဗျာစာအုပ် ကို စ,လှန်သည်။ ရင်ငြိမ်းက ကဗျာစာအုပ်မှာ စိတ်ဝင် စား ရှိနေသည့်အတွက် သူက ရင်ငြိမ်း မသိစေဘဲ ရင်ငြိမ်း မျက်နှာကို အချိန်အတော်ကြာ ငေးမောကြည့်ခွင့်ရလေသည်။

ကော်ဖီနှစ်ခွက် ရောက်လာသည့်အခါ သူက ရင်ငြိမ်းရှေ့ သို့ ကော်ဖီခွက်ကို ရွှေ့ပေးရင်း စားပွဲပေါ်တင်ထားသော ဘတ်ထူဖုံးနှင့် စာအုပ်ကို ဆွဲယူလိုက်လေသည်။ စာအုပ်ထဲမှ ရင်ငြိမ်း၏ ကဗျာဆန်ဆန် လက်ရေး ကလေး များ ကို သူ သဘောကျသည်။ နောက်ပြီး ရင်ငြိမ်းဟို့၏ သင်ခန်းစာ များထဲမှ မြန်မာကဗျာ လေ့လာချက်ကို သူ စိတ်ဝင်စား၏။ သူတို့ တစ်နေရာမှာ အတူ ဆိုင်မိတိုင်း ရင်ငြိမ်း၏ ကျောင်း စာအုပ်အချို့ကို သူ လှန်လှော ကြည့်တတ်သည်မှာ သိပ် ထူးဆန်းတော့။

သူက ကော်ဖီခွက်ကို ယာလက်ဖြင့်ကိုင်ရင်း ဘယ်လက်မှ စာအုပ်ကို လှန်သည်။ ကဗျာတစ်ပုဒ်ကို ဦးစွာ တွေ့၏။ တွေ့နေကျ ရတု၊ ဘောလယ် ပုံစံမျိုးမဟုတ်ဘဲ ရင်ငြိမ်း၏ လက်ရာကဗျာ ဖြစ်ဟန်တူသည်။ ခေါင်းစဉ်က....

ပန်းစကား

— ရွက်စိမ်းပင်ကြား၊ လျှောက်သွားတိုးဝှေ့
ပျော်မွေ့ငြိမ်းအေး၊ လေပြည်လေးရယ်....
— မင်းနဲ့အတူ၊ ယူဆောင်လို့သွား
စကားအလွမ်း၊ ပန်းပွင့်များစွာ
သူ့အား ပေးလိုက်ပါနော်....

— ကိုယ့်မှာတော့လေ....
သံယောဇဉ်ကြိုး၊ နှောင်မိုးတွယ်ငင်
ဖြတ်ချင်မရ၊ ဒီဘဝထဲ
မင်းကိုပဲ တမ်းတနေရပါတယ်.... လို့....

အောက်ဘက်ထောင့်မှာ ကဗျာရေးသည့် ရက်စွဲ အထ
အကျ တပ်ထားသည်။ နောက်ပြီး ရင်ငြိမ်း၏ လက်မှတ်
ကော်ဖီပန်းကန်ကိုပြန်ချပြီး ဒုတိယစာမျက်နှာကို လှန်သည်။

ကဗျာမဟုတ်သော စာတန်း သုံးလေးကြောင်း။

('မင်း', သိလား....
သိပ် သတိရတယ်။ ည နေ ချိန် လေးတွေကို ခုတော့
ကိုယ် ချစ်တတ်လာပြီလေ။
သံယောဇဉ်ဆိုတာ သိပ်ကြောက်စရာ ကောင်းမှန်း
ကိုယ် သိတယ်။
ဒါပေမယ့် ကိုယ် ဘယ်လို ရုန်းထွက်မလဲ။)

"ဟိတ်...."

စာအုပ်ကလေး ဖျတ်ခနဲ ပျောက်သွားသည်။ ရုတ်တရက်
မို့ မှင်တက်စွာ မော့ကြည့်လိုက်မိသည်။ နီရဲသော သွေး
ကြောများဖြင့် တင်းနေသော ရင်ငြိမ်း၏ ပါးပြင်။ ငွေရည်
တို့ဖြင့် တဖျပ်ဖျပ် စိုလက်နေသည့် ရင်ငြိမ်း၏ မျက်ဝန်းတွေ
လှုပ်ရှားဟန်ရှိသော်လည်း တင်းတင်း စေ ထားသော နှုတ်
ခမ်း။ ချက်ချင်း သူ မျက်နှာ လွှဲသော်လည်း ရင်ငြိမ်းသည်
အာရုံမှာ ထင်နေဆဲ။ လည်ချောင်းမှာ ပူစပ်ခြောက်သွေ့
လာသည်။ တစ်စုံတစ်ခု ပြောလိုက်ပါလား။



မဟုတ်ဘူး။ မပြောသင့်သေးဘူးထင်သည်။ (သံယောဇဉ်
ဆိုတာ သိပ်ကြောက်စရာကောင်းမှန်း ကိုယ် သိ တယ်)တဲ့။
သံယောဇဉ်။ ရင်ငြိမ်း၏ သံယောဇဉ်က ဘယ်သူ့ အတွက်တဲ့
... ဗာဒ ရွက်များ လှုပ်ခတ်သွားသံကိုပင် သူ ထိတ်လန့်နေ
သည်။ ရင်ငြိမ်းများ တစ်စုံတစ်ခု ပြောလိုက်လေမလား။
...းစွင့်ထားလျက်မှပင် သူသည် ရင်ငြိမ်း၏ စကားသံကို
...ကြားနိုင်ဟု ထင်နေပြန်၏။ ကော်ဖီပန်းကန်ထဲမှာ ညစ်
...သားထေးအခရောင်သည် သူ့ အာရုံထဲမှာ အရသာ ပို၍ ခါး
...က်သွားသည်၊ ရင်ငြိမ်း ဘာကြောင့် နှုတ်ဆိတ်နေသည်
...မသိ။ ကဗျာစာအုပ်ကိုပဲ ဆက်ဖတ်နေပြီလား။ အား
...င်းပြီး လည်တိုင်ကို လှည့်ပစ်ဖို့ ကြိုးစားသည်။ ရင်ငြိမ်း
...င့် သူ ဘယ်လို မျက်လုံးချင်း ဆုံမလဲ။ ကော်ဖီခွက်၏ ကိုင်း
...ါ်တင်ထားသော လက်ချောင်းကလေးများ မသိမသာ
...န်ယင်နေသည်။

"ဆောရီး ရင်ငြိမ်း"

မလုံလောက်မှန်း သိသည်။ စကားတစ်ခွန်းဖြင့် အကာ
...ကွယ်ယူလျက် သူ ရင်ငြိမ်း မျက်နှာကို ကြည့်၏။ ရင်ငြိမ်း
...က်ဘောင် တဖျပ်ဖျပ်ခတ်လျက် ကော်ဖီ ပန်းကန်ကို ငုံ့ကြ
...းနေသည်။

"အရင်လို ကျောင်းစာအုပ်မှတ်လို့"

ရင်ငြိမ်းက ငြိမ်သက်နေဆဲရှိ၏။ ချစ်သူ၏ အရှက်ကြီးစွာ
...ငြိမ်နေသော မျက်နှာသည် ပို၍ မြတ်နိုးဖွယ်ပင် ဖြစ်
...သည်။ အနာဂတ်၏ အချိန်များစွာ သူ့ ထံမှာ ကျန်နေသေး
...သည်ပဲ။ အဲဒါသည် ချစ်သူအတွက်ပဲ ဖြစ်စေရမည်။ ဖုံးဖိ
...ထားကြောရန် ကြိုးစားမရသော အတိတ်ကိုတော့ ရှိစေ။

ထပ်ဘူထပ်မှု ချစ်သူထံမှ တုံ့ပြန်ခြင်းသည် သူ တောင့်
သော၊ မျှော်လင့်သော ဆုပင်ဖြစ်၏။

"ချင်ငြိမ်း...."

ရင်ငြိမ်း မျက်တောင်တို့ ရွေ့လျားသွားသောအခါ
ရင်ခုန်လာသည်။

"ရုန်းထွက်မရလောက်အောင် သံယောဇဉ်တွေနဲ့ 'မင်း
ဆိုတာ ဘယ်သူလဲ ဟင်"

ရင်ငြိမ်း ဆတ်ခနဲ ခေါင်းမော့လာသည်။ ပြုတ်သားသော
မျက်ဝန်းတို့နှင့် ရင်ဆိုင်ဖို့ကို သူ ကြောက်ရွံ့နေသေး၏
ရင်ငြိမ်းထံမှာ သူ့အပေါ် ဩဇာလွှမ်းမိုးမှု တစ်စုံတစ်
ရှိသည်။ ရင်ငြိမ်း နှုတ်ခမ်းတို့ကိုပဲ သူ မဝံ့မရဲ စိုက်ကြည့်
လိုက်၏။

စက္ကန့်များစွာ ကြာမြင့်သွားသည့်တိုင် ရင်ငြိမ်းသည်
သူ့ကို မလှုပ်မယှက် စိုက်ကြည့်နေဆဲပင် ရှိ၏။ မေးခွန်း
ဒုတိယအကြိမ် ထပ်မမေးဖြစ်တော့။ ရင်ငြိမ်း၏ မျက်ဝန်း
ကိုသာ အဖြေတစ်ခု တွေ့လိုတွေ့ငြား ရင်ဆိုင်စူးစိုက်ကြ
မိတော့သည်။ ရီဝေဝေမျက်ဝန်း၏ သည့်ထက် ပိုနက်ရှိုင်
သော အပိုင်းမှာ နောက်ထပ် အဓိပ္ပာယ်များစွာ ရှိနိုင်သေ
သည်ဟု သူ သိသည်။ နားလည်ခြင်းသည် သူတို့နှစ်ဦးကြ
မှာ ထာဝရ တည်နေသော သစ္စာတရားပင် ဖြစ်သည်ဟု
သူ ယုံကြည်၏။ နှုတ်ဖျားမှ စကားကို ကြားရမှသာ သိ
စတမ်းလား။ သည့်ထက် လေးနက်မှုရှိသော နှလုံးသား
ရင်ခုန်သံစကားကို သူနှင့်အတူ ရင်ငြိမ်းလည်း နားလည်
တတ်မည် ထင်သည်။ ဒါဆို ရင်ငြိမ်း သူ့ကို ခွင့်လွှတ်မှာပ



"နှလုံးသားရှိတဲ့ လူတိုင်းမှာ တွယ်ငင်မှုတစ်ခုတော့ ရှိ
ာပဲ ရင်ငြိမ်း။ သံယောဇဉ်ဆိုတာ ကြောက်တတ်ပေမယ့်
ယ်လို ရှောင်လွှဲနိုင်မလဲ။ ဒါပေမယ့် ရင်ငြိမ်းရယ် စောင့်
ည်းထိန်းချုပ်ရမယ့် အရာတွေအတွက် သံယောဇဉ် တစ်စ
စ်စ တင်းလာမှန်း သိသိနဲ့ မသိဟန်ဆောင်နေရတယ်"

လေတိုးသံသည် သက်ပြင်း ရှိုက်သံနှင့်အတူ ညင်သာ
န်း၏။ ကြေကွဲမှု၏ တုန်ခတ်မှုလှိုင်းကြောင့် နှုတ်ခမ်းမှ
ွက်လာသော စကားသံတို့ပင် ပြောင်းလဲနေသည်။

"ကိုယ်ချစ်တဲ့သူကို ချစ်တယ်လို့ ပြောခွင့် ရချင်ပါတယ်"

သူမလည်တိုင် ခဏ ယိမ်းယိုင်သွားသည်။ နဖူးမှာ လက်
ချောင်းကလေးများထောက်လျက် ခေါင်းငုံ့နေသောအခါ
ချစ်သူ၏ စိတ်ညှိုးနွမ်းမှုအတွက် ကိုယ့်ကိုယ်ကို ခွင့်မလွှတ်နိုင်
သောက်အောင်ပင်။

တကယ်ပဲ....

'ချစ်တယ်' လို့တော့ ပြောခွင့်ရချင်သည်။ ဒါဟာ တုံ့
န်မှုနှင့်မဆိုင်။ အနာဂတ်ဘဝနှင့် မပတ်သက်။ သိစေလိုမှု
စ်ခုတည်းကြောင့်ပင် ဖြစ်သည်။ သို့ပေမယ့် စိတ်ကျေနပ်မှု
ည် ချစ်သူမှာ တစ်စုံတစ်ရာ ထိခိုက်နစ်နာသွားနိုင်မလား။
ရေးကြီးဆုံးက ချစ်သူ၏ ခံစားဘတ်သော စိတ်ပင်ဖြစ်
သသည်။ သည်စကားကြောင့်ချစ်သူစိတ်ပင်ပန်းလေမလား။
ာက်ပြီး မျှော်လင့်တကြီး ဖြစ်နေမလား။ ရင်ငြိမ်းက
တ်ခမ်းတို့ကို စေ့ ထားလျက်ပင်။

"ဖြိုး ပြောခွင့်ရှိမလားဟင်"

ရင်ငြိမ်း မျက်ဝန်းတို့ ပို၍ နီရဲလာသည်။ ဟန်ဆောင်
က်ဖို့ပင် ရင်ငြိမ်း မေ့လျော့နေပြီထင်၏။

"ရင်ငြိမ်းကို ချစ်တယ်"

ဟု မပြောခင်မှာ ပြောသင့်သည့် စကားကို အရင်ပြော
ဖြစ်မည်။ ဒါမှလည်း နောက်ထပ် သံယောဇဉ်တွေကို လျှေ
ပစ်လိုလျှင် လျှော့ပစ်ဖို့။ ဖြတ်တောက်လိုလျှင်လည်း ဖြ
တောက်ဖို့ ရင်ငြိမ်း အချိန်ရပေလိမ့်မည်။

"ခု ရင်ငြိမ်းကို ဖြူး ပြောပြမယ်။ ရင်ငြိမ်းရဲ့ သံယော
ဇဉ် အတိုင်းအဘာ အတိုးအလျှော့အတွက် ဖြူး ကျေနပ်ပြ
သွားပါ။ ဒါဟာ တို့နှစ်ယောက်လုံးအတွက် ရှေ့ဆက်မယ
ကာလတွေရဲ့ အဆုံးအ[illegible]တ်ပဲ"

ရင်ငြိမ်းအတွက် ကဗျာတစ်ပုဒ် ဖြစ်ချင်ဖြစ်မည်။ သို့ေ
မယ့် နာပျော်ဖွယ် မဟုတ်သည်ကတော့ သေချာ၏။ ရင်ငြိမ်
သည် အမှန်တရား၏ အတွင်းပိုင်း သန္ဓေကို ရှာဖွေနိုင်ပ
စေဟုသာ ဆုတောင်းရတော့မည်။

သို့ပေမယ့်....

ဆုတောင်းခြင်းကိုလည်း သူ မယုံပြန်။

*

# အပိုင်း (၂)

## ခရမ်းပြာ (၄)

သူ ကြီးပြင်းခဲ့ရသော ဝန်းကျင်သည် ရန်ကုန်မြို့တော်နှင့် ဆန့်ကျင်ဘက်ဖြစ်၏။ ကတ္တရာလမ်းနှင့်တူသည့် လမ်းကျယ်ကျယ်ပင်မရှိ။ မော်တော်ကား အင်ဂျင်စက်သံကိုမကြားရ။ ရုပ်ရှင်ရုံ၊ စားသောက်ဆိုင်၊ တေးသံသွင်းဆိုင်များကို ရွာက လူများသည် အိပ်မက်ထဲ၌ပင် မြင်ဖူးရန် ခဲယဉ်းလေသည်။

သူကိုယ်တိုင်လည်း ငွေဆို ဖုန် တ ထောင်း ထောင်း ထလျက်၊ မိုးဆို အိမ်နံဘေး ချောက်ကမ္ဘားအပြည့် ရေတက်လာတတ်သော သူ့ရွာကလေးမှခွာပြီး ဆူညံရှုပ်ထွေးသော ဩကာသ လောကတစ်ခုထဲသို့ ပြောင်းလဲ ရောက်ရှိလိမ့်မည်ဆိုတာ ဘယ်လိုမျှ မစဉ်းစားတတ်အောင် ရှိခဲ့သည်လေ။

သူ မွေးဖွားခဲ့သည့် ဇာတိမြေသည် မြန်မာပြည်အောက်ပိုင်းရှိ ရန်ကုန်မှ မီးရထားလမ်း၊ ရေလမ်း၊ နောက်ဆုံးလှည်းလမ်းတို့ဖြင့် အဘန်တန် အဆင့်ဆင့်သွားရသော ရွာကလေး တစ်ရွာဖြစ်၏။

ဝေးလံခေါင်ဖျားလျက် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော သူတို့ရွာမှ လူများသည် မြို့ကြီးများကို တော်ရုံဖြင့် မရောက်ဖူးကြ။ ပိုက်ဆံငွေကြေးတတ်နိုင်သော ပညာထူးချွန်သော သူများသာ အရေးအတွက် နည်းပါးစွာ ရွာကို စွန့်ခွာထွက်သွားနိုင်ကြသည်။

သူတို့မိသားစုမှာလည်း ယာ၊ ကိုင်း အလုပ်သမားများသာ ဖြစ်သည့်အတွက် အနီးအပါး ရွာနီးချုပ်စပ်လောက်အထိ ကျင်လည်နေနိုင်ကြ၏။ သို့သော်မယ့် ထိုကာလတွေမှာ သူ ပျော်ရွှင်နေခဲ့ပါသည်။

အဖေရယ်၊ အမေရယ် နောက်ပြီး သူ့အစ်မ လေးဦးသာ ရှိသည့် မိသားစုမှာ မိုးမှာ လယ်စိုက်၊ ဆောင်းမှာ မြေပဲ၊ ကြက်သွန်၊ ငရုတ်စိမ်းစိုက်။ သည်သို့နှင့်ပဲ လောကမှာ ဘာအတွက် လူဖြစ်လာရမှန်း မသိဘဲ တစ်နေ့ဝင် တစ်နေ့ထွက် အချိန်ကုန်ခဲ့ကြသည်။

"မကြည့် သားကတော့ တကယ့်ကို အမေတူပဲ"

ဟု သူ့ကို ဆွေမျိုးတွေက၊ နောက်ပြီး အမေ့ကို ရင်းရင်းနှီးနှီး မြင်ဖူးသူတို့က မှတ်ချက်ချသည်။ သူ့နှုတ်ခမ်း၊ မျက်နှာကျပုံ၊ နှာတံတို့သည် အမေနှင့် တစ်ထေရာတည်း တူသည်ပ



သူ ပြန်မှတ်မိနိုင်လောက်သော အရွယ်ကတည်းက သိခဲ့ရသော်လည်း အမေ့ရုပ်သွင်ကို သူ သေချာ ပြန်မမှတ်မိတော့ပါ။

သူ ငယ်ငယ်က အမေသည် သူ့ကို ချီပိုးရင်း၊ ဒါမှမဟုတ် သူ့လက်ကို ဆွဲရင်း ရိုးပြတ်တာရိုးတို့ကို ဖြတ်လျက် ဟိုးဖက်ရွာတွေဆီ အကြွေးတောင်း ထွက်တတ်တာကိုတော့ ခပ်ရေးရေး သတိရနေသည်။

"ငါ့သား နီတွတ်က ကြီးလာရင် ဉာဏ်ကောင်းမှာ။ နားရွက်လေးကို ကားနေတာပဲ။ နောက်ပြီး လက်ဆံခြေဆံတွေကလည်း သွယ်သွယ်နဲ့ နုနုလေးရယ်။ ကြီးရင် ချမ်းသာမှာ"

ဟု အမေ မကြာခဏ မှတ်ချက် ချဘူးကြောင်းလည်း သတိရသည်။ အမေသည် မမထက် ပိုပြီး သူ့ကို ချစ်လိမ့်မည်ဆိုတာ အငြင်းပွားစရာ မလိုပါ။ သဘာဝအတိုင်း အများအားဖြင့် မိခင်များသည် သားကို ပိုချစ်တတ်ကြသည်ပဲ။

မွေးစက ရဲရဲတွတ်တွတ်လေးမို့ သူ့ကို တစ်ရွာလုံးက နီတွတ်ဟု ခေါ်ကြသည်။ ရွာကလေးမှာ အထင်ကရ ဆေးဆရာကြီး၏ သမီးမို့ အမေ့ကို လူချစ်လူခင် ပေါများလှသလို သူ့ကိုလည်း အမေ့သားမို့ အားလုံးက ချစ်ခင်ကြပါသည်။

သူ့ဦးကြီးက သူ့ကို လည်ကုတ်မှာ ထမ်းလျက် ရွာထဲလျှောက်လျှင်များ ဟိုအိမ်ကခေါ် သည်အိမ်ကကျွေးဖြင့် သူ

အိမ်ပြန်ရောက်လျှင် ဘယ်တော့မှမျှား ထမင်းစားရသည်မရှိ[illegible] ထိုအခါ အမေက သူ့သား ထမင်းစားပျက်အောင် ဖျက်ဆီး[illegible] ရကောင်းလားဟု ဦးကြီးကို ကွယ်ရာမှာ အပြစ်တင်တော့ သည်။

"မမ နက်ဖြန် အလှူရှိတယ်တဲ့ဗျ။ အမေတို့ သွားကြ မှာ"

"အေး....ဒါဆို ငါတို့လည်း လိုက်သွားရမှာပေါ့"

"မလိုက်ချင်ပါဘူးဗျာ"

မမက သူ့ကို နှာခေါင်းရှုံ့ပြသည်။ သူက ငယ်ငယ် ကတည်းက ခပ်ကြီးကြီးကျယ်ကျယ် ကောင်လေး ဖြစ်၏။ လူစုစုရှိသောနေရာမှာ သူ မပျော်တတ်။ မမကတော့ အကြီး မို့ ထင်သည်။ အရွယ်ငယ်ငယ်ကတည်းက လူမှုရေးရာတတ်သိ နားလည်၏။

"နင် မလိုက်ချင်နေပေါ့။ ငါတော့ အမေနဲ့ လိုက်သွား မယ်။ နင် အိမ်မှာ တစ်ယောက်တည်းနေခဲ့"

အစ်မက အိမ်ရှေ့ ကပြင်မှာ ခြေချထိုင်ရင်း ပြော နေ သည်။

"ငါက အဖေနဲ့ လယ်ထဲလိုက်သွားမှာ"

"နင့်ကို အမေက လယ်ထဲ လိုက်ခိုင်းမှာ မဟုတ်ဘူး"

မမပြောတာ မှာတ်သည်။ အမေ သူ့ကို လယ်ထဲသို့ ဘယ် တုန်းကမှ မခေါ်။ သူ ငယ်ငယ်ကတည်းက လယ်ကွင်းများ ထဲမှာ နွားလှည်းနှင့်သာ ဖြတ်ဖူးသည်။ ထို့ကြောင့် [illegible]



လယ်ထဲသို့ လိုက်ချင်၏။ လယ်ထဲမှာ ဂဏန်းတွင်းတွေ ရှိသည်။ ဗျိုင်းငှက်ဖြူဖြူလေးတွေရှိသည်။

နောက်ပြီး သူချစ်သော ညိုပြာတို့ နွား တစ်ရှဉ်းက လယ်ထဲမှာ။

သူက အခန်းဖွဲ့ထားခြင်း မရှိသော ဟင်းလင်း အိမ် ကြမ်းပြင်မှာ မှောက်လျက် မမ၏ ကျောက်သင်ပုန်းပေါ်မှာ ကျောက်တံဖြင့် လျှောက်ခြစ်နေ၏။ ရွာထဲမှ အိမ်များမှာ များသောအားဖြင့် အခန်းနည်းပါးပြီး ပြင်ကျယ်များ ဖြစ် သည်။

သူတို့အိမ်သည် ဘေးဘက်နှင့် နောက်ဘက်မှာသာ ထရံ ကာထားပြီး ရှေ့ဘက်မှာ ခနိုမိုး အဖီချလျက် နှစ်တောင် လောက် ဝါးချောသာ ဟာရံထားရှိသည့် ခြေကျဲရှည်အိမ် ဖြစ်သည်။ တစ်အိမ်လုံးမှာ ပြတင်းပေါက် နှစ်ပေါက်သာ ရှိပြီး ကမ္ဘားဘက် ထရံရှိပြတင်းပေါက်ကို အလွန် သဘော ကျသည်။ ပြတင်းပေါက်မှာ ရပ်လျက်ကြည့်လျှင် ကမ္ဘား ဟိုဘက်ရှိ သောင်ပြင်ကျယ်ကို လှမ်းမြင်ရတတ်၏။

"အမေ နီတွတ်က အဖေနဲ့ လယ်ထဲလိုက်မလို့တဲ့"

မမက အိမ်ပေါ် တက်လာသော အမေ့ကို ဆီးတိုင် သည်။

"အို .. မလိုက်ရပါဘူး"

အမေက မာမာထန်ထန် တားသည်။ အမေသည် သူ လယ်ထဲလိုက်မယ်ပြောတိုင်း အဲလိုပဲ စိတ်ဆိုး မာန်ဆိုးပြော တတ်သည်။

''သားခြေထောက် ရွှံ့တွေ ပေကုန်မှာပေါ့''

''အမေကလဲဗျာ... ပေပါစေပေါ့။ အမေလဲ ပေတာပဲ''

သူက မျက်မှောင်ချီကာ ပြန်ပြောသည်။ သူသည် စိတ်တို လွယ်ပြီး အရွယ်နှင့်မလိုက်အောင်ပင် စကားကြီးစကားကျယ် ပြောတတ်သော ကလေးဖြစ်၏။

''ဟဲ့....အမေပေ ပေမယ့် ငါ့သား ကို မပေစေချင်လို့ ပေါ့။ နက်ဖြန် ရွာကျောင်းမှာ အလှူရှိတယ် သားရဲ့။ သား လိုက်ခဲ့လေ''

''မလိုက်ချင်ပါဘူးဗျာ''

''လိုက်ခဲ့ပါ သားရဲ့။ မောင်ရှင်လောင်းတွေ မြင်ရတာ ပေါ့။ မြင်းတွေနဲ့ လှည့်မှာတဲ့ သားရဲ့။ ငါ့သားကျရင် ဒီထက်ကောင်းအောင် အမေက ရှင်ပြုပေးမယ်။ မင်း သင်္ကန်း၊ သပိတ်နိုင်တဲ့ အရွယ်မှာပေါ့''

''အခုလည်း နိုင်ပါတယ်ဗျ''

သူ့စကားကြောင့် အမေက ရယ်လေသည်။ သူက အမေ့ ကို မော့မကြည့်ဘဲ ကျောက်သင်ပုန်းမှာ ကျောက်တံဖြင့် ခြစ်နေဆဲဖြစ်သည်။

''ငါ့သားကတော့ စကားအင်တတ်တာပဲဟေ့။ သိလား သမီး။ မောင်လေးကို ရှင်ပြုပေးရင် သမီးလည်း အလှူ ပါရအောင် အမေ မုန့်ဖိုးပေးမယ်။ စုထားနော်။ ဒါမှ နောင်ဘဝကျရင်လဲ တို့မိသားစုတွေ ပြန်ဆုံရမှာ''

အမေသည် သံယောဇဉ်ကို ခုဘဝတွင်မကဘဲ နောက်ဘဝ အထိခင်တွယ်ယူငင်သွားလိုသူဖြစ်၏။ သားသမီး သံယောဇဉ်



သည် အမွေကို ထာဝရ ရှင်သန်နေအောင် ပံ့ပိုးပေးထား သည်။

အမေသည် သည်ခိုင်မာသော သံယောဇဉ်ကြိုးများ၏ နှောင်ငင်ခြင်းကို ခံလျက် ကာလရှည်ကြာစွာ ကျေနပ် ပျော် မွေ့နေချင်သူ ဖြစ်သည်။

သြော်.... သည်မျှ ခင်တွယ်တတ်သူကိုမှ....

❋

သူ ခြောက်နှစ်အရွယ်မှာ အမေဆုံးသည်။ အမေ့ နောက် ဆုံးအချိန်ကို သူဂိဂိပြင်ပြင် မသိလိုက်ရပါ။ အမေ နာမကျန်း ဖြစ်သည်။

ဒါလောက်ပဲ သူနားလည်၏။ အမေ့အဖေ သူ့ အဘိုး သည် သည်ရပ်တစ် ခွင်မှာ နာမည်ကျော်သော ဆေးဆရာကြီး ဖြစ်သည်။ ဒါပေမယ့် ဘယ်သူသည် သေမင်းကို ယှဉ်ပြိုင် အံတုဝံ့ပါမည်လဲ။

အမေ နာမကျန်းစဉ်က အဘိုးလာကြည့်သည်။ အိမ်ရှေ့ ခန်းမိုး အဖီအောက် ဝါးကွပ်ပျစ်မှာ ကွမ်းသီးစိတ်ရင်း လူနာ လာမေးသူများနှင့် အဘိုး စကားပြောနေစဉ် သူက အဘိုးပေါင်ပေါ်မှာ အိပ်နေ၏။

အိပ်ပျော်သည် မဟုတ်ဘဲ အမေ့အတွက် စိတ်ပူခြင်း၊ စိုး ရိမ်ခြင်းတို့ဖြင့် တလူးလူး တလိမ့်လိမ့် ရှိနေချေသည်။

"မရတော့ဘူးဗျ။ ကျုပ်သမီးကို ကျုပ်ကုခွင့်မရှိဘူး။ သူ့ကို ဘုရားသိုက်က ခေါ်တာ။ မသွားမဖြစ် သွားရတော့မှာပဲ။ ဒီတော့ ကျုပ်လဲ လက်ပိုက်ကြည့်နေရုံပဲ။ သူ့ ရေစက်ရှိသလောက်ပေါ့ဗျာ"

လူနာမေးသူများကစုပ်သတ်ကြသည်။တချို့က ထိတ်လန့်ဟန်ရှိ၏။ အဘိုး ပြောသည့် စကားကို သူသည်း သေသေချာချာ နားမလည်။

သို့ပေမယ့် ကလေးဇီဇီ စိတ်ဝင်စားသည်။ ထိုစဉ်က ရွာ ကျောင်းမှာဘုရားတစ်ဆူ တည်ပြီးကာစ ဖြစ်၏။ ဥစ္စာစောင့် သိုက် ရှိသည်ဟုလည်း ပြောကြသည်။

"ဒါဆို ဘယ်လိုမှ မကယ်နိုင်တော့ဘူးပေါ့ ဟုတ်လား ဆရာကြီးရယ်"

"ဒါပေါ့ဗျာ။ ဘဝက အထုံပါခဲ့လေသကိုး"

ထိုစဉ်ကအမေ့မျက်နှာ ဘယ်လိုရှိမည် သူမတွေးတတ်ခဲ့။သို့ ပေမယ့် ပတ်ဝန်းကျင် တစ်ခုလုံး ဒူးထူးခြားခြား တိတ် ဆိတ်နေသည်။

အမေ့ အသက်ရှူသံသည် သူ့ အတွက် ချောက်ချားဖွယ် ကြေကွဲဖွယ်ဖြစ်ခဲ့၏။ အမေ သေဆုံးသွားသော်လည်း အမေ သည် သူ့ နံဘေးမှာ ရှိနေဆဲဟုသူ အမြဲထင်မနေခဲ့သည်။နောက် ပြီး အမေသည် သူ့ကို ဟိုတုန်းကလို ယုယစွာ ချစ်ခင် နေဆဲ ဖြစ်ကြောင်း သူယုံကြည်နေပြန်သည်။

ဟိုဘက်ရွာမှ သူ့ကိုချစ်သော ဦးကြီးသည် သူ့ ထံကို တစ်ပတ်တစ်ခါ အလည်လာလေ့ရှိ၏။



အမေမရှိသောအခါ အားလုံးက သူတို့မောင်နှမအပေါ် ဂရုဏာပိုလာကြသည်။ သူကတော့ အမေ့ကိုပဲ သတိရနေ၏။ အမေ့ကို ရှာမတွေ့လျှင် ရွာလယ်ကွင်းပြင်အစပ်ဆီသို့ သူတစ် ယောက်တည်းပြေးသွားသည်။

ရွာသချိုင်းသည် ကုန်းမို့မို့ပေါ်မှာ ရှိ၏။ အဲသည်မှာ အမေ့ကို တွေ့လိုတွေ့ငြား သို့မဟုတ် အမေ သေပြီဟု သူကိုယ် တိုင် ယုံကြည်လာနိုင်စေရန် အမေ့မြေပုံကို သူရှာသည်။ သစ် သားတိုင် အသစ်ကို အမှတ်သညာထားပြီး ဒါ အမေလှဲ လျောင်းရာ နေရာပဲဟု စိတ်မှန်းဖြင့် အမေ့ကို ပိုသတိရ၏။ ထိုအခါ မြေပုံနံဘေးမှာ ဆောင့်ကြောင့်ထိုင်ပြီး သူငိုတော့ သည်။

"အမေ.... အမေ.... ထ,လေဗျာ။ ကျွန်တော့်ကို ရှင်ပြု ပေးမယ်ဆိုဗျ။ ရွာထိပ်က မောင်ဦးတို့တောင် တစ်နေ့က ရှင်ပြုပြီးပြီဗျ။ အမေ ကျွန်တော်လဲ မြင်းနဲ့ ရှင်လောင်း လှည့်ချင်တယ်။ ကိုရင် ဝတ်ချင်တယ်။ မောင်ဦးက သူ့ အမေကို ဒကာမကြီးလို့ ခေါ်ရတယ်ဗျ။ ကျွန် တော်လဲ ဒကာမကြီးလို့ ခေါ်ချင်တယ် အမေ"

ကွင်းပြင်မှလေသည် စိမ်းကားပြင်းထန်နေတတ်ပြီး ထို င်သည့် နေရာတိုင်း ကြိမ်းရှ သွား ၏။ သူ့ နှုတ် ခမ်း တို့ ခြောက်သွေ့ကွဲအက်လာသည်ကိုလည်း သတိမထားမိ။

"အမေ ... ထ,ပါဗျ"

သူ့နှုတ်မှ သည့်စကားကိုပဲ တဖွဖွ ရေရွတ် နေ သည်။ သူ့နံဘေးမှာ ပတ်လည် ဝိုင်းနေသော မြေမို့မို့တို့ကို

အမှတ်သညာ မသားမိသလိုပင်။ သူ့မိခင် သည်နေရာမှ
ရှိသည်။ ဒါကိုပဲ သူ့အသိမှာ စွဲနေ၏။ အမေ ခွဲသွားသေ
အခါ သူတို့အိမ်မှာ သိသာစွာ လပ်ဟာနေခဲ့သည်။ မိခ
တစ်ယောက်၏ နေရာယူနိုင်မှုကို အဲသည် အချိန်မှာပင်
သားစုဝင်အားလုံး သဘောပေါက်လာရ၏။ အိမ်စီးပွာ
ရေး၊ မီးဖိုချောင်ကို စေ့ငှအောင် ကိုင်တွယ်နိုင်မှုအားထ
လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ အဖေသည် အမေ့နေရာကို တ
အားသာရှေ့ ဖြည့်စားယူပါသော်လည်း မရတိုင်း အမေ
ကိုသာ တမ်းတနေတော့သည်။ သူများတကာတွေ ရှင်ပြု
လုပ်တိုင်း သူ သည်နေရာသို့ ရောက်လာရစမြဲ ဖြစ်သည်။ သ
မှာ တိုင်တည်စရာ မိခင်တစ်ယောက်ပဲ ရှိသည်လေ။ သူပြေ
ချင်တာတွေပြောပြီး ပြန်မည်။ အမေ ကြား မကြား မသိ။

သချိုင်းတောင်ပူစာပေါ်မှာ နာရီအတော်ကြာ သူ ထိ
နေသည်။ သူ့ မျက်စိရှေ့မှာ လှည်းလမ်းကြောင်းရှိ၏၊ မျက်
တဆုံး လယ်ကွင်းတွေ။ လယ်ကွင်းတွေက စပါးရိတ်သိ
ပြီး ရိုးပြတ်ငုတ်တွေသာ ကျန်ရစ်၏။ ဟိုးဘက်မှာတော့ 
အပြောင်ရှင်းထားသော အကွက်မှာ ဝါးဖြင့် စင်ထိုးလျ
စပါးလှေ့နေကြသည်၊ စပါးတွေကလည်း ကောင်းသို
တာ။ သည်နှစ်မှ ရွာမှာ ရှင်ပြုပွဲတွေ များလွန်းသည်။
သည်တော့ သူလည်း သည်နေရာသို့ မကြာခဏ ရောက်ဖြစ်

''သားရေ… နီဟုတ်''

ခေါ်သံနှင့်အတူ ကုန်းမို့အစက်မှ အဖေ့ သဏ္ဌာ
ပေါ်လာသည်။ သူ့အဖေသည် ခါးကိုင်းကိုင်း လူပုံ



ညှက်ညှက်ဖြစ်ပြီး ကျောင်းဆရာတစ်ယောက်ပုံပေါက်နေ၏။
ကျယ်လက်တို၊ ချည်ပုဆိုးတိုတိုဖြင့် သူ့အဖေသည် ခြေ
လှမ်းကျဲကျဲလှမ်းလျက် သူ့ထံ ရောက်လာ၏။

''ရှာလိုက်ရတာ သားရယ်။ မင်း ဒီမှာ ဘာ လာလုပ်နေ
တာလဲ''

''အမေ့ကို လာရှာတာအဖေ''

အဖေ မျက်နှာပျက်သွားပြီး….

''မင်းအမေမှ မရှိတော့ဘာကွာ''

ဟု ရင်ခေါင်းသံဖြင့် ပြောသည်။ အမေနှင့်ပတ်သက်လျှင်
အဖေ ထိခိုက်ကြေကွဲလွယ်ကြောင်း သူသိ၏။

''မောင်ဦးတော့ ရှင်ပြုပြီးသွားပြီ အဖေ''

''အေး….မင်းလဲ နောင်နှစ် ရှင်ပြုရမှာပါကွာ''

''အဖေ''

အဖေက သူ့အနားမှာ မုဆိုးထိုင်ထိုင်ပြီး သူ့ခေါင်းက
လေးကို ပွတ်သပ်လျက် ပြန်ထူးသည်။

''ကျွန်တော် ဘယ်သူ့ကို ဒကာမကြီးလို့ ခေါ်ရမှာလဲ
ဆံချတော့ ကျွန်တော့် တဘက်ကို အဖေနဲ့ ဘယ်သူ ကိုင်
ပေးမှာလဲ ဟင်း….''

သူအော်ဟစ်ငိုချလိုက်ရင်း မျက်လုံးကို လက်ဖမိုးဖြင့် ခပ်
ကြမ်းကြမ်း ပွတ်ပစ်လိုက်သည်။မျက်လုံးအစုံတို့ စပ်ဖျဉ်းသွား
သည်။

''ဩော်-သားရယ်''

အမေက သူ့ဆံပင်တွေကို ဆုပ်ကိုင်ထားရင်း မချိတ
ညည်းသည်။ပြီးတော့....

"မကြည်ရေ...."

ဟု အမေ့နာမည်ကိုဘပြီး အဖေ ငိုတော့သည်။ အဖေ
မျက်ရည်ကိုမြင်မှ သူအငိုရပ်ပြီး ....

"ပြန်ကြပါစို့ အဖေ"

ဟု အဖေ့ကိုဘစ်လှည့် ပြန်ဆွဲခေါ်၏။

အမေသည် သူ့ဘဝထဲမှာ ပထမဆုံး တွယ်တာရသေ
မိန်းမဖြစ်သည်။ သံယောဇဉ် အကြီးဆုံးသော မိန်းမလည်း
သည်။ သို့ပေမယ့်အမေသည်သူ့အတွက်တာရှည်အသက်ရှင
မရခဲ့။

ထိုစဉ်က ကြေကွဲမှုသည်သူ့အတွက် နှိုင်းပြစရာမရှိလော
အောင်ပင်ကြီးမားခဲ့သည်။နောက်ထပ်ဘဝမှာကြုံတွေ့ရသ
အခက်အခဲ ဆုံးရှုံးမှုတို့သည် အမေ့ကို ဆုံးရှုံးရခြင်း လော
တန်ဖိုးကြီးမားလိမ့်မည်မထင်။

သို့ပေမယ့် ငယ်ရွယ်နုလွန်းသော အချိန်မို့ ပရိဒေဝသည်
ရင်ထဲမှာ အစဉ်အမြဲ ပူလောင် မနေတာတော့ သေချာ
သည်။

အစွဲအလမ်း အတန်ငယ် လျော့ပါးသေးသည့် အရွယ်
သူသည် အမေ့ကို ဒီအချိန်ကာလ တိုတိုအတွင်းမှာ မေ့ထား
ခဲ့သည်။

ကြေကွဲဝမ်းနည်းမှုတို့ လျော့ပါးနိုင်ခဲ့သည်။



ဒါပေမယ့် သောကတို့ စုပြုံလာတိုင်း အမေ့ကို တမ်းတ
သတိရတတ်သည့် စိတ်ကတော့ မပျောက်နိုင်။

*

ခုနစ်နှစ်ကျမှ ရွာကျောင်းကို သူ စတက်ရသည်။ ရွာ
ကျောင်းသည် ဘုန်းကြီးကျောင်းဝင်းထဲမှာပင်ရှိပြီး သူတို့
အိမ်နှင့် အတန်ပင် လှမ်းသည်။ သူတို့အိမ်က ရွာစပ် ချောင်း
နှင့် ကပ်လျက်ဖြစ်ပြီး သုန်းကြီးကျောင်းက ရွာအလယ်တွင်
ရှိ၏။ သူငယ်တန်းဝင် အဖေက ကျောင်းအပ်ပေးပြီး အိမ်
ပြန်သွားသည်။

မူလတန်းကျောင်းသား ဖြစ်လာသောအခါ ကျောင်းစာ
ကျက်မှတ်ရသည်ကလွဲပြီး ကျန်အချိန်များက ပုံမှန်အတိုင်းပင်
ဖြစ်၏။ မေက နှစ်တန်းရောက်နေပြီ။ မမလည်း သူ့လိုပင်
ခုနစ်နှစ်မှ ကျောင်းနေရပြီး သူ့ထက် လေးနှစ်ကြီးသော်
လည်း မမက သူ့လောက် ဉာဏ်ရည် မထက်မြက်ချေ။ သူ
ငယ်တန်းကြီး၊ သူငယ်တန်းကလေးဟု သူငယ်တန်း မှာပင်
နှစ် နှစ် နေရသောကြောင့် မမ နှစ်တန်းရောက်သော အခါ
အသက် ဆယ်နှစ်ရှိနေပြီ။ ဒုတိယတန်းမှာ တစ်ခါကျသည့်
အတွက် သူနှင့်အတူ ကျောင်းတက်ရသည့်နှစ်မှာ မမအသက်
ဆယ့်တစ်နှစ်။

နံနက်အစောကြီးထပြီး မမက ထမင်းအိုးတည်၊ ရေခ
သောည်ဖြင့် အိမ်အလုပ်များအားလုံး ပြီးစီးမှ သူ့ ကိုနိုးသည်
သနိုးသောအခါ ချောင်းထဲ ရေဆင်းချိုး၊ ထမင်းကြမ်းစာ
သို့မဟုတ် ထမင်းရည်သောက်ပြီးသည့်အခါ လွယ်အိတ်
လွယ်လျက် နှစ်ယောက်သား ကျောင်းသွားကြသည်။ အဲသ
အချိန်မှာ အဖေလည်း လယ်ထဲသို့ သွား၏။

ကုက္ကိုပင် အကြီးကြီးတွေစီတန်းနေသော ရွာလမ်း
ကို လမ်းလျှောက်သွားရင်း မမက သူ့ ကို စာပြန်မေးသည်
ကျောင်းတက်သည့်အခါ သူ ဘယ်တော့မှ မုန့်ဖိုးမရ။
ဝယ်စားရန် မုန့်သည်လည်း မရှိ။ သူတို့ရွာမှာ စားသော
ဖွယ်ရာ ရှားပါးသည်။ တစ်ခါတစ်ရံ ငါးနီးအပါးရွာမှ
သည်လာသောအခါ သူတို့ အလုအယက် ပူစာရ၏။ ပုံ
အတိုင်းဆိုလျှင် ကျောင်းလွှတ်ချိန် အိမ်ပြန်ရောက်မှ သူ
ထမင်းစားရသည်။

''မမ ဒီနေ့ ဟင်းကောင်းကောင်း ချက်စမ်းပါဟ
နေ့တိုင်း ကင်ပွန်းရွက်ချည်းပဲ။ ဗိုက်ထဲမှာ သံကောင်
များလာတော့မယ်''

ကြားဖူးနားဝစကားဖြင့် သူက ဟင်းမကောင်းငြ
ညည်းပြသည်။

''ဟဲ့ ....ပိုက်ဆံက ဘယ်လောက်ရှိလို့ ဟင်းကော
ကောင်း စားချင်ရတာလဲ။ စားချင်ရင် နင့်ဘကြီးအိမ်သ
စား''



''မမကလဲဟာ။ ဟင်းချက်ဖို့လောက်တော့ အဖေ့မှာ
ပါတယ်''

မမက သူ့ ငယ်ထိပ်ကို ခေါက်ခနဲ ခေါက်သည်။

''မရှိလို့ပေါ့ဟဲ့။ လယ်တစ်ကွက်ရောင်းလိုက်ရတာ နင်
လား''

''ဘယ်တုန်းကလဲ''

''အမေ သေတုန်းက ဘုန်းကြီး ဆွမ်းကျွေး တာလေ။
ောက်ပြီး ကြွေးရစရာရှိတဲ့ လူတွေကလည်း အမေမရှိတော့
ပေးတော့ဘူး။ အဖေက ဆွမ်းကျွေးတဲ့ပိုက်ဆံကို ဘကြီးတို့
က ချေးယူထားတာတဲ့။ မနှစ်က အထွက်မကောင်းတော့
မှ မဆပ်နိုင်ဘဲ။ အဲဒါနဲ့ ဘကြီးတို့ကို လယ်တစ်ကွက်
ရောင်းလိုက်တာ''

''ဟုတ်လို့လား''

အစ်မက သူ့ ကို မျက်စောင်းထိုးလျက်—

''သိပ် လျှာရှည်တဲ့ ကောင်လေး။ အဖေ့ကို သွားမမေး
း။ စိတ်မကောင်းဖြစ်နေလိမ့်မယ် ကြားလား''

ဟု ဟန့်သည်။

''အင်းပါ''

ဟု သူကလည်း လွယ်လွယ်ကူကူပင် ခေါင်းညိတ်သည်။
ပြန်ရောက်တော့ မမက ဟင်းအပြောင်းအလဲ ဖြစ်စေရန်
သွန်ကို ဟင်းချိုချက်သည်။ လယ်တစ်ကွက် ကိစ္စကို သူ
သွား၏။ ဘူးရွက်ဟင်းချိုနှင့် ထမင်းကို မြေပဲဆံနယ်ပြီး
ားပါးတရစားကာ မြေပဲဆီယစ်ပြီး သူ အိပ်ပျော်သွား

ဘော့သည်။ ထိုစဉ်က အိပ်မက်တွေထဲမှာ သူ ဆရာဝန်
ဖြစ်နေသည်။ ပညာရေးနှင့်ပတ်သက်ပြီး ငယ်စဉ်ကပင်
ရည်မှန်းချက် ကြီးကြီးထားခဲ့၏။ လက်ပံလှက အစ်ကို
ဖေသန်းတို့လို စိုက်ပျိုးရေးအရာရှိ သို့မဟုတ် ကျောင်းဆ
လည်း ဖြစ်ချင်သည်။ ဆရာဝန်ကြီးလည်း ဖြစ်ချင်သည်။
ဖြစ်ချင်သမျှကို စိတ်ကူးယဉ်နေရင်းပင် အိပ်မက်တွေမှာ
ပျော်မွေ့လာ၏။

ကျောင်းအားရက်တွေမှာ သူဌေးကုန်းမှာနေသော
ကြီးက သူ့ကို လာခေါ်သည်။ နေကျဲကျဲတောက်မှာ
ခမောက်ကိုဆောင်းပြီး လယ်ကန်သင်းရိုးများမှ ဖြတ်လ
ဟိုဘက်ရွာသို့ လျှောက်သွားရသည်ကို သူ အလွန်ပျော်သ
ရွာနှစ်ရွာသည် နှစ်မိုင်နီးပါးလောက်တော့ ဝေး၏။
ဆို ကိုင်းထဲမှာ ဖရဲသီးတွေ ပေါပြီး ဘောလုံးကျား
တွေလို မြေကြီးမှာကပ်နေသော ဖရဲသီးများကို မွေးကတ
က တနင့်တပိုး စားလာရသော်လည်း သူဘယ်တော့မှ
ငွေ့သွားသည် မရှိ။

"ဘ...အိမ်မှာ ဖရဲသီး ဆွတ်ထားလား"

"ရှိပါ့ကွာ ပူမနေစမ်းပါနဲ့"

ဘကြီးက လမ်းသွားရင်း ကွမ်းတံတွေး ဗျစ်ပျစ်
သည်။ မြေပက်ကြားအက်တွေပေါ်မှာ ခုံဖိနုပ်ဖြင့် အသံ
အောင် နင်းလျှောက်ရင်း ဘကြီး၏ ပုဆိုးစကို သူ ဆွဲ
၏။ ဝါးလုံးတွေကို စိတ်ဖြာပြီး ချောထားသော ဝါး
ကလေးများယက်လျက် ခြံစည်းရိုးလုပ်ထားသည့် ဘ



ခြံင်းထဲ ဝင်လိုက်တော့မှ တရှိန်ရှိန် ပူလာသည့် အပူက
က်သာသွားသည်။

"ဒီကောင်လေး ပါလာပြန်ပြီ"

ကြီးဒေါ်၏ အသံ မာကျောကျောကို မနှစ်မြို့လှသော်
း ဖရဲသီးမျက်နှာကြောင့် ကြိတ်မှိတ် သည်းခံရင်း အိမ်
ကုက္ကိုပြင်ရိပ်အောက် ဝါးခုံတန်းမှာ ထိုင်လိုက်သည်။
င်းပေါ်မှ ဝါးခမောက်ကို ချွတ်လိုက်၏။

"ခေါ်မလာပါနဲ့ ဆိုတာ"

"ဘာဖြစ်ရတာလဲ....ဟ"

"အို... ဒီကောင်လေးမျက်နှာကို စေ့စေ့ မကြည့်ချင်
"

"နင့်နှယ်ဟာ မဆီမဆိုင်"

ဦးကြီးက အိမ်ပေါ်မှဖရဲသီးတစ်လုံးကို ပိုက်ယူလာသည်။
ာင်းလိုက်မယ့်အမျိုး။ အခွံရောင်က ကျောက်သားတက်
သလိုပင် ... သည်။ ခုံတန်းအောက်မှာ ဆောင့်ကြောင့်
ပြီး ဦးကြီးက ဖရဲသီးကို တုတ်ဖြင့် ရိုက်ချလိုက်၏။

ဘုတ်....ခနဲ အသံနှင့်အတူ မညီမညာ ကွဲသွားသော ဖရဲ
အတွင်းပိုင်းမှာ နီရဲလျက် အရည်ရွှမ်းနေသည်။

"ကဲ... ကြိုက်သလောက် စားစမ်းကွာ"

"အို .. တော် ပြောပုံကြီးကလဲ"

ချိုလိုက်တာမှ ရှလို့။ လည်ချောင်းဆဲမှာတင် အေးစိမ့်
ား၏။

"အဲဒါတွေကြောင့် ခက်တာ။ ဒီမှာ ရှင်သိလား။ ကောင်လေးလာတာနဲ့ သူ့အမေက ကပ်လိုက်လာတာ။ ညစ်ပါတယ်"

ကြီးဒေါ်က မျက်လုံးပြူး မျက်ဆန်ပြူး ပြောပြီး အိမ် ပြေးဝင်သွား၏။ သူက ဖရဲသီးကိုကိုင်ရင်း ဟိုဟိုသည်သည် လှည့်ကြည့်သည်။ အနားမှာ ဦးကြီးမှလွဲပြီး ဘယ်သူမှ မရှိ

"စားဦးလေ စားစမ်းပါကွာ။ ဒါနဲ့ မင်း ကျောင်းစာ လိုက်နိုင်ရဲ့လား"

"ဟုတ်ကဲ့"

"အေး... စာကြိုးစား သိလား။ ဒါမှ မြို့ကျောင်းသွား ရမှာကွ"

"လက်ပံလှကာ ကိုကြီးဖေသန်းတို့လိုလား"

"အေးပေါ့ကွ။ မင်း ဘယ်လောက် ဂုဏ်ရှိသလဲ။ မင်း တယ်မို့လား။ သူ့ကို အားလုံးက ဆရာလေးခေါ်ရတာ"

"ကျွန်တော်က ဆရာဝန်ကြီး လုပ်မှာဗျ"

"ဒါပေါ့ကွ။ စာကြိုးစားရင် ဖြစ်မှာပေါ့"

"အဲဒီကျရင် ကြီးဒေါ်ဖင်ကို အပ်ကြီးနဲ့ ထိုးမှာ"

"ဟာ....ကောင်းကွာ"

ဦးကြီးက အားပါးတရ ရယ်သည်။

"အမေသာရှိရင် သိပ်ကောင်းမှာဗျာ။ ကျွန်တော် ကို မသေအောင် ဆေးကုပေးလိုက်မယ်"

"စားစမ်းပါကွာ"



ထိုစဉ်ကတည်းက သေသူကို ပြန်ရှင်အောင် မတတ်နိုင် နိုးဟော့ သူသိသည်။ သို့ပေမယ့် သူသာ ဆရာဝန်ဖြစ်လျှင် သူတော့ကို မသေအောင် ကုပေးနိုင်မည်ဟု မျှော်လင့်နေ၏။ ထို့ကြောင့် ဆရာဝန်ဖြစ်ချင်စိတ်သည် တစ်နေ့ထက်တစ်နေ့ ပြင်းထန်လာသည်။

အသက်အရွယ် ငယ်စဉ်မှာပဲ လောက အကြောင်းကို ထောင့်တစ်ထောင့်စာလောက်တော့ သူသိလာခဲ့ပြီ။ လောကဓံတရားသည် သူ့ကို မညှာမတာ သွားဖြဲ စိမ်ခေါ်နေသကဲ့သို့ ရှိ၏။ အမျိုးမျိုးသော ပတ်ဝန်းကျင်သည် ကျောင်းသင်ခန်းစာများထက် ရှုပ်ထွေးသော လောက အသိပညာများကြားမှာ သူ့ကို ပိုပြီး ရင့်ကျက် တည်ငြိမ်လာစေသည်။

ထို့ကြောင့်ပဲ သူ၏ ရီးသားသော မျက်လုံးများက အေးစက် မာကျောလာခဲ့ရတော့သည်။ သူ၏ ဖော့်ရွှေချိုမြသော နှုတ်ခမ်းများမှာလည်း မထိတရိ ဟန်ဆောင်ပြုံးများကို ဖန်တီးတတ်လာတော့သည်လေ။

သို့ပေမယ့် သူ့မှာ ပန်းတိုင်တစ်ခုတော့ ရှိနေသည်။

## ခရမ်းပြာ (၅)

ပြောင်းလဲမှုများသည် သူ့ဘဝမှာ အထူးအဆန်း မဟု
တော့။ သူ့အပေါ်မှာ အနည်းအကျဉ်း ထိခိုက်စေသည်
အများအပြား ထိခိုက်စေသည်သာ ကွာခြား၏။ ဒါကိုလည်
သူ ဘာမှ မတားဆီးနိုင်ပြန်ပါ။ သူ အသက် ကိုးနှစ်မပြ
ခင်မှာ အဖေသည် ရွာထဲက အရွယ်ငယ်ငယ် မိန်းကလေ
တစ်ယောက်နှင့် အိမ်ထောင်ပြုလိုက်၏။ အဖေ့နောက်မိန်း
ကို သူတို့မောင်နှမက ဒေါ်လေးဟု ခေါ်ရသည်။ အဲသ
တုန်းက ဒေါ်လေးအသက်သည် အလွန်ဆုံး ဆယ့်ခွန်၊ ဆ
ရှစ်မျှသာ ရှိမည်ထင်၏။

"တို့အဖေက ရွာထဲက အပျိုချောချောလေးကို ယူ
တယ်။ သိလား"



ဟု အစ်မက အရေးအရာမဟုတ်စွာ ဂုဏ်ယူနေပြန်၏။
ထိုစဉ်က သူ ပထမတန်း တက်နေပြီဖြစ်သည်။ ပထမတန်း
စာမေးပွဲ ဖြေအပြီးမှာ ဒေါ်လေးက သူ့အတွက် နောက်ထပ်
ညီမကလေးတစ်ယောက် မွေးပြန်သည်။

သို့ပေမယ့် အဖေ့မျက်နှာကို အမြင်အတွေ့ နည်းလာရ
၏။ အဖေကလဲ လယ်ထဲ ဆင်းလျှင်ဆင်း၊ မဆင်းလျှင် မြို့
ဘက်ကို စပါးအရောင်းအဝယ်အတွက်ဟု မကြာခဏ ထွက်
သွားတတ်သည်။ ပါးစပ်ပေါက် များလာသည့်အတွက် ဟိုး
အရင်က ဟင်းချက်ကောင်းသည်ဟု ထင်ထားသော အစ်မ
၏ ဟင်းလျာများ တဖြည်းဖြည်း အရသာမဲ့လာသည်။

လယ်ကထွက်သည့်စပါးသည် အရောင်းသွက်သည့် မီး
ဒုံးဆန်သာ ဖြစ်သည့်အတွက် ကျီမှာ ဝမ်းစာချန်ထားသော
ဆန်ကွဲတစ်ဝက် ထမင်းကိုပင် နေ့စဉ်ရက်ဆက် ကြုံနေရသည်။
တစ်ခါတစ်ရံ ငွေလိုသည့်အခါ ဝမ်းစာထဲမှ စပါးကို ထုတ်
ရောင်းပြီး ဟင်းစားဖြည့်ရ၏။ ထိုအချိန်အထိ မိသားစု၏
ငြိမ်းချမ်းရေး၊ သာယာရေးကို သူတို့အားလုံး တောင့်ခံ
ထားနိုင်ကြဆဲပင် ဖြစ်သည်။ လေးတန်းရောက်သောအခါ
အစ်မက ကျောင်းထွက်လိုက်သည်။

"နင် ဝမ်းမနည်းဘူးလား မမ"

"ဘာကိုလဲ"

မမက မီးပြောင်းကို တဖူးဖူးမှုတ်ပြီးမှ မျက်လုံးမှေးလျက်
သူ့ကို ပြန်လှည့်မေးသည်။

"ကျောင်းထွက်ရတာကိုလေ"

“နည်းပါဘူးဟယ်”

“ဒါဆို....နင် အိမ်မှာပဲ အလုပ်လုပ်ရတော့မှာ”

“ဒါများ ဆန်းသလား။ တစ်သက်လုံး လုပ်လာတာပဲ”

အစ်မ၏အပြောကြောင့် သူ့ခေါင်းကုတ်လိုက်မိသည်။ မ ကတော့ ပညာရေးကို သူ့လောက်လည်း လိုလိုလားလာ မရှိသည့်အတွက် သိပ်စိတ်ထိခိုက်လောက်စရာ ဟုတ်မ မထင်။

“နင့် ဘွဲ့ရမှ ကျောင်းဆရာမ လုပ်လို့ရမှာပေါ့ မမ ခုဆို နင်....”

“အို....ငါက အိမ်အလုပ် လုပ်ရမှာထက် စာကျက်ရ ပျင်းတာ”

“အဲ....”

“ငါ့ကိုသာပြီး ဆရာလုပ်မနေစမ်းပါနဲ့။ နင်သာ ကြိုးစားစမ်းပါ။ နင် လေးတန်းအောင်ရင် တွဲဖက်ကျော မှာ ကျောင်းတက်ရမယ် သိလား။ နင့်အတွက် စက်ဘီး စီး ဝယ်ပေးဖို့လဲ ငါ အဖေ့ကို ပြောမယ်။ နင်က စာ တာပဲ။ ဘွဲ့ရအောင် ကြိုးစားစမ်းပါဟယ်။ ဒါမှ ငါ တွေ သူဌေးဖြစ်မှာဟဲ့”

စက်ဘီးဆိုသည့် အသံကြားတော့ သူပျော်သွားသ ခုလောလောဆယ်မှာသူများအိမ်က စက်ဘီးတွေ ကပ်စီး တာ။ ကျောင်းကို စက်ဘီး မလို၍သာ တော်တော့သ တွဲဖက်ကျောင်းဆိုလျှင်တော့ ဟိုဘက်ရွာအထိတောင်



တက်ရမှာ။ စက်ဘီးမပါဘဲ ချောင်းကိုဖြတ်လျက် သုံးမိုင် ခရီးကို လမ်းလျှောက်ရမည်ဆိုလျှင် သူ့အတွက် ဘယ်လိုမှ အဆင်မပြေနိုင်။

“မမ တကယ်ပြောပေးမှာလား”

“တကယ်ပေါ့ဟဲ့”

“ဒါပေမယ့် ဒီနှစ် စပါးဈေး ပဲဈေး အထွက်ကောင်းမှ ဖြစ်မှာပါဟာ”

“ကောင်းမှာပေါ့ဟ နင်ကလဲ။ ဒီနှစ် မနှစ်ကလောက် မိုးအရမ်းမများလှဘူး၊ အနေတော်ပဲ။ နင်သာ လေးတန်းကို နှစ်ချင်းပေါက် အောင်အောင် ကြိုးစား”

“အံမယ် .. ဘာဖြစ်လို့ မအောင်ရမှာလဲ”

သူက သူ့ကိုယ်သူ ယုံကြည်စိတ်ချစွာ ပြုံးသည်။ ကြိုးစားမှုနှင့် ပတ်သက်ပြီး သူ့ကိုယ်သူ တစ်ကြိမ်တစ်ခါမှ သံသယ မဖြစ်မိ။ ကံကြမ္မာကိုတော့ သူ ဘာမျှ မတတ်နိုင်ပါလေ။

“ကျွန်တော် အမေ့ကို သတိရတယ် မမရာ။ အမေရှိရင် ကျွန်တော်တို့ ဒီလောက် ဆင်းရဲမှာ မဟုတ်ဘူး။ ကျွန်တော် စာတော်တာကို အမေသိရင် သိပ် ဝမ်းသာမှာ”

“အေးပေါ့ဟယ်။ အမေက ငါတို့နဲ့ အတူနေဖို့ ကံမပါဘူး။ အဘိုးကပြောတော့ အမေ ကောင်းရာမွန်ရာ ရောက်တယ်လို့ ပြောတာပဲ။ အမေသာ ရှိရင် အဖေလဲ ဒေါ်လေးကို ယူမှာ မဟုတ်ဘူး။ ငါတို့ မိသားစု လေးယောက်တည်း သိပ်ပျော်စရာကောင်းမှာ”

ပြောရင်း အစ်မက အင်္ကျီလက်ဖြင့် မျက်ရည်ကိုသုတ်သည်
နှာရည်ကို ညှစ်သည်။ မမသည် အမေရှိစဉ်ကလည်း သာ
ငယ်ကို ပိုချစ်ရကောင်းလားဟု ဘယ်တုန်းကမှ ဝန်တို
မဖြစ်။ အမေ မရှိပြန်တော့လည်း အမေ့ကိုယ်စား သူ့ကို
ဂဏ်စွမ်းသ၍ ယုယကြင်နာသည်။ ထို့ကြောင့် သူ့အတွက်
နာကျင်မှုသည် ပြောပလောက်အောင် မများလှဘဲ ခံသာ
သည်။

ဒေါ်လေးကို ချစ်၍မနေခြင်းမှာတော့ မမရော သူပါ နှ
ယောက်စလုံး စိတ်တူသည်။ ဒေါ်လေးက ရွာမှာဆိုလျှင်
တော့ အတော်လှသည်။ ငယ်လည်းငယ်သည်။ နောက်ပြီး
သူတို့အပေါ်မှာလဲ အလိုက်အထိုက် သိုက်သျှောပါသည်။ သို့
ပေမယ့် သူရော မမပါ ဒေါ်လေးကို မခုံစ်ကြ။ ဒေါ်လေး
မွေးသော ပုစူးကိုလည်း ညီမငယ်ဟူသော အသိဖြင့်သာ
ထိန်းကျောင်းပေးသော်လည်း မမကိုချစ်သလို ချစ်၍မရသ
တာဝန် ဝတ္တရားကျေရုံလောက်ပင် ဖြစ်သည်။

"ဒီမှာ မမ။ ကျွန်တော် ဆရာဝန်ဖြစ်လို့ ချမ်းသာရင်
မမကို ခေါ်ထားမယ်။ မမ ယောက်ျားမယူနဲ့"

"အဖေကရော"

မမက မိန်းမသားပီပီ အဖေ့ကို သံယောဇဉ်တင်းစွာ
မေး၏။

"အဖေကတော့ ဒေါ်လေးနဲ့ သူ့သမီးတွေကို ခွဲနိုင်မယ်
မထင်ပါဘူး။ အဲတော့ ပိုက်ဆံနဲ့ပဲ ကန်တော့မှာပေါ့။ မဟုတ်
ဘူးလား"



"အေးပါ။ နင် အခုပဲ အရင်ကြိုးစားစမ်းပါဦး"

သူက အနာဂတ်ကို စိတ်ကူးယဉ်ကာ တည်နေတတ်သည့်
အကျင့်ရှိသည်။ နောက်ပြီး ဖြစ်လာမည့်ကမ္ဘာအတွက် ပေး
ဆပ်ရမည့် အရာဟူသမျှကို အင်ကုန်အားကုန် သူ့ဘက်က
ကြိုးစားပေးဆပ်ရန်လည်း စိတ်ဆုံးဖြတ်ထားပြီး ဖြစ်သည်။
သူလျှောက်ရမည့်လမ်းသည် သူထင်သလောက် ဖြောင့်ဖြူး
ချင်မှ ဖြောင့်ဖြူးမည်။ သို့ပေမယ့် အရောက်သွားဖို့ သံမဏိဒွာန်
ခိုင်ခိုင်ချရင်း အခြေပြုထားသည့် အုတ်မြစ်ကို တင်းတင့်း
မာမာဖြစ်ဖို့ ခုကတည်းက အင်အားရှိသ၍ ဖြည့်ဆည်းထား
ရန်လည်း သူစဉ်းစားထားပြီး ဖြစ်သည်။

"ဘယ်လိုပဲဖြစ်ဖြစ် နင့်ကို ဘွဲ့တစ်ခုရဖို့တော့ ငါကြိုး
စားမှာပဲ။ အဖေ မထောက်ပံ့နိုင်ရင်တောင် နင့် ကျောင်း
စရိတ်ကို ငါရှာမယ်။ နီတွတ်... နင့်ကို အမေက လယ်သမား၊
ကိုင်းသမား ဖြစ်စေချင်တာ မဟုတ်ဘူး"

မမကို သည်တစ်ခါ သူငေးမောသွားရသည်။ မမ၏
စကားမှာ အားမာန်ပါ၏။ သူ့ကို မျှော်လင့်ချက်တို့ဖြင့်
တဖျတ်ဖျတ် နိုးထစေခဲ့သည်။ အားသစ်တို့ ပို၍ တက်ကြွစေခဲ့
သည်။ မမ၏ စေတနာ၊ အကြင်နာ၊ သက်ညှာတတ်သော
ကရုဏာတရားတို့ဖြင့် သူ့ရင်ကို လန်းဆန်းစေခဲ့သည်။

ကျယ်ပြောလှသော လောက၏ လှည့်စားခြင်း တို့ကို
သေချာ မကြုံရသေးခင် နုနယ်သန့်ရှင်းသော နှလုံးသား
တို့သည် အားပေးစကားတစ်ခွန်းကိုပင် လေးနက်စွာ ကျေး
ဇူး တရားအဖြစ် မှတ်သားထားခဲ့ကြသည်ပဲ။ မမသည် သူ့

ဘဝအတွက် ထောက်ကူ ပံ့ပိုး ပေးသော ဝါးတစ်လုံး ဖြစ်
သည်။ ထို့ကြောင့် ဘယ်ဘဝမှာပဲဖြစ်ဖြစ် သူသည် မမကို
အမြဲ သတိတရ ရှိခဲ့၏။

✲

ဒေါ်လေးက သူတို့အတွက် ဒုတိယညီမလေးကို မွေးဖွား
ပြီးချိန်မှာ သူလေးတန်းအောင်သည်။ သူ့ကို ချင်းကုန်းက
တွဲဖက် အထက်တန်းကျောင်းကို ပို့ရန်အတွက် အဖေ့ကို
ပြောမည်ဟု စိတ်ကူးဖြစ်ချိန်မှာတော့ သူတို့မိသားစု၏ စီးပွား
ရေးက အတော့်ကို ချွတ်ချုံကျခဲ့ပြီ။ အမွေ့အမွေအဖြစ် ကြွင်း
ကျန်သော လယ်တစ်ကွက်ကလည်း ငိုက်သလောက် အကျိုး
မဖြစ်ဘဲ ငွေထွက်ပေါက် ပိုများနေသည့်အတွက် အရာမထင်
လှပါ။ ကြိုတင်ချေးထားသော ငွေများကို စပါးပေါ်ချိန်
မှာ ပြန်ဆပ်လိုက်ရသည့်အတွက် နောက် တစ် နှစ် လုံး လုံ
လောက်သော ငွေကြေးပမာဏ မရှိ။ ဆောင်းသီးနှံဖြစ်သော
ပဲ၊ ငရုတ်၊ ကြက်သွန်တို့က အကျိုးဖြစ်လာ၍သာ တော်တော့
သည်။

အဲတော့ သူ့ပညာရေးအတွက် ရှေ့ဆက်ရမည့်အရေးကို
အဖေ့ကိုပြောရန် နှောင့်နှေးခဲ့ရသည်။ အဖေကလည်း အ
နှင့် ကျင်းနှင့် ကြီးမားလာသော မိသားစုကြီး၏ ဝမ်းရေး



ကို စိတ်မောပန်းစွာ ဖြေရှင်းနေရသည့်အတွက် သူ စာမေး
ပွဲ အောင်သည်ကိုပင် ဝမ်းမသာအားခဲ့။

ကျောင်းပိတ်ရက်များမှာ သူ့အဖော်က အိမ်တစ်ဖက်
ချောက်ကမ်းပါးမှ ဆင်းသွားလျှင် ရောက်နိုင်သော သောင်
ပြင်သာ ဖြစ်တော့သည်။

မိုးကုန်ပြီး ချောင်းရေနည်းသွားသည့်အခါ သူတို့အိမ်
ဟိုးဘက်မှာ သဲသောင်ပြင် ပေါ်လာသည်။ နွေအခါ ရောက်
သည်နှင့်အမျှ ပို၍ကျယ်ပြန့်လာသော သဲသောင်မြေနု၏ ဟို
ဘက်မှာ ကိုင်းတောတွေ တစ်မျှော်တစ်ခေါ် ရှိ၏။ ထိုကိုင်း
များမှာ ပဲ၊ ငရုတ်၊ ကြက်သွန်တို့ စိုက်သည်။ မိုးအခါမှာ
သူ မြင်ရတတ်သော ရေစီးနှင့် မျောပါတတ်သည့် ဗေဒါတို့
သည် ခုလို ရေနည်းသည့်အခါမှာ အရိပ်အယောင် မမြင်ရ
အောင် ပျောက်သွားပြန်သည်။ ဗေဒါတို့၏ ခရီးက ပြီးလု
နီးပြီလား မသိ။ ခုလောက်ဆို သူတို့ ပင်လယ်ဝပင် ရောက်
နေလောက်တော့မည်။

"အမေ .. ကျွန်တော်တို့ ကျောင်းမဟက်ရတော့ဘူး ထင်
ပါရဲ့ဗျာ"

သူ တမ်းတတတ်သည်ကတော့ အမေ့ကိုပဲ ဖြစ်သည်။
ငယ်စဉ်ကလို အမေ့မြေပုံရှိရာ သုသာန်သို့ မကြာခဏ
ရောက်မသွားတော့သော်လည်း သူတစ်ယောက်တည်း ငိုင်
တွေနေမိတိုင်း အမေ့ကိုသာ တမ်းတမိတတ်သည်။ သူက
စိတ်ဓာတ်နှင့် ခံစားချက် ပြင်းထန်သူတစ်ယောက် ဖြစ်၏။ သို့

ပေမယ့် အလှယ်တကူ ခံစားတတ်သည့်အတွက်ကြောင့် ပျော့ညံ့တတ်သူသည်း တစ်ပြိုင်တည်း ဖြစ်နေပြန်သည်။

သူ့အတွက် ကြာရှည်စွာ ငေးငိုင်တွေဝေနေဖို့ အချိန်မရပါ။ ငါးတန်းရောက်လျှင် ဟိုဘက်ရွာ တွဲဖက်ကျောင်းကို သွားတက်နိုင်ရန်အတွက် သူ့လုပ်အားနှင့် ကျောင်းစရိတ်စုရတော့သည်။ အလုပ်လုပ်ချန်အတွက် အဖေ့ကိုပြောဖို့ သိပ်ခက်ခဲမည်မဟုတ်ကြောင်း သူ သိသည်။ ညရောက်သောအခါ ဘယ်တော့မှ ဖယောင်းတိုင်၊ မီးအိမ် မထွန်းဘဲ စောစောအိပ်ရာဝင်ကြစမြဲမို့ အဖေ၊ ဒေါ်လေးနှင့် ကလေးများ အိပ်နေသည့်အချိန်မှာ မမကို ခနိမိုးအောက် ကွပ်ပျစ်မှာထိုင်စေပြီး အလုပ်လုပ်ရန် စကားစသည်။

"မမ....ကျွန်တော့်ကို ကိုသံချောင်းတို့က သူတို့ဆီမှာ ဆေးတက်ဖဲ့ ဖို့ပြောနေတယ်။အဲဒါ ကျွန်တော်လုပ်ချင်တယ်။ အဖေ့ကို ပြောပေးဗျာ"

"အို....ဘာလုပ်ဖို့ လုပ်ရမှာတုန်း"

"ကျွန်တော် ကျောင်းတက်ဖို့လေ"

"မလုပ်ရပါဘူး။ အဖေကလဲ လုပ်ခိုင်းမှာ မဟုတ်ဘူး"

သူ စိတ်ပျက်လက်ပျက် မမကို ကြည့်လိုက်သည်။ လျှပ်စစ်မီးရောင်ကင်းမဲ့နေသော ကျေးလက်၏ညမှောင်မှာ လရောင်အလင်းပျပျကြောင့်သာ မမမျက်နှာကို ခပ်မှုန်းမှုန်း မြင်ရသည်။ ယုဇနပင်၏ အရွက်တို့သည် လေတိုက်တိုင်း ယိုင်နွဲ့လှုပ်ခတ်နေ၏။ အုန်းဆီ နာနာ ဖိသိပ်တတ်သည့်အတွက် နက်မှောင်နေတတ်သည့် မမ ဆံပင်တို့သည် ခု ချိန် မှာ သွေ့



ခြောက် ရှုပ်ပွနေသော်လည်း သန့်စွမ်းနေဆဲပင် ဖြစ်သည်။ အဖေ့မျက်နှာကျလို အနည်းငယ်ရှည်လျား၍ ထောင့်ကျသော အစ်မမျက်နှာမှာ ဝေခွဲမရတတ်သော အရိပ်တို့ဖြင့် မှိုင်းနေ၏။ ရှုံသားအင်္ကျီ၏ ချုပ်ရိုးစများ စုတ်ပြဲနေပြီး အရောင်အဆင်းမဲ့သောလုံချည်သည် အစ်မ၏ညဝတ်တန်ဆာဖြစ်သည်။ မျှော်လင့်ချက်တို့ အရောင်ဖျော့ ပျောက်ကွယ်တော့မတတ် ဖြူရော်နေသော အစ်မ၏ မျက်ဝန်းတို့မှာ အနာဂါတ်ကို သူ ရှာမတွေ့။

"မမ....ကျွန်တော် ဒီအလုပ်မှ မလုပ်ရင် ဘာနဲ့ ကျောင်းတက်မလဲ။ ကျောင်းလခက တစ်နှစ်ကို သုံးဆယ်တောင် ပေးရမှာ"

"ငါ သိပါတယ်။ အဖေ ရှာပေးမှာပေါ့"

"မမကလဲဗျာ...အဖေက စားဖို့တောင် အနိုင်နိုင် ရှာနေရတာ အစ်မလဲ သိရက်သားနဲ့။ ကျွန်တော့် ကျောင်းစရိတ်ကို ဘယ်ရှာနိုင်မှာလဲဗျ"

"နင် ပင်ပန်းမှာပေါ့ နီတွတ်ရယ်။ နေပူထဲမှာ ဆေးတက်ခူးရမယ်ဆိုတော့ စဉ်းစားကြည့်စမ်း နင် ခံနိုင်ပါ့မလား။ လူကြီးတွေတောင် မလွှဲသာ မရှောင်သာလို့ လုပ်ရတဲ့အလုပ်"

အစ်မက ထောင်ထားသော ဒူးတစ်ဖက်ပေါ်မှာ လက်ယှက် မေးတင်လျက် စိတ်လျှော့ရဲစွာ ထိုင်နေသည်။ သူက မမကို မျက်မှောင်ကြုတ်လျက် ကြည့်လိုက်၏။

“ယောက်ျားပဲဗျ ဘာလို့ မလုပ်နိုင်ရမှာလဲ။ ကျွန်တော် ကျောင်းတက်ချင်တယ်။ အဲဒီအတွက် အလုပ်လုပ်ရမယ် ဒါ ဘာဆန်းသလဲဗျာ။ ကိုယ့်ပညာရေးအတွက် ကိုယ်ရှာရ တာပဲ။ ဘာမှလဲ မလုပ်ဘဲ ကျောင်းလည်း မတက်ရဘဲ အဖေရှာတာ ထိုင်စားနေရရင်တော့ ကျွန်တော် စိတ်ည တာနဲ့ ယေမှာပဲ မမ”

မမက သက်ပြင်းကို ဆောင့်အောင့်ချသည်။

“အေး နင် သိပ်လုပ်ချင်ရင်တော့ အဖေ့ကို ငါ ပြော ပေးမယ်၊ နေမကောင်းဖြစ်ရင်တော့ နင့်ဘာသာ နင်ခံ ငါ ဘာမှ လုပ်မပေးဘူး”

“အင်းပါ”

မမက ခြေဆောင့်လျက် အိမ်ပေါ်တက်သွား၏။ တစ်ယောက်တည်းသာအိပ်မပျော်နိုင်ဘဲ အတွေးပေါင်းစုံဖြ ကွပ်ပျစ်ပေါ်မှာ ပက်လက်လှဲရင်း ကျန်ခဲ့သည်။

ငါကယ် အလုပ်လုပ်ရမည် ဆိုတော့လည်း အဖေ့ကို သ ရပြန်၏။ အမေသာရှိလျှင် သူ နောင်နှစ် ငါးတန်းကို စိ အေးချမ်းသာစွာ တက်ရလိမ့်မည်။ အုန်းပင်အလက်တို့ လေတိုးသံကို ကြားရသည်။ တစ်ချက်တစ်ချက် ရွာထိပ် သံရှည်ဆွဲ၍ အူသိုက်သော ခွေးအူသံကို ကြားရ၏။

ကုက္ကိုပင်ကြီး၏ အလက်များသည် လရောင် အ ထိုးလျက် တစ္ဆေတို့ ယိမ်းကနေသလိုပင် ခပ်ဖြည်းဖြည် လှုပ်ခါနေသည်။



ကံကြမ္မာကို မမြင်နိုင်။ သို့ပေမယ့် မျှော်လင့်ချက်ဖြင့် ကြိုးစားမှုတော့ရှိမည်။ နောက်ပြီး လိုချင်ရောက်ချင်သော ပန်းတိုင်လည်း ရှိရမည်၊ ခရမ်းပြာ ပန်းကလေး၏ ခရီးဆုံး ပန်းတိုင်။

*

အဖေ့ ခွင့်ပြုချက်ဖြင့် ဆေးတက်ဖဲ့သောအလုပ်ကို သူ လုပ်ရသည်။ နွေ နေပူရှိန်အောက်မှာ ဆေးရွက်ကြီးပင်တို့၏ အညွန့်ကိုချိုးဖဲ့ ဆိတ်ပစ်ရသည်။ တစ်နေ့ကိုပြီးနိုင်သည့်နှုန်းကို လိုက်၍ ငါးမူး၊ တစ်ကျပ် ရ၏။ ပုဆိုးဟောင်းတစ်ထည်ကို ခေါင်းပေါ်အုပ်၍ မေးစေ့ပေါ်မှာ ကွင်းစနှစ်စကို ချည် ထားလိုက်သည့်အခါ ခေါင်းရောကျောပါ နေပူခံနိုင်လေ သည်။

သို့ပေမယ့် မြေပတ်ကြားအက်ဒပေါ်မှ စုံရပ်ထားရသော ခြေထောက်နှင့်နဂိုဓာတ်ခံက ပြင်းသော ပူသောဆေးရွက်ကြီး ၏အတက်ကို ဖဲ့ရသည့် လက်များကတော့ လုံးဝ မသက်သာ ပါ။ နှစ်ရက် သုံးရက်နှင့်ပင် လက်များ ပေါက်ပြဲ ကုန် တော့၏။

မမကိုတော့ မပြရဲ။ သူ့ဒဏ်ရာကို သူ့ဘာသာ နနွင်း မှုန့် သိပ်၊ သနပ်ခါး သွေးလိမ်း စသော ကြားဖူးနားဝ ဆေးမြီးတိုများဖြင့် ကုသနေရ၏။

အဲ့သည်နှစ်မှာပဲ အမေ့အဖေ အဘိုးလည်း ဆုံးသွား သည်။ ရှိသမျှနှင့် နာရေးကို ဝိုင်းဝန်းလိုက်ရပြန်သည်။ ကျောင်းဖွင့်ရက်က တဖြည်းဖြည်းနီးလာပြီ။ ကျောင်းလခ ပေးဖို့ ငွေမှ လောက်ပါ့မလား။ ကျောင်းဝတ်စုံအသစ်မှ ထပ်ဝယ်နိုင်ပါ့မလားဟု သူ စိတ်ပူနေသည်။

ဧပြီလ နေပူရှိန်ကို ဂရုတိမမူနိုင်ဘဲ တစ်ကိုယ်လုံး နေပူ ထဲမှာ စိမ်ကာ အလုပ်ကို ကြိုးစားလုပ်သည်။ မျက်စိထဲမှာ ကျောင်းစာအုပ် အသစ်ကလေးများကိုသာ မြင်ယောင်မိန ၏။

*

ဇွန်လ ကျောင်းတွေဖွင့်တော့ သူ ချင်းကုန်း တွဲဖက် ကျောင်းမှာ ကျောင်းတက်ရသည်။ ကျောင်းအင်္ကျီ အဖြူ အသစ်ကလေးကိုဝတ်ပြီး ကျောင်းတက်ရတော့ သူပျော်လိုက် တာ။ ကျောင်းသွားရန် စက်ဘီးမရှိသော်လည်း သူ ကျောင်း တက်မပျင်း။

ချောင်းရိုးကိုပတ်၍ လမ်းလျှောက်သွားရသည့် မနက် ခင်းများသည် သူ့အတွက် စိတ်တက်ကြွမှုနှင့် အားမာန်ကို ပေးနိုင်၏။ ကျောင်းတက်သည့်အခါ သူ့မှာ အဖော်သစ် တွေ တိုးလာသည်။ အနီးအနားရွာများမှ ရွယ်တူကျောင်း သား အဖော်များ။



ဘယ်နေရာမှာမဆို သိသာထင်ရှားစွာ ရှိနေတတ်သော မနုဉစွာ ပိုင်ဆိုင်မှုနှင့်ပတ်သက်သည့် အဆင့်အတန်း ခွဲခြား မှုကိုလည်း သူ ကြုံခဲ့ရပြန်သည်။ ဒါက သူ့အတွက်တော့ သိပ် အဆန်းတကြယ် မဟုတ်သော ပြယုဂ်တစ်ခု။

''ဟေ့ကောင်....ချောင်းထဲမှာ ငါး သွား မျှား မယ် ကွာ''

''ရေကူးရအောင်''

''ဟေအေးကွာ။ သရက်သီးသွားပစ်ရအောင်''

ကျောင်းချိန်မှာ ဆရာအလစ် အဖော် ဆွယ်သူတွေက မရှား။ သို့ပေမယ့် သူကတော့ အချိန်၏တန်ဖိုးကို နားလည် တတ်စွာ ခေါင်းခါငြင်းခဲ့သည်ချည်း ဖြစ်လေသည်။

''မင်းက အတော်ကြီးကျယ်တဲ့ကောင်''

''အလကားပါကွာ.... အစမ်းစာမေးပွဲမှာ အဆင့်တစ် ရတာနဲ့ပဲ ဘဝင်မြင့်နေတာ''

စိတ်ထဲရှိတာ ကျိုးကြောင်း ချင့်ချိန် မတတ်ဘဲ ယိုးစွပ် လွယ်သောအရွယ်မို့ ရွယ်တူ အပေါင်းဖော်တွေကြားမှာ သူ မေးငေါ့စရာ ဖြစ်ခဲ့သည်။ ဒါပေမယ့် ဒါဟာလည်း သူ့ အတွက် အောင်နိုင်ခြင်း တစ်ခုပါပဲ။

အင်္ဂလိပ်စာကို ငါးတန်းမှာ စသင်ရသောအခါ သူသည် အတန်းထဲမှာ အင်္ဂလိပ်စာ အတော်ဆုံး ဖြစ်လာ၏။ (သို့ပေ မယ့် သူ အင်္ဂလိပ်အသံထွက် အတော် ညံ့ဖျင်းမှန်းတော့

ရန်ကုန်ရောက်မှ သိခဲ့ရသည်။) အတန်းထဲမှာ သူနှင့် ခုံချင်းကပ်လျက် ထိုင်ရသည့် ကောင်မလေးက အေးအေးခင် ဖြစ်သည်။

ချင်းကုန်းရွာထဲမှာပင်နေပြီး သူမ အဘိုးအဘွားများက ဟသာၤတမြို့မှာ ဆန်စက်အပိုင်ရှိသည့်အတွက် သူတို့နှင့် ရှိုက် ယှဉ်လျှင် အတော်ကြီးကို ချမ်းသာကြွယ်ဝသည်။ ဝေဖြိုး၊ ကျော်ညွန့်နှင့် အေးအေးခင်၊ ဝင်းရီတို့ လေးဦးသည် ကျောင်းမှာ ပထမ၊ ဒုတိယ၊ တတိယကို တစ်လှည့်စီ ယူတတ်ကြပြီး အတန်းထဲမှာ အရင်းနှီးဆုံး သူငယ်ချင်းများလည်း ဖြစ်လေသည်။

"ဟေ့ ကောင်....နီတွတ်"

သူ့ကို ကျောင်းမှာ အားလုံးက နီတွတ်ဟုသာ သိကြသည်။

"ဟေ"

"မင်းကို ဖိုးလုံးတို့က မနာလို ဖြစ်နေတယ်ကွ"

ကျော်ညွန့်က ခဲဖာကို စိမ်ပြေနပြေ ချွန်ရင်း ပြောသည်။

"ဘာဖြစ်လို့လဲ"

"မင်းက အေးအေးခင်နား ကပ်လို့ရလို့တဲ့။ နောက်ပြီး သူ့ဌေးသမီးကို ကပ်စားနေတာလို့လဲ ပြောသေးတယ်ကွ"

"အောင်မာ"



မယဲစိတ်ဖြင့် ချက်ချင်း ဒေါသထွက်သွားသည်။ သူက စိတ်တို ဒေါသထွက်လွယ်သူ ဖြစ်၏။ သို့ပေမယ့် အမျက်ပြေလွယ်သူလည်း ဖြစ်ပြန်သည်။ (ခပ်ပျော့ပျော့ နှလုံးသားဟု ဒါကြောင့် ရင်ငြိမ်းက မှတ်ချက်ချခဲ့တာ—)

"သွားပြောမနေစမ်းပါနဲ့ကွာ။ ဒီကောင်တွေက မိုက်ရိုင်းတယ်။ အလကား ပြဿနာ အဖြစ်မခံစမ်းပါနဲ့"

ကျော်ညွန့်က ခဲတံမှာကပ်နေသော ခဲဆံမှုန်များကို တဖူးဖူးမှုတ်ပြီး ပြောသည်။ ကျောင်းမှာ အဲလို ပြဿနာမျိုးတွေကလည်း မကြာခဏ ကြုံရ တတ် သေး သည်။ သို့ပေမယ့် ကျောင်းမှာ သူ ပျော်ပါသည်။ ကျောင်းအားလပ်ချိန်တွေမှာ ကုက္ကိုပင်ကြီးအရိပ်၌ စုပြီး ထမင်းစားကြသည်။ သူတို့ရွာကျောင်းတွေမှာ စားစရာ သွားရေစာ မုန့်သည်များများ မရှိ။ ရှိခဲ့လျှင်လည်း ဝယ်မစားနိုင်သူက များလေသည်။

"နီတွတ် နင် အမြဲပဲ ထမင်းထုပ်မပါဘူး။ ဘာဖြစ်လို့ ယူမလာတာလဲ"

ဟု အေးအေးခင်က မေးသည်။

"ငါ မနက်က စားလာခဲ့တယ်"

"ထမင်း စားလာတာလား"

"အေးပေါ့.... ထမင်းကြမ်း စားလာတယ်"

ဝင်းရီက သူ့ကို မော့ကြည့်သည်။ တစ်စုံတစ်ရာကို နားလည်နေသည့် အကြည့်မျိုး။ သူမ နားလည်နိုင်မှာပေါ့လေ။ မနက် ကျောင်းသွားချိန်တိုင်း ထမင်းကြမ်းခဲကို လက်မှာ

ကိုင်လျက် သူမတို့အိမ်ဆီ ရောက်လာခေါ်တတ်သည့် နီတွတ်၏ မနက်စာပွဲကို တစ်ရက်မဟုတ် နေ့စဉ်ရက်ဆက် သူမ ကြုံခဲ့ဖူးပြီပဲ။ သုံးမိုင်ခန့်ဝေးသော ခရီးကို စက်ဘီးလည်းမပိုင်၊ လှည်းကြုံလည်း မရှိဘဲ မနက်အစောကြီး ထ၊လမ်းလျှောက်လာရသည့် ကျောင်းသား တစ်ယောက်သည် မနက်စာကို စားပွဲမှာ အကျအနထိုင်ပြီး ဘယ်လို စားနိုင်မှာလဲ။ ထမင်းကြမ်းခဲကို ဆားဖြူး၊ နွေးထားသည့် ဟင်းကျန် အနည်းငယ်လောင်း။ ကံကောင်းလျှင် မြေပဲဆန်နှင့် ဆီ ဆမ်း ထားသော ထမင်းကြမ်းခဲကို လက်မှာကိုင်လျက် ကျောင်းလွယ်အိတ်ကို စလွယ်သိုင်းပြီး ချောင်းရိုးကို အပြေး ဖြတ်ရသည်။

"လာလေ.... နင် ဗိုက်ဆာနေမှာပေါ့။ ငါ့ဆီကစား"

"မဆာပါဘူးဟာ။ တဝတပြဲ စားလာတာပဲဟာ"

အေးအေးခင်က သူ့မျက်ဝန်းတို့ကို စူးစမ်းစွာကြည့်ပြီး ထမင်း ဆက်စားနေသည်။ သူ့ကို ပြုံးသနား မရှာနဲ့ဟုပြောသော ကျော်ညွန့်က မနက်ကကိစ္စကို အေးအေးခင်အား တရှည်တမော ပြောပြနေပြန်၏။ အေးအေးခင်က ချက်ချင်း ထမင်းစားရပ်ပြီး ဒေါသတကြီးဖြင့်—

"မသာတွေ.... ငါနဲ့တွေ့မယ်။ နေနှင့်ဦး"

ဟု ကြိမ်းသည်။ သူက အေးအေးခင် နားမှ ခါယမ်းနေသော နားသံသီးကလေးကိုသာ ငေးကြည့်နေမိ၏။

"နီတွတ် နင် စိတ်မကောင်း ဖြစ်နေလား"

"မဖြစ်ပါဘူးဟာ"



တကယ်တော့ သူ မေ့တောင် မေ့နေပြီ။ နောက်ပြီး ဘာမှ မဖြစ်လောက်သည့် ကိစ္စလေးတစ်ခုကိုလည်း ရေးကြီးခွင်ကျယ်လုပ်ရန် သူ စိတ်ကူးမရှိ။

"အရေးစိုက်မနေစမ်းပါနဲ့ဟာ။ ဒီအတန်းထဲမှာ နင့်ကို ငါ အခင်ဆုံးပဲ"

သူက မျက်နှာ ထူပူသွားပြီး ဝင်းရီနှင့် ကျော်ညွန့်ကို မရဲတရဲ ကြည့်လိုက်သည်။ ဝင်းရီက ထမင်း ငုံ့စားနေ၏။ ကျော်ညွန့်က မကြားဟန်ဆောင်ပြီး လေချွန်နေသည်။ သူ့ကိုယ်သူ ဘာဖြစ်သွားမှန်းပင် မသိဘဲ နားဘင်တစ်လျှောက် ပူရှိန်းလျက် ရင်တွေ တုန်နေသည်။ ဒေါသတစ်ဝက်ဖြင့် နှုတ်သီးရိပ်လည်း စွက်နေသော အေးအေးခင်၏ မျက်ဝန်းများနှင့် ဆုံမိသောအခါ သူ က မန်း က တန်း မျက်နှာ လွှဲပစ်လိုက်၏။

ဆယ်ကျော်သက်၏ လှိုက်လှဲပူနွေးမှုသည် နှလုံးသား၏ အနက်ရှိုင်းဆုံးအပိုင်းမှလားဟု ဝေဖန် ဆန်းစစ်နေစရာ မလို။ ဘာကိုမှ အသေအချာ နားမလည်နိုင် သေးသည့် ကာလမှာ ရင်ခုန်ခြင်းကိုပင် အထင်တကြီးဖြင့် ညစဉ် အိပ်မက် မက်ခဲ့ရသည်။ အတွေ့အကြုံ အသစ်အဆန်း တစ်ခုလို နောက်တစ်ကြိမ် ရင်ခုန်ဖို့ မျှော်လင့်ကြည့်မိပြန်သည်။

သို့ပေမယ့် အရာအားလုံးသည် လျင်မြန် စွာ ဖြစ်ပျက်ပြောင်းလဲသွားပြန်၏။

*

## ခရမ်းပြာ (၆)

လေခပ်ကြမ်းကြမ်း တိုးဝင်လာသည်။ ရေစီးသံ ပို၍ အရှိန်ပြင်းလာပြီဟု သတိထားမိ၏။ ရပ်နေမိသော ပြတင်း ပေါက်မှ တံခါးကို ပိတ်ရမည်သိလျက် လက်မလှမ်းချင်ပြန်။ လရောင်သည် ရွှေ့လျားနေသော မြစ်ရေပြင်ပေါ်တွင် ဖြန့် ကျက်ကျရောက်လျက် ငွေရောင်အတောင်ပံများ စီးမျောနေ သလို အမြင်အာရုံမှာ သိင်္ဂါရ ရသဖြင့် ပြည့်လျှမ်းနေစေ၏။

သို့တိုင်လျက်....

ထီးတည်းဆန်လွန်းသော အုန်းပင်မှ အုန်းလက်တို့ လေ တိုးသံက ညည်းညူနေသလိုပင်။ လေးလံနောက်ကျိနေသော စိတ်အစဉ်တို့ကို ရေပြင်ပေါ်မှ ဗေဒါတို့နှင့်အတူသာ မျော လွင့်ပစ်ချင်တော့သည်။ နက်ဖြန်ဆို အိမ်မှာ အိမ်သားနောက် တစ်ယောက် ထပ်တိုးလာတော့မည်။ နောက်ပြီး အဲသည်



တစ်ယောက်ကပဲ သူ့ ပိုင်ဆိုင်မှုတစ်ခုကို ဆွဲထုတ်ယူငင်သွား လိမ့်ဦးမည်။

"နီတွတ်"

ခေါ်သံကို ကြားရလျက် စိတ်ခံစားမှု နည်းနည်းကျဉ်း ကျဉ်းမျှပင် ရှိသည်-မထင်ရအောင် သူက အေးစက်မာကျော နေသည်။

"မောင်လေး"

မမက သူ့ပခုံးပေါ် ခပ်ဖွဖွ လက်ဖဝါးတင်လိုက်သော အခါ သူ ပိုပြီး ဝမ်းနည်းသွားသည်။ ပြတင်းပေါက် ကို ကျောပေးပြီး အမှောင်ရိပ်ကျနေသော မမ၏ မျက်နှာကို လှည့်ကြည့်လိုက်၏။ မမ၏ မျက်ဝန်းများ အရောင် တစ်မျိုး တောက်ပနေသည်။ ပျော်နေသလား မမရယ် ဟု သူ မေး လိုက်ဖို့ကို မမ စိတ်အနှောင့်အယှက်ဖြစ်သွားမှာ စိုးရိမ်သည်။

"မအိပ်သေးဘူးလား"

"မအိပ်သေးပါဘူး။ နင် အိပ်တော့လေ။ နက်ဖြန်ကျ ..."

သူက စကားဆက်ဖို့ ကြောက်ရွံ့တွန့်ဆုတ်စွာပဲ စကားကို တိတိရိရိ ဖြတ်ပစ်လိုက်၏။ နောက်ပြီး မမကို ကျောခိုင်း လိုက်သည်။

"မမရာ... ဘာဖြစ်လို့များ ယောက်ျားယူရတာလဲ"

"ဟဲ့ ..."

မမက အရှက်သည်းစွာ ဟန့်တားလိုက်ပြီး မောင်ငယ် တစ်ယောက်ရှေ့မှာ ရှက်ရွံ့အားနာစွာ နှုတ်ဆိတ်ငြိမ်သက်

နေလေသည်။ မမ သိမှာပါ။ နားလည်မှာပါလေ။ တကယ်ဆို သူ တစ်ယောက်တည်း သည်မိသားစု နှစ်စုကြားမှာ အထီးကျန်စွာ၊ ပြီးတော့ အဖော်မဲ့စွာ ကျန်နေရစ်မည်ဆိုတာ....

သို့ပေမယ့်အားလုံးကို နားလည်ကျေနပ်ရသူကတော့ သူပဲဖြစ်သည်။ခုချိန်မှာသူ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်ကိုလည်းအကောင်အထည် ဖော်ခွင့်မရမှာ သေချာသည်။

"ဒါပေမယ့် မောင်လေးရယ်။ နင့်ကို ငါ အမြဲချစ်သွားမှာပဲဟာ"

"တော်ပါဟာ"

သူ စိတ်တိုသွားပြန်သည်။ ဒါပေမယ့် ချက်ချင်းပဲ မမကို သနားသွားပြန်၏။ ပြတင်းပေါက် အပြင်ဘက် ရှုခင်းဆီသို့ အာရုံရောက်သွားပြီး ....

"အိပ်တော့လေမမ။ အလကားပါဟာ။ ကျွန်တော့် စကားတွေ သိပ်အလေးအနက် မထားနဲ့။ ကျွန်တော် နည်းနည်း စိတ်ညစ်သွားလို့ပါ"

မမထံမှ စကားသံ မကြားရ။ အိမ် ကြမ်းခင်း ညွှတ်သွားစေသော ခြေနင်းကြောင့် စိတ်ကို လျှော့ချပြီး သက်ပြင်းကို လေးလေးပင်ပင် ရှိုက်မိ၏။ မထူးခြားသော၊ မဆန်းကြယ်သောအကြောင်းအရာ၊ သဘာဝတရားပေမယ့် ထိုအရာကို သူကရင်ဆိုင်နိုင်စွမ်း နည်းပါးခဲ့သည်။ ထိုညက သူအိပ်ရာဝင်နောက်ကျခဲ့သည်။ နောက်တစ်နေ့မနက် အသစ်စက်စက် ဇနီးမောင်နှံ ရွာဦးကျောင်းသို့ ဆွမ်းကပ် သွားစဉ်မှာ သူလည်း ကျောင်းသို့ သွားခဲ့ရသည်။



မမအိမ်ထောင်ပြုသွားခြင်းသည် သူ့ဘဝကိုတော့ထူးထူးခြားခြားမထိခိုက်လှပါ။မမတို့ဇနီးမောင်နှံ တစ်ခါတလေမှာ ဟိုဘက်အိမ်သွားနေပြီး မကြာမကြာ အိမ်သို့ ရောက်လာတတ်သည်။မမ၏ခင်ပွန်းကလည်း သူ့ကို မမကဲ့သို့ပင် ညီလေးတစ်ယောက်လို ချစ်ခင်ခဲ့၏။

မမ၏ခင်ပွန်းက သူတို့မိဘပိုင် ကိုင်းမြေများမှာ မြေပဲနှင့် ပဲအမျိုးမျိုးစိုက်ပြီး တစ်စီးပွားတည်းပေါင်းစည်းနေကြသည်။မမအတွက်အနည်းငယ်အခြေကျသွားသော်လည်းသူတို့မိသားစုဘဝကတော့ တစ်နေ့ထက် တစ်နေ့ ပိုဆိုးရွားလာ၏။ ဒေါ်လေး၏ သားသမီးသုံးယောက်၊ အဖေ၊ဒေါ်လေးနှင့် သူ၏ပါးစပ်ခြောက်ပေါက်အတွက် စားစရိတ်၊ နေစရိတ်ကလည်း နည်းပါးသည်မှ မဟုတ်ဘဲ။

ကျောင်းပိတ်ရက်တွေမှာ သူကိုယ်တိုင် လယ်ထဲဆင်းပြီး အဖေ့ကို ကူရတော့သည်။ တစ်ခါတစ်ရံ အဖေမြို့သွားပြီး ဦးနှံရောင်းဝယ်ရေးကိစ္စ စုံစမ်းနေစဉ်မှာ သူ တစ်ယောက်တည်း လယ်တောသို့သွားရသည်။ ထိုစဉ်ကထွန်တုံး၊ စပ်တုံးပင် အပိုင်မရှိတော့ဘဲ အခပေးငှားလျက် ထွန်ရသည်။ နွားကောင်ကိုလည်းအဖေကရောင်းပစ်ဖို့စီစဉ်ထားပြီ။တကယ်တော့ သူ အဲသည်တုန်းက အဖေ့အရိပ်အကဲကို နားမလည်တတ်ခြင်းသာ ဖြစ်သည်။ရှိနေသောအကြွေးတို့ကြောင့် ကြွင်းကျန်သော လယ်တစ်ကွက်ကိုပင် ရောင်းပစ်ရတော့မည်ဆိုတာမှ မရှိလျှင် သားအကြီးဆုံးပီပီ သူကြိုတင်ရိပ်မိနေဖို့ကောင်းသည်။

သို့သော် အတန်းထဲမှာ အမှတ်အကောင်းဆုံး ကျော
သားတစ်ယောက် ဖြစ်မြဲဖြစ်လျက်။ သူ ကျောင်းပျော်နေ
ပင်၊ သူ့ သူငယ်ချင်းများကလည်း သူ့ လယ်ကွက်ထဲ
လိုက်လည်လေ့ ရှိသည်။ ထိုအခါမှာတော့ ကလေးစိတ် မက
တတ်သေးသော သူ့အဖို့ လယ်တောမှာ ပျော်စရာများသ
ပြည့်နှက်ခဲ့လေသည်။

အလှူအတန်း၊ ပွဲလမ်းသဘင်များမှာမှ ကျယ်က
လောင်လောင် ကြားရတတ်သော တွံတေးသိန်းတ
သီချင်းများကို အော်ဟစ်ရင်း ထွန်တုံး ခြေနင်းပေါ
ကျော်ညွန့်နှင့်အတူ နှစ်ယောက်စီးရင်း ကတွတ်ပေါက်
ပုစွန်လုံး၊ ဂဏန်းတို့ကို ပိတ်ဖမ်းပြီးမှ ရေထဲသို့ ပြန်လွှ
စသည်ဖြင့် ပျော်စရာကို ရှာကြံနေခဲ့ရပြန်သည်။

အဲသည်နှစ် ဆဋ္ဌမတန်းကိုလည်း သူ အမှတ်ကော
ကောင်းဖြင့် အောင်ခဲ့သည်သာဖြစ်၏။

ကံကြမ္မာသည် သူ့ကိုတော့ အမြဲ ရွှံ့ရှာ မုန်းတီးသေ
မျက်နှာဖြင့် ဆက်ဆံခဲ့သည်။ ခြောက်တန်းစာမေးပွဲ ဖြေ
ကဘည်းက သူတို့၏ အိမ်တွင်းရေး အခြေအနေသည်လ
တစ်မျိုးတစ်ဖုံ ပြောင်းလဲခဲ့ပြန်၏၊ အဖေနှင့်ဒေါ်လေး ရန်
ကြသည်။

စီးပွားရေးအခြေခံ မခိုင်မာသော အိမ်ထောင်စုတစ်
သာယာပျော်ရွှင်မှုဆိုသည်မှာ အိပ်မက်ထဲ၌ပင် တွေ့ရခဲ
သဘာဝတရားပဲ မဟုတ်လား။ အဖေ အိမ်မှ ဆင်းသ
သည်။ နောက်ပြီး ရွာမှ အပြီးထွက်သွား၏။



အဖေမရှိသည့်အတွက် ဒေါ်လေးတို့မိသားစု ထမင်း
တော်သော်လည်း သူ ကျောင်းဆက်နေဖို့ ဒုက္ခရောက်တော့
သည်။

"မင်း ကျောင်းမတက်ရမယ့်အတူတူတော့ လာပါကွာ။
ကျောင်းမှာပဲ သက်န်းစီးလှည့်ပါ။ ကုသိုလ်ရတာပေါ့"

ဟု ရွာဘုန်းကြီးကျောင်းမှ ကျောင်းထိုင်ဘုန်းဘုန်းက
ခေါ်ထားသည့်အတွက် စိတ်လေလေဖြင့်ပင် သူ သင်္ကန်းစည်း
ကိုရင်ဝတ်ဖြစ်လေသည်။ တရား ရိပ် နှင့် အလှမ်းဝေးလေ
သလား မသိ။ သူ ဘုန်းကြီးကျောင်းမှာ မပျော်ဘဲ ခေါင်း
လောင်းသံ ဆူညံသော ကျောင်းဝန်းကျင်ကိုသာ တမ်းတ
နေတတ်တော့သည်။

တစ်ခါတစ်ရံ နှစ်နှစ်တာ ကျောင်းအတူ တက်ခဲ့သော
ဘဲ့ဖက်ကျောင်းမှ သူငယ်ချင်းများ ရောက် လာလည်လေ့
ရှိ၏။

သူက မနက်တိုင်း ကျောင်းပရဝဏ်ကို တံမြက်စည်း လှဲရ
သည်။

"ဟယ်ဘော့... နီတွတ် တကယ်"

ဘုန်းကြီးကျောင်းဝင်းထဲသို့ ဖိနပ်ကိုင်ဝင်လာသော မိန်း
ကလေး တစ်ယောက်ကို မြင်လိုက်ရမှ သူ အနည်းငယ် ရှက်
သွားပြီး ခေါင်းပြောင်ပြောင်ကို လက်ဖဝါးနှင့်အုပ်၍ ပွတ်
နေလေသည်။ မျက်လုံးအဝိုင်းသားနှင့် သူ့ရှေ့မှာ ရှိနေ
သူက အေးအေးခင် ဖြစ်၏။

"ငါ ယုံတောင်မယုံဘူး။ ကျော်ညွန့်ပြောတော့ နောက် တာ အောက်မေ့နေတာ"

စကားကို သတိလက်လွတ် ပြောနေပြီးမှ သူမ ပါးစပ်ကို လက်ဖဝါးကလေးနှင့်အုပ်၊ ဖိနပ်ကို ဖုတ်ခနဲပစ်ချပြီး မြေပြင် မှာပဲ ဆောင့်ကြောင့်ထိုင်ကာ သူ့ကို ဦးချ ကန်တော့လေ သည်။

'အေးအေးခင်။ ဘယ်သူနဲ့လာတာလဲ"

အေးအေးခင်ကို ဒကာမလေးဟု ခေါ်ဖို့လည်း နှုတ်မရဲ ဘဲ သူ ရယ်ချင်နေသည်။

"ဝင်းရီနဲ့ပါ ဘုရား။ ကျော်ညွန့်ပြောတာမယုံလို့ အေး ခင်တို့ ကိုရင့်ကို လာဖူးတာ"

အဲ့တော့မှ ဘုန်းကြီးကျောင်းအပေါက်ဝမှာ ရပ်နေဆဲ ဖြစ်သော ဝင်းရီကို....

"လာလေ ...ဝင်းရီ"

ဟု အေးအေးခင် လှမ်းခေါ်သည်။ ဝင်းရီကလည်း သူ့ကို စကားသိပ်မပြောဘဲ ခေါင်းငုံ့နေလေ၏။ အေးအေး ခင် တစ်ယောက်သာလျှင် စကား တတွတ်တွတ် ပြောနေ သည်။

သူက သူမတို့နှစ်ယောက်ကို ကျောင်းပေါ်ခေါ်သွားပြီး မြေပဲကြော်၊ ရေနွေးကြမ်းတို့ဖြင့် အချိုပွဲတည်သည်။ အေး အေးခင်က....

"ကျောင်းပြန်တက်ပါလား ကိုရင်။ ကျောင်းမှာ ကိုရင် မရှိတော့ သိပ် ပျင်းဖို့ကောင်းတာ။ စာတွေလည်း သိ



နေပြီ။ ခုနစ်တန်းစာတွေက သိပ် မခက်ပါဘူး ကိုရင်ရဲ့။ ကိုရင်က တစ်သက်လုံးပဲ ဘုန်းကြီးဝတ်တော့မှာလား"

ဟု စိတ်ထဲရှိသလို ပြောနေသည့်အတွက် ဝင်းရီက....

"အေးခင်ကလည်း"

ဟု ဆွဲလိုက်တာသိ ဝင်ဟန့်သည်။ သူကတော့ ဘာမှ ပြန် ဖြေဖြစ်ဘဲ နှုတ်ခမ်းကို အသာစေ့ပြီး ပြုံးနေဖြစ်၏။ ဘယ်လိုပြန်ဖြေရမလဲ။ နောက်ပြီး သူ့ဘဝအတွက် ဘာကို များ မျှော်လင့်နိုင်မှာလဲ။ သူ့ ကြိုးစားမှုအတွက် သူ့ကို ဘာတွေများ တုံ့ပြန်လာမှာလဲ။ တကယ်တော့ သူသည် သည်း ခရမ်းပြာ ပန်းကလေးလိုပင် မရောက်နိုင်သော ဝန်းတိုင်ဆီသို့ ရေစီးရာအတိုင်း မျှောလိုက်နေရသူပင်။

"ကျောင်းပြန်တက်ရဖို့ဆိုတာ မလွယ်ပါဘူး အေးအေး ခင်ရယ်"

"ဘာဖြစ်လို့လဲ"

"ငါ့အိမ်က ငါ့ကို ကျောင်းထားပေးနိုင်မှာ မဟုတ် ဘူး"

"ဟယ်တော့"

အေးအေးခင်က ဟန်မဆောင်နိုင်ဘဲ စိတ်ပျက်စွာ ညည်း သည်။ နှုတ်ဆက်ပြန်သွားသော သူမတို့နှစ်ယောက် ဝေး သွားဟန်ကို အပေါ်ဆပ်ကျောင်း၏ ဝရန်တာ သစ်သားတိုင် များကြားမှ ငေးမောကြည့်ရင်း ယောကျ်ားတန်မဲ့ မျက်ရည် ကျ ဖြစ်တော့သည်။ ကျောင်းသို့သွားနေကျ မြေလမ်းဖုံဖုံကို သူ တွေ့နေရသည်။

နောက်ပြီး ဘုန်းကြီးကျောင်းဝင်းထဲရှိ မူလတန်းကျောင်
မှ စာအံသံများကိုလည်း ကြားနေရ၏။ သူ့ ပန်းတိုင်
ဘယ်မှာလဲ။ ငယ်ကတည်းက ပညာရေးနှင့်ပတ်သက်ပြီး
ရည်ရွယ်ချက် ကြီးမားခဲ့ရသည်။

အနာဂတ်ကာလ တစ်နေရာရာမှာ ရှိနေမည့် သူ့ဘ
သည် အရာအားလုံး ပြည့်စုံကောင်းမွန်လျက် သူ့ကိုယ်
ကျေနပ်နေနိုင်သော ဘဝမျိုးပဲ ဖြစ်ရမည်။ သူ့ရင်ထဲမှာ
လုံခြုံသိမ်းဆည်းထားသော ရည်ရွယ်ချက်တို့သည် ခုချိန်မှ
ရေးရေးမျှပင် အရာမထင်ဘဲ ပျောက်ကွယ်သွားရတော
မှာပဲ။

(အမေ....အမေရှိရင် ကျွန်တော် ကျောင်းတက်ရမှာပ

သည်စကားက ရင်ထဲမှာပဲပဲ တင်ထပ်နေသည်။ ကုက္က
ပင်လမ်းကို ဖြတ်လျက် ကျောင်းလွယ်အိတ်ကို စလွယ်သို
ရင်း ကျောင်းဆီသို့ လမ်းလျှောက်လာသော ကလေး
များသည် တစ်ယောက်နှင့်တစ်ယောက် နောက်ပြောင်
စယ်ရင်း၊ စာ အပြိုင်ဆိုကြရင်း ရွှင်လန်းတက်ကြွဟန် ရှိ
ကြ၏။

သူလာ ကျောင်းတက်ရလျှင်လည်း သိပ်ပျော်ဖို့ ကော
မှာ။

နံနက်ခေါခေါ ခင်တန်းကလေးနောက်မှ မြင့်တက်
သော ဖန်နေလုံး နီရဲရဲကိုကြည့်ရင်း သစ်ပင်တောအုပ်မ
အောက်ခြေဆီမှာ သွယ်တန်းနေတတ်သော မြူခိုးတန်း



ကလေးကို ကြည့်ရင်း ကျယ်ပြောသော လယ်ကွင်းဆီမှ တင်းလင်းသန့်စင်သောလေကို ရှူရှိုက်ရင်း....

ဩော်....ခုတော့....

''ဟဲ့ ... ကိုရင်လေး မျက်ရည်တွေကျလို့ပါလား''

ကျောင်း၏ ကပ္ပိယ ဘကြီးရွှေအောင်က သူ့ပခုံးကို ပုတ်လိုက်မှ သူ ဝမ်းနည်းအားငယ်စွာ သင်္ကန်းစဖြင့် မျက်ရည်များကို သုတ်ပစ်လိုက်သည်။

''ဘာလို့ ငိုနေဘာတုန်း''

ဘကြီးရွှေအောင်က သူ့အနားမှာ လာထိုင်သည်။ သူကတော့ ခေါင်းကိုသာ အတွင်ယမ်းရင်း ဘကြီးနှင့် မျက်လုံးချင်း မဆုံမိအောင်နေ၏။

''မင်းအဖေကို သတိရလို့လား''

''ကျွန်တော် ကျောင်းတက်ချင်တယ် ဘကြီး''

''ဟေ''

ဘကြီးက မျက်ခုံးပင့်လျက် သူ့ကို စူးစူးစိုက်စိုက် ကြည့်နေ၏။

''အေးလကွာ နောင်နှစ်တော့ မင်းကို ငါ ကျောင်းထားပေးမှာပေါ့။ ဒီတစ်နှစ်တော့ မင်းလည်း စာမရှိတော့ပါဘူးကွာ။ ကျောင်းမှာပဲ နေလိုက်ပါတော့။ နောက်နှစ်ကျမှ ကျောင်းနေရမှာ သိလား''

''တကယ်လား ဘကြီး''

''ဟာ.... တကယ်ပေါ့ကွာ မင်းကလဲ။ မင်း ကျောင်းမှာ စာတော်တာ ဘကြီး သိတာပေါ့ ကိုရင်ရ။ အဲတော့ ငိုမနေနဲ့။ ကိုရင် နောက်နှစ် ကျောင်းတက်ရမယ်။ ကြားလား''

''ဟုတ်ကဲ့ ဘကြီး''

အခိုက်အတန့် အားဖြင့်တော့ သူ စိတ်ချမ်းမြေ့ရသည်ပင်။ သူ နောင်နှစ်တော့ ကျောင်းတက်နိုင်ကောင်းပါရဲ့။ သက်နှ်းဖြင့် မျက်ရည်တို့ကို ပွတ်တိုက်သုတ်လိုက်စဉ် ကျောင်းခေါင်းလောင်းသံကို ကြားရလေသည်။

❋

သူ ကိုရင်ဝတ်ပြီး သုံးလခန့်အကြာမှာ အဖေ ရွာကိုပြန်ရောက်လာသည်။ ဒေါ်လေးနှင့် မိသားစုကို ခေါ်သွားပြီး အိမ်ကို မမတို့ထံ အပ်ခဲ့သည်ဟု မမက ပြော၏။ သူ သင်္ကန်းချွတ်ပြီး ကျောင်းပြန်တက်ရပြန်သည်။ ကျောင်းစရိတ်က သူ့ငွေးကုန်းရှိ ဘကြီးကထောက်ပံ့ပြီး စာအုပ်ဖိုးအတွက် သူ ဘာသာသူ အလုပ်လုပ်ပြီး ရှာရသည်။ သူတို့ပိုင် လယ်မြေ ထွန်တုံး၊ နွား စသည့် ပစ္စည်းများ ဘာတစ်ခုမှ မရှိတော့ စာအုပ်ဖိုး လိုအပ်သည့်အခါ သူက တစ်ပါးသူ၏ လယ်ထဲ စာရင်းငှား လိုက်လုပ်သည်။ ရွှံ့ဗွက်ရောင်ထ,နေသည့် ခန္ဓာ ကိုယ်ကို မမကတော့ စိတ်မသက်မသာဖြင့် အမြဲကြည့်တတ်၏

''ကျွန်မ မောင်လေးက သိပ်လိမ္မာတာ''



ဟုလည်း လာသမျှလူကို ကြွားဝါတတ်သေးသည်။ သူကတော့ အလုပ် မည်မျှ ပင်ပန်းပါစေ၊ အစား မည်မျှ ဆင်းရဲပါစေ။ အံကြိတ်တင်းခံရင်း ပညာရေးအတွက် မျှော်လင့်ချက်ကို ဆက်လက် ထားခဲ့သည်သာ ဖြစ်သည်။ ကျောင်းပြန်ရောက်တော့ ကျောင်းစာများနှင့် အတော် အလုမ်းဝေးနေပြီ။ အေးအေးခင်၊ ဝင်းရီနှင့် ကျော်ညွန့်တို့ကြောင့်သာ သူ့အတွက် စိုးရိမ်စရာ အခြေအနေထိ နိမ့်ကျမသွားခြင်းဖြစ်၏။

အဖေနှင့် အဖေ့မိသားစု မရှိသောအိမ်မှာ အချိန်ကာလတိုတိုအတွင်း သူ အသားတကျ နေတတ်သွားသည်။ ကျောင်းတက်ချိန်၊ စာကျက်ချိန်နှင့် အလုပ်လုပ်ချိန်များအတွင်း သူ့ဘဝသည် ပျင်းရိခြောက်သွေ့ချိန်ပင် မရဘဲ အချိန် ကုန်မှန်းမသိ ကုန်ဆုံးသွား၏။ ဒါကိုပဲ သူက ကျေနပ်သည်။

❋

''ဟေ့ — နီတွတ်။ မြန်မြန်ပြန် မြန်မြန်ပြန်''

ရေတော်တော်ကျန်နေသေးသည့် ချောင်းရိုးကလေးမှာ မျက်နှာချင်းဆိုင်မှ ပြေးလာသော ကိုသာဒွန်းက မောကြီးပန်းကြီးပြောသည်။ သူ့စကားသံက တစ်ဆို့ပြီး ထစ်ငေါ့နေသေး၏။

''ဘာဖြစ်လာတာလဲ ကိုသာဒွန်းကြီးရ''

'' မင်းယောက်ဖ ပိုးထိလို့ဟ''

''ဗျာ....''

''အေး ...မြန်မြန်သွား။ ဆေးရုံပို့ ဖို့ဘော့ ဂျည်းစီးစဉ်နေကြတယ်။ ဒါပေမယ့် စိုးရိမ်ရတယ်ကွ''

''စိုးရိမ်ရတယ်''

သူက ကိုသာဒွန်း စကားကို ပဲ့တင်ထပ် ရေရွတ်လိုက်ပြီး အနည်းငယ်မတ်သောချောက်ကို ပြေးတက်လာသည်။ သဲမြေဖုန့်ပွပွကြောင့် ခြေလှမ်းက ထင်သလောက် မသွက်။ သောကတို့ဖြင့် ညှိုးငယ်နေမည့် မမ၏ မျက်နှာကို မြင်ယောင်ရင်းဖြင့် သူ့ရင်မှာ မောပန်းဆို့ကျပ်လာ၏၊ အိမ်ရှေ့မှာ အုံနေသော လူအုပ်ကိုကြည့်ပြီး သူ၊ အခြေအနေကို သိလိုက်ပြီ။ ငိုသံကိုလည်း တစ်ချက်တစ်ချက် ကြားရ၏။ မမ ဖြစ်နိုင်သည်။ သူ အသက်မီနိုင်တော့မည် မထင်ဟု တစ်ယောက်တည်း တွေးလိုက်မိသည်။

''ဟဲ့.... သွားပြီ''

''ဆုံးသွားပြီ နီတွတ်ရေ''

သူ အိမ်ပေါက်ဝ ရောက် သည် နှင့် တစ်ယောက် တစ်ပေါက် ဝိုင်းပြောကြသည်။ အိမ်ရှေ့ ဘုရားစင်အောက်မှာ တောင့်တောင့်တင်းတင်း ဖြစ်နေသော သူ့ ယောက်ဖ၏ အလောင်းကိုမြင်ရတော့ အနီးအနားမှာ ဝိုင်းနေသော လူအုပ်ထဲမှာ မမကို ရှာမိသည်။ မြွေဆိပ်ကြောင့် ပြာနှမ်းနေ



သော ရုပ်ကလာပ်တို့ တစ်ယောက်က စောင်ပိုင်းဖြင့် အုပ်နေ၏။

''မမရော''

''နင့် မမ နောက်ဖေးမှာ''

သူက လွယ်အိတ်ကို ပစ်ချပြီး နောက်ဖေးဆီ တန်းဝင်သွားသည်။ နောက်ဖေး သနပ်ခါးမှန်တင်ခုံနားမှာ ဆောင့်ကြောင့်ထိုင်လျက် မမ တအိအိ ငိုနေလေသည်။

''မမ''

''နီတွတ်... ငါ့ယောက်ျား မရှိ တော့ဘူးဟဲ့။ ငါ့ကို ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ ငါ့ရဲ့ ကျေးဇူးရှင် မရှိတော့ဘူး ...''

မမက ပြောပြောဆိုဆို သူ့ကိုဖက်ပြီး ငိုတော့သည်။ မမ မျက်ရည်ကိုမြင်တိုင်း သူ ရင်ဆို့ခဲ့ရ၏။ မမ၏ ပရိဒေဝသည် သူ့အတွက် သောက အစိတ်အပိုင်းဖြစ်သည်။ ခုချိန်မှာ သူ ဘာကို မနှစ်သိမ့်တတ်။ နှစ်သိမ့်ခြင်းသည်လည်း သူမ၏ ရင်ပူမီးမိုးကို ပို၍ လောင်မြိုက်စေမည်ဟုပဲ သူက ထင်သည်။

''မငိုပါနဲ့ မမရယ်''

ဟု သူ ပြောမထွက်။ မမရှေ့မှာ ဒူးထောက် ထိုင်ရင်း ၏ ဖက်တွယ်ထားသော လက်များကို ဖြည်ချပစ်ဖို့လည်း မကူးဘဲ သူ မမကို တစ်ခုခုပြောရန် ကြိုးစားနေခဲ့သည်။ ပေမယ့် သူ ပြောမည့် စကားကြောင့် မမ တနင့်တပိုး ပို၍ ားရစေလို။

"ကံဆိုးတယ်၊ ငါတို့ မောင်နှမ ကံကိုဆိုးပါတယ်"

မမ စကားကြောင့် ကာလ အတော်ကြာ မေ့လျော့နေခဲ့သော သူ့ဘဝကို သူပြန်သတိရလာပြန်သည်။ လောကမိပဲ။ ဒါ ဘာများ ဆန်းသလဲ။ ဟိုးအရင်ကတည်းက ကြုံခဲ့ဖူးပြီ။ နောက်ထပ်လည်း ကြုံလာဦးမည်။ ဒါပေမယ့် အဲသည် မဆန်းသော တရားကိုပဲ တစ်ခုပြီးတစ်ခု မေ့လျော့ထားခဲ့ကြပြီး နောက်ထပ် ကြုံလာရတိုင်းလည်း ကြေကွဲတုန်လှုပ်မဆုံး ရှိနေပြန်၏။ နောက်ထပ် အပြောင်းအလဲတစ်ခုတော့ ကြုံရလိမ့်ဦးမည်။

ဘယ်တော့မှ မတည်ငြိမ်ခဲ့သော သူ့ဘဝမှာ ပြောင်းလဲနေခြင်းသာ အမှန်တရား တစ်ခုလိုပင်။

အသုဘကိစ္စ ပြီးစီးသောအခါ တိတ်ဆိတ် ခြောက်သွေ့စွာ ကျန်ရစ်ခဲ့သော အိမ်မှာ ကြောက်စရာ ကောင်းသော လေးလံထိုင်းမှိုင်းမှုမျိုးဖြင့် ငြိမ်သက်နေခဲ့သည်။ တစ်လ နီးပါးသာ လိုတော့သော စာမေးပွဲအတွက် သူလုံးပန်းမနေအားဘဲ မမအနားမှာ အဖော်အဖြစ် ရှိနေပေးခဲ့ရ၏။ အထိန်းအကွပ်မဲ့သော သူတို့မောင်နှမ နှစ်ယောက်၏ ဘဝမှာ အမေဆုံးပါးပြီးကာစ ကဲ့သို့ပင် ခံစားမှုများ ကိုယ်စီ သိမ်းဆည်းထားရလျက် တစ်ယောက်အတွက် တစ်ယောက် အားပေးစကားကိုဆိုဖြစ်ခဲ့ကြရ၏။ ရိုးသားသော ကျေးလက်မလေး၏ ထုံးစံအတိုင်း ဆွေမျိုးများ၏ နှစ်သိမ့်ခြင်း ကိုတော့ ခံယူရရှိခဲ့၏။

"ဒီနှစ်ကျောင်းပိတ်ရက် မင်းလဲမင်းအဖေဆီ သွားနေဦးပေါ့၊ မင်းအဖေလဲ ရန်ကုန်မှာ ချောင်ချောင် လည်လည် ဖြစ်



နေလောက်ပြီပဲ။ သူဟိုမှာ မင်းကို ကျောင်းထား ပေးမယ်ဆိုပိုကောင်းတာပေါ့ကွာ။ ခင်သန်းကတော့ ငါတို့နဲ့တစ်လှည့်လာနေလှည့်။ ဟုတ်ဘူးလား။ မင်းတို့ မောင်နှမ နှစ်ယောက်တည်းဆိုတော့ အလုပ်လုပ်ရကိုင်ရ ဒုက္ခရောက်တာပေါ့ကွာ"

"ဒီမှာပဲ နေပါစေလား ဦးကြီးရယ်"

မမက မျက်နှာညှိုးညှိုးဖြင့် ပြောသည်။ သို့ပေမယ့်လုံးဝဆန့်ကျင်လည်းမပြောရဲ။ အခြေအနေက မိမိ၏ဘဝကိုနောင်အနာဂါတ်မှာ ဘယ်ကာလထိ ဘယ်လို ပုံစံဖြင့် ရှင်သန် နေရမည်ဆိုသည်ကိုပင် တွေးမရနိုင်အောင်ရှိသည်ပဲ။

"ငါက အားလုံးအတွက် အဆင်ပြေအောင် ပြောတာ။ နီတွတ်လဲ ရန်ကုန်မှာ ကျောင်းဘက်ရတာ ဒီမှာထက်စာရင်ပိုအဆင်ပြေတာပေါ့။ ဒီမှာနေတော့ နောက်နှစ် သူ့ စားစရိတ်၊ နင်တို့ စားစရိတ်အတွက်နင်တို့ ဘယ်လိုရှာကြမလဲ အရင်ကလို ရွှေ့မှာ မားမားမတ်မတ်ရပ်ပေးမယ့် ယောကျ်ားသား ကြီးကြီးမားမားက ရှိတော့တာ မဟုတ်ဘူး"

"ကျွန်တော် မမကို ရှာကျွေးနိုင်ပါတယ်ဗျာ"

မခံချင်စိတ်ဖြင့် ပြောမိသော်လည်း ကျောခိုင်းရမည့်ကျောင်းဝန်းကျင်ကို သတိတရဖြင့် ရင်မချိ။

"ဒါဆို မင်းက ကျောင်းမတက်တော့ဘူးလား"

မမက သူ့ကိုလှမ်းကြည့်သည်။ မမမျက်ဝန်းတို့ကိုတန်ပြန်စူးစိုက်ကြည့်လျက် သူက တစ်စုံတစ်ခုပြောရန်ပါးစပ်ပြင်လိုက်စဉ်မှာ မမက ခေါင်းရမ်းသည်။

"နီတွတ် ကျောင်းတက်ရမှာပါ။ ဘူ့ ပညာရေးကိုတော
ကျွန်မ ဘယ်လိုမှ အထိအခိုက် မခံနိုင်ဘူး။ ကျွန်မသူ့ ကိုအဖေ
ဆီ လွှတ်လိုက်မယ်"

"မမ"

"နင် ရန်ကုန်သွားရမယ် မမောင်လေး"

မမ သူ့ကိုမကြည့်တော့ဘဲ ခိုင်ခိုင်မာမာ ပြော၏။

"အိုး–မမ တစ်ယောက်တည်း ကျန်ခဲ့လို့...."

"ငါ ဦးကြီးတို့နဲ့ နေခဲ့မှာ။ နင် ငါ့အတွက်မပူနဲ့"

"ဟုတ်သားပဲကွာ။ တို့ ဆွေတွေမျိုးတွေလဲ ရှိကြတာကို
မင်းက ပူစရာမဟုတ်။ ခုအတိုင်းက မင်းတို့ နှစ်ယောက်စလုံး
ကောင်းဖို့အတွက်ပါပဲကွ"

ဘကြီး၏ စေတနာအရင်းခံကို သူသံသယမရှိ။ သူငယ်စဉ်
က ဘကြီး လက်ပေါ်မှာတင် ကြီးပြင်းလာခဲ့သည်ပဲ။ သို့သော
မယ့် ဘကြီးတို့အိမ်ပေါ်မှာ မမသည် ကြီးဒေါ် မျက်နှာက
ကြည့်နေရမှာပဲ။ အဲသည် အတွက် သူဘယ်လိုမှ စိတ်မချမ
မြေ့နိုင်။

*

ပြတင်းပေါက်ကလေး။

ဝါးကပ်ပေါ်မှာ သစ်သားပြား ထပ်ကပ် တားပြီး ဖွင့်
ဖိတ်လိုက်တိုင်း 'ကျွီ' ခနဲအသံမြည်သွားတတ်သည်။ ထိုပြတင်း



ပေါက်ကလေးကို တမင်တကာ မဟုတ်ဘဲ အသံ မြည်အောင်
ဖွင့်လိုက်သောအခါ သုတ်ခနဲ တိုးဝင်လာသော လေပြည်အေး
သည် ဘဝင်ကို အေးစိမ့်သွားအောင် တတ်နိုင်စေ၏။ လယ်
ကွင်းပြင်နှင့် ချောင်းငယ်၏ သဲသောင်ကို ဖြတ်တိုက်လာ
သော လေပဲ့လေ။ သည်အတိုင်းအတာထက် ပိုပြီး အေးမြနိုင်
သေးသည်ပဲ။ ပွင့်သွားသော ပြတင်းမှာ လက်ယှက်မှေးတင်
လျက် ငြိမ်သက် နေလိုက်သောအခါ သူ လို ငြိမ်မနေတတ်
သော ယုဇနပင်အကိုင်းတို့သည် လှုပ်လီလှုပ်လဲ့ဖြင့် မျက်စိ
ရှုပ်လောက်အောင် ရှေ့မှာ ရှိနေကြပြန်သည်။ သူ မြင်ချင်
သည်က တစ်မျိုးဖြစ်၏။

ကိုယ်ကို ကိုင်းလျက် ပြတင်းမှ ကျော်ကြည့်လိုက်သောအခါ
မနီးမဝေးချောက်၏ အောက်ဘက်မှ မြစ်ရေပြင်မှာ ခိုစီးနေ
ကြသော ဒိုက်သရောလေးများကို သူတွေ့သည်။ လပြည့်ခါနီး
မှာ မဝိုင်းတဝိုင်းဖြစ်နေသော လမင်းကို တိမ်ရိပ် အနည်းငယ်
ဖုံးလျက်မှပင် ရေပြင်မှာ အလင်းရောင် ထင်နေသေးသည်။
ထို့နောက် ငွေရောင် တလက်လက်ထနေသော မြစ်ရေပြင်။
နောက်ပြီး အနည်းငယ်မျှသာ မြေနူ ပေါ်နေသော သောင်
တို့ကို ဝိုးတဝါးသို့မဟုတ် စိတ်တူးယဉ် ကောင်းစွာ မြင်နိုင်
သည်၊

အချိန်ကာလမရွေး သည်ရှုခင်းကိုမြင်နိုင်သည် မဟုတ်။
မိုးတွင်း မြစ်ရေတက်သည့် ကာလမှာသာ တဲနှင့် မနီး မဝေး
ချောက်မှာ ရေတက်လာတတ်ပြီး တစ်နေ့လုံး ပြန့်ပြန့်ပြူး
ပြူး လှုပ နေတတ်သော သောင်ပြင် ကိုလည်း ရေလွှမ်းဖုံး

လျက် သဲများကို တိုက်စား သွားတတ်သည်။ ဒါပေ မယ့် မိုးကိုချစ်သည်။ နောက်ပြီး မြစ်ရေပြင် ကိုလည်း ချစ်သည်။

ငေးကြည့်နေဆဲမှာပင် တဆတ်ဆတ်လှုပ်လျက် ခပ်သာသာ မျောနေကြသော ဗေဒါအုပ်တို့သည် ညဥ့်ယံဆီမှာ လရိပ်ကို လှုံလျက် ရေပြင်ဖွေးဖွေးမှာ စည်းစိမ်ခံစားနေသည်ကို မြင်ရ၏။ ဒီ အတက်အကျရှိသောချောင်းမို့ ဗေဒါတို့၏ လှုပ်ရှားမှုကိုကြည့်ပြီး ရေရှိန်ကို ခန့်မှန်းနိုင်သည်။ ချောင်း၏အဝမှာ မြစ်ပြင်ကျယ်ရှိသည်။

ဗေဒါတို့သည် မြစ်ပြင်ကျယ်မှ ရှေ့ဆက်မျောလေမည်လော။ ဘယ်သောင်ကမ်းမှာ ခိုဝင်နားဖို့များ ကြံရွယ်ထားလေသည်မသိ။

လရောင်အောက်မှာ ခေါင်းတထောင်ထောင် လည်တမော့မော့ဖြင့် ကြော့ကြော့ကလေး ဟန်ချီနေသော ခရမ်းပြာရောင် ပန်းကလေး။

သူ မြင်ချင်သည်မှာ ထို ခရမ်းပြာရောင် ပန်းကလေးကိုပင် ဖြစ်သည်။ နောက်ပြီး သူ ဖြစ်ချင်သည်မှာလည်း ခရမ်းပြာရောင် ပန်းကလေးပင် ဖြစ်သည်။

ခရီးမဆုံးသ၍ ခေါင်းထောင် လည်မော့လျက် မငြီးမငြူ မခိုမကပ်ဘဲ ဆက်သွားလေမည့် ခရမ်းပြာရောင် ပန်းကလေး၏ ဇွဲ၊ အားမာန်၊ သတ္တိ အားလုံးကို သူ နားသည်ထားပြီး ဖြစ်သည်။



သို့သော်လည်း....

ပန်းတိုင်....

ခရမ်းပြာပန်းကလေး၏ ပန်းတိုင်ကို ဘယ်ဆီမှာဟု သူ တပ်အပ်မသိ။ လမ်းခရီးမှာ အခက်အခဲ အနှောင့်အယှက် အမျိုးမျိုးဖြင့် ဆက်လက်သွားနေမည်ဟုတော့ မှန်းဆရသည်။

ခရမ်းပြာ၏ပန်းတိုင်ကို သူမသိ။ သူ ရည်ရွယ်သည့် ပန်းတိုင်ကိုတော့ သူသိသည်။ ပန်းတိုင်ကို အရောက်သွားရမည့် လမ်းကိုလည်း သိသည်။

သို့တိုင်လျက်....

*

## ခရမ်းပြာ (၇)

အကြားဖြင့်သာ စိတ်ကူးယဉ်မြင်ယောင် ကြည့်ဖူးသော ရန်ကုန်မြို့သို့ သူရောက်လာခဲ့သည်။ သူ့ကို လက်ပံလှ မေ တော်ဆိပ်အထိ မမက လှည်းဖြင့် လိုက်ပို့၏။ မျက်ရည် အနိုင်နိုင် ထိန်းထားရဟန်ရှိသော မမမျက်နှာကို သူ မကြည့် ကြည့်ဝံ့ ကြည့်ရင်းပင် ပြောစရာ စကားများလည်း ရှ ပါးကုန်သည်။

တကယ်ဆို အတွေ့အကြုံသစ်၊ နေရာဒေသ အသစ်ဆီ သွားရန် မျှော်လင့်ချက်တို့ဖြင့် သူ ပျော်ရွှင်နေရမည်။

ခုတော့....

သူ့ အိမ်နံဘေးချောင်းကလေးမှ ရေစီးသံကို ကြာ ယောင်နေပြန်သည်။ နွေ ကျောင်းပိတ်ရက် ချိန် ခါမှ



သာ မြင်ရတတ်သော နံနက်ခင်း၏ ပတ္တမြားရောင်ရဲရဲ နေဝန်းသည် မြူခိုးတန်းကလေးများ မနောက်မှာ ပဝါ ပါးပါး ကွယ်ထားသကဲ့သို့ တရွေ့ရွေ့ ထွက်ပေါ်လာ၏။ အိပ်ပဲ့ သွားနေသော လှည်း၏ နောက်မြီးမှာထိုင်ရင်း ရိုး ပြတ်တို့သာ ရှိနေသော လယ်ကွင်းပြင်ကျယ် မျက်စေ့တဆုံး ကို သူ မျှော်ကြည့်နေမိပြန်သည်။

လက်ပံပင်တို့သည် အပွင့်တို့ တဖြုတ်ဖြုတ် ကြွေကျ လျက် နွေသရုပ်ကို ပီပြင်စွာ လှစ်ပြနေသည်။ ဩော... သည်မျှ ခင်တွယ်စရာ ရှုခင်း၊ ရိုးသားလွတ်လပ်စွာ ပျော်ခဲ့ရသော မွေးရပ်ကို သူ ဘယ်လို စွန့်ပစ်မည်လဲ။

လက်ပံလှဆိပ်သို့ ရောက်သောအခါ အဖေတို့ မိသားစု အတွက် လက်ဆောင်အဖြစ် ငရုတ်သီးခြောက် ထည့်ထား သော အိတ်ကလေးနှင့် သူ့အဝတ်အစား နှစ်စုံ ပုဆိုး အသစ်တစ်ထည်ပါသော အဝတ်အစား ထုပ်ကလေး ကို ပိုက်ရင်း မမကို နှုတ်ဆက် လျက် မော်တော်ပေါ် တက် သည်။

"ရန်ကုန်ရောက်မှ ပုဆိုးကို ချုပ်ဝတ်နော် မောင် လေး"

"ဟုတ်ကဲ့ပါ မမ"

မမက သူမ၏ တစ်ခုတည်းသော လက်ဆောင်ဖြစ်သည့် ချည်ပုဆိုးကလေးလို သတိပေးလေသည်။ မော်တော်ထွက် လျှင် မမ ငိုကျန်ရစ်မည်ကို သူ သေချာသိပြီးသား။

မော်တော်နောက်ပိုင်းမှာ ဝဲဂယက်ထနေသော ရေ တို့ကို ငေးမောကြည့်ရင်း တည်ငြိမ်စွာ ရှင်သန်ရမှု နည်း ပါးလွန်းသည့် သူ့ဘဝကို အံ့ဩတကြီး ဆင်ခြင်မိနေ သည်၊

မွေးရပ်ဇာတိမှ ပထမဆုံးအကြိမ် ခွဲ ထွက် လာ ခဲ့ သော် လည်း သူ မျက်ရည်မကျဖြစ်။ ရှေ့ဆက်ရမည့် ခရီးကို ရင်ခုန် စိတ်လှုပ်ရှားလျက်ရှိ၏။

ရန်ကုန်ရောက်လျှင် သူ့ကို အဖေဘို့အိမ် ပို့ပေးမည့် အဖေ့ မိတ်ဆွေက အမေးအမြန်း ထူလွန်းသည်။ ထိုသူ သမျှကို ခေါင်းညိတ် ခေါင်းခါဖြေရင်းပင် သာရေ ဘူတာဆီသို့ ရောက်လာ၏။ ရန်ကုန်မှ ဝင်လာမည့် မီးရထား ကို စောင့်ရင်း သူ အိပ်ငိုက်လာသည်။

''ဦးလေး။ အဖေတို့စီးပွားရေးကော ချောင်လည် လား''

''ငါလည်း သေချာမသိပါဘူးကွာ''

ဦးလေးကြီးက ဆေးပြင်းလိပ်ကို မီးညှိနေသည်။

''ငါနဲ့လည်း မဆုံဖြစ်တာ ကြာပြီကွ။ ငါလည်း ရန်ကုန် မရောက်ဖြစ်တာ။ အရင်တစ်ခေါက် ပြန်လာတုန်း တော့ ဟန်ဟန်ပန်ပန်ပါပဲကွာ''

အဖေ့ မိသားစု ချောင်လည်သည်ဆိုလျှင် သူ စိတ်ချ သာရမည်။ အဖေ့ သားဆိုပေမယ့် သူက ဒေါ်လေး ဆိုလျှင် သူစိမ်းသက်သက်ပဲ မဟုတ်လား။ နောက်



ဒေါ်လေးက မွေးသော ညီမ၊ ညီငယ်များကိုလည်း သူက ယောဇဉ် မကြီးလှပါ။ ထို့ကြောင့်ပဲ ဒေါ်လေးရှေ့မှာ အနေကျဉ်းကျပ်ခဲ့ခြင်း ဖြစ်သည်။

ရထားဆိုက်လာပြီး မကြာမီမှာ ရန်ကုန်သို့ ပြန်ထွက် ရထားဥသြမှုတ်သည်။ ရထားခေါင်းဆက်ပြီးသည်နှင့် ရထား စထွက်တော့၏။ သူက ငရုတ်သီးအိတ်ကို စိုးရိမ် ကြီးစွာဖြင့် တစ်လမ်းလုံး အရိပ်ကြည့်လာခဲ့သည်။

သည်လိုနှင့်ပဲ သူ ရန်ကုန်ရောက်လာခဲ့၏။

ရန်ကုန်ထဲ ဝင်စဉ်ကပင် သူ့မှာ တောကျေးလက်နှင့် ဆန့်ကျင်ဖက်ဖြစ်နေသော ရှုခင်းများကို တအံ့တဩငေးမော ကြည့်ရင်း မျက်စေ့လည်နေတော့သည်။ ရန် ကုန် မြို့၏ နောက်ဖေးတိုက်တန်းလျားများကပင် သူ့အတွက် အံတော် ခမ်းနားနေပြီ။

သို့ပေမယ့် ပူးကပ်ကျပ်ညပ်နေသော တိုက်ခန်းများ၊ လမ်းသွယ် လမ်းမြောင်များ၊ ကားများ၊ ဆိုက္ကားများကို ကြည့်ပြီး သူ အသက်ရှူမဝချင်။ ကြည့်မြင်တိုင်ဘူတာမှာ ရထားရပ်သောအခါ သူပိုင်သော အိတ်နှင့်အထုပ်ကို ဆွဲပြီး ရထားပေါ်က ဆင်းသည်။ ဘတ်စ်ကား နှစ်ဆင့် သုံးဆင့် ပြောင်းစီးရ၏။ လူတွေတိုးကျပ်နေသော ဘတ်စ်ကား စီးရ ခြင်းအရသာသည် နွားနှစ်ကောင်ဆွဲသော ထင်းတိုက်လှည်း စီးရသလောက်ပင် ဇိမ်မကျဟု သူ ထင်တည်။

အုတ်တံတိုင်းကာထားသော ခရေပင်များရှိသည့် ဝင်း ကျယ်ကျယ်ကြီးထဲမှာ ကမ္ဘာ့အေးဘုရားရှိသည်ဟု ဦးလေးက

ပြော၏။ ချိုင့်ခွက် များလှသော ကတ္တရာ လမ်းပေါ်မှာ ကားက အသံမျိုးစုံ မြည်နေ၏။

သူ့စိတ်ထဲမှာတော့ အဖေ့ အိမ်ကို မြန်မြန်ရောက်ချင်လှပြီ။ ဘတ်စ်ကားပေါ်က ဆင်းပြီးသောအခါ လမ်းတစ်တန် လျှောက်ရပြန်သည်။ မီးရထားလမ်းနံဘေးမှာ ရှိနေသော လမ်းသွယ်ကလေးများစွာအနက်မှ တစ်လမ်းကို ဦးလေးက ချိုးဝင်သွား၏။

မီးခိုးမှိုင်းရောင်ဖြင့် ခပ်မှောင်မှောင် နှစ်ခန်းတွဲ အခန်းကလေးရှေ့မှာ ရပ်ပြီး ဦးလေးက အဖေ့ နာမည်ကို အော်ခေါ်သည်။

''ဘယ်သူလဲမရှိဘူး''

''ဒီမှာ နီတွတ် ပါလာတယ်ဟ''

အိမ်ထဲမှ ဒေါ်လေး၏ ပြန်ဖြေသံကြောင့် သူ စိတ်ခေတ်ကျသွားသည်။

''နီတွတ်လား''

''ဟုတ်ကဲ့ ဒေါ်လေး''

''လာ ... ဝင်ခဲ့လေ''

သူက အမိုးလွတ်ရုံ ခေါင်းကိုငုံ့လျက် အိမ်ခန်း ကျဉ်းကျဉ်းကလေးထဲသို့ ဝင်သွားသည်။ ဦးလေးကြီးက ခဏတဖြုတ် စကားပြောပြီး ဒေါ်လေးကို နှုတ်ဆက်ပြန်သွား၏။ အိမ်အခန်းထဲမှာ ဒေါ်လေး သားသမီးသုံးယောက်နှင့် ပြည့်နေသည်။



သူက ငရုတ်သီး ခြောက် အိတ်ကို ဒေါ်လေးထံ ပေး
က်၏။

''ရော့.... ဒါ မမ ပေးလိုက်တာ ဒေါ်လေး။ ငရုတ်သီး
ခြောက်တွေ''

''ဟေ.... အတော်ပဲ''

ဒေါ်လေး၏ အတော်ပဲသည် ဘာအတွက်တော်မှန်း သူ
သိ။ သူကတော့ အဖေ့ ကိုသာ တွေ့ချင်သည်။ အဖေနှင့်
ာင်နှစ် ကျောင်းတက်ဖို့ကိစ္စကို တိုင်ပင်ချင်သည်။

''ဒေါ်လေး ... အဖေ ဘယ်သွားလဲ''

''နင့်အဖေ နယ်သွားတယ်''

''ဗျာ....''

''ဒုက္ခပဲ''ဟု သူ အသံထွက်ညည်းသည်။

''အေး.... ဒုက္ခကတော့ မပြောနဲ့ နီတွတ်ရေ။ ငါတို့မလဲ
င်းဝယ်ချက်စရာတောင် ပိုက်ဆံ မရှိတော့ဘူး။ သူ ပေး
တဲ့ ပိုက်ဆံကလဲ ကုန်သလောက် ဖြစ်နေပြီ။ အဲဒါ ဒီငရုတ်
းခြောက်တွေ ထုတ်ရောင်းရင်တော့ ပိုက်ဆံ ထွက်လာ
ာပဲ''

''ဟောဗျာ''

''နင့်အစ်မတွေရော အဆင်ပြေလား''

''ဘယ်ပြေမလဲဗျ။ အခု သူ့ယောက်ျား ဆုံးသွားလို့''

''ဟုတ်လား''

သူက ရွာမှ အကြောင်းစုံကို ဒေါ်လေးအား ဇာတ်စုံ
င်းပြရသည်။

''အမလေး....ငါ့ကလေးတွေတောင် ကျောင်းနုတ်ထား ရတာ။ နင့်ကို ဘယ်လိုလုပ် ကျောင်းထားနိုင်မှာလဲ။ ဒါပေ မယ့် နင့်အဖေ ပြန်လာတဲ့အထိတော့ စောင့်ဦးလေ။ သူလာ ရင်တော့ ပိုက်ဆံ များများစားစား ပါလာတတ်တယ်''

သူ ဘာမှလည်း မပြောတတ်တော့ပါ။ အင်အားတို့ ဆုတ်ယုတ်ကုန်ခန်းလျက် အိမ်ခန်းကျဉ်းကျဉ်း၏ အိမ်ရှေ့ ကပြင်မှာ ခြေပစ်လက်ပစ် ထိုင်နေလိုက်မိတော့၏။ ခုအခြေ အနေကျကာမှ ရွာပြန်လို့ရော ဖြစ်မတဲ့လား။

''အဖေက ဘယ်တော့ ပြန်လာမှာလဲ''

''တစ်လလောက်ကြာရင် ပြန်ရောက်မယ် ထင်တာပဲ''

''အဲဒီ တစ်လမှာ ဒေါ်လေးတို့ ဘာသွားစားမလဲ''

''ဒီလိုပဲ ကြံဖန်နေရမှာပေါ့။ တို့ဘဝကတော့ ဝဋ်ကြွေး ကြီးပါတယ်ဟယ်''

သက်ပြင်းကို လေးလေးပင်ပင်ရှိုက်ရင်း ကမ္ဘာလောက ကြီးထဲမှ ထွက်သွားနိုင်ဖို့ ထွက်ပေါက်တစ်ခုကိုသာ အပြေး အလွှား စဉ်းစားလိုက်မိတော့သည်။

ပန်းတိုင် တဲ့။

ရယ်ဖို့ပင် ကောင်းသေးတော့။

သူ့ဘဝကတော့ လေခပ်ကြမ်းကြမ်း၊ လှိုင်းခပ်ရမ်းရမ်း မှာ အနှောင့်အယှက်၊ အဖျက်အဆီး များစွာဖြင့် တစ်စစီ ပျက်စီး နစ်မြုပ်သွားရတော့မှာပါလား။ ကိုယ့်ကိုယ်ကို ယ



ကြည်ထားမှုသည်တဖြည်းဖြည်းနှင့်ဝေးကွာပျောက်ဆုံးသွား ၏။ ကံကြမ္မာအတွက် သူ ဘာမျှ မတတ်နိုင်ပြီလေ။

*

သူပါလာသည့် ငရုတ်သီးခြောက်ကလေးများ တစ်စ တစ်စနှင့် ဟင်းစားထဲ ရောက်ကုန်ပြီ။ နောက်ထပ် ဆက် စရာမရှိတော့သည့် ငွေကြေးအတွက် သူစဉ်းစားရပြီ။ ရွာ ပြန်ဖို့စရိတ်သည်း သူ့ဆီမှာ မရှိတော့။

''နင့်ပုဆိုးလေး အပေါင် ထားလိုက်ပါဟယ်။ ငါပြန် ရွေးပေးပါ့မယ်။ ငါ မုန့်လုပ်ဖို့ ရင်းချင်လို့ပါ''

''ဟာဗျာ.... အဲဒါ မမ ဝယ်ပေးလိုက်တာဗျ''

သူ့ အဝတ်အစားထုပ်ထဲမှ မချုပ်ရသေးသော ချည်ပုဆိုး အသစ်ကို ဒေါ်လေး မြင်သောအခါ သူ့မှာ ငြင်းဆန်ရ အခက်၊ ခေါင်းညိတ်ရအခက်ဖြင့် စိတ် ထိ ခိုက် ကြေ ကွဲ ရ တော့သည်။ အပြာနှင့် မရမ်းစေ့ရောင် ကွက်စိတ် ချည်ကြမ်း ပုဆိုးလေးနှင့်အတူ မျက်ရည်ဝဲသော မမ မျက်နှာကို ထပ်ခါ တလဲလဲ မြင်ယောင်ပြန်သည်။

''အေးလေ.... ငါ ပြန်ရွေးပေးပါ့မယ်ဆို''

ရွေးစရာနည်းလမ်း မရှိသည့် နောက်ဆုံးမှာ ပြန်ရရန် မျှော်လင့်ချက် နည်းပါးလှသော သူမြတ်နိုးသည့် ပစ္စည်း ကလေးကို ထုတ်ပေးလိုက်ရသည်။ ချုပ်ရိုး မတင်ရသေးဘဲ

ကော်တောင့်နေသည့် ပုဆိုးအသစ်စက်စက်ကလေးသည် သူနှင့်ပဲ မထိုက်တန်လေပြီ ထင်၏။ ပြန်ရနိုင်သေးသည်ဟု မသိစိတ်မှ မျှော်လင့်မိသည့်တိုင်အောင် စဉ်းစား ဆုံးဖြတ်တတ်သော အသိစိတ်က မျှော်လင့်ချက် မရှိသလောက် ဖြစ်နေပြန်သည်။ နောက်ဆုံးတော့လည်း သူ လက်လွှတ်ဆုံးရှုံးလိုက်ရပါ၏။

"ငါ ဘိန်းမုန့် ဖုတ်ရောင်းမယ်။ နင်က ကူပေါ့။ နင့်အဖေ ပြန်မရောက်ခင်တော့ စားလောက်ပါတယ်"

အခြေအနေအရ သူ ဈေးသည်ဘ၀ ရောက်ခဲ့ပြန်သည်။ ဒေါ်လေးက နံနက်စောစော အိမ်မှာ ဘိန်းမုန့်ဖုတ်ရောင်း၏။ မကုန်သောဘိန်းမုန့်များကို သူက စကောတစ်ချပ်မှာထည့်ပြီး တစ်လမ်းဝင် တစ်လမ်းထွက် လည်ရောင်းရသည်။ နောက်တော့လည်း ရန်ကုန်မြို့ ဆင်ခြေဖုံးဒေသ၏ စရိုက်၊ စီးပွားရေး၊ လူမှုရေး တစ်စိတ်တစ်ဒေသသည် သူတို့ တောနယ်ကအတိုင်းပင် ထူးခြားမှု မရှိကြောင်း သူ သိတတ်လာ၏။ အစိုးရလခစား၊ လက်လုပ်လက်စား၊ ကုန်သည် ေသည်တို့ဖြင့် အလွှာအမျိုးမျိုး လူတန်းစား အသီးသီးသည် နေ့စဉ်နေ့တိုင်း ပင်ပန်းကြီးစွာ ရုန်းကန်နေရသော်လည်း ဘယ်သောအခါမှ ချောင်လည်သည်မရှိဘဲ ငွေလည်ပတ်မှု နှောင့်နှေးလွန်းသောစားဝတ်နေရေး ပင်လယ်ပြင်မှာ စုပ်စုပ်မြုပ်နေကြသည်။

သူတို့လိုပေါ့လေ....

"ဘိန်းမုန့်ပူပူလေး"



ဟု အမြဲတမ်း သူ အော်ခဲ့သော်လည်း တကယ်တော့ အေးတက်စက်ဖြစ်နေပြီ။ စာသင်ကျောင်းများရှေ့မှဖြတ်သွားရစဉ်အခါ ကျောင်းဝတ်စုံ အဖြူအစိမ်းကလေးတွေကို မြင်တိုင်းရှုပ်ကြည့်ငေးမောရင်း သူ မျက်ရည်ကျရစမြဲ ဖြစ်၏။ ဘယ်တုန်းကမှ မဖြောင့်ဖြူးခဲ့သော သူ့ပညာရေး ခရီးအတွက် မျှော်လင့်ချက်ဟူ့ကိုလည်း လျှော့ချချင်လာပြီ။

တစ်နေ့ထက်တစ်နေ့ နွမ်းရိ စုတ်ပြတ်လာသော အဝတ်အစားဟောင်းများကို ငုံ့ကြည့်မိရင်း အပေါ်ဆုံးလုလု သူ့ပုဆိုးကလေးကို မျက်စိထဲမှာ မြင်နေမိ၏။

"ဘိန်းမုန့်ပူပူလေး"

တစ်လမ်းဝင် တစ်လမ်းထွက် နေ့စဉ်ရက်ဆက် လျှောက်နေကျမို့ သည်လမ်းကြွမှာ သူ့ကိုရင်းနှီးနေကြပြီ။ သူ့ကို ဘိန်းမုန့်သည် ကောင်လေးတစ်ယောက်အဖြစ်သာ အားလုံးက နားလည်ထားခဲ့ကြပြီ။ သူ ခုံမင်သော ကျောင်းသားဘဝကိုငင် ပြန်လည်ထူထောင်ဖို့ လုံးဝ မသွယ်ကူနိုင်သော အခြေအနေပါလား။

ရသမျှငွေသည် အရင်းထဲမှာ ပြန်လည်နစ်မြုပ်၍ အရှုံးပေါ်လာသည့်အခါ သူ ဆက်လက် သည်းမခံနိုင်တော့။

"ဒီနေ့တော့ ဆန်ပဲ ကျိုသောက်ကြရအောင်ကွယ်"

ဟူသော ဒေါ်လေးအသံကို ကြားတိုင်း ရွာမှာ ကျောင်းသွားခင် မနက်တိုင်း စားရလေ့ရှိသော ထမင်းကြမ်းခဲနှင့်

မြေပဲဆံကို သတိရသည်။ ရွာမှာ ကုန်းကောက်စရာ ဘာမှ
မကျန်အောင် ဆင်းရဲနေစဉ်ကပင်ထမင်းကြမ်းခဲနှင့် မြေပဲဆံ
င်ပြာရည်ဖျော်ကို နေ့စဉ်လို စားနိုင်သေး၏။ ခုတော့ထမင်း
ရည်သည် သူတို့အတွက် မြိန်ရာဟင်းကောင်း ဖြစ်ခဲ့ရပြီ။

"ကျွန်တော် ပြန်တော့မယ် ဒေါ်လေးရာ။ အဖေကလ
ဘယ်တော့မှ ပြန်လာမယ်မှန်း မသိ။ တော်ကြာ ဒီမှာထ
ကျောင်းမတက်ရ၊ ဟိုမှာလဲ ကျောင်းမတက်ရနဲ့ ကျွန်တော်
တစ်နှစ်နာသွားလိမ့်မယ်။ကျွန်တော့် ပုဆိုးလေး ပြန်မရရင်ထ
ထားလိုက်ပါတော့ ဒေါ်လေးရာ"

"အေးလေ။ နင့်သဘောပဲ။ ပြန်ချင်လဲပြန်။ လမ်းစရိတ်
တော့ ချေးပေးလိုက်မယ်။ လမ်းမှာ စားဖို့သောက်ဖို့ကတော
နင့်ဘာသာပဲ ရှာကြံသွားပေတော့"

နောက်ဆုံးတော့ အဝတ်ဘစ်ထည် ကိုယ်တစ်ခုနှင့်ပဲ သူရ
ကုန်ကို ခွာခဲ့ရသည်။ သည်ကတည်းက သူရန်ကုန်ကို အထ
ကြီးစိတ် ပျောက်ပျက်သွားရ၏။ ရထားပေါ်မှာ ဆာလော
သည့်ဒဏ်ကို ကြိတ်မှိတ်ခံစားရင်းရန်ကုန်မှာ ကျန်ရစ်ခဲ့သော
သူ့ပုဆိုးလေးကို သတိရနေပြန်သည်။

ရွာမှာ မမကို ဘယ်လိုအခြေအနေနှင့် တွေ့ရမည် သူမသိ
ရထားပြတင်းမှ တရိပ်ရိပ်ဖြတ်ပြေးသွားသော သစ်ပင်များ
လယ်ကွင်းများ၊ တံတားနှင့် ချောင်းများကို ငေးမောရင်
အိပ်ပျော်ရန် ကြိုးစားသော်လည်း အိပ်မပျော်နိုင် ဖြစ်ရ



ကောင်းကင်ပြာသည် ပူပင်သောက ကင်းစင်ရှင်းလင်းကြည်
စင်နေသည်။

တကယ်တော့ သူ့ဘဝကိုသူ ညည်းငွေ့စက်ဆုပ်စ ပြုနေပြီ
ဖြစ်၏။

*

ရွာရောက်တော့ သူလယ်ထဲပြန်ဆင်းရသည်။ မမနှင့် အတူ
အရင်အိမ်မှာပဲ ပြန်နေရင်း သည်တစ်နှစ် အခြေအနေအရ
ရပ် နားထားရသော်လည်း နောက်တစ်နှစ်ကို ကျောင်း
ပြန်တက်နိုင်အောင် သူကြိုးစားသည်။လယ်စာရင်းငှား ဘဝ
မို့ တစ်နေ့စားဖို့တစ်နေ့ရှာရသော်လည်း ကျောင်းစရိတ်
အတွက် ငွေကိုတော့ စားဖို့ထဲမှ သူဖဲ့စုသည်။ တစ်နှစ်တာသူ့
အတွက် ကိုတာရသော စပါးတင်းသည် မောင်နှမနှစ်
ယောက် နောက်တစ်နှစ် စားရန်ပင် လုံလုံလောက်လောက်
မရ။ သည်တော့ မမက ကိုင်းကို ဆက်လုပ်ရသည်။ ဟိုဘက်
ရွာမှ ဦးကြီး၏ကိုင်းမြေကွက်ထဲတွင် မမက ပဲစိုက်၏။

"နင် နောင်နှစ်တော့ ကျောင်းတက်ရမှာပါ"

ဟု ချွေးသံတရွဲရွဲနှင့် မောပန်းနေသည့် ကြားမှပင် မမ
က အားပေးသည်။ ထိုအချိန်မှာပဲ သူ့အဘွက် ရန်ကုန်မြေနှင့်
ပတ်သက်ပြီး နောက်ထပ် သတိရစရာ တစ်ခု ဖြစ်စေအောင်
အခြေအနေ တစ်စုံတရာ ဖန်တီးလာပြန်သည်။ သူ့ ဘဝကို

ပြန်သတိရမိတိုင်း သည်အဖြစ်အပျက် အကြောင်းအရာသ
ခေါင်းထဲကဖယ်ထုတ်မရလောက်အောင်နာကျင်စွာသို့မဟု
အားငယ်ဝမ်းနည်းဖို့ကောင်းစွာ ထင်ထင်ရှားရှား ကျန်
ရစ်ဆဲဖြစ်၏။

"နင် ရန်ကုန်မှာ အလုပ်လုပ်ရမယ်တဲ့မောင်လေး။ န
ကို ကျောင်းလဲ ထားပေးမယ်တဲ့။ အဲဒါ နင်လိုက်မလား"

နေကုန်မိုးချုပ်မှ အိမ်ပြန်ရောက်တတ်သော သူ့ကို လ
ထဲမှအပြန် မျက်နှာချင်း ဆိုင်မိစဉ်မှာ မမက မေး၏။

"ဘယ်သူကလဲ"

"ဒေါ်ကြီးသိမ်းကလေ။သူရန်ကုန်မှာနေနေတယ်မို့ လာ
သူက အလုပ်ထွက်လုပ်နေတော့ သူ့အိမ်မှာ ချက်ပြုတ် လျှ
ဖွတ်ဖို့ လူလိုတယ်တဲ့။ နောင်နှစ် ကျောင်းဖွင့်ရင် နင့်
ထားပေးမယ်တဲ့"

"ဟုတ်ရဲ့လား မမရယ်"

"အေးလေ–ဒေါ်ကြီးသိမ်းကိုယ်တိုင်က ပြောတာပဲ။ န
ဖြန်ကျ သူလာလိမ့်ဦးမယ်။ နင် ဒီည စဉ်းစားထားပေါ့။ င
နက်ဖြန်ကျ အကြောင်းပြန်လိုက်မယ်"

"မမကရော"

"ငါ အရင်တစ်ခေါက်ကလို ဦးကြီးဆီပဲ နေခဲ့မှာပေ
ဟယ်။ ပိုအဆင်ပြေတာပေါ့။ သူတို့အခင်းမှာပဲ ငါ အလု
လုပ်ရမှာ မို့လား"



မမက ခွဲစရှိသွားသည့်အတွက်လားမသိ။အရင်တစ်ခေါက်
ကလောက် စိတ်ထိခိုက်ဟန် မပြဘဲ အေးအေးဆေးဆေးဖြစ်
နေသည်။ ရန်ကုန်ကို စိတ်မဝင်စားလှသော်လည်း သူ့ ပညာ
ရေးကိစ္စက ခေါင်းထဲ ရောက်လာပြန်၏။ ပညာရေးနှင့် ပတ်
သက်ပြီး သူ အမြဲဘဲ အားလုံးကို အလျှော့ပေး သည်းခံခဲ့ရ
သည်။ မိမိ လိုလားမြတ်နိုးသော အရာတစ်ခုအတွက် ဘာကို
မဆိုပေးဆပ်ရန် အသင့်ရှိခဲ့သည်။ သို့သော်လည်းသူ၏နှိမ့်ချမှု၊
ကြိုးစားမှုတို့သည် ဘယ်တော့မှ အရာထင်ထင် ဖြစ်မလာခဲ့။

"အေးလေ။ ငါ ကျောင်းတော့ တက်ချင်တယ်"

"ကျောင်းတက်ချင်ရင်နင်လိုက်သွားလေ။ဒေါ်ကြီးသိမ်း
ကတစ်ရွာထဲသားအချင်းချင်းပဲ။စိတ်မချစရာတော့မရှိပါဘူး။
နောက်ပြီး သူနေတဲ့နေရာကလဲကျောင်းနဲ့နီးတယ်ဆိုလားပဲ"

"အေး–ကျွန်တော် သွားမယ်မမရာ။နက်ဖြန် ဒေါ်ကြီး
သိမ်းကို လိုက်မယ်လို့ ပြောလိုက်"

"အေး–အေး"

မမက မီးမှုတ်ပြီး အိပ်ရာထဲဝင်သွားသည်။သူတစ်ယောက်
တည်း ပြတင်းပေါက်ကလေး အနီးမှာ ရပ်လျက်ကျန်ခဲ့၏။
ဖြစ်ချင်တိုင်း ဖြစ်မလာတတ်သော လောကဓံ၏လှည့်စားခြင်း
သည် သူ့ အတွက် အဲလောက်တောင် လျင်လျင်မြန်မြန်ပြောင်း
လဲတတ်သေသည်လား။ ခါးသက်လွန်းလှသည်ကွယ်။လရောင်
အောက်မှာ မြင်နေကျ မြင်ကွင်းသည် မပြောင်းမလဲ၊ချောင်း
ရေစီးမှာ ဗေဒါပင်တို့ ရှင်သန်မျောပါနေဆဲ။ အစိမ်းရောင်

ဗေဒါတို့၏ အထွတ်အမြတ် သရဖူသဖွယ်ဖြစ်သော ခရမ်းပြာရောင် ပန်းကလေးသည် ခေါင်းထောင်လည်မော့လျက် သူ့ခရီးကို ဂုဏ်ယူစွာ ဆက်လက်သွားနေဆဲပင်။

ခရမ်းပြာရောင် ပန်းကလေးများကို သူမြင်နေကျ။ သို့ပေမယ့်လည်း ရိုးမသွားဘဲ သူ့ အမြင်မှာတော့ ဆန်းသစ်နေဆဲပင်။

သူ့ဘဝကိုလည်း ခရမ်းပြာရောင် ပန်းကလေး ဖြစ်ချင်သည်။ ရေစီးထဲမှာ လူးလွန့် မျောပါနေရသည့် ခရမ်းပြာရောင် ပန်းကလေးကို အားကျသည်။

စိုးမရွံ့ တွန့်မတုန်
မိုးနှင့်လေ ရေရှုပ်ထွေး၊ ရွေးမျှမဖြုံ
ဆန်လိုက်ပြန်တုံ၊ စုန်လိုက်ပြန်ရ
ခေါက်ပေါင်းမရေနိုင်လို့
ဗေဒါခိုင်သည်မြစ်ထဲ၊ ရဲခဲ့သည်ပါ....

ဟူသော ဆရာဇော်ဂျီ၏ ဗေဒါလမ်းကဗျာထဲမှ စာတစ်ပိုဒ်ကို သူ အလွတ်မှတ်မိနေသည်။ သည်ချောင်းမှာ ရေတက်ရေကျချိန်တိုင်း အစုန်အဆန် အပြန်ပြန်သွားနေရသော ပန်းဗေဒါတို့၏ ဘဝအားမာန်ကို ဗေဒါလမ်း ကဗျာမှာမှ သူတွေ့ခဲ့ရသည်။

သူတို့ ဘယ်အထိ စီးမျောနေမလဲ။ ဘယ်လောက်ကြာကြာ ခံနိုင်ရည်ရှိမလဲ။ အစုန်အဆန်ခရီးခွာ အနှောင့်အယှက်



တစ်စုံတစ်ရာကြောင့်ပဲ ပျက်စီးသွားမလား။ သက်ပြင်းကို ချလျက်မှ ပြတင်းပေါက်ကို ပိတ်လိုက်သည်။ အပြင်ဘက်မှ မိုးစက်တို့၏ တဖြောက်ဖြောက်အသံကို ကြားရ၏။ အိမ်ရှေ့ အကာမရှိသော ဟင်းလင်းပြင်မှာပဲ သူ လှဲအိပ်နေလိုက်သည်။

*

ရန်ကုန်သို့ ဒုတိယအကြိမ် သူ ရောက်ခဲ့ပြန်သည်။ သည်တစ်ခါတော့ ဆုံးဖြတ်ချက် ခိုင်ခိုင်ချခဲ့ပြီ။ ဘယ်သို့နည်းနှင့်ဆို ရွာကိုပြန်ဖို့ စိတ်မကူးတော့။ သူ့ဘဝသည် သည်နေရာမှာပဲ အောင်မြင်ရမည်။

ဘယ်လို ရုန်းကန်လှုပ်ရှားမှုမျိုးကိုမဆို သူမကြောက်မရွံ့လက်ခံဖို့ စဉ်းစားဆုံးဖြတ်ထားပြီးသား။ သူ့ဘဝ၏ တိုးတက်မှုကို ရန်ကုန်မြေမှာပဲ ရှာဖွေနိုင်ရမည်။

မိမိကိုယ်မှတပါး အခြားယုံကြည်ကိုးစားရာဟူ၍ သူ့မှာမရှိ။ ကိုယ့်ကိုယ်ကို ယုံကြည်အားထားရမှုသည်သာ သူ့အတွက် အကြီးမားဆုံး အင်အားတစ်ရပ်ဖြစ်၏။ နောက်ထပ်ဖြတ်ကျော်ရမည့် ခရီးသည် ချောမွေ့အဆင်ပြေမှု အနည်းငယ်မျှ မရှိနိုင်သည်ကိုတော့ သူ သိပြီးသားဖြစ်သည်။

ရန်ကုန်ရောက်လာတော့ ဒေါ်ကြီးသိမ်း၏ အိမ်မှာ သူနေရသည်။ ရွာမှာထက် အနည်းငယ်သာ သာသော တဲ

သာသာ အိမ်ခပ်ယိုင်ယိုင်လေး တစ်လုံးဖြစ်ပြီး ဆယ်ရပ်ကွ ဈေးအနီးမှာရှိ၏။ မနက်စောစောထ၊ ထမင်းအိုးတ ဟင်းချက်စရာဝယ်ရန် ဈေးသွား၊ ဟင်းချက်၊ အဝတ်လျှေ မီးပူတိုက်၊ အိမ်ရှင်း၊ ရေသယ် စသော အလုပ်မျ မိန်းကလေး တစ်ယောက်လို အကွက်စေ့အောင် လု သည်။

ဒေါ်ကြီးသိမ်းက မနက်အိပ်ရာထ၊ ရေမိုးချိုး၊ ဘု ကန်တော့ကာတည်းက အိမ်မှ ထွက်သွားတတ်သည်။ ဒေါ်ကြ သိမ်း သည်အတိုင်း ပုံထားခဲ့သော အင်္ကျီ၊ လုံချ အတွင်းခံအင်္ကျီပါမကျန် လျှော်ဖွပ်ပြီးမှ ဒေါ်ကြီး သိ ဗေဒင်ဟောသည့်နေရာသို့ မနက်စာ ထမင်းသွားပို့ ရ သည်။ ပြန်လာတော့ ရေသယ်၊ ရေခပ်၊ အိမ်ရှင်းပြီး နေ့ခင်း တရေးတမော အိပ်ရ၏။

ရွာမှန္တားနှစ်ကောင်ဖြင့် ရွှံ့ဗွက်ထဲမှာ ရုန်းရင်း လယ် ရသည်ကို ပင်ပန်းသည်ဟု သူမထင်မိခဲ့။ နံနက်ခင်း နေ ကြီး ထွက်ပေါ်လာသည့် အရှေ့ဘက် ကောင်းကင် အိပ်တန်းထစ ငှက် ပျံသန်းသွားသည်ကို မြင်ရသည့်အ တိုင်း စိတ်မှာ လန်းဆန်းလျက် သူ ပျော်မွေ့နှစ်ခြိုက် တတ်၏။

ခုတော့ ဆင်ခြေဖုံးရပ်ကွက်၏ အိမ် ခပ်ကျဉ်းကျဉ်း လုံးထဲမှာ သူ့ဘဝကိုအကျဉ်းကျထားရပြီဖြစ်သည်။ ကျော ဖွင့်ရက် တဖြည်းဖြည်း နီးလာသောအခါ ကျောင်းတက် မျှော်လင့်ရင်း သူ စိတ်မောရပြန်သည်။



"ဒေါ်ကြီး ကျောင်းတွေ ပြန်ဖွင့်တော့မယ်နော်"

"အေးလေ"

"ကျွန်တော့်ကို ဘယ်ကျောင်းမှာ အပ်ပေးမှာလဲ"

ဒေါ်ကြီးသိမ်းက ဆေးပေါ့လိပ်ကို ခပ်ပြင်းပြင်း ဖွာ လိုက်ပြီးမှ....

"ဒီ အနီးအနား ကျောင်းမှာပဲပေါ့ဟယ်"

ဟု ဆုတ်ဆိုင်းဆိုင်းဖြေသည်။ မျှော်လင့်ထားရသည်တို့ မသိမသာ မှိန်ဖျော့လာ၏။ သိပ် အာရုံခင်စားမှု ရှိပုံမရ သော ဒေါ်ကြီးသိမ်း၏မျက်ဝန်းတို့ကို ငေးမောကြည့်မိရင်း နောက်ထပ်တစ်နှစ် ကျောင်းမတက်ဘဲ အချိန်တွေ ကုန်ဆုံး သွားမည်ကို နှမြောထိတ်လန့်စွာ

"ကျွန်တော့်ကို တကယ် ကျောင်းထား ပေးမှာ လား"

ဟု လေသံပျော့ပျော့ဖြင့် မေးမိပြန်သည်။

"ဩော်....ဒီကောင်လေးဟာ"

ဒေါ်ကြီးသိမ်းက သူ့ကို မျက်စောင်းထိုးကြည့်သည်။

"ငါလည်း ပိုက်ဆံ သိပ်မဝင်သေးဘူး။ ဒါပေမယ့် ကျောင်းဖွင့်ရက်ဆိုရင်တော့ ငွေကြေး အဆင်ပြေမယ်လို့ ထင်ရတာပဲ။ အဲတော့မှ နင့်အတွက် ကျောင်းဝတ်စုံတွေ ဘာတွေ စီစဉ်ပေးမှာပေါ့။ အဲဒီကျောင်းက ဆရာမကို လည်း ငါမေးထားပါတယ်"

သူ ငြိမ်သက်နေလိုက်ရသည်။ ဒါထက်ပိုပြီး သူ ဘာမှ မပြောနိုင်ခဲ့။ ခုချိန်မှာတော့ သူ စိတ်ရှည်သည်းခံရမည်သာ ဖြစ်သည်။ သူက အလိုဆန္ဒရှိသူကိုး။

သို့ပေမယ့် တဖြည်းဖြည်း ကုန်ဆုံးလာသည့် မျှော်လင့်ချက်တို့ကို တစ်စစီ ပြန်လည်စုစည်းရင်း အရာမထင်ခဲ့ရပြီ။ ကျောင်းဖွင့်ရက် ရောက်လာတော့ အနည်းငယ်သာ ကျန်ရှိခဲ့သည့် သူ့မျှော်လင့်ချက်တို့ အပိုင်းအစများအဖြစ် ပေါက်ကွဲ ပျက်စီးသွားတော့သည်။

အဖြူအစိမ်း ကျောင်းဝတ်စုံကလေးများဖြင့် ကျောင်းသူ ကျောင်းသားများကိုမြင်တိုင်း ရင်မှာ တစစ်စစ် နာကျင်လာသည်။ အုံကြွိတ်ရင်း ဝဲလာသော မျက်ရည်များကို လက်ခုံဖြင့် ခပ်ကြမ်းကြမ်း ပွတ်တိုက်သုတ်ပစ်ရင်း နောက်ထက် အစွမ်းအစ တစ်ခုတလေမှပင် မရှိနိုင်တော့ဘူးလား ဟု မိမိကိုယ်မိမိ အားမလို အားမရစိတ်နှင့်အတူ ဒေါသ အစိုင်အခဲတို့ ကြီးမားလာရသည်။

ကျောင်းဖွင့်ရက်, နှစ်ပတ်ကျော်သောအခါ ဘာလုပ်ရမည်ကို သေချာနားလည်လာတော့သည်။

''ကျွန်တော့်ကို ကျောင်းထားပေးမှာလား''

ဟု ဒေါ်ကြီးကို သူ ထပ်မေးသည်။

''ငါ့မှာ ပိုက်ဆံမရှိသေးလို့''

ဟု သူမ ပြန်ဖြေသောအခါ သူ့မှာ နောက်ထပ် ရွေးစရာလမ်း မရှိတော့ဟု သဘောပေါက် လိုက် ရ တော့ ၏



နောက်တစ်နေ့ ဒေါ်ကြီးအိမ်မှ ထွက်သွားသောအခါ သူ၏ အဝတ်အစား အဟောင်းကလေးများကို စုထုပ်ပိုးပြီး သူ အိမ်မှခွာဖို့ပြင်သည်။

အိမ်ပေါက်ဝရောက်တော့မှ တစ် ဘက် အိမ် မှ ကိုမြင့်အောင်က သူ့လက်ထဲမှ အထုပ်ကို မေးဆတ်ပြရင်း....

''ဘယ်သွားမလို့လဲ။ အထုပ်အပိုးနဲ့''

ဟု လှမ်းမေးသည်။

''ကျွန်တော် ဒီအိမ်မှာမနေတော့ဘူး အစ်ကို''

''ဟေ....''

သူ အံ့ဩသွားပြီးမှ....

''မင်း ဘယ်သွားမှာလဲ''

ဟု ထပ်မေးသည်။

''မသိဘူး အစ်ကို။ ခြေဦးတည့်ရာ။ ကျွန်တော် ရွာလည်း မပြန်ချင်တော့ဘူး''

''ဟာ....အဲလိုမလုပ်နဲ့လေ။ ငါ့ညီ မင်း ရွာပြန်မှ ဖြစ်မယ်။ ရန်ကုန်မြို့ကြီးမှာက အထောက်အခံမရှိဘဲ တော်ရုံ အလုပ်လုပ်စားဖို့ မလွယ်ဘူး။ မင်း သိသားပဲကွာ။ မင်း ရွာပြန်ပါ''

''ကျွန်တော် ဒီတစ်ခေါက် ရွာကို ပြန်မသွားတော့ဘူးလို့ ဆုံးဖြတ်ထားတာဗျ''

''အေးပါကွာ။ ဒါပေမယ့် မင်း ဒီမှာမနေရင် ဘယ်မှာစားပြီး ဘယ်နေရာ သွားအိပ်မလဲ။ ရန်ကုန်မြို့ကြီးမှာ

ကျော ချစရာ နေရာတစ်နေရာကောင် ဘယ်လောက်ရှားပါး တယ်ဆိုတာ မင်း အသိပဲ။ ကိုယ့်ရဲ့ တန်ဖိုးရှိတဲ့ဘဝကို အကျိုး မဲ့ ဖျက်ဆီးမခံချင်စမ်းပါနဲ့ကွာ။ မင်းဘဝအတွက် မျှော်သင့် ချက်တွေ ရှိပါသေးတယ်။ အချိန်တွေလည်း ရှိပါသေး တယ်။ စိတ်ရှည်ရှည်နဲ့ လမ်းမှန်ပေါ် လျှောက်နိုင်မယ့် အချိန်အထိ စောင့်စမ်းပါ။ ဒီအတိုင်းလျှောက်သွားနေရင် မင်းဘဝ ပျက်ဆီးသွားလိမ့်မယ် ငါ့ညီ။ အဲ့တော့ မင်း ရွာကိုပဲပြန်ပါ။ ရွာမှာက ကိုယ့်ကို ဖေးမမယ့် အသိုင်း အဝိုင်း အဆွေအမျိုးရှိတယ်။ ဘယ်လောက် ဆင်းရဲ ဆင်းရဲ ဘဝပျက်တဲ့အထိတော့ မဖြစ်နိုင်ဘူး။ အစ်ကိုပြောတာ မင်း နားလည် မို့လား''

''ဟုတ်ကဲ့ အစ်ကို''

သူက ခေါင်းညိတ်ပြလိုက်သည်။ သူ့အတွက် ဖေးမအား ပေးသည့် စကားတစ်ခွန်းမို့ ကိုမြင့်အောင်ကို ကျေးဇူးတင် ၏။ ကျယ်ပြန့်သလောက် ရှုပ်ထွေးလွန်းသည့် ရန်ကုန်မြို့လို နေရာမှာ သူလို ဆယ့်ရှစ်နှစ် မပြည့်သေးသည့် လူငယ်တစ် ယောက်အတွက် ဘယ်လိုမှ မှန်မှန်ကန်ကန် အသက်ဆက်ရှင် နေနိုင်ဖို့ မလွယ်ကူပါလေ။

''ကဲ.... ဒါဆို ရော့။ ဒါကို လမ်းစရိတ် လုပ်သွား''

ကိုမြင့်အောင်က သူ့ အင်္ကျီအိတ်ထဲမှ ငွေတချို့ကို ထုတ် ပေးသည်။

''ကဲ.... သွားတော့''



''ကျေးဇူးတင်ပါတယ် အစ်ကို''

သူ့ တစ်သက်တာ မှတ်မှတ်ရရ ဖြစ်နေမည့် လူအနည်းစု ာ ကိုမြင့်အောင်သည်လည်း တစ်ယောက် အပါအဝင် ်သည်။ ပြောမပြတတ်နိုင်သော ဝမ်းနည်းမှုကြားမှ ပီတိ ရင်ထဲမှာ စိမ့်ခနဲအေးသွား၏။

''အေး.... ရွာရောက်အောင်တော့ ပြန်နော်''

''စိတ်ချပါ အစ်ကို။ ကျွန်တော် ရွာပြန်မှာပါ''

ကိုမြင့်အောင်က သူ့ခေါင်းမှ ဆံပင်များကို ပွတ်သပ် ်က်ရင်းမှ....

''မင်းကို လမ်းပေါ်က လေလွင့် လူငယ်တစ်ယောက် ဖြ်နဲ့တော့ မမြင်ပါရစေနဲ့ကွာ''

ဟု တစ်သက် မမေ့နိုင်စရာ စကားလက်ဆောင်ကိုဆို၏။

''ဟုတ်ကဲ့ အစ်ကို။ ဘဝကိုအောင်မြင်တဲ့ လူတစ်ယောက် နဲ့ပဲ အစ်ကိုတို့ကိုကျွန်တော်ပြန်လာတွေ့ပါ့မယ်။ အစ်ကို းဇူးကို ကျွန်တော် တစ်သက် မမေ့ပါဘူး အစ်ကိုရယ်''

ကိုမြင့်အောင်ကို နှုတ်ဆက်ပြီး ခနော်ခနဲ့ လမ်းမအတိုင်း ်ခဲ့ရသည်။ ခုတော့ ရန်ကုန်မြို့ကို အတော်အသင့် ကျွမ်း ်နေပြီဖြစ်သည့်အတွက် ကြည့်မြင်တိုင်ဘူတာသို့သွားရန် က်အခဲ သိပ်မရှိလှတော့။

ဪ....

သည့်တစ်ခေါက် ရွာပြန်ခရီးသည်လည်း သူ့ အတွက် ခဲ့ပါလားလေ။

*

"အမလေးဟယ် ... ငါ့မောင်လေးကို ငါတောင် မခိုင်း ရက်ဘူး။ မတတ်သာလွန်းလို့ သူ့ ပညာရေးမို့ သာ ရှေ လိုက်ရတာ။ ဒေါ်ကြီးသိမ်းတို့များ ရက်စက်လိုက်တာဟ ငါ့မောင်ကို သက်သက် အညွန့်ကျိုးအောင် လုပ်တာ"

ရွာပြန်ရောက်တော့ ဖြစ်သမျှ အကုန်အစင်ကို မမအာ ပြောပြရသည်။ မမက ဒေါ်သတကြီး ဖြစ်လျက် ဒေါ်ကြ သိမ်းကိုသာ အမျိုးမျိုး ကျိန်ဆဲနေတော့၏။ သူကတေ ကျောင်းပြန်တက်ဖို့အရေးကိုသာ အကြံ ကုန်သလောက် ပါး စဉ်းစားနေသည်။ လယ်ပဲ ပြန်လိုက်ရမလား။ ဒေ မဟုတ် မမနှင့်အတူ ကိုင်းပဲလုပ်ရမလား၊ ဟသ်ာတမြို့ဆေ တက်ပြီး ဈေးရောင်းရမလား။

သို့ပေမယ့် ကံကောင်းထောက်မစွာ သူ အလုပ်မလုပ် ကျောင်းဆက်တက်ခွင့် ရခဲ့သည်။ ထိုနှစ်မှာပဲ မမက ဒုတိ အိမ် ထောင် ပြု လိုက်၏။ ထို့ကြောင့် ရှေ့ပိုင်း နှစ်ဝက် ဦးကြီးတို့အကူအညီဖြင့် ကျောင်းတက်ခဲ့ရပြီး နောက်ထ နှစ်ဝက်ကိုတော့ မမက ကျောင်း ပြန် ထား ပေး နိုင် သ ကျောင်းပိတ်ရက်တွေမှာ စာကျက်ရင်း မမနှင့် ယောက်ဖ ကူညီ၏။ ကျောင်းကိုတော့ အရင်ပုံစံအတိုင်းပင် သုံးမိုင် ပါးခရီးကို လမ်းလျှောက်တက်ရဆဲပင်။ သို့ပေမယ့် သူ ပါသည်။

ရွာနှင့်မြို့ဝန်းကျင်မှာ သူ့အတွက်လွတ်လပ်ပျော်ရွှင် ချည်းပင်ဖြစ်သည်။ နံနက်စောစော ရေတွင်းဆီမှ ရေငင် သယ်ထည့်ပြီးထမင်းကြမ်းစားလျက် သူ ကျောင်းသွားသ



နံနက်ခင်း လယ်ကွင်းပြင်နှင့် ချောင်းငယ်ကို ဖြတ်သန်းလာ သောလေသည် ဦးနှောက်ကို ကြည်လင်လန်းဆတ်နေစေ၏။ ချင်းကုန်းကျောင်း ရောက်တော့လည်း အားလပ်ချိန်မှာ ကုက္ကိုပင် ရိပ်အောက်ထိုင်ရင်း ထမင်းစားကြ၊ စာကျက် ကြ၊ ကစားကြနှင့် ပျော်ဖို့ကောင်းခဲ့သည်ပဲ။

သည်လိုနဲ့ပဲ သူ ရှစ်တန်း အောင်ခဲ့သည်။ နောက်ထပ် ကိုးတန်းတစ်နှစ်ကို ဖြတ်သန်း လာခဲ့ပြန်၏။ ပညာထူးချွန် သော ကျောင်းသားတစ်ယောက်အဖြစ် ရွာကျောင်းမှာ သူ ထင်ပေါ်ခဲ့သည်။ အေးအေးခင်ကတော့ ရှစ်တန်း အောင် ရင်း ထွက်ပြီးကတည်းက ဟသ်ာတသို့ ပြောင်းသွား၏။

ကျော်ညွန့်နှင့် ဝင်းရီကတော့ သူနှင့် အတူတူရှိနေဆဲပင်။ သို့ပေမယ့် ပြောင်းလဲလာသော အချိန်ကာလအလျောက် အရင်ကလို ရင်းနှီးခင်မင်မှု အစား တစ်ယောက်နှင့် တစ် ယောက်ကြီးပြင်းလာသောအရွယ်က စည်းခြား ထားလိုက် သလို ခပ်တန်းတန်း ဖြစ်သွားကြသည်။

သူ ကိုးတန်းစတက်သည့်နှစ်မှာ မမက သမီး အကြီးဆုံး လေးမွေးသည်။ အိမ်ထောင်တာဝန် ပိုမို များလာသည့် အတွက် မမနှင့်သူပင် အေးအေးဆေးဆေး စကားမပြောဖြစ် တော့။ အိမ်စီးပွားရေးကတော့ ချောင်ချောင်လည်လည် ရှိလှဘဲကျပ်တည်းနေဆဲပင်ဖြစ်၏။ကြာတော့ သူ မမကိုအား လာရသည် အမှန်။ တကယ်ဆို သူ့အသက်အရွယ် အရ မမ အိမ်မှာ ခိုကပ်နေဖို့ မကောင်းတော့။ သို့ပေမယ့် သူ့မှာ လုပ်လုပ်ရန်လည်း အချိန် လုံလုံလောက်လောက်မရ။ လယ်

စိုက်၊ကိုင်းစိုက် အလုပ်က တစ်နေကုန် တစ်နေခန်း နေရောင်အောက် မြေကြီးပေါ်မှာသာ အချိန်ကုန်ရသည်။

အဲသည်တော့ မနက်အစောကြီး ကျောင်းသွားပြီး ညနေစောင်းမှ ပြန်ရောက်တတ်သော သူ့အဖို့ မမတို့နှင့် ကူညီအလုပ်လုပ်ရန် အချိန်လုံလုံလောက်လောက်မရ။ သည်ကြားထဲ စာကျက်ချိန်ဆိုင် သူ့မှာ အနိုင်နိုင်။ အဲသည်နှစ်တွေက အချိန်ဘယ်လိုကုန်မှန်း မသိလောက်အောင်ပင် မြန်ဆန်လွန်းသည်ထင်၏။ အရင်လို ပြဇင်းပေါက်ကလေးမှာရပ်ပြီးအစုန်အဆန် သွားနေကြသော ဗေဒါပင်ကလေးများကိုပင် သူမငေးဖြစ်ပေ။

နောက်ထပ်တစ်နှစ်တော့ သူ အင်ကုန်အားကုန် ကြိုးစားရလိမ့်ဦးမည်။ နောင်နှစ် ဇွန်လဆို သူ့အသက် တစ်ဆယ့်ရှစ်နှစ်ပြည့်ပြီ။

နောက်ပြီး သူ ဆယ်တန်း....

ပန်းတိုင်ကိုတော့ ခပ်ရေးရေး မြင်ရပြီ ဟူ၍တော့ သူ့ဝိဘ်ထဲမှာ ဆင်သည်။ •

*

ခရမ်းပြာ (၈)

ကိုးတန်းအောင်ပြီး ဆယ်တန်း တက်မည့်နှစ်မှာ သူရန်ကုန်ကို တတိယအကြိမ် ရောက်ခဲ့ရပြန်သည်။ အဲသည် အချိန်ကာလတွေကတော့ သူ့ဘဝကို ပြောင်းပြန်လှန်ပစ်မည့်ကာလအပိုင်းတွေပဲ ဖြစ်ခဲ့၏။ ပြန်စဉ်းစားတိုင်းလည်း နောင်တနှင့် ယှဉ်သော ပီတိဖြင့် ကျေနပ်စရာဘဝစိတ်တစ်ပိုင်းဖြစ်ခဲ့၏။ နောက်ပြီး ပြန်လည်ပယ်ဖျက်မရသော၊ ပြန်လည် တောင့်တပိုင်းဂျည်း မရသော အတိတ်ကာလများလည်း ဖြစ်ခဲ့သည်။ သူ့အတွက် မေ့ထားချင်သော်လည်း မေ့ပစ်၍ မဖြစ်နိုင်သော အမှတ်တရ ဘဝတစ်ပိုင်းလည်း ဖြစ်ခဲ့သည်လေ။ သူ ကိုးတန်းအောင်ပြီးသောအခါ ရွာသို့ အဖေပြန်ရောက်လာသည်။ သူ့ကို ရန်ကုန်မှာ ဆယ်တန်းဖြေဖို့ ပြောသည်။ မမဘို့မိသားစုကို ထားရစ်ခဲ့ပြီး သူ ရန်ကုန် ရောက်လာခဲ့ပြန်သည်။

အဖေက သူ့မိတ်ဆွေ တစ်ယောက်အိမ်မှာ သူ့ကို ထ ယောက်တည်း ထားခဲ့သည်။ အိမ်ငှားမတင်ခင်မှာအိမ်စော သဘော ထားခဲ့ခြင်းဖြစ်၏။ နောက်ပြီး ကျောင်းအပ်ပေ သည်။ နောက်ထပ် ရပ်တည်နိုင်ရန် သူအလုပ်ရှာရတော့၏ နေ့လယ်ဘက် ကျောင်းတက်ပြီး ညဘက် အလုပ် လုပ်နိုင်မည် နေရာမျိုး အလုပ်မျိုးကို သူစုံစမ်းသည်။

အရင်ဆုံး သူ၀ဏ္ဏ မီးခြစ်စက်ရုံမှာ သူအလုပ်ရသည်။ ထ ပြိုင်နက်ဘည်းမှာပင် မနက်ပိုင်း သူကျောင်းတက်ရ၏။ နေ့ ခင်းမှာ ခဏအိပ်ပြီး သူစာကျက်ရသည်။ညဘက် စက်ရုံအလု ဆင်းရ၏။ အသက်ရှူစရာ အချိန်မှ ရပါ့မလားဟု သူ့ကိုယ် သူ ရယ်ချင်ချင် တွေးမိသည့်ကြားမှပင် သူ မသိလိုက်သော ခန္ဓာကိုယ်၏ အစိတ်အပိုင်းတစ်ခုက အလုပ်လုပ်နေခဲ့ပြီ။

ဘာတစ်ခုမျှ ရေရေရာရာ မရှိသေးခင်မှာပင် သူ့ နှလုံး သားမှာ ပုံရိပ်တစ်ခု ထင်လာခဲ့ပြီဖြစ်၏။ ဘယ်လို ရှောင်တိမ်း ရန်းထွက်ရမလဲ။

သူသည် အရွယ်ရောက်ပြီး အချစ်ကို နားလည်ခံစားတ သည့် အရွယ် ရောက်နေပြီ။ အဲတော့ ကျောင်းတက်ချိန် ကို သူပိုပျော်လာရတော့သည်။ တွယ်ငင်စရာ သံယော တစ်ပိုင်းတစ်စက သူ့ကို ဒုက္ခါသောက ပျော်ရွှင်မှုများ ဆောင်လျက် ရစ်ပတ်ထားခဲ့ပြီ ဖြစ်သည်။

မနက်စောစော ဈေးသွား၊ ချက်ပြုတ်ရသည့် အတွ ကျောင်းကို သူအမြဲ နောက်ကျပြီးမှ ရောက်သည်။ လူစုံ



သော အတန်းထဲသို့ အားလုံး၏ စူးစမ်းသော အကြည့်များ ဖြတ်လျက် ဝင်ရ၏။သူထိုင်သောခုံက အတန်း ရှေ့ဆုံးမှ ရေတွက်လျှင် တတိယမြောက် တံခါးပေါက်နှင့် ကပ်လျက် အစွန်တန်း ဖြစ်သည်။ ထိုအခါဆရာ့စားပွဲခုံ အလည်ခုံတန်း ၏ ဘိပ်ဆုံးအစွန်မှာထိုင်သော "မခင်ထားရီ" နှင့် သူမကြာ ခဏ မျက်လုံးချင်း ဆုံဖြစ်တော့၏။

ကရုဏာရိပ်တို့ဖြင့် နူးညံ့သော သူမ၏ မျက်ဝန်း တို့သည် သူ့ကို ရင်ခုန်စေအောင် တတ်နိုင်ခဲ့၏။ တစ်ခါ တစ်ရံသာ မကြာတတ်သော အိပ်မက်ချိန်များတွင် သူမ၏ အရိပ်ကို တွေ့ရပြန်သည်။ သိပ် မထူးဆန်းသော ဇာတ်လမ်း ကလေး တစ်ပုဒ်ပါပဲ။

သို့ပေမယ့်....

သည်အကြောင်းသည်လည်း သူ့ဘဝ၏ မှတ်တိုင် ဖြစ် သည်။

အတန်းထဲမှာ အပေါင်းအသင်း များများစားစား ရှိသော သူနှင့် သွက်လက်သော မခင်ထားရီတို့၏ ရင်းနှီး မှုသည် တကယ်တော့ အံ့ဩစရာ မကောင်းလှပါ။

"သမိုင်းစာအုပ် ခဏငှားပါလား"

ဟု သူမက လည်းကောင်း....

"အင်္ဂလိပ်စာ နားမလည်လို့"

စသဖြင့် သူကလည်းကောင်း....သင်ခန်းစာများကို ရှာဖွေ တတ်ကြသည်။ အမှန်ကတော့ နှစ်ဦးသား မျက်လုံးချင်း

ဆိုမိတိုင်း နားလည်ထားပြီးသော နှလုံးသားမှ အဓိပ္ပာယ် များကို ရဲရဲတင်းတင်း ဖွင့်ဟ မပြောရဲသေးတာဘဲ ဖြ သည်။

သူ ကျောင်းမတက်နိုင်သော ရက်များမှာ....

''ဘာဖြစ်လို့ ကျောင်းမတက်တာလဲဟင်။ နေမကောင် ဘူးထင်လို့ စိတ်ပူနေတာ။ စာတွေ တို့လည်း ကူ ကူး မယ်လေ''

ဟူ၍ မခင်ထားရီ ဂရုတစိုက်ရှိမှုကို သူသိအောင် ပြတ သည်။ သို့ပေမယ့် ဖွင့်ပြောရဲဖို့ကိုတော့ အတော်ကြီးကို ကြိုးစားခဲ့ရသည်ဖြစ်၏။ မပြောခင်ကတည်းက သိထားနှ ပြီဖြစ်သော မခင်ထားရီထံမှ ခေါင်းညိတ် အဖြေရဖို့လည် သူ့အတွက် မခက်ခဲလှပါ။ သို့တိုင်လျက်....

အဲသည်အချိန်တုန်းက သူ ရင်ခုန်နေတတ်သည်။ ဒါ လည်း ချစ်ခြင်းဟု ယုံကြည်နေခဲ့၏။ (ရင်ငြိမ်းနှင့် တွေ့ လည်း ရင်ခုန်ခဲ့ပေမယ့် အဲသည် ဆယ်ကျော်သက်ကလိုတေ မတူညီနိုင်ဘူး ထင်သည်။)

''မောင်က ဆင်းရဲတယ်နော် ထား။ မောင့် ဘဝ မောင်တစ်ယောက်တည်း ရုန်းကန်နေရတာ။ အဲ မောင့်အပေါ်မှာတော့ ထား အတတ်နိုင်ဆုံး နားလည် ပါလို့ မောင် တောင်းပန်ချင်တယ်''



သူက စကတည်းက သူ့ဘဝ အခြေအနေကို ထား နားလည်စေချင်ခဲ့၏။ ထားက သူ့စကားအဆုံးမှာ ခပ်ပြုံးပြုံး ခေါင်းညိတ်တတ်မြဲ။

အချစ်ဖြင့် ဘဝကို ပြီးပြည့်စုံအောင် မစီရင်နိုင်သည့်အတွက် သူ မယုံမရဲဖြစ်ရသည်မှာလည်း အပြစ်တင်စရာမရှိပါ။ တကယ်တော့ နှလုံးသား၏ဆန္ဒကို မလွန်ဆန်နိုင်ခဲ့ခြင်းကပင် သူဘဝကို ပထမဆုံးအကြိမ် ကျရှုံးခဲ့ခြင်း ဖြစ်လေသည်။

ကျောင်းပိတ်ရက်များမှာ သူ စာကျက်သည်။ သည် တစ်နှစ်ကို အောင်မှဖြစ်မည်ဟု ခိုင်ခိုင်ချသားသော ဆုံးဖြတ်ချက်သည် ထားကို သတိရစိတ်ကြောင့် ယိုင်နဲ့လုလုဖြစ်လာ၏။ အချစ်ဦး 'ထား'သည် သူ့ဘဝမှာ အရေးကြီးဆုံး၊ အမျှော်လင့်ဆုံးဟု အဲသည်အချိန်က သူထင်ခဲ့၏။ 'ထား' သည် အမေနှင့် မမပြီးလျှင် သူ့ဘဝမှာ သံယောဇဉ်အကြီးဆုံး မိန်းကလေးတစ်ယောက် ဖြစ်ခဲ့သည်။

စနေ၊ တနင်္ဂနွေ အားလပ်ချိန် အနည်းအကျဉ်းမှာ သူ ထားနှင့် တွေ့ရသည်။ အရူးအမူးအချစ်မို့ ခွဲခွာရမည့်အချိန်တို့ကို သူ ရွံမုန်းမိတော့၏။

အချိန်တိုင်း ထား အနားမှာသာ ရှိနေချင်ခဲ့သည်။ ထားကို လက်တွဲပြီး နောက်ထပ် ရှေ့ဆက်ရမည့်အချိန်ကာလများစွာမှာ သူအဓိပ္ပာယ် ပိုရှိလာလိမ့်မည်။ သည်လိုပဲ သူ ယုံကြည်ထားသည်။

'ထား'သည် တလေးတနက်ထားနိုင်သော သူ့အချစ်တို့ကို ပထမဦးဆုံး ရရှိခဲ့သူ ဖြစ်သည်။

*

"ထားအနားမှာ အမြဲနေပြီး ထားကို သိပ်ချစ်တဲ့ အကြောင်းတွေချည်းပဲ မောင် ပြောချင်ပါတယ် ထားရယ် ဒါပေမယ့် မောင့်ဘဝက"

ထားက သူ့နှုတ်ခမ်းကို လက်ဖဝါးဖြင့် လှမ်းပိတ်သည်။ ထား လက်ဖဝါးကို လှမ်းဆုပ်ထားလိုက်ရင်း မော့ကြည့်နေသည့် ထား၏ သနပ်ခါးဖရောင်ပါးပြင်ကို ဖွဖွမွှေး၏။ တားက ရှက်စနိုး ခေါင်းငုံ့သည်။

"အဲဒါတွေကို ပြောမနေစမ်းပါနဲ့ မောင်ရယ်။ ထား အားလုံးသိထားပြီးသားပါ။ ထားတို့အတွက် အချိန်တွေ အများကြီးရှိသေးတာပဲ။ ဒါပေမယ့် မောင်အနားမှာ မရှိတဲ့ အချိန်တွေမှာတော့ ထား မောင့်ကို လွမ်းတာပေါ့။ အဲဒါ မောင် သိစေချင်လို့ပါ"

စကားဟတ်သော ထားနှုတ်ခမ်း နီထွေးထွေးကို သူ ချစ်သည်။ မပေါ်တပေါ် နှာတံကလေးနှင့် အနက်ရောင် မျက်ဝန်းကလေးများ အားလုံးပါပဲလေ။ ခါးလယ်အထိ ရှည်သော ထား၏ ဆံပင်ရှည်ရှည်ကိုတော့ သူ အမြတ်နိုးဆုံး



ပင် ဖြစ်၏။ အဲသည် ဆံပင်ရှည်ကြောင့်ပဲ ထား၏ နဂိုရှိပြီးသားအလှက ပို၍ ပေါ်လွင်နေသည်ဟု သူ ထင်သည်။

"မောင် ဆယ်တန်းအောင်ရင် ဘာလုပ်မလဲဟင်"

ထား အမေးကြောင့် တင်းတင်းဖက်ထားသော လက်တို့ပင် ပြေလျော့သွားချင်သည်။ ရှေ့မှာမြင်နေရသော ကန်တော်ကြီး ရေပြင်၏ အေးမြသောလေသည် အဆုတ်ထဲ အထိ စိမ့်ခနဲ တိုးဝင်လာနိုင်သော်လည်း ရင်ခွင်ကတော့ ပူလောင်လျက်ပင် ရှိသေး၏။

"ကျောင်း ဆက်တက်နိုင်ဖို့ ကြိုးစားရ မှာ ပေါ့ ထားရယ်။ မောင် ဘွဲ့တစ်ခုတော့ ရချင်သေးတယ်"

"မောင်ကတော့ အောင်မှာပါ။ စာ ကြိုး စား တာ ပဲ ဟာ"

"ထားလဲ အောင်ရမှာပေါ့။ ထားနဲ့မောင် အတူတူ ဘက္ကသိုလ်တက်ကြမယ်လေ။ နောက်ပြီး"

ထားက ပါးချိုင့်ကလေး ခွက်ဝင်အောင် ပြုံးလိုက်ရင်း....

"နောက်ပြီး ဘာဖြစ်လဲ"

မာု တိုးတိုးမေး၏။

"ဘွဲ့ရပြီးရင် မောင်တို့ လက်ထပ်ကြမှာပေါ့"

"အဲ...တာဘယ်လို့ ထား ကျသွားရင်ရော"

"ဟာ... ထားကလဲ"

သူက မျက်ခုံးကို တွန့်ရှုံ့ပြီး ထားကို ကြည့်လိုက်သည်။ ထားက သူမစကားကို သူမကိုယ်တိုင် သဘောကျစွာ အသံထွက် ရယ်မောနေ၏။

''ကဲ....ပြောပါဦး''

''ထားက ဘာလို့ကျရမှာလဲ။ စာကျက်ရင် အောင်မှာပေါ့''

''အင်းပါ။ တကယ်လို့ကျသွားရင် ပြောတာ''

သူက ကန့်ရေပြင်ဟိုဘက်ဆီမှာ မြင်နေရသော ကားလမ်းမကို လှမ်းမျှော်ကြည့်စဉ် ထားက ဆံပင်ရှည်များကို လက်ယာဖက် ပခုံးပေါ် ပြောင်းတင်လိုက်ရင်း သူ့ကို ခေါင်းငဲ့ကြည့်သည်။

''ထားသိပါတယ်။ အဲတော့ မောင်ကျောင်းက ကောင်မလေးတွေနဲ့တွေ့ပြီး ထားကို ပစ်ထားခဲ့မှာပေါ့ ဟုတ်လား''

''တော်စမ်းပါချစ်ရယ်''

ထားက တခစ်ခစ်ရယ်ရင်း သူ့ပခုံးပေါ် ခေါင်းမှီသည်။ ဘယ်တုန်းကမှ ထားကို ထားခဲ့ဖို့ သူ စိတ်မကူးမိ။ ဘဝမှာ နောက်ထပ်မျှော်လင့်ချက်တစ်စုံတရာ မမြင်ရမချင်း ခုလို တစ်နေ့ဝမ်းစာအတွက် တစ်နေ့ရုန်းကန်နေရဆဲလူ တစ်ယောက်ကို ထားက ချန်ရစ်ခဲ့မှာကိုသာ သူ တစ်ဖက်သတ် စိုးရိမ်ခဲ့ရသည်ပဲ။



''ချစ်ကို မောင်သိပ်ချစ်တယ်ဆိုတာ ချစ်သိရက်သားနဲ့''

ထားနှုတ်ခမ်းမှာ ယုံကြည်စိတ်ချသော အပြုံးရှိသည်။ သူ့ကိုယ်သူ အမြဲယုံကြည်စိတ်ချနေရမှတော့ ထားကိုလည်း သူ့အပေါ် ယုံကြည်မှုအပြည့်အဝ ရှိနေစေချင်သည် လေ။ ကန့်ရေပြင်ထဲမှ ခရမ်းပြာရောင် ပန်းကလေးများကို မြင်သောအခါ သူ ရွာကိုသတိရလာသည်။ ရွာနံဘေး ဒီချောင်းထဲမှ ဗေဒါတို့၏ဘဝက ဒီအတက်အကျကို အစုန်အဆန် သွားလာလျက် အမြဲတမ်းလှုပ်ရှားနေရသည်။ လမ်းခရီးမှာ အနှောင့်အယှက် အန္တရာယ်တို့ကလည်း အထပ်ထပ်။

သို့ပေမယ့် သူတို့ကတော့ ပန်းခရမ်းပြာ သရဖူကလေးဖြင့် ခေါင်းမော့ လန်းဆန်းနေဆဲဖြစ်သည်။

ကန့်ရေပြင်ထဲမှ ဗေဒါတို့ဘဝကတော့ တည်ငြိမ်လွန်းလိုက်တာ။ လှိုင်းပုတ်လျှင် ကမ်းအနားသို့ ကပ်လာပြီး လှိုင်းပြေးတော့ ကမ်းစပ်မှ အနည်းငယ် ခွာသွားပြန်သည်။ သူတို့၏ လှုပ်ရှားမှုက သည်လောက်ပါပဲ။

ဩော်....

ကြီးပြင်း ရှင်သန်ရာ ဒေသအခြေအနေချင်းက ကွာခြားပြီပဲ။

''မောင် ဘာတွေ စဉ်းစားနေတာလဲ''

တားက သူ့အနား တိုးတိုးကပ်မေးတော့မှ ငေးမောနေရာဆီ အကြည့်လွှဲရင်း—

"ဗေဒါကလေးတွေကို ကြည့်နေတာ"

ဟု ပြန်ဖြေဖြစ်သည်။

"ပြန်ကြရင် ကောင်းမယ်မောင်။ သိပ် နောက်ကျသွား လိမ့်မယ်"

"အင်း....သွားကြမယ်လေ"

"တနင်းလာနေ့ ကျောင်းတက်မှာလား"

"အင်းဟင်....တက်မှာပေါ့"

နှင်ယောက်အတူ ထိုင်ရာမှ ထ,သည်။

"ချစ်မျက်နှာကို တစ်နေ့မမြင်ရရင် မောင်က နေနိုင်တာမှ မဟုတ်ဘဲ"

'ထား'ထံမှ ကျေနပ်သည့်အရိပ်နှင့် မျက်စောင်းလှလှကို ရသည်။ သူက ထား၏နားရွက်ဖျားလေးကို ဖျတ်ခနဲ ခိုးနမ်း၏။

"ကဲ"

"ဟာ....ရက်စက်တယ်ကွာ"

ထားက သူ့လက်မောင်းကို လက်သည်းဖြင့် ဆွဲဆိတ်သည်။

"ထကယ်နာလို့လား"

"နာတာပေါ့"

သူက မျက်နှာကို ရှုံ့မဲ့ လိုက် သည်။ ထား မျက် လုံး ဝိုင်း သွားပြီး သူ့ကို မော့ကြည့်၏။ သူ့အပေါ်မှာ ထား အစိုးရိမ်ကြီးတတ်တာ သူ သိထားပြီးသား။



"တကယ်"

"တကယ်ပေါ့။ ထားက လက်သည်းကြီးနဲ့ဆိတ်တာကိုး"

"ဟာကွာ....ဆောရီး.... ဆောရီး... ပြစမ်း၊ တကယ်နာသွားလားထား။ ဘာလုပ်ပေးရမလဲဟင်"

သူက ခေါင်းငုံ့ပြီး ထားမျက်နှာအနားမှာ သူ့ပါးကို ကပ်ထားလိုက်သည်။

"မွှေး"

"သွား"

ထား ပါးပြင်ကလေး ရဲသွား၏။ သူက သဘောကျစွာ ရယ်လိုက်ရင်း ထားလက်ကိုဆွဲလျက် ထိုင်ခုန ကျသစ် ပင်အောက်မှ ထွက်လိုက်သည်။ ခပ်ဝေးဝေးမှာ ကရဝိက်ဟို တယ်လ်ကို မြင်ရသည်။ အတူယှဉ်တွဲနေသော ကရဝိက်ငှက်နှစ်ကောင်သည် သူနှင့် ထားဖြစ်၏။

"ဟိုမှာ ထားနဲ့မောင် တွေ့လား"

ဟု လက်ညှိုးညွှန်လျက် ပြောသောအခါ ထား သူ့ကို မျက်စောင်းထိုးပြန်သည်။ ထား၏ လှပသော မျက်စောင်းသည် သူ ကျေနပ်စွာ ခံယူလိုသော 'ဆု' ဖြစ်၏။

*

ဆယ်တန်း နှစ်ဝက်မှာပင် သူ အလုပ်တစ်ခု ပြောင်းရပြန်သည်။ ပထမစက်ရုံက ပျက်ရက်များသော သူ့ အတွက် သွားရေးလာရေးကအစ အဆင်မပြေသောကြောင့် ဖြစ်၏။ တွင်ခုံတစ်ခုမှာ သူ အလုပ် လုပ်ရပြန်သည်။ ညဘက် ကြေးအရည်ကြိုပြီး ပုံစံလောင်းသော အလုပ်ဖြစ်၏။

ဝင်ငွေ သိပ်မဆိုးလှသော်လည်း စက်ရုံမှာထက်ပိုပြီး သူ ပင်ပန်းတော့သည်။ အောက်ဘက် မီးဖိုမှ မီးအပူရှိန် ကြေးအရည်မှ ဟပ်သောအပူတို့ကြောင့် တစ်ကိုယ်လုံး နီရဲပူလောင်နေသည်။ အလုပ် လုပ်ရသည့် ညတိုင်းမှာ သူက ခပ်ငယ်ငယ် အတိုးပေါင်ပေါ မှာထိုင်ပြီး ကြားခဲ့ရဖူးသော အဝီစိငရဲကို သတိရနေသည်။

ဘယ်ကမ္ဘာက ဝဋ်ကြွေးများ သူ့ ထံမှာ ကပ်ပါလာ ခဲ့သည်မသိ။ ပုံဖော်သွန်းလောင်းရမည့် အနေအထားလောက်မှာ ပုံစံခွက်ထဲသို့ ကြေးရည်ကို သွန်း လောင်း ရ ခြင်း သည် သူ့ အတွက် အပင်ပန်းဆုံး ဖြစ်၏။

သူ့ လက်များ နီရဲပြီး တစ်ခါတစ်ရံ အပူလောင်ဖုများပင် ထ လာတတ်၏။ နောက်တော့ အသားမာတက်ပြီး လက်ဖဝါးပြင်တစ်ခုလုံး မာကြမ်းကြမ်းဖြစ်နေတော့သည်။ အလုပ်စ လုပ်စရက်က အပူမိပြီး သူ ကျောင်းမတက်နိုင်။ နှစ်ရက်လောက်နေမှ အသားကျပြီး သူ ကျောင်းပြန်တက်နိုင်ခဲ့၏။ သူ့ စာများကို ထားက ကူးပေးထားသည်။



"မောင် ဘာဖြစ်လို့ ကျောင်းမတက်တာလဲ"

ဟူသော ထားအမေးကို ဖြေဖို့ သူ အတော် အားယူခဲ့ရသည်။ နောက်ဆုံးတော့လည်း ထားကိုပဲ သူပြောပြဖြစ်ခဲ့တာပါ။

ထားက သူ့ ဘဝအတွက် အဖော် ဖြစ် သည် လေ။ သူ့ စကားအဆုံးမှာတော့ ထားကမျက်ရည်ဝဲသော မျက်ဝန်းများကို မျက်တောင် တဖျတ်ဖျတ်ခတ်လျက် ကာကွယ်လိုက်ရင်း....

"ပင်ပန်းလိုက်တာ မောင်ရယ်"

ဟု ဖျော့တော့စွာ ဆို၏။

"ဟုတ်တယ်၊ ပင်ပန်းတယ်ထား။ မောင့်ဘဝက အဲလို ပင်ပင်ပန်းပန်းရုန်းကန်မှလဲ မောင် ရောက်ချင်တဲ့ပန်းတိုင်ကို ရောက်ဖို့ နီးစပ်မှာ။ ရှေ့ဆက်ပြီး ပင်ပင်ပန်းပန်းရုန်းကန်ရသိမ့်ဦးမယ်။ ဘယ်လိုလဲ"

"ဘာကိုလဲ"

ထားက သူ့ စကားကို နားမလည်နိုင်။

"ဩော်....မောင်နဲ့ ရှေ့ဆက်လက်တွဲဖို့"

"မောင်နော်"

ထား ချက်ချင်း မျက်နှာတင်းသွားသည်။

"ဘာလဲ၊ မောင်က ထားနဲ့လက်မတွဲချင်တော့လို့လား၊ ဟုတ်လား"

“ဩော်….မောင်က ထား ပင်ပန်းစိုးလို့”

“ဒါဆိုလဲသွား၊ ထားကို မချစ်နဲ့တော့”

ထား စိတ်ဆိုးသွားပြီဟု သူသိသည်။ အချော့ ခံ ချင် နေသည့် ထားက သူ့ရှေ့မှာ မကြာခဏ စိတ်ကောက်တတ်၏။ သည်တစ်ခါတော့ ထား သူ့ကို တကယ်စိတ်ဆိုးပြီထင်သည်။

“ဘယ်သွားရမှာလဲ။ မောင်က ထားအနားမှာပဲ နေချင်တာ”

“အပိုတွေ”

“အေးပေါ့လေ၊ ခုမှတော့ ဆင်းဆင်းရဲရဲကောင်လေး တစ်ယောက်ကို အနားမှာ ဘယ်နေခိုင်းချင်ပါတော့မလဲ”

“မောင်နော်”

ထားက အံ့ကြိတ်ပြီး ချက်ချင်း မျက်ရည်တွေဝဲလာတော့သည်။ ထား၏အချစ်ကို သူ စိတ်ချယုံကြည်ထားပြီး ဖြစ်သည့်အတွက် ထားနှင့် ဘယ်တော့မှ ကွဲကွာသွားမည် မဟုတ်ဟုလည်း သူ စိတ်ချသည်။ သို့ပေမယ့် သူ့အောက်ခြေဘဝထဲမှာ ထား ပင်ပန်းမှာတော့ သူ တကယ်စိုးရိမ်မိ၏။

နောက်ပြီး ထားက သူ့အပေါ် ဘယ်လောက်အထိများ နားလည်ပေးနိုင်မှာမို့လဲ။ ဘယ်အချိန်ကာလအထိများ…

သူ့အစိုးရိမ်လွန် အတွေးတို့သည် ထားမျက်နှာကို မြင်တိုင်း လျှပ်ပြက်သလို ပျောက်ကွယ်သွားရစမြဲဖြစ်၏။ တကယ်တော့ ထားကို ခွဲခွာသွားဖို့ ဘယ်လိုမှ မဖြစ်နိုင်မှန်း သူ့ကိုယ်သူ သိသည်။



“မောင်ရယ်၊ တခြားအလုပ် လုပ်စမ်းပါ။ အဲဒီအလုပ်ကြီးက ပင်ပန်းပြီး ကျန်းမာရေး ထိခိုက်တယ်။ အဲဒါကြာရင် စာကျက်ချိန်တွေ ပျက်ပြီး မောင် စာမေးပွဲမဖြေနိုင်ဘဲ နေလိမ့်မယ်နော်”

တားရန် မလွယ်မှန်းသိသည့်အတွက် ထားက သူ့ကို စာမေးပွဲနှင့် အကြောင်းပြသည်။ စာမေးပွဲကျမှာကိုတော့ သူ အလွန် ကြောက်တတ်၏။ ဒါကိုလည်း ထားက သိထားလေသည်။

“ဒီတစ်နှစ် မအောင်ရင် နောင်နှစ် အ တွက် ဆို တာ က လွယ်တာ မဟုတ်ဘူးနော် မောင်။ အဲဒါကိုလဲ သတိရဦး”

“အံမယ်၊ သူများကိုသာ ပြောနေ။ ကိုယ့် ဘာ သာ ပဲ ကျက်စမ်းပါဦး”

“ကျက်တော့ ကျက်တာပဲ။ ထားက မောင့်လောက်မှ ဉာဏ်မကောင်းတာ”

“ဒါပေမယ့်ကွယ် ထားကိုတော့ မောင်နဲ့အတူ အောင်စေချင်တယ်”

ထားက သက်ပြင်းချပြီး စကားလွှဲတော့သည်။ ကျောင်းမှာတော့ သူတို့နှစ်ဦး စကားပြောဖို့ အချိန်မရ။ ဆရာဆရာမတွေက စည်းကမ်းကြီးသည်။ နောက်ပြီး အထက်တန်းကျောင်းသည် တက္ကသိုလ် မဟုတ်သေးသည့်အတွက် လူသိခံရမှာကိုပင် သူတို့နှစ်ဦးစလုံး ရှက်ကြောက်နေတတ်ကြသည်။

စနေ၊ တနင်္ဂနွေ 'ထား' ကျူရှင်သွားသည့်ရက်များ မှာမှ သူက ကျူရှင်လမ်းထိပ်မှာ သွားစောင့်နေရသည်။ ကျူရှင်အပြန် တစ်နာရီနီးပါးလောက်တော့ စကားပြော ချိန်ရကြ၏။ တစ်ခါတလေသည်း အကြောင်းကိစ္စ ရှိ၍ ကျူရှင်ပိတ်လိုက်သည့်အခါ ထားက အိမ်မပြန်ဘဲ သူတို့ တစ်နေရာရာသွားကြသည်။

အိမ်ပြန်ရောက်လျှင် သူ ဘယ်တော့မှ ချက်ချင်း စာကျက် မရတတ်။ ထား၏စကားသံကို ပြန်ကြားသည်။ ထား၏ ပါးချိုင့်ပြုံးကို ပြန်မြင်နေတတ်သည်။ ဖွင့် ထား သော စာမျက်နှာပေါ်မှာ ထားက အမြဲတမ်း နေရာယူထား၏။

ညဘက်အလုပ်ချိန်မှာတော့ သူသည် ထား နှင့် တ ကျောင်းစာကိုပါ မေ့ထားရသည်။ အဘိုးပြောခဲ့ဖူးသည့် နေ့စံ၊ ညခံ အသူရကာယ်ဘုံသည် ကမ္ဘာမြေကြီးပေါ်မှာ တကယ်ရှိနေပါလားဟု အဲတော့မှလည်း သူ ယုံကြည်လိုက် ရတော့သည်။

မီးတောက်ပြင်းပြင်းတို့ထဲမှာ အရိပ်ထင်နေသော သူ ရင်တစ်ခုလုံးလည်း ပူလောင်နေ၏။

စာမေးပွဲ တဖြည်းဖြည်း နီးလာသောအခါ ထိုအလု ကို စွန့်လွှတ်ဖို့ သူ ကြိုးစားရတော့သည်။ အဖေ့မိတ် တစ်ယောက်၏ အကူအညီဖြင့် ကော်ဘူး၊ ကော်ခွက် သည့် ပုဂ္ဂလိက လုပ်ငန်းတစ်ခုကို သူ စုံစမ်းသည်။



ကော်ကို ပုံစံသွင်း၊ ဘူး အသေးကလေးများ လုပ်ပြီး ဗိုလ်ချုပ်ဈေး ရွှေဆိုင်တန်းများကို ပြန်သွင်းရသည့် လုပ်ငန်း ကို သူ ပြောင်းခဲ့ရ၏။

ရွှေကြိုး၊ လက်ကောက်၊ လက်စွပ်များ ထည့်ရန် ကော်ဘူးများကို ဆိုင်များက လိုချင်သည့် အနေအထား၊ အရေအတွက်အတိုင်း အော်ဒါလက်ခံ ပြုလုပ်ပေးရ၏။

ထိုလုပ်ငန်းမှာ သူ အသားကျလာသည်။ စာမေးပွဲဖြေဖို့ လည်း တစ်ဘက်မှ ပြင်ဆင်ရင်းပေါ့လေ။

သူကတော့ စာမေးပွဲအတွက် စိတ်ဓာတ်ဘက်ကြွလျက်ရှိ သည်။ ဆယ်တန်းစာမေးပွဲသည် သူ့အတွက် သည့်ထက် ကောင်းသော အပြောင်းအလဲတစ်ခုကို ဖန်တီးပေးလိမ့်မည် ဟု သူ ယုံကြည်နေ၏။

သို့ပေမယ့် စာမေးပွဲမဖြေရခင်မှာပင် သူ့ဘဝအတွက် အထူးခြားဆုံး အပြောင်းအလဲတစ်ခုဖြစ်ရန် အခြေအနေတို့ အစပျိုးလာခဲ့တော့သည်။ အဲသည်အချိန်မှာ သူ ထားနှင့် လည်း အတွေ့နည်းလာသည်။

ထားက ကျောင်းမှခွင့်ယူပြီး အိမ်မှာပင် စာကျက်နေ တတ်သောကြောင့် ဖြစ်သည်။

ကော်ဘူးများဖောက်သည်သွားသွင်းရင်း ဗိုလ်ချုပ်ဈေး ရွှေဆိုင်တချို့နှင့် သူ ရင်းနှီးလာသည်။ ဗိုလ်ချုပ်ဈေး အလယ်တန်း ရွှေဆိုင်တစ်ခုမှာပင် သူ့ဘဝ တစ်ဆစ်ချိုး အပြောင်းအလဲတစ်ခု ဖန်တီးခဲ့သည်။

"ဟေ့ ကောင်လေး။ မင်း အလုပ်လိုချင်လို့ဆို"

သူနှင့်ရင်းနှီးနေသော ရွှေဆိုင်ပိုင်ရှင်က သူ ခဏ ... ညည်းပြဖူးသော စကားတစ်ခွန်းဖြင့် သူ့ကို ပြန်... သည်။

"ဟုတ်ပါတယ်....အစ်ကို"

"အေး....ငါ့ အစ်ကိုတစ်ယောက်ရဲ့ စာအုပ်တိုက်ထဲ... မှာ လူလိုလို့တဲ့။ ... ဒါ မင်းလုပ်မလား"

"ဘာလုပ်ရမှာလဲ အစ်ကို"

"လုပ်ရမှာကတော့ အောက်ခြေက စလုပ်ရမှာပဲ..."

သူက သိပ်ကြာကြာ စဉ်းစားမနေဘဲ အလုပ်လုပ်... သဘောတူ လက်ခံလိုက်သည်။ စာပေ အသိုက်အဝန်း... သူနှင့် အလိုက်ဖက်ဆုံး သူ့ဘဝအတွက် အသင့်လျော်... နောက်ပြီး အသိမ်မွေ့ဆုံးဖြစ်နိုင်သည်ဟု စဉ်းစားပြီး ... ခေါင်းညိတ်လိုက်ခြင်းသာ ဖြစ်သည်။

ကြိုးစားမှ တိုးတက်မည်ဟူသော ယုံကြည်ချက်အဝ... သူ ကြိုးစားခဲ့သော်လည်း အစကတော့ သူ ဘာကို ... လင့်ရမှန်း မသိခဲ့သေးပါ။

အဲလိုနဲ့ပဲ သူ စာပေလောကထဲသို့ တွန့်ဆုတ်နေ... ကြားထဲကပဲ ခြေလှမ်း စဖြစ်ခဲ့ခြင်းဖြစ်၏။ အဲသည်ခြေ... သည် သူ့ဘဝ တစ်ခုလုံးအတွက် ဦးတည်ရာ ပြောင်... သွားစေနိုင်သော အရေးပါသည့် ခြေလှမ်းတစ်လှမ်း...



...ည်။ ထိုခြေလှမ်း၏ နောက်မှာ သူ ဆုံးရှုံးခြင်းများစွာကို ...င်ဆိုင်ခဲ့ရပြီး အောင်မြင်မှုများ၏ နမိတ်ကို စတင်ခံစားခဲ့ ...ခြင်းလည်း ဖြစ်၏။

ပုံနှိပ်တိုက်မှာ အလုပ် စ မဝင်ခင် သူ ဆယ်တန်း ဖြေ...ည်။ ကျေနပ်လောက်စရာ အခြေအနေ ဖြစ်သော်လည်း ...စိတ်ထဲမှာ ပူပန်ကြောင့်ကျမှုကတော့ ရှိနေဆဲဖြစ်သည်။ ...ပူပန်မှုကို သိမ်းဆည်းရင်း ထားအတွက် အလွမ်းများစွာ ...သို့ဝှက်ရင်း အလုပ်သစ်မှာ သူ စိတ်ရောလူပါ မြှုပ်နှံ...တော့သည်။

ပတ်ဝန်းကျင် အသစ်အဆန်းမှာ စ ရောက်ကာစကပင် ...ပျော်ခဲ့သည်။ ပထမပိုင်း စက္ကူသယ်၊ နယ်ပို့ စာအုပ် ...တ်၊ ပန်းချီ၊ စာမူ စသည်တို့ အယူအပို့ လောက်ပဲ သူ ...ရပြီး အချိန်ကြာလာသည်နှင့်အမျှ စာအုပ်လုပ်ငန်းမှာ ...ကျွမ်းကျင်လာသည်။ ဒါကပဲ သူ့အတွက် ခိုင်မာသော ...မျှော်လင့်ချက်ဖြစ်သည်။

*

...မိုးစက်တို့ကြားမှ လေပြည်သယ်ယူလာသည့် အောင်မြင် ...်းသတင်းသည် သူ့အတွက် ပန်းတိုင်ကို ခပ်ပျပျ မြင်လိုက် ...သလိုပင်။ အကြီးအကျယ် မျှော်လင့်လိုချင်ခဲ့ရသည့် အောင်

မြင်ခြင်းအတွက် သူ ပီတိဖြစ်ရသည်မှန်သော်လည်း စိတ်လွတ်ကိုယ်လွတ် ဝမ်းမသာနိုင်သည်ကတော့ အမှန်ပင် ဖြစ်ပါသည်။

ပထမ သူရည်မှန်းခဲ့သည့် အသက်မွေးကျောင်း တက္ကသိုလ်တစ်ခုခုသို့ သူ ဘယ်လိုမှ တက်ရောက်ခွင့် မရနိုင်တော့မှန်း စိတ်ဓာတ်ကျဖွယ် သိလိုက်ရသည်။

ဒုတိယ တက္ကသိုလ်ကို အတူတူတက်ရမည်ဟု မျှော်လင့်ချက်ဖြင့် သူ စိတ်ကူးနှင့် ပျော်ခဲ့သော်သည်း "ထား" ဆယ်တန်း စာမေးပွဲရှုံးသည်။

ထားက မျက်ရည်မဝဲသော်လည်း....

"မောင်နဲ့ အတူ ကျောင်းမတက်ရတာတော့ စိတ်မကောင်းဘူး"

ဟု ပြောတော့ သူ ဘယ်လိုပျော်နိုင်ပါတော့မလဲ။ ထားသည် သူနှင့်ထပ်တူ ဖြစ်ရမည်ဟု သူ မျှော်လင့်ခဲ့သော်လည်း သူကသာ ထားနှင့်ထပ်တူ ဝမ်းနည်းခဲ့ရသည်။

သူ၏ ဆယ်တန်းအောင်သည့်နေ့သည် သူ မျှော်လင့်ထားသလောက်တော့ ပျော်ရွှင်စရာ မကောင်းခဲ့ပါ။ သို့ပေမယ့် မမထံကို ကျေနပ်စရာကောင်းလောက်အောင် အကြောင်းကြားနိုင်ခဲ့သည်။

ထို့နောက် တက္ကသိုလ် ဆက်တက်ဖို့ အမှတ်စာရင်းစောင့်နေရင်း အလုပ်ထဲမှာ သူ နှစ်မြုပ်သွားပြန်သည်။



အဲသည်အချိန်မှာ သူ့ ရည်ရွယ်ချက်တို့ အံ့ဩဖို့ကောင်းလောက်အောင် ပြောင်းလဲသွားခဲ့သည်။

စာပေလုပ်ငန်းအပေါ်မှာ သံယောဇဉ် တစ်စထက်တစ်စ ကြီးမားလာသောဟုသည် တက္ကသိုလ်တက်ဖို့ကိုဟိုးအလျင်ကလောက် စိတ်ပါဝင်စားခြင်း မရှိတော့ဘဲ ပန်းချီဆရာများ၏ အလုပ်ခန်း၊ ကာလာခွဲ၊ မအော့ဖ်ဆက်၊ ဘူတာရုံ၊ စာအုပ်တန်းတို့မှာ ပြေးလွှားရင်း သူ ဖြစ်ချင်သည့်ဆန္ဒကို မေ့လျော့စပြုလာ၏။

အစစအရာရာ စိတ်ချလာရသော သူ့ကို အလုပ်ရှင်က သွေးသားရင်းလို ယုံကြည်လာသည်။ ဒါကလည်း သူပိုင်ဆိုင်သော ရိုးသားမှု၊ ကြိုးစားမှုကို ပြသနိုင်ခြင်း ဖြစ်သည့်အတွက် သူ ကျေနပ်သည်။

သို့ပေမယ့် သူ့အရည်အချင်းကတော့ လခစား အလုပ်သမား တစ်ယောက်၏ ဘဝမှာ နစ်မြုပ်လျက်ပင် ရှိနေသေး၏။

"မင်း တစ်ယောက်တည်း ဟိုမှာနေရတာ အဆင်မပြေဘူးဆိုရင် တိုက်ကို ပြောင်းလာခဲ့လေ။ ဒီမှာပဲအိပ်။ ဒီမှာပဲ အဆင်ပြေသလို စားပေါ့"

ဟု အလုပ်ရှင်က ပြောသောအခါ သူ ဟန်မဆောင်နိုင်လောက်အောင် ဝမ်းသာသွားခဲ့ရသည်။ သူ နေသည့်အိမ်ကလည်း လူငှားတင်တော့မည်ဟု သူ့ကို လွှန်ခဲ့သော တစ်

နှစ်လောက်ကပင် ပြောထားခဲ့သည်လေ။ အဖေ မိတ်ဆွေရင်း မို့သာ အားနာပြီး အတင်းဖယ်မခိုင်းခြင်း ဖြစ်၏။

"ဟုတ်ကဲ့.... ကျွန်တော် ပြောင်းလာပါ့မယ်"

ဟု သူက မဆိုင်းမတွပင် ပြောလိုက်သည်။

သည့်နောက်မှာတော့ စက္ကူပုံအထပ်တွေကြား၊ စာအုပ်ပုံတွေကြားမှာ သူကိုယ်တိုင် ကျေနပ်စွာ သူ့ဘဝ နစ်မြုပ်နေခဲ့တော့၏။ အဲသည်ကြားကပင် ထားကို မကြာခဏ သွားတွေ့ပြီး အားပေးစကား ပြောရပြန်သည်။

"မောင်နော် ... ထားဆီလဲ တစ်ပတ်တစ်ခါပဲ ရောက်တော့တယ်။ ဘယ်လိုလဲ။ ဟုတ်မှဟုတ်သေးရဲ့လား"

သံသယစကားဖြင့် ထားက သူ့ကို အကဲခတ်စပြုလာသည်။ အလုပ်များလို့ဟူသော အကြောင်းပြချက်သည် ထားအတွက် သိပ်မခိုင်လုံမှန်းသိသော်လည်း သူ နောက်ထပ် ဖြေရှင်းစရာလည်း မရှိခဲ့။ သူ တကယ်ပဲ အလုပ်များနေခဲ့သည်။ ဒါကို ထားက မယုံကြည်ပြန်တော့ သူစိတ်မောစပြုလာသည်။

"အေးပေါ့လေ.... ပတ်ဝန်းကျင်အသစ်၊ အတွေ့အကြုံသစ်တွေကြားမှာ ထားကို မေ့လောက်နေပြီပေါ့"

ဟု စကားနာထိုးသည့်အခါမှာတော့ ထားအပေါ် သူ့ ဘယ်လိုမှ တင်းခံမထားနိုင်တော့ပါ။

"တကယ်ပါ ထားရယ်။ မောင် တကယ် အလုပ်များနေတာပါ။ မောင့်ကို စိတ်ချပါ။ မောင် ထား တစ်ယောက်က လွဲပြီး ဘယ်မိန်းကလေးကိုမှ စေ့စေ့တောင် မကြည့်ဖူးပါဘူး"

အဲလို ချော့တော့လည်း ထား ကျေနပ်သွားပြန်သည်။ သို့ပေမယ့် ထိုကျေနပ်မှုက တစ်ပတ်တာပင် မခံ။ နောက်တစ်ပတ် ထားဆီ အရောက်မှာ ထားက စိတ်ကောက်ပြန်သည်။

"မလာနဲ့တော့ သိလား။ အဲလိုနဲ့ပဲ ထားနဲ့ မောင် ဝေးသွားတော့မှာပဲ"

"မောင့်ကို နားလည်ပေးပါ ထားရယ်။ မောင်က သူများရဲ့ လခစား အလုပ်သမားတစ်ယောက်ပါ။ အလုပ်ရှင် ကျေနပ်အောင်တော့ အလုပ်လုပ်ပေးရမှာပေါ့"

"မောင် အလုပ်လုပ်နေတာမှ ဟုတ်ရဲ့လား ဟင်"

"ထား...."

ထား မျက်နှာကို သူ ထိတ်လန့်တကြား ကြည့်သည်။ သံသယရိပ်စွန်းသော မျက်ဝန်းတို့သည် ဟိုတုန်းကလို သူ့ကို ငြိမ်းချမ်းစေနိုင်တော့ပါလား။ ထား နှုတ်ဖျားမှ စကားတို့ကြောင့် သူကိုယ်တိုင် သူတို့နှစ်ယောက်၏ ရှေ့ရေးကို တွေးလာရသည်။ ထားသည် နောက်ထပ် ဘယ်လောက်ကြာကြာများ သူ့ကို နားလည်သည်းခံနေမှာပါလိမ့်။

တကယ်အားသရွေ့ အလုပ်နားသောအခါ ထား ကျူရှင်လမ်းထိပ်ကို သွားစောင့်နေတတ်သည်။ မြို့ထဲ အလုပ်တိုက်

နှင့် ထား ကျူရှင်သည် အတော် အလှမ်းဝေးသည့်အတွက် သူ အချိန်ကုန်ပြီး ခရီး ထောက် သည်။ သို့ပေမယ့် သူက ထား မျက်နှာ ရွှင်ရွှင်ပျပျကို မြင်ချင်သူလေ။ အထေ့အငေါ့ စကားများသာ ကြားရဖန်များလာတော့လည်း အချိန်ကြာလာသည်နှင့်အမျှ ချစ်သူနှစ်ဦးကြားမှာ ကြည်နူးမှုကို ရှာဖွေမတွေ့နိုင် ဖြစ်လာသည်။

အခြေအနေကို ပိုဆိုးသွားစေတာက တက္ကသိုလ်များ ဖွင့်လိုက်ခြင်းပင်ဖြစ်သည်။ ကျောင်းဖွင့်သောအခါ သူက ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေမှာ ပထမနှစ် စ တက်ရသည်။ အတွေ့အကြုံသစ် တစ်ခုလည်းဖြစ်ပြီး သူ့ ကြိုးစားမှုအတွက် အသိအမှတ်ပြုခံရသော ဒီမှတ်တရ နေ့တစ်နေ့လည်း ဖြစ်သည့်အတွက် ကျောင်းတက်ဖို့ကို သူ ရင်ခုန် စိတ်လှုပ်ရှားမိတာ အမှန်။

မြို့ထဲ အလုပ်တိုက်မှ လှိုင် နယ်မြေသို့ လေးဆယ့်ငါးမိနစ် ကျော်ကျော် ဘတ်စ်ကား စီးရသည်။ တစ်ခါတလေလည်း တစ်နာရီနီးပါး ကြာတတ်၏။ ဘတ်စ်ကားဂိတ်မှ ဆင်းလိုက်သည်နှင့် တစ်ပြိုင်နက် ကျောင်းသားရေးရာ အဆောက်အဦးရှေ့နှင့် သီရေတာ စာသင်ဆောင်များဆီမှာ အုပ်စုဖွဲ့လျက် ပျော်ရွှင်နေကြသော ကျောင်းသူကျောင်းသား အစုများက သူ့ကို သိမ်ငယ်သွားစေသည်။ သူက တော့ တစ် ယောက်တည်း။



တက္ကသိုလ်ဝန်းကျင်သည် သူနှင့်မအပ်စပ်သလိုပင်။ ဗာဒံရိပ်၊ ကုက္ကိုရိပ်တို့၏ အေးမြမှုသည်လည်း သူ့အတွက် အေးစက်လွန်းသည် ထင်၏။

ထို့ကြောင့်ပဲ ကျောင်းတက်ဖို့ကို သူ စိတ် မ ထက် သန်တော့တာ ဖြစ်သည်။ ဒါပေမယ့် ထားကတော့ သူ့ စိတ်ခံစားမှုကို မသိနိုင်ဘဲ....

"ကျောင်းမှာ ကောင်မလေးချောချောတွေ တွေ့တယ်မို့လား။ ကျောင်းတက်ရတာ ပျော်ရဲ့လား"

စသဖြင့် အမျိုးမျိုး ရိနေတတ်ပြန်သည်။

"မပျော်ပါဘူးကွာ။ တကယ်ပါ။ ဘာကို ပျော်ရမှန်းလဲ မသိဘူး"

သူ စိတ်ရှုပ်ထွေးစွာ အော်ဟစ်လိုက်သောအခါ ထားကရယ်မောရင်း....

"မပျော်ပေလို့ပဲ"

ဟု မျက်စောင်းချီလျက် မကျေမနပ် ပြော၏။ ထားရင်ထဲကို ဝင်ကြည့်တတ်စေချင်သည်။ ထား ဘာကြောင့်များ သူ့ကို စိတ်မချ ဖြစ်နေရသလဲ။

"ထားရယ် – ဘာကြောင့်များ မောင့်ကို ရိနေရတာလဲ။ မောင့်မှာ အလုပ်တွေ တနင့်တပိုးကြားထဲက ထားကို သတိရလွန်းလို့ လာတွေ့ရတာပါ။ အဲဒါတွေကို ထားက

ဆီးပြီး အပြစ်ပြောတယ်။ ကဲ....ပြော။ ထား ကျေနပ်အောင် မောင် ဘာလုပ်ပေးရမလဲဟင်''

အဲတော့လည်း ထားမျက်နှာ ညှိုးပြန်သည်။ ဗာဒံရွက်ကြွေတို့ဖြင့် ပြန့်ကျဲနေသော မြေပြင်ပေါ်သို့ စူးစူးစိုက်စိုက် ငေးကြည့်မိရင်း သက်ပြင်း လေးပင်စွာ ချဖြစ်၏။ ထားက မျက်လွှာချလျက် သူ့လက်မောင်းမှာ ပါးအပ်ထားသည်။

''ထား မောင့်ကို သတိရလွန်းလို့ပါ မောင်ရယ်။ ထား မောင့်ကို အကြာကြီး ခွဲမနေနိုင်ဘူး''

''ဒါဆို မောင်တို့ လက်ထပ်ကြမယ်လေ''

ထားက ဆံပင်ရှည်တို့ကို ဆက်ခနဲ ခါလိုက်ရင်း သူ့ကို ကြည့်သည်။ ထား၏ လက်ဖမိုးကို ဆွဲယူရှိုက်နမ်းလိုက်စဉ် ထားက မျက်ရည်ကြားမှ ခပ်ဝါးဝါးပြုံး၏။ ရင်မှာ လှပ်ခနဲ ခုန်သွားသည်။

တစ်ဆက်တည်းမှာပင် မရဲဝံ့သော သံသယ အနည်းအကျဉ်းပါ ရင်ခုန်သံများထဲမှာ ပျော်ဝင်နေကြောင်း သတိထားလိုက်မိသည်။

သို့ပေမယ့်....

အဲသည်အချိန်မှာပဲ ဘဝနှစ်ခုသည် ပြောင်းလဲမှု အစပျိုးခဲ့ပြီဖြစ်၏။



ခရမ်းပြာပန်းကလေး၏ ပန်းတိုင်ကို သူ လှမ်းမျှော်မကြည့်မိခတော့။ ရင်ခုန်သံတို့ကြားမှာ အနာဂါတ် သည် တဖြည်းဖြည်း မှုန်ဝါးပျောက်ကွယ်သွားပြန်သည်။

အဲဒီနောက်တော့....

*

ခရမ်းပြာ (၉)

အိမ်ထောင်ကျပြီးသောအခါ ထားတို့အိမ်မှာ သူ ပြောင်းနေသည်။ တစ်ဆက်တည်းမှာပင် ကျောင်းစာသင်ခန်းကိုပါ သူ စွန့်လွှတ်လိုက်ရ၏။ စာသင်ခန်းအစား စာပေးစာယူ ပြောင်းလျှောက်ဖို့ သူ ကြိုးစားရပြန်သည်။

သူ့ဘဝသည် လုံးဝပြောင်းလဲသွားခဲ့ပြီဖြစ်ကြောင်း သူ ပြန်သတိမရအောင် ၊ ကြိုးစားနေရသည်။ တကယ်တော့ သူ မျှော်လင့်ခဲ့သည့်ဘဝသည် သူ့အတွက် အတော့်ကို ဝေးကွာသွားခဲ့ပြီဖြစ်၏။

သူ တမ်းတခဲ့သော ထား၏ အကြင်နာများကြားမှာ အနာဂတ်ကို သူ မေ့ပစ်နေမိသည်။

''ပျော်နေသလား''



ဟုတော့ သူ့ကိုယ်သူ ပြန်မမေးမိအောင် သတိထားသည်။ ပေးဆပ်ခဲ့ရသည့် အရင်းအနှီးကို သူကိုယ်တိုင် သတိမမူဖြစ်အောင်လေ။

မနက်စောစောထပြီး သူ အလုပ်တိုက်ကိုသွားရသည်။ ညနေစောင်းချိန်မှ ပြန်ရောက်သည်။ အိမ်ထောင်ဝန် ပိုလာသည်မှလွဲလျှင် သူ့ဘဝက အလျင်အတိုင်းဟုပင် ထင်ရသည်။ အလုပ်တွေကြားမှာ နစ်မြုပ်နေပြန်သည်။

အိမ်ထောင်စုတစ်ခုဟု ပြောရမည့် အခြေအနေတစ်ခုက သူတို့မှာ သားငယ်တစ်ယောက် တိုးလာခြင်းဖြစ်၏။ သားငယ်သေး ရောက်လာကာစကတော့ သူတို့ ပျော်စရာကောင်းခဲ့သည်။ သားကို ကစားစရာ အရုပ်ကလေးတစ်ရုပ် ရသလို သဘောထားပြီး အစွမ်းကုန် ယုယခဲ့ကြသည်။ အပြိုင်အဆိုင် ချစ်ခဲ့ကြသည်။

ကြာလာတော့လည်း ကျပ်တည်းသော စားဝတ်နေရေးက သူတို့ကို ၁ါးမြို ဖျက်ဆီးသွားပြန်သည်။ ပျော်ရွှင်မှုတို့ကို ရှာဖွေမတွေ့တော့။

အိမ်ထောင်မှုတာဝန်မှာ လျော့နည်းနေ တတ်သော 'ထား' အပေါ်မှာ သူ စိတ်ကွက်လာတတ်ပြီ၊ အဆင်မပြေမှုတွေ ခြေရာထပ်လာစဉ် ဟိုစဉ်တုန်းကလို အကြင်နာစကားတို့ကို စိတ်ကူးယဉ်ကြည့်၏။ စိတ်ကူးယဉ်နေရင်းပင် အတိတ်ကို မှန်ဝါးဝေးလွင့်ပြီး ပျောက်ကွယ်သွားပြန်သည်။

သည်ကြားထဲမှာ အလုပ်တာဝန်တွေ သူ့တစ်ယော တည်းအပေါ်မှာ ပိလာသည်။ နံနက်စောစော အိ ထသွားပြီး ညနေမိုးချုပ်မှ အိမ်ပြန်ရောက်တတ်သော သ ကို ထားက စိတ် မကြည်မလင် စကားတို့ဖြင့် အပြစ်ဌ လာတတ်၏။

''မောင် မနက်အစောကြီး ထ,သွားရမှာ ထာ ထမင်းဘူးအတွက် ဘာမှလဲ ထား စီစဉ်မပေးဘူး။ မနေ စာ,ပည်း လမ်းရောက်မှ မောင့်ဘာသာ ဝယ်စားရတ သားလည်း အတော်ကြီးနေပြီပဲ ထားရယ်။ အိမ်ထော တာဝန် ဆိုတာကိုလည်း အနည်းအပါး နားလည်အော ကြိုးစားစမ်းပါဦး''

ဟု သူ ချော့ချော့မော့မော့ ပြောတာတောင် ထား ဂရုမစိုက်သလို မဲ့ပြုံး ပြုံးတတ်လာသည်။

''မောင်ကိုယ်တိုင်ကရော ဘာတွေများ တာဝန်ကျေ လို့လဲ''

''ဘာပြောတယ်''

''အချိန်တန် လစာအပြည့်အပ်ရုံနဲ့ အိမ်ထောင့်တာ ကျေပြီလို့ ယူဆရမလား''

''ဒါဆို ထားက ဘယ်လိုဖြစ်စေချင်တာလဲ''

''ကိုယ့်ဘာသာ ပြန်စဉ်းစားကြည့်ပေါ့''

ထားကို သူ နားမလည်တတ်တော့။ ထို့အတူ ထာ လည်း သူ့ကို နားလည်နိုင်မည်မထင်တော့။ သူတို့နှစ်ဦး



အနီးကပ်ဆုံး ဖြစ်နေလျက်မှ တဖြည်းဖြည်း ဝေးလျက်နေ ကြ၏။ ကြီးကြီးကျယ်ကျယ် ပြဿနာဟူ၍ မရှိဘဲနှင့်တောင် သူတို့နှစ်ဦး မျက်နှာချင်းမဆိုင်ရဘဲ ခပ်တန်းတန်း ဖြစ်နေ ပြန်သည်။

တစ်ခါတစ်ရံ အပြင်မှာ ဖြစ်သလို ကြုံသလို ညစာ စားပြီး သူ အိမ်ပြန်လာသည်။ အိမ်တံခါး ဖွင့်ပေးသော ထားက ''ထမင်းစားပြီးပြီလား''ဟု ဂရုတစိုက် မေးမည် မဟုတ်မှန်းလည်း သူ သိနေသည်။

တစ်ဖက်မှလည်း မိသားစုကို ပစ်ပယ် လျစ်လျူရှုထား သလို တမင်တကာမဟုတ်ဘဲ တိုက်ဆိုင်နေတတ်သည့် သူ့ အလုပ်ကြောင့်ပင် သူ့မှာ အပြစ်မကင်း ဖြစ်ရပြန်သည်။ သူ့ကို ထားသည် ငြီးငွေ့ စိတ်ပျက်လာလေသလား။

ဟိုးအရင်ကလို သနပ်ခါးဖွေးဖွေး လိမ်းထားသည့် ထား မျက်နှာကို မြတ်နိုးစွာ ဂရုတစိုက် မကြည့်အားသည်ကဘဲ သူ့အပြစ် ဖြစ်လေရော့သလား။ အလုပ်မှ မောမောပန်း ပန်း ပြန်လာသည့်အခါ သားမယားနှင့်ပင် စကားပြောဖို့ အချိန်မရဘဲ ညစာစားပြီး သူ အိပ်ရာထဲ တန်းဝင်ဖြစ်လေ သည်။

မနက်ဖက်လည်း အစောကြီးထွက်။ တစ်ခါတလေ တိုက်မှာပင် ညအိပ်ဖြစ်၏။ သည်ကြားထဲမှာပင် ထားနှင့် သားကို အထိုက်အလျောက် တာဝန်ကျေနိုင်အောင် သူ ကြိုးစားခဲ့သည်။

အိမ်ထောင်စုတစ်ခုမှာ ကိုယ်ရည်သွေး၊တစ်ကိုယ်ကောင်း စိတ်ဓာတ်ကလေးတွေ ရှိနေကြသည့်အတွက် အနည်းအကျဉ်း အဆင်မပြေမှုတော့ ရှိနိုင်သည်။ သို့ပေမယ့် တဖြည်းဖြည်း စုစည်းလာပြီး ထုနှင့်ထည်နှင့် ဖြစ်လာသော မကျေလည်မှု အစိုင်အခဲသည် မိသားစု ပြိုကွဲစေသည်အထိ ကြီးမားကျယ်ပြန့်လာမည်ဆိုလျှင်တော့ တာဝန်ရှိသူ နှစ်ဦးစလုံးက အချိန်မီ ဆင်ခြင်နိုင်ကြဖို့ လိုမည်ထင်သည်။

သို့ပေမယ့် သူတို့နှစ်ဦးကတော့ မာန တ ရား များ နှင့် ဆက်လက် တင်းမာနေဆဲဖြစ်သည်။

သူ့ဖက်ကကြည့်တော့ ထား၏အလိုက်မသိတတ်မှု အချားဆုံးပါသည်ဟု ထင်သည်။ မိသားစု၏ စားဝတ်နေရေး အတွက် လောက်ငအောင် သူ လစဉ် ရှာဖွေပေးနေသည်။ သည်အတွက် အလုပ်ကိုတော့ လေးစားရမည်။ လုပ်ငန်းချိန် တာဝန်ကျေအောင်တော့ သူ ကြိုးစားရလိမ့်မည်။

အဲဒါကိုပဲ မိသားစုအတွက် အချိန် မပေးနိုင်ကောင်း လားဟု ထားက အသိုမကျဟန်ဖြင့် ငြူစူတော့ သူက ခွင့် မလွှတ်နိုင် ဖြစ်ရသည်။

သည်လောက်မှ သူ့အပေါ် နားလည်မှု မပေးနိုင်ရ ကောင်းလားဟု။

အက်ကြောင်းငါစ်ခု၏ အစကို သူ စောစီးစွာ သတိ မမူမိခဲ့။ ထားကလည်း ဒါကို ပေါ့ပေါ့တန်တန်ပင် သဘော



ားခဲ့လေသလား မသိ။ အမိက ကတော့ အိမ်သူဇနီးသည် ်ပွန်းယောကျ်ား၏ ဂရုတစိုက်ကြင်နာမှုကို အမြဲလိုတောင့် ခဲ့သည်ဆိုတာကို သူက သတိမရဘဲ လျစ်လျူရှုထားမိခြင်း ် ဖြစ်၏။ အိမ်ပြန်ချိန် နောက်ကျပြီး တစ်နေကုန် ပင်ပန်း ာတင်သည့်အတွက် အိပ်ရာပေါ် လှဲလျှင် သူ ချက်ချင်း ်ပျော်သွားတတ်သည်။ ထားနှင့် စကားပြော ကျီစယ်ရန် ချိန်တို့ တစ်နေ့ထက်တစ်နေ့ လျော့ပါးလာသည်ကတော့ မှန်ပင်ဖြစ်သည်။

သူက တိုးတက်ချင်သည့် လူတစ်ယောက် မဟုတ်လား။

သူ့ လက်ရှိဘဝကို ခုထက်ပိုပြီး တိုး တက် ချင် သည်။ မိသားစုကို ခုတက်ပိုပြီး တောင့်တောင့်တင်းတင်း ဖြစ် ချင်သည်။ နောက်ပြီး သူ့အတွက် ရှေ့ဆက် အာမခံ က် ရှိနိုင်မည့် အတတ်ပညာ တစ်ခုခုကို လိုချင်သည်။ ဒါ ကြောင့်ပဲ အလုပ်ခွင်မှာ သူ ပိုပြီး အာရုံစိုက်ခဲ့ခြင်းဖြစ်၏။

စာပေအသိုက်အဝန်း အငွေ့အသက်ကို သူ ချစ်သည်။ ာပေလုပ်ငန်းထဲမှာ သူ အာရုံဝင်စားသည်။ နောက်ပိုင်း ာ တဖြည်းဖြည်းနှင့် စာပေလုပ်ငန်းထဲမှာ သူ့စိတ်နှလုံး ်မြုပ်သာခြင်းကို သူကိုယ်တိုင်တောင် သတိမထားမိအောင် ်လာသည်။

အဲ့လိုအချိန်မှာ ထားကတော့ သား၏ တာဝန်လေးတစ် ိုပင် သူ့ အပေါ်မှာ တွက်ကပ်နေတတ်ဆဲ ဖြစ်သည်။ သူမ က်က ကြည့်တော့လည်း သူမက အိမ်ထောင်မှုသုခကို ဆုံး ်နေသူဖြစ်သည်။ လင်ယောကျ်ား၏ ဂရုစိုက် ကြင်နာမှုကို

မျှော်လင့်မရသူ ဖြစ်သည်။ အဓိပ္ပာယ်မဲ့သော ဘဝမှာရပ်ရ
ခြောက်သွေ့သော အနာဂတ်ကို မျှော်ကြည့်နေရသူဖြစ်သည်
အဲလိုနဲ့ပဲ သူတို့၏ အိမ်ထောင်စုဘဝသည် အိမ်ထောင်သ
နှစ်နှစ်အတွင်းမှာ ရသမဲ့လာတော့သည်။

ဒါကိုပဲ သူက နောက်ဆုံးအခြေအနေအထိတော့ ကြံ
တွေးမထားခဲ့သေး။ သို့ပေမယ့် အခြေအနေတစ်ခုက သူ
သည်းခံနိုင်စွမ်းကို ကုန်ဆုံးစေ၏။

အဲဒါက သူ့အမြင်ကျဉ်းမြောင်းသော သဝန်တိုမှု၊
မဟုတ် သံသယကြီးစွာ တစ်ကိုယ်ကောင်း ဆန် တတ် မှု
ဖြစ်သည်။

ထို့ကြောင့်....

ခါးလယ်က ပြတ်သွားရသော သူ၏ ပန်းတိုင်ကို
လည် ကြိုးစားရနိုင်မည်ဟု ယုံကြည်ရင်း လေလွင့်ကြေကွဲ
သော ကွဲကွာသွားရမှုကို အစားထိုး ဖာထေးနိုင်ခဲ့ခြင်း
သည်။

သူ့ကိုယ်သူ ထိန်းသိမ်းနိုင်ခြင်းအတွက် သူက ဂုဏ်
လေသည်။

*

# အပိုင်း (၃)

## ခရမ်းပြာ (၁၀)

ဗာဒံပင်အရွက်တို့ လွှပ်ရှားသွားသောအခါ အပွင့်ဝါကလေးများ စားပွဲခုံပေါ်သို့ လွင့်ကျလာသည်။ သူက အနေခက်စွာ ဗာဒံပွင့်ကလေးများကို တစ်ပွင့်ချင်း စုစည်းနေလိုက်မိ၏။ ရင်ငြိမ်း၏ မျက်ဝန်းများမှာ သူ ဘာကို တွေ့နိုင်မလဲ။ ရင်ငြိမ်းကို ထိန်းချုပ်နိုင်သော မိန်းကလေး တစ်ယောက်အဖြစ် သူ သိထားသည်။

သည်ပွဲက သူ့နှလုံးသားကို အရင်းအတိုင်း လှစ်ပြနိုင်ခဲ့သော်လည်း ဆုံးရှုံးရမှာ ကြောက်ရွံ့နေသည့် လူတစ်ယောက်၏ ခံစားမှုကိုတော့ ရင်ငြိမ်း လျစ်လျူရှုထားမှာကို သူ တွေးမိရင်း အရမ်းကို ကြေကွဲနေမိတာပါပဲ။

ရင်ငြိမ်းကို နောက်ထပ် တောင်းဆိုမှုတွေ ထပ်မလာခင် ရင်ငြိမ်း တစ်ခုခုတော့ ပြောစေချင်သည်။ ရင်ထဲမှာ ရှိနေသော ခံစားချက်ကို ဒါမှမဟုတ် ဆန္ဒကို။ နှုတ်ဆိတ်နေသော ရင်ငြိမ်း၏ ရင်ထဲကို သူ ဘယ်အတိုင်းအတာအထိများ နားလည်နိုင်မှာလဲ။ ရင်ငြိမ်းလည်း ကြေကွဲနေလိမ့်မည် ဟုတော့ ကိုယ်ချင်းစာ နားလည်သည်။ သူသည် ရင်ငြိမ်းကို နားအလည်နိုင်ဆုံးသူဟု သူ့ဘာသာ ခံယူထား၏။ (ရင်ငြိမ်း သိလျှင်တော့ လှောင်ပြုံးပဲ ပြုံးနေမလား။)

''အဲဒါပါပဲ ရင်ငြိမ်း။ နောက်ထပ် ရှေ့ဆက်ရမယ့် ဘဝအတွက် တို့ဘက်က ကြိုတင်ပြင်ဆင်မှု တစ်ခုပါ။ တို့ရဲ့ ပတ်သက်သမျှ အသိုက်အဝန်းဟာ အဲဒါတွေကို မသိလို့မဖြစ်ဘူး။ ဟန်ဆောင် အကာအကွယ် ယူထားရမှာမျိုးကို တို့ မလုပ်ချင်ဘူး။ ကိုယ့်ကိုယ်ကို စိတ်မလုံဘူး။ ကျွန်တော့်ကို ခွင့်လွှတ်ပါ ရင်ငြိမ်းရယ်''

ရင်ငြိမ်းက မျက်နှာပေါ် ဖုံးနေသော ဆံပင်များ လှပ်ခါသွားအောင် ခေါင်းကို ခါယမ်းလေသည်။

''ကျွန်တော်နဲ့သူ ကွဲနေတာ တစ်နှစ်ရှိပြီ''

နဖူးပေါ်မှ ဆံပင်များကို လက်ဖဝါးဖြင့် သပ်တင်လိုက်ရင်း မျက်တောင် တဖျပ်ဖျပ်ခတ်ရင်းမှ ရင်ငြိမ်းက သူ့ကို ကြည့်သည်။ ဟိုးအရင်ကလို မနူးညံ့။ သို့ပေမယ့် မစူးရှ၊ အနည်းငယ် ပူလောင်နီရဲချင်သော မျက်ဝန်းတို့မှာ ကြေကွဲ



ပ်သာ ထင်လေသည်။ အောက်ခံမျက်သားပေါ်မှ ရဲလာသော သွေးကြောကလေးများကြောင့် သူမ မျက်လွှာချထားခြင်းလည်း ဖြစ်မည်။

''တည်မြဲပြီးတဲ့ ဘဝတစ်ခု ပြိုကွဲဖို့ဆိုတာ လွယ်လွယ်ကူကူတော့ မဖြစ်နိုင်ပါဘူး''

ထိန်းသိမ်းလိုက်နိုင်သော တုန်ခါသံ၊ ပင့်သက်ရှိုက်သံအားလုံးသည် ရင်ငြိမ်း၏ ဝေဒနာ အပိုင်းအစကို ဖော်ပြနိုင်၏။ ရင်ငြိမ်း၏ မျက်ရည်ကို မြင်ရလိမ့်မည်ဟု သူကိုယ်တိုင်သည်း မမျှော်လင့်။ သို့ပေမယ့် ရင်ငြိမ်း ငိုနေသည်ကိုတော့ သူ သိနေသည်။ အဲဒါဟာလည်း ရင်ငြိမ်း နှလုံးသားကို ထွင်းဖောက်မြင်နေတတ်သော သူ့ရင်ထဲမှာ ရှိနေသည့် ချစ်ခြင်းထုထည်ကြောင့် ဖြစ်ပါလိမ့်မည်။

''ဒါပေမယ့် လွယ်လွယ်ကူကူ တည်ဆောက်ခဲ့တော့ လွယ်လွယ်ကူကူပဲ ပြိုသွားခဲ့တာပဲလေ။ အဲဒီအတွက် စိတ်မကောင်းပေမယ့် နောင်တမရစာတော့ အမှန်ပဲ ရင်ငြိမ်း။ အပြစ်ပြောချင်လဲ ပြောတော့။ ကျွန်တော်ကတော့ ကျွန်တော် တစ်ယောက်တည်းပဲ ဟိုတုန်းက ရည်ရွယ်ခဲ့တဲ့ ဘဝကို ဆက်ပြီး ကြိုးစားဖို့ ဆုံးဖြတ်လိုက်တယ်။ အဲ ... ရင်ငြိမ်းနဲ့ မတွေ့ခင် အချိန်ထိပေါ့လေ''

စကားဆုံးတော့ ရင်ငြိမ်းက နှုတ်ခမ်းစေ့ ပြုံးရင်း ခေါင်းငုံ့သွားလေသည်။

"ကျွန်တော် ပြောချင်တဲ့ စကားတစ်ခွန်းကို ရင်ငြိ
အတွက် လွယ်လွယ်ကူကူ ပြောမထွက်ဘူး။ ကျွန်တော့်မှာ
စွန်းထင်းညစ်ပေနေတဲ့ အတိတ်တွေ ရှိခဲ့တာပါ။ ရင်ငြိ
ဘဝကို ထာဝစဉ် သန့်သန့်ဖွင်စင် ရှိစေချင်တဲ့ စေတ
သက်သက်နဲ့ပဲ ကျွန်တော် သိမ်းထားခဲ့တာ။ ဒါပေမ
ရင်ငြိမ်း သိနေမှာပါ။

"ရင်ငြိမ်းကို အမြဲ သတိရနေ တတ်တာ၊ ညနေ တိ
ကျောင်းဘက်ကိုပဲ အမြဲ ခြေဦးလှည့်ဖြစ်နေတတ်တာ၊
စပ်က ဖွင့်ပြောမှပဲ သိကြမှာမှ မဟုတ်တာ။ ကျွန်တော်
ကို ရင်ငြိမ်း မြင်တတ်မှာပါ။ ကျွန်တော့်အချစ်ကို ရင်ငြိ
နားလည်တတ်မှာပါ။ ဒါပေမယ့် တရားဝင် ရင်ငြိမ်း
ခံအောင်ပြောဖို့ ကျွန်တော် ကြောက်တယ်"

"ဘာဖြစ်လို့လဲ"

ရင်ငြိမ်းက လျှာဖြင့် နှုတ်ခမ်းကိုသပ်ရင်း မေးသ
ရှက်ရွံ့နေသော မျက်ဝန်းအရိပ်ကို မြင်ရ၏။ တစ်ပြိုင်
တည်းမှာ ဝမ်းနည်းနေသော နှုတ်ခမ်းတို့မှ အပြုံးကိုလ
နားလည်တတ်ပြန်သည်။

"နှစ်ဘက်စလုံးအတွက်ပေါ့။ ရင်ငြိမ်းဘက်မှာ အ
အထင်းတွေ ကူးစက်သွားမှာ ကြောက်တယ်။ နောက်
ကိုယ့်ဘက်မှာ ဒုတိယအကြိမ်နဲ့ အဆိုးဆုံး အသည်းကွဲ
ကြောက်တယ်။ တကယ်တော့ ကျွန်တော်က သတ္တိ နည်
တယ် ရင်ငြိမ်းရယ်"



"ဖြိုးက သိပ်စကားတတ်တာပဲ"

မျက်ရည်ဝဲလျက်ကပင် ရင်ငြိမ်း အသံထွက်အောင် ရယ်နေသည်။ ခပ်သာသာရယ်သံကို နားထဲမှာပူနွေးလာင်လျက် ရင်ထဲထိ ခံရခက်စေ၏။ မိန်းကလေးရယ်။ မင်း ရင်ထဲကို ဝင်မကြည့်ရပါဘဲ။ မင်းနဲ့ထပ်တူ နားလည်ခံစားလို့ ရနိုင်တဲ့ မင်းကို အချစ်တတ်ဆုံး သူတစ်ယောက်ဆိုတာ မင်း မသိနိုင်ဘူးနော်။

"ဒါထက်ပိုပြီး ကျွန်တော့်အတွက် အဓိပ္ပာယ်ရှိမယ့် စကားတစ်ခွန်း ပြောပါလား ရင်ငြိမ်းရယ်"

"ရင်ငြိမ်းမှာ ပြောစရာမရှိပါဘူး။ နောက်ပြီး စိတ်ထဲရှိတိုင်း ပြောရလောက်အောင်လည်း ရင်ငြိမ်းမှာ သတ္တိ မရှိဘူး"

ကော်ဖီခွက်တွေ အေးစက်ကုန်ပြီ။ အနည်ကျပြီး အပေါ် အရည်ကြည်ဖြစ်နေသော ကော်ဖီခွက်ကို ပန်းကန်ပြားဖြင့် ဖုံးထားလိုက်၏။ ခပ်ဝေးဝေး မိုးပိတောက်ပင်တန်းဆီသို့ လှမ်းအကြည့်မှာ ရင်ငြိမ်းထံမှ သက်ပြင်းချသံကို ကြားရပြန်သည်။

မြက်ပင်ရိုင်းများ လေမှာ ယိမ်းယိုင်နေကြ၏။ နောက်ထပ် စကားသံတစ်ခုကို မျှော်လင့်မိသည်က အမှန်။

တစ်ပြိုင်နက်တည်းမှာပဲ...

အကြီးမားဆုံး ဆုံးရှုံးမှုတစ်ခုကို ရင်ဆိုင်ရတော့မှာ သေချာ နားလည်သိုက်ရပြန်သည်။ အကောင်းဆုံး အဆိုး

ဆုံး တစ်ခုခုတော့ သူ ခံနိုင်ရည်ရှိမှ ဖြစ်မည်။ အဲလို တွေး လိုက်မိကော့ ယောကျ်ားတန်မဲ့ သူ မျက် ရည် ဝဲ ချင် ပြန် သည်။

ပထမတစ်ကြိမ် ကြုံခဲ့ဖူးသော အဖြစ်အပျက်မျိုး နောက် ထပ်တစ်ကြိမ်မှာ ထူးဆန်းနေသည်ဟု ထင်နိုင်စရာ မရှိပေ မယ့် သူ့အဖို့ကတော့ ရင်ငြိမ်းနှင့် ပတ်သက်သမျှ အဆိုးဆုံး၊ အကောင်းဆုံး သူ့ဘဝအတွက် အရေးပါဆုံး ဖြစ်လေ သည်။

"ကျွန်တော်ကတော့ ရင်ငြိမ်းဆီက တစ်ခုခုကို မျှော် လင့်ပါတယ်။ ရင်ငြိမ်းဆီက စကားတစ်ခွန်းပဲဖြစ်ဖြစ်"

"ဟင့်အင်း"

ရင်ငြိမ်း ဟန်မဆောင်နိုင်စွာ ခေါင်းခါသည်။ မိုက်မဲ လိုက်တာနော်။ ချစ်သူ စိတ်မချမ်းသာရမည့် တောင်းဆို ခြင်းတစ်ခုကိုမှ။ ခေါင်းငုံ့ထားလျက်မှ မျက်တောင် တဖျပ် ဖျပ်ခတ်ရင်း မျက်ရည်ကို ထိန်း ချုပ် ထား ရ လိမ့် မည် ဆိုတာ။

"ရင်ငြိမ်းကို နားလည်ပေးပါ ဆိုတာ တစ်ခုပဲ"

သူ ချက်ချင်း ခေါင်းငုံ့ပစ်လိုက်သည်။ နားလည်ပေးပါ တဲ့....။

နှလုံးခုန်သံမှာ 'ရင်ငြိမ်း' ဟုပဲ မြည်နေလေသလား။ ချစ်ခြင်းမှာ ကရုဏာဆင့်ပွားလျက် နှလုံးသားဏီ့ မခံမရပ် နိုင်အောင် နာကျင်နေပြီ။



သို့ပေမယ့် ရင်ငြိမ်းကိုယ်တိုင်က ရှေ့ဆက်တိုးဖို့ စဉ်းစား ရဲမှာ မဟုတ်သည့် ဇာတ်သိမ်းပိုင်းမှာ သူက နောက်ထပ် မျှော်လင့်စရာ ကျန်ပါဦးမလား။ လည်ချောင်းတို့ ပူစပ် ခြောက်သွေ့လာသည်။ ရင်ငြိမ်းရယ်....

"ချစ်တယ်"

ဆိုတဲ့ စကားတစ်ခွန်းကို ဘယ်လိုပြောမလဲ။

ရင်ငြိမ်းကို နားမလည်နိုင်ဆုံးသူလို့ပဲ ကျွန်တော့်ကို သိထားလိုက်ပါ။ နောက်ပြီး ကျွန်တော့်ကိုလည်း နားလည် ပေးပါ ရင်ငြိမ်းရယ်။ ရင်ငြိမ်းနဲ့ ထပ်တူ ကျွန်တော် ရင်ထဲမှာ ရှိနေတယ်ဆိုတာ ရင်ငြိမ်း နားလည်ပေးနိုင်မယ် လို့။

ရင်ငြိမ်းက နှုတ်ခမ်းကို တင်းတင်းစေ့သည်။ မျက်နှာမှ သနပ်ခါးမှုန်များကို လက်ဖဝါးဖြင့် အသာပွတ်လျက် ဖျက် နေ၏။

"သွားကြစို့နော်"

ခုံပေါ်မှာ ပြန့်ကျဲနေသော စာအုပ်များကို ကောက်ယူ ရင်း ရင်ငြိမ်း ပြောသည်။ နှုတ်ခမ်းစေ့လျက် ပြုံးနေသော် လည်း ထိန်းချုပ်ထားရသည့် သူမ မျက်ဝန်းအိမ်တို့ နီရဲ နေ၏။ ပိုက်ဆံရှင်းပေးပြီး လက်ရာမပျက်သော ကော်ဖီခွက် များကိုတော့ နှစ်ဦးစလုံး မေ့ထားခဲ့ကြသည်။

အပြန်လမ်းမှာ ရင်ငြိမ်းက ရယ်စရာ၊ မောစရာ တစ်ခုခု ကို စကားစရန် ပြင်၏။

ရင်ငြိမ်း၏ ဟန်ဆောင်တတ်ခြင်းကို သူ ပထမဆုံးအကြိမ် ကြုံဖူးတော့သည်။ ချီးမွမ်းလောက်စရာပါပဲ။ ရင်ငြိမ်းသည် သူနှင့် ပတ်သက်နေသော လူ အတော်များများရှေ့မှာ ပိရိသေသပ်စွာ ဟန်ဆောင်နိုင်မှုကို သံသယဖြစ်စရာ မလိုပါ။ သို့ပေမယ့် သူ့ကိုတော့ လိမ်ညာဟန်ဆောင်နိုင်စွမ်း ရင်ငြိမ်းမှာ မရှိတာ သေချာသည်။ ဘာကြောင့်လဲဆိုတော့ ရင်ငြိမ်းနှင့် ပတ်သက်သမျှ အသေးအဖွဲ့ကလေးကအစ သူက သတိထား အမှတ်ရနေခြင်းကြောင့်ပင် ဖြစ်သည်။

ခိုးပိတောက်ပင်များ စီတန်းနေသော လမ်းကလေး၏ အဆုံးဆီသို့ နီးကပ်လာသောအခါ ရင်ငြိမ်းက သည်နေ့အတွက် နှုတ်ဆက်စကားကို ကြိုပြောရင်း....

''ကွဲသွားဘာဟာ တစ်စစီ ဖြစ် သွား တာ ထက် စာ ရင် အများကြီး ပိုကောင်းပါသေးတယ်။ မူလအတိုင်းဖြစ်ဖို့ ပြန်ကြိုးစားကြည့်ပါလားဖြိုး''

ဟု တာဝန်ရှိသူတစ်ယောက်၏ အေးစက်စက်ပုံစံမျိုးဖြင့် ပြော၏။

''ဟင့်အင်း ...အက်ကြောင်းရာ တင်နေမယ့် အိမ်ထောင်ရေးမျိုးကို ကျွန်တော် စိတ်ကုန်နေပြီ''

ရင်ငြိမ်းက ကတ္တရာလမ်းကို ငုံ့ကြည့်လျှောက်နေရင်းမှ....

''နှစ်ဖက်စလုံးက နည်းနည်းစီ လျှော့လိုက်ကြပေါ့''

ဟု ခပ်တိုးတိုး ပြော၏။



''လျှော့စရာ မကျန်တော့လောက်အောင် ရစ်ထားတဲ့ ကြိုးက ကုန်နေပြီပဲ ရင်ငြိမ်းရယ်၊ ကျွန်တော် နောက်ထပ် တည်ဆောက်မယ့်ဘဝမှာ အစစအရာရာ အဆင်ပြေပြီး နားလည်မှုရှိမယ့် မိသားစုဘဝကလေး ဖြစ်လာဖို့ပဲ ကျွန်တော့်ရှေ့ဆက်ကြိုးစားရတော့မယ်။ ကျွန်တော့်မှာ နောက်ပြန်လှည့်ကြည့်ဖို့ အချိန်မရဘူး''

ရင်ငြိမ်းစကားကို နောက်ထပ်မကြားရတော့။ ခြံတံခါးဝဆီသို့ ရောက်သောအခါ ရင်ငြိမ်းက အရင်နေ့များထက် ပို၍ ဆောလျင်စွာ သူ့ကို လမ်းခွဲ ထွက် သွား လေသည်။ သည်လိုဖြစ်လာမည် မျှော်လင့်ထားလျက် တကယ့်တကယ် အတွေ့အကြုံက သူ့အတွက် ခါးသက်လွန်းသည်။ သို့ပေမယ့် သူ ကျေနပ်ပါသည်။ ရင်ငြိမ်း၏ သူ့အပေါ် ထားသော သံယောဇဉ်ပမာဏကို သူ သေချာ နားလည်ခဲ့ရသည်။

''ရင်ငြိမ်းနဲ့ ထပ်တူ ရင်ထဲမှာရှိ နေ တယ် ဆို တာ တော့ နားလည်ပေးပါ''

ဟု ရင်ငြိမ်းကို နှုတ်ဆက်ရင်း ပြောတော့ ရင်ငြိမ်းက ခပ်လေးလေး ခေါင်းညိတ်ပြီး သူ့ကို နှုတ်ဆက် ထွက် သွား လေသည်။

သြော်....

နောက်နေ့များစွာကို ဘယ်လိုရင်ဆိုင်ရပါမလဲ။ သူ ရင်ငြိမ်းလောက်လည်း ဟန်ဆောင်မကောင်း။ ရင်ငြိမ်းထ လည်း ထိန်းချုပ်နိုင်စွမ်းနည်းပါးသူတစ်ယောက် ဖြစ်သည် တာ သူ့ကိုယ်သူ မေ့ထား၍မရ။

*

ရင်ငြိမ်းမျက်နှာမှာ ချက်ချင်း အံ့ဩရိပ် ပေါ်လာသော အခါ သည်တစ်ခါတော့ ရင်ငြိမ်းဟန်ဆောင်ဖို့ မကြိုးစား တော့ဘူးလားဟု တွေးမိသည်။ တောင်ငူဆောင်၏ ရှေ့ဘ မြက်ခင်းပြင်မှာရပ်ထားသောရပ်ငြိမ်း၏ ကားဆီသို့လျှော လာသောခြေလှမ်းတွေ ဆုတ်ဆိုင်းဆိုင်းဖြစ်သွားသည်ကို မြ ကတည်းက သူမ အံ့ဩသွားပြီဆိုတာကို ကြိုဘင် သိနေ ၏။ တစ်ဆက်တည်းမှာပဲ မရဲတရဲပြုံးလိုက်သော အပြုံးယဲ ယဲ့ကလည်း ရင်ကို ကြည်နူးလှုပ်ခတ်စေသည်။ နှုတ်ဆ စကားတစ်ခွန်းကို သူမ စတင် မဆိုခင်မှာ အပြစ်ရှိသူ တ ယောက်လို မဝံ့မရဲဖြစ်နေသည့် မျက်နှာအမူအရာကို အတ နိုင်ဆုံး ပြင်ဆင်လိုက်ရ၏။

"ဝေဖြိုး ဘယ်လာတာလဲ"

ဟူသော အမေးစကားကို မျှော်လင့်ထားလျက် သူမ စကားတစ်ခွန်းမှ မဆိုဘဲ ရှေ့မှာ လာရပ်သောအခါ လွ



နေခဲ့ရသော နေ့ရက်များစွာ၊ အချိန်ပေါင်းများစွာအတွက် အတိုးချဖြီး ကြေကွဲဝမ်းနည်းစွာ အလွမ်းဖြေဖြစ်တော့သည်။

ရင်ငြိမ်းရယ် ...

ဘယ်လိုမှ နေတတ်အောင် နေမရတော့လည်း ရင်ငြိမ်း နှင့် ပတ်သက်သမျှ စကတည်းက ငြိတွယ်လွယ်နေသော နှလုံး သားကို ခုတစ်ခါ အလိုလိုက်မိပြန်တော့သည်။

ခွင့်လွှတ်ပါတော့ ရင်ငြိမ်းရယ်....

အနေင်ကလို မျက်ဝန်းကြည်ကြည်ကလေးတွေမှာ တစ်ခုခု ကျန်နေရစ်သည်ကတော့ ရင်ငြိမ်းကို အမြဲဂရုတစိုက် ရှိနေ သည့် သူ့အဖို့ သိသာပါသည်။

"ကော်ဖီသောက်မလား ရင်ငြိမ်း"

"သွားလေ"

ရင်ငြိမ်းက လွယ်အိတ်ကို ရင်ခွင်မှာ အပ်သည်။ ကား သော့ကို လက်မှာဆုပ်ကိုင်ပြီး တောင်ငူကင်(န်)ဘင်းဆီ ခြေ ဦးလှည့်၏။

ဘာကိုမှ ထူးခြားဟန်မပြသည့် ရင်ငြိမ်းရင်ထဲမှာ လှုပ် ခတ်မှုတစ်စုံတစ်ခု ရှိနေမှာကို သူ သိ နေ ပြန် တော့ လည်း အေးစက်လွန်းလှပါလားဟု ရင်ငြိမ်းကို အံ့ဩခြင်းမဖြစ်မိ တော့။

"နွမ်ဂျာသိုင်း စာအုပ် အသစ်ထွက်တယ်နော်"

"ဟုတ်တယ်၊ တစ်နေ့က ဖြန့်တယ်လေ။ ရင်ငြိမ်း ဖတ် ပြီးပြီလား"

''ဟင့်အင်း၊ ဒီနေ့မှ သူငယ်ချင်းတွေပြောလို့ သိတာ''

ရင်ငြိမ်းအသံက အေးစက်တာထက်ပိုပြီး တောင့်တင်းနေသည်။ ဟို အရင်အချိန်ကလေးတွေကို နှမြောလိုက်တာ။

ထိုင်နေကျ ကော်ဖီဆိုင်မှာ ထိုင်ဖြစ်တော့ သတိတရယူခဲ့သော နှမ်ဂျာသိုင်း၏ 'မြူဝန်းလို့ခို' ဝတ္ထုစာအုပ် လေး ကို ထုတ်ပေးဖြစ်သည်။ အနည်းငယ် နွမ်းရော်နေသော မျက်နှာနုနုမှာ ကျေနပ်မှုဘစ်စွန်းတစ်စ ထင်ဟပ်သွားကြောင်း သတိထားလိုက်မိပြန်၏။

''ထွက်တဲ့နေ့ကတည်းက ရင်ငြိမ်းကို သတိရတယ်။ လာမပေးဖြစ်ဘူး''

''ကိစ္စမရှိပါဘူးဖြိုးရဲ့၊ ရင်ငြိမ်းက အရေးမကြီးပါဘူး။ နောက် ကြုံမှ ပေးပေါ့''

အမှတ်တမဲ့ပြောလိုက်သောစကားကို ရင်ငြိမ်းက သူမဘာသာပင် သတိထားမိဟန်မတူ။ ကော်ဖီခွက်နှစ်ခွက်ရောက်လာသောအခါ သူက ဟို အရင်ကအတိုင်း ရင်ငြိမ်း၏ကော်ဖီခွက်ကို မွှေပေးလိုက်သည်။

''ကျွန်တော့် အတွက်တော့ ရင်ငြိမ်းထက် အရေးကြီးတာဘာမှမရှိဘူး''

ရင်ငြိမ်းက ဝတ္ထုစာအုပ်အဖုံးကိုဖွင့်လျက် သူ့ရှေ့မှာ ထားလိုက်သည်။ ရင်ငြိမ်းအတွက် စာအုပ်ဝယ်ပေးတိုင်း အမြဲတမ်း လက်မှတ်ထိုးပေးနေကျ။



''ရင်ငြိမ်းထက် အရေးကြီးတာ ဖြိုး ရဲ့ အလုပ် မဟုတ်လား''

''တာ''

သူက ရင်ငြိမ်း မျက်ဝန်းတို့ကို တခင် စိုက် ကြည့် လိုက်သည်။ တွေ့စကလေးက ညှိုးမနေတော့။ ကလေးဆန်လျက် ကြည်လင်နေတတ်သော ရင်ငြိမ်းမျက်နှာကို လှသည်ဟု ဘယ်တုန်းကမှ မသတ်မှတ်ခဲ့ပေမယ့် ညီမလေးလို၊ ချစ်သူ တစ်ယောက်လို သူ ခိုင်ခိုင်မာမာ တွယ်တာခဲ့ရသည်ကတော့ ချစ်စရာကောင်းလွန်းသော သူမ၏မျက်နှာ ကြည်ကြည်ကလေးကြောင့်ပင်ဖြစ်သည်။

''အလုပ်ကို လေးစားတယ်၊ တွယ်တာတယ်။ အဲဒီထက် မလျှော့ဘဲ ရင်ငြိမ်းကို သံယောဇဉ်ကြီးတယ်''

'ကျေးဇူးတင်ပါတယ်''

''ဟင့်အင်းလေ၊ ရင်ငြိမ်းနဲ့ ဖြိုးကြားမှာ အဲဒီစကားက လုံးဝမှ မလိုအပ်တာ''

ရင်ငြိမ်းက ခပ်ဖျော့ဖျော့ ပြုံးသည်။ သူမ ဝိတ်အနှောင့်အယှက် ဖြစ်နေလေမလားဟု စိတ်တထင့်ထင့် တွေးသည်။ ရက်ပိုင်းမျှမမြင်ရသော ရင် ငြိမ်း မျက် နှာ အ နည်း ငယ် ချောင်ကျသွားသလို ထင်ရ၏။ မပြတ်သားနိုင်ဘဲ ပြတ်သားရန်လည်း မလိုအပ်ဘူးဟု သူက ထင်သည့် ဇာတ်လမ်းတစ်ခုကို ပြတ်ပြတ်တောက်တောက် အဆုံးသတ်လိုက်ခြင်းအား

ဖြင့် ကိုယ့်ကိုယ်ကိုရော သူမကိုပါ စိတ်ဒုက္ခရောက်စေနိုင်မည်ဟု ကိုယ့်ဘက်ကိုယ်ယက်ပြီး သက်သက် ညှာညှာ တွေးဖြစ်သည်။

တကယ်တော့ သူ ကိုယ်တိုင်က ရင်ငြိမ်းနှင့် ခွဲ သွား ဖို့ ဘယ်လိုမှကြိုးစားမရတော့ဘဲ ဖြစ်သည်။ နောက်ဆုံးတော့ ရင်ငြိမ်းရှိနေမည့် တောင်ငူဆောင်ဘက်ကို ခြေဦးလှည့်ရပြန်တော့၏။ ရင်ငြိမ်းမျက်နှာကို မြင်ရသည့် အခိုက်အတန့်မှာ သောကပူလောင်မှုတို့ ခဏတဖြုတ်ဖြစ်ဖြစ် အေးချမ်းသွားတာတော့ အမှန်ပင်။

"လမ်း လျှောက်ဦးမလား ရင်ငြိမ်း"

"သဘောပဲလေ"

"ရင်ငြိမ်း အချိန်ရပါ့မလား"

"သဘောပဲလို့ ဆိုနေ"

ပြောနေကျလေသံကို ပြန်ကြားရသည်။ သူ စိတ်ကျေနပ်သွားပြီး ကော်ဖီသောက်အပြီးမှာ သထုံ လမ်းဘက်လျှောက်ရအောင်ဟု ပြောသည်။ နှစ်ဦးသားကြားမှာ တစ်စုံတစ်ခုကတော့ တမင် ဖုံးကွယ်ထားရသည်သာ ဖြစ်၏။ ဒါကိုလည်း သတိမရဟန် ဆောင်နေရသေးသည်။ သူက အဲ့သည်အဖြစ်ကို သည်းမခံနိုင်စွာ ရင်ထဲရှိသမျှ ပြောပစ်လိုက်ဖို့ စိတ်ကူးသည်။ ဒါပေမယ့် ရင်ငြိမ်းကိုယ်တိုင် ခါးခါးသီးသီး လက်မခံနိုင်ဖြစ်သွားမှာကိုလည်း စိုးရိမ်သည်။



ဘယ်လိုပဲဖြစ်ဖြစ်....

သူကတော့ ခုလိုကျပ်ကျပ်တည်းတည်း အသက်ရှူနေရမည့်အဖြစ်ကိုပင် သူ့မှာ မခံမရပ်နိုင် ဖြစ်ရသည်။

"ချစ်တယ်"

ဟု မပြောမိဖို့ သူ မနည်းကြီး ထိန်းချုပ်နေရ၏။

"ရင်ငြိမ်းလဲ မြို့ထဲမရောက်ဖြစ်ဘူး။ စာအုပ် ဝယ်ချင်တာ"

"လိုချင်တဲ့စာအုပ် မှာ လိုက် လေ။ ဖြိုး ဝယ် ခဲ့ ပေး မှာပေါ့"

"ဟင့်အင်း၊ ဖြိုးက အလုပ်များတော့ ကြတော်ရုံ တန်ရုံ ဒီဘက်မရောက်ဖြစ်မှာစိုးလို့"

တောင်ပိန္နဲပင်အခြေကို ငေးရင်း သူ ပြုံးဘော့ ရင်ငြိမ်းက မြင်ဖြစ်အောင် မြင်သွားပြီး....

"ဘာပြုံးတာလဲ"

ဟု ရွံ့တွန့်တွန့်မေး၏။

"ဩော် ...ဒီဘက်မရောက်ဖြစ်မှာစိုးလို့ဆိုတာကို သဘောကျလို့ပါ"

"ဘာဆိုင်လို့လဲ"

မန္တလေးဆောင်ရှေ့မှဖြတ်ပြီး အဓိပတိ လမ်း မ ဆီ သို့ လျှောက်လာစဉ် ရင်ငြိမ်းက သူ့စကားကို နားမလည်တတ်သလို ပြန်မေးသည်။ တကယ်ပဲ သူမ နား မ လည် တတ် တာလားဆိုတာကိုတော့ သူလည်း အသေအချာမသိလိုက်။

''မရောက်ဖြစ်အောင် တမင်နေတာမျိုးပဲ ဖြစ်မယ်။ မရောက်ဖြစ်ဘူးဆိုတာတော့ လုံးဝမဖြစ်နိုင်ဘူး။ လူမရောက်ရင်တောင် စိတ်က ရောက်နေတာပဲ ရင်ငြိမ်းရယ်''

တက္ကသိုလ် ရိပ်သာလမ်းမကို ဖြတ်ကူးစဉ် ရင်ငြိမ်း နှုတ်ဆိတ်နေပြီး လျှောက်နေကျလမ်းကလေး၏ ထိပ်ကို ရောက်တော့မှ....

''ဒါဆို ဟိုနေ့တွေက မရောက်ဖြစ်အောင် တမင် နေတာပေါ့ ဟုတ်လား''

ဟု သူမထံ မရောက်ဖြစ်ခဲ့သည့် ခြောက်ရက်နီးပါးအချိန်များကို ပြန်လည် ရည်ညွှန်းလျက် မေးသည်။

''လာရင် ရင်ငြိမ်း စိတ် အနှောင့်အယှက် ဖြစ်နေမလားလို့''

ရင်ငြိမ်းက ခေါင်းကလေးဆတ်ပြီး ပြုံးသည်။

''နေကြည့်တာပဲလေ။ ဒါပေမယ့် နေမှ မ နေ နိုင် တာ။ နောက်ဆုံးတော့ ရင်ငြိမ်းမျက်နှာကိုမြင်ရ ပြီးရောဆိုပြီး လာခဲ့တာပဲ''

သည်စကားအဆုံးမှာတော့ ရင်ငြိမ်းက ဟက်ဟက် ပက်ပက် ရယ်လေသည်။ ရယ်သံကြောင့်ပဲ ပိတောက်ရွက်ကလေးတွေ လှုပ်ခတ်သွားလေသလားဟု ရှုးကြောင်ကြောင် တွေးမိ၏။ ပိတောက်လမ်း တစ်လျှောက် လူရှင်းနေ၏။

''ဘာရယ်တာလဲ''



အပျိုဖြန်းကလေးလို မျက်စောင်းထိုးကြည့်ပြီး ရင်ငြိမ်းက မေးသည်။ သူမ၏ ညာလက်ဖဝါးကို ဆတ်ခနဲ ဆုတ်ယူလိုက်သောအခါ ရုတ်တရက်မို့ လန့်သွားပြီး သူမ မော့ကြည့်သည်။

''ရင်ထဲကပြောနေတာ၊ ရယ်စရာမဟုတ်ဘူး၊ မရယ်နဲ့''

''နှုတ်ခမ်းနဲ့ပဲ စကားပြောရတာပါ။ ရင်နဲ့မှ ပြောလို့မရတာ''

နောက်ထပ် ဘာမှ ထူးခြား တွန့်ဆုတ်သွားဟန်မရှိ။ လက်ကို မရုန်းဖယ်ဘဲ မသိဟန်ဆောင်လျက် သူမ ရယ်မောနေလေသည်။

''အေးပေါ့လေ ခင်ဗျားကတော့ ပြောနိုင်မှာပေါ့။ ကျုပ်ရင်ထဲမှာ ဘာဖြစ်နေတယ်ဆိုတာ ခင်ဗျားမှ မသိတာဘဲ''

''အငင်းကြီးပဲ''

ဟု သူမ ရယ်ရယ်မောမောပြော၏။ ရင်ထဲမှာ တလှပ်လှပ်ကြည်နူးနေသည်။ သူမနှင့် မျက်နှာချင်းဆိုင်ရစဉ်ရှိခဲ့သော စိုးရိမ်မှုသောကတို့ ခုချိန်မှာ လုံးဝ ပျောက်ပျက်သွားပြီး ချစ်သူ့နှလုံးသားကို အရှင်းလင်းဆုံး သိမြင်လိုက်ရသလို သူမအပေါ် စုပြုံထားသော ချစ်ခြင်းတရားကိုလည်း ပို၍ ခိုင်ခိုင်မာမာ ယုံကြည်လာ၏။

ရှေ့လမ်းမမှာ ချိုင့်ခွက်၊ ရေအိုင်တို့ ရှိနေသော်လည်း ဖြောင့်ဖြောင့် ရှိသည်။ ပိတောက်ပင်အရိပ်တို့ကြောင့်လည်း

အေးအေးချမ်းချမ်း ရှိ၏။ သူနှင့် ရင်ငြိမ်းတို့၏ အနာဂတ်ဘဝသည်လည်း သည့်နှယ်အေးချမ်းဖြောင့်တန်းစေချင်သည်။ အသာယာဆုံး ဘဝကလေးတစ်ခု ဖြစ်လာဖို့ကို သူကိုယ်တိုင် အခိုင်အမာ ဆုံးဖြတ်ထားပြီးသား။

"မတွေ့ရတဲ့ရက်တွေမှာ ဖိုးတစ်ယောက်တည်း ကြိတ်ခံစားနေရတာကို ရင်ငြိမ်း ကိုယ်ချင်းစာတတ်ရင် သိမှာပါ။ မတွေ့ဖြစ်အောင် ကြိုးစားနေပေမယ့် ညနေတိုင်ရောက်ရင် အလိုလိုလှမ်းမိနေတဲ့ခြေလှမ်းတွေကို ပြန်ထိန်းချုပ်နေရတယ်။ မြင်ချိန်တန်ပြီး မမြင်ရတဲ့ ရင်ငြိမ်းမျက်နှာကို စိတ်ကူးထဲမှာ တွေ့ပြီး ပိုလွမ်းတယ်။ ရင်ငြိမ်းရော"

သွေးကြောများဖြင့် တင်းနေသောပါးပြင် မို့တက်သွားအောင်ပင် ရင်ငြိမ်း ပြုံးလေသည်။ ဘယ်တော့မှ မရိုးနိုင်သော ရင်ငြိမ်း၏ မျက်ဆံထောင့်ကပ်သည့်အကြည့်မှာ ကြည်နူးခြင်းများစွာ ပျော်ဝင်သွားသည်။

"မျှော်ချိန်ရောက်ရင်တော့ မျှော်တတ်နေတုန်းပါပဲ"

"မျှော်နေတာ တစ်ခုထဲပဲလား"

"အင်း ... သတိလည်း ရပါတယ်"

တွေ့စတုန်းက အေးစက်စက်မျက်နှာအတိုင်းပင် အချယ်အပြုံးကို ထိန်းချုပ်လျက် သူမ ပြောသည်။ အားတက်သရော စကားသံမဟုတ်ပေမယ့် ရင်ငြိမ်း၏နှလုံးအိမ်မှာ သူ့အဘွက်တွယ်တာမှု သံယောဇဉ်တွေ ရှိသည်ဟု သူ အလိုလို သိနေပြီ။



ပိတောက်ပင်အရွက်တို့ကြားမှာ ညနေ ကျနေက ခပ်စူးစူး ထိုးဖောက်လာသည်။ လူသူရှင်းနေသော ပမ်းကလေးမှာ ရင်ငြိမ်း လက်ဖဝါးကို ခပ်တင်းတင်းဆုပ်ရင်း ဖြည်းဖြည်း လျှောက်နေမိ၏။ အဲဒါကိုက လောကမှာ ပြည့်စုံခြင်းပါပဲ။ သူက ရင်ငြိမ်းနှင့် နှစ်ယောက်အတူရှိနေမည့် ငြိမ်းချမ်းသည့်ဘဝကလေးတစ်ခုကို မျှော်လင့်သည်။ သူ့အနေဖြင့် ရင်ငြိမ်းကို ချစ်သူတစ်ယောက်လို၊ အဖော်တစ်ယောက်လို နောက်ဆုံးမှာ ကြင်သူဇနီးတစ်ယောက်လိုထက် ပိုပြီး နက်ရှိုင်းမြတ်နိုးသည့် ချစ်ခြင်းတရားမျိုးကို ပေးအပ်ချင်သည်။ ပိုင်ဆိုင်စေချင်သည်။

ရင်ငြိမ်းအတွက် သူ တတ်နိုင်သမျှ ဘာကိုမဆို ဖြည့်စွမ်းပေးချင်သည်။ ရင်ငြိမ်းရယ်။

"ချစ်တယ်" ဆိုသည့် စကားနှစ်လုံးရဲ့တန်ဖိုးကို သူတကာတွေလိုပဲ ပေါ့ပေါ့တန်တန် တွေးလိုက်မှာ စိုးတယ်။

ရင်ငြိမ်းက သူ့ကို မော့ကြည့်သည်။ နားထောင်သူ၏မျက်နှာကို ငေးကြည့်ပြီး စကားပြောတတ်သည့် ရင်ငြိမ်း၏ အကျင့်ကလေးကိုလည်း သူ အမှတ်တရ ရှိပြန်၏။

"ရင်ငြိမ်းလေ...."

စကားသံက ဆို့နင့်နင့် ရှိ၏။

"ဖိုးဘဝအတွက် နောက်ဆုံးပဲ ဖြစ်ပါရစေကွယ်"

ခြေလှမ်းတို့ တုံ့ခနဲ ရပ်သွားသည်။ မျက်ဝန်းချင်းဆုံခိုက်မှာ နီထွေးသော ရင်ငြိမ်းနှုတ်ခမ်း၊ သွေးကြောမျှင်တို့ဖြင့် ပါးပြင်၊ တောက်ပနေတဲ့သည့် မျက်ဝန်းတို့အားလုံးမှာ ဝေဒနာရိပ်ကို တွေ့သည်။

ရင်ငြိမ်းရယ်....

ဟန်ဆောင်မှုကင်းမဲ့စွာသော ချစ်သူမျက်နှာကို ကြေကွဲစွာ ကြည့်သည်။ နှလုံးသည်းပွတ်မှာ ချစ်သူနှင့်ထပ်တူ ခံစားရသော ဝေဒနာသည် သူ့အတွက် စူးရှနာကျင်လွန်း၏။ ရင်ငြိမ်း၏လက်ဖဝါးနှစ်ဘက်လုံးကို ဆွဲယူဖျစ်ညှစ်လိုက်သည်။ အရည်ကြည်တို့ ဝေ့တက်လာသော ရင်ငြိမ်း၏ မျက်ဝန်းအကြည့်က ရင်ကို ခပ်ပြင်းပြင်း ထိမှန်၏။

"စိတ်ချ။ ဖြိုးရဲ့ ရှေ့ဆက်မယ့် အနာဂတ် ဘဝသစ်မှာ ရင်ငြိမ်းက ပထမဆုံးနဲ့ နောက်ဆုံးပါပဲ ချစ်ရယ်"

ရင်ငြိမ်းက အောက်နှုတ်ခမ်းကို သွားချွန်ချွန်ဖြင့် ဖိကိုက်ရင်း နှုတ်ခမ်းလှုပ်ရုံ ပြုံးသည်။

ထူးဆန်းစွာပင်....

ဘယ်တုန်းကမှမမြင်ခဲ့ရဘူးသောအားငယ်ရိပ်ကို ရင်ငြိမ်းမျက်ဝန်းများမှာ မြင်ရ၏။

သည်ကတည်းက ချစ်သူ၏ ကြင်နာတတ်သော ပင်ကိုယ်စိတ်ရင်းကို နားလည် မြင်သာခဲ့ရသည်။

*

ခရမ်းပြာ (၁၁)

"မဂ္ဂဇင်းတစ်ခု လုပ်မယ်"

ဟု သူ ရင်ငြိမ်းကို ပြောသည်။ ပထမတော့ ရင်ငြိမ်းက သူ့စကားကို အဆုံးအထိ သဘောမပေါက်နိုင်ဘဲ ခပ်တွေတွေ ကြည့်၏။

"ကိုယ်ပိုင် အရင်းအနှီးနဲ့စုဆောင်းပြီး စာအုပ်တစ်အုပ်လောက် လုပ်မလား စဉ်းစားတယ်။ ဝါသနာလည်းပါတယ်။ နည်းနည်းလည်း ကျွမ်းကျင်နေပြီဆိုတော့"

ရင်ငြိမ်း ငြိမ်သက်နေရာမှ ဆတ်ခနဲ ခေါင်းညိတ်သည်။

"တကယ်လား"

"ကြိုးစားကြည့်ချင်တယ်"

"ဖြစ်နိုင်မယ်ထင်တယ်။ လုပ်ကြည့်လေ"

သူမ ထုံးစံအတိုင်း အေးစက်စက်စကားသံကို ကြားရသည်။ ရင်ငြိမ်းသည် သူ့အလုပ်ကိစ္စနှင့်ပတ်သက်လျှင် လိုအပ်သည်ထက် ပိုပြီး အေးစက်နေသယောင် ရှိ၏။ မစူငမ်း၊ မစပ်စု၊ ဘာတစ်ခုမှလည်း စိတ်ဝင်တစား မေးမြန်းသည်မရှိဘဲ သူက စကားစလျှင်တော့ လိုအပ်သလောက် အကြံဉာဏ်ကို အားတက်သရော ပေးတတ်လေသည်။ သူကိုယ်တိုင်ကလည်း သူ့လုပ်ငန်းအပေါ်မှာ တခြားသူ၏ ဩဇာလွှမ်းမိုးမှု တစ်ခုခု ရောက်လာမှာကို လုံးဝမလိုလားဘဲ ကိုယ်ပိုင်ဆုံးဖြတ်ချက်၏ ရလာဒ်ကိုသာ ဂုဏ်ယူတတ်သူ ဖြစ်လေသည်။

"ရင်ငြိမ်း စာမေးပွဲ နီးပြီနော်"

"အင်းဟင်"

"စာတွေ အဆင်သင့်ဖြစ်နေပြီလား"

"တာဝန်ကျေရုံတော့ လုပ်ထားပါတယ်"

ရင်ငြိမ်း၏ "တာဝန်ကျေရုံ" ဟူသော စကားကို သူ နားလည်သည်။

ရင်ငြိမ်းက သူမ၏ တာဝန်ကို အကောင်းဆုံး ကျေပွန်နိုင်သူတစ်ယောက် ဖြစ်၏။ ရင်ငြိမ်းက ဘာမှာ သူ့ထက် အများကြီး ကံကောင်းခဲ့သူတစ်ယောက် ဖြစ်၏။ သို့ပေမယ့် အဲသည်စကားကိုတော့ ရင်ငြိမ်းက ဘယ်တော့မှ သဘောမကျတတ်။

"ကံဆိုတာ လူကလုပ်တဲ့ အလုပ်ပါ"



ဟု မျက်နှာတည်တည်ဖြင့် ချေပတတ်သည်။ ရင်ငြိမ်းက သူမ၏ ကြိုးစားမှုကို သူမကိုယ်တိုင် အသိအမှတ်ပြု ကျေနပ်နေတတ်၏။

"ရင်ငြိမ်း ညက ကဗျာတစ်ပုဒ် ရေးထားတယ် သိလား"

"အင်း....ပြောပါဦး"

"ခေါင်းစဉ်က အလွမ်း....တဲ့"

သူက ပျဉ်းမပင်ပေါ်သို့ မော့ကြည့်သည်။ ရုတ်ခနဲ ထပျံသွားသော ဆက်ရက်ကလေးတစ်ကောင်ကို တွေ့၏။ ရင်ငြိမ်းက ကားတံခါးနံရံကို မှီထိုင်နေသည်။

"အလွမ်း"

"အင်းလေ"

"ဘယ်သူ့ကိုလွမ်းတာလဲ။ ဆိုစမ်းပါဦး"

ရင်ငြိမ်းက သူ့လက်မောင်းကို ဆွဲဆိတ်ရင်း....

"မသိဟန်ဆောင်နေပြန်ပြီ"

ဟု ပြုံးစစ ပြောသည်။

"ဘယ်သိနိုင်မှာလဲ။ ခင်ဗျားက ရည်းစားအများကြီး ထားဖူးတယ်ဆို"

ရင်ငြိမ်းက အသံထွက် ရယ်လေသည်။ သူက ရင်ငြိမ်း တစ်ခါပြောထားဖူးသော စကားတစ်ခွန်းကို အမှတ်ရစွာ ပြန်ပြောခြင်း ဖြစ်၏။

"ရည်းစား ဘယ်နှစ်ယောက်ထားဖူးလဲ"

ဟု သူ မေးသောအခါ ရင်ငြိမ်းက မျက်နှာတည်တည်ထားချင်း....

"ငါးယောက်လောက်တော့ရှိမှာပေါ့"

ဟု ပြန်ဖြေခဲ့ဖူးသည်။ နောက်ထပ် စကားကြုံကိုင်း....

"ရည်းစားအများကြီးထားဖူးတဲ့ ကောင်မလေး"

ဟု သူက စဘတ် နောက်တတ်လေသည်။ သို့ပေမယ့် အဲသည် ရည်းစားတွေအကြောင်း ပြန်မေးဖို့တော့ သူ စိတ်မကူးဖြစ်ခဲ့။ သူက အတိတ်ကို မေ့ထားတတ်သူဖြစ်ပြီး ရင်ငြိမ်း၏ ဖြစ်ခဲ့ပြီးသမျှကိုလည်း သူ စိတ်စင်တစား မရှိလှပါ။ ရင်ငြိမ်းကလည်း အလုပ်ကိစ္စ၊ ကဗျာအကြောင်း၊ စာအကြောင်း၊ အနုပညာကိစ္စမှလွဲပြီး သူ့ အတိတ်ကာလများကို ပြန်လည်အစဖော်သည့် စကားမျိုးကို မပြောခဲ့ဘူး။ ထို့ကြောင့်ပဲ ရင်ငြိမ်းကို တစ်ချိန်ထက်တစ်ချိန် ပိုပြီး ချစ်မိသွားခြင်းဖြစ်၏။

"ရည်းစားဆိုတာ ချစ်သူမှမဟုတ်တာ။ ချစ်သူက ဖြိုးတစ်ယောက်တည်း"

"ရည်းစားနဲ့ ချစ်သူ ဘယ်ဟာက သာတာလဲ"

"သြ....မသိဘူးပေါ့"

ရင်ငြိမ်းက နှုတ်ခမ်းစူ၊ မျက်လုံးပြူးပြီး ကြည့်သည်။

"အင်းဟင် ဖြိုးက ချစ်သူရော၊ ရည်းစားရော ထားမှ မထားဘူးတာ"



"မထားဘူးပေါ့လို့ဘဲ"

စ,နောက်ရင်း ရယ်မောရင်း တွေ့စက စကားစထား သော မဂ္ဂဇင်းကိစ္စကို စကားပြန်မဆက်ဖြစ်ဘော့။ သို့ပေမယ့် သည်ထက်ပိုပြီး ပြောစရာမလိုကြောင်းလည်း သူ သိနေပြန် သည်။ ရင်ငြိမ်းသည် လိုအပ်သည်ထက်ပိုပြီး ဘယ်အရာကိုမှ စိတ်ဝင်စားတတ်သူမဟုတ်။ သူနှင့်ပတ်သက်သမျှ သူ ပြော သလောက်ထက်ပိုပြီး ဘာကိုမှ ထပ်မမေး။

"မဂ္ဂဇင်းမှာ ကဗျာကဏ္ဍ ပါဦးမှာလား"

သူ မေ့လောက်သည့် အချိန်မှာမှ ရင်ငြိမ်းက သူ့ကို မေး သည်။

"ဒါပေါ့၊ ဖြိုးရဲ့အလုပ်မှာ ဖြိုးချစ်သူကို တစ်စုံတစ်ခု တော့ တာဝန်ပေးရမှာပေါ့"

"အဲဒီ တာဝန်ကို ကြောက်တယ်"

"ဘာဖြစ်လို့"

"တန်ဖိုးကြီးလို့လေ"

သူ ရင်ငြိမ်းမျက်နှာကိုကြည့်တော့ ရင်ငြိမ်းက သူ့ပခုံးမှာ ပါးအပ်လိုက်ရင်း ဟိုးအောက်ခြေ မြေလမ်းကလေးကို ငေး မောနေလေသည်။ တစ်ခါတစ်ခါတော့လည်း အတွေးဖက် များသော ကဗျာဆရာမ ရင်ငြိမ်း၏ စကားများကို သူ လိုက် မမီပြန်။ စိတ်ကူးယဉ်ဘတ်သော ရင်ငြိမ်း၏ လက်တွေ့ဆန် သော သဘောထားများက ပီပြင်လွန်းသည့်အခါ ကြောက် စရာ ကောင်းနေပြန်၏။

"ဘာကိုလဲ"

ရင်ငြိမ်းထံမှ ရှင်းလင်းစကား မလာသောအခါ သူ ထပ်မေးသည်။

"ဩော်... ဖြိုးပဲစဉ်းစားကြည့်ပေါ့။ ချစ်သူရဲ့ အလှင်ဆိုတဲ့ သံယောဇဉ်၊ စာပေဆိုတဲ့ သံယောဇဉ်၊ လက်ခံအားပေးမယ့် ပရိသတ်ဆိုတဲ့ သံယောဇဉ်၊ သံယောဇဉ်တွေ အများကြီး တွယ်ခံရမယ့် တာဝန်လောက် ကြီးလေးတာ ရှိပဦးမလား"

"သိပ်မှန်တာပေါ့"

သူက ရင်ငြိမ်း၏ ဆံပင်ပျော့ပျော့ကလေးများကို ရှိုက်နမ်းလိုက်သည်။

"အဲလို သံယောဇဉ်တွေနဲ့ ခင်ဗျားလေးကို ထွက်မပြေးနိုင်အောင် ကျုပ်က ချုပ်နှောင်ထားချင်တာ။ ကျုပ်ရဲ့ ကမ္ဘာထဲမှာ အမြဲနေနိုင်အောင်လို့။ ဒါပေမယ့် တကယ်တမ်း မနေနိုင်ဘူးဆိုရင်လည်း မတားသာပြန်ဘူးလေ"

"တော်စမ်းပါ။ ဒါမျိုးကျတော့လည်း တတ်ပြန်ရော"

သူ စကားပြော မပြေပြစ်တတ်သည်ကို ရည်ရွယ်ပြောခြင်းဖြစ်သည်။

"ဩော်.... ခင်ဗျားရဲ့ချစ်သူလေ၊ ရင်ငြိမ်းချစ်သူက ဒီလောက်တော့ တတ်ရမှာပေါ့"

"အံမယ်...ရင်ငြိမ်းက ရင်ထဲကမပါဘဲ စကားမပြောတတ်ပါဘူး"



နဖူးပေါ်မှ ရင်ငြိမ်းဆံစဘို့ လှုပ်ရှားသွားသည်။ သွေးကြောကလေးများဖြင့် ကြည်လင်နေသော ရင်ငြိမ်း၏ သောကမဲ့မျက်နှာကို သူ ငေးမောကြည့်နေဖြစ်၏။

"ဖြိုးလဲနှလုံးသားထဲက ပြောတာပါ။ မယုံရင် ရင်ငြိမ်းဝင်ကြည့်။ ဖြိုးပါးစပ်ထဲကနေ မျိုချလိုက်မယ်လေ"

"ဟင့်အင်း....ယုံတယ် မယုံဘူးဆိုတာအတွက် အတည်ပြုချက်ကို တပင်တပန်းလိုက်ရှာနေစရာမလိုပါဘူး။ တစ်ချိန်ချိန်မှာတော့ ထင်ရှားလာမှာပေါ့"

ရင်ငြိမ်းက အေးစက်စက်ပြောပြန်သည်။ ရင်ငြိမ်းက သံသယကို ဖုံးကွယ်တတ်သူလည်း ဖြစ်သည်။ သို့ပေမယ့် အခါများစွာမှာ ရင်ငြိမ်းသည် အေးချမ်းသော သိုးငယ်ကလေးတစ်ကောင်သာဖြစ်၏။ နောက်ပြီး သူ့ကို နားအလည်နိုင်ဆုံး မဟုတ်လျှင်တောင် သည်းခံနိုင်စွမ်းရှိသည်ကတော့ အမှန်ပင်ဖြစ်သည်။

သူ ပြန်ခါနီးမှာ ရင်ငြိမ်းက သူ့ကို အံ့ဩသွားစေသော၊ ပြန်လည်အမှတ်ရနေစေသောစကားကို ဆိုလေသည်။

"တကယ်လို့ဖြိုး နောက်ထပ်တစ်ယောက်တွေ့ခဲ့ရင်၊ ဒါမှ မဟုတ် ရင်ငြိမ်းကို စိတ်ကုန်လာတယ်ဆိုရင် ရင်ငြိမ်းကို ဖွင့်ပြောနော်။ အမုန်းတွေနဲ့ ခွဲမသွားချင်ဘူး။ နောက်ပြီး အညာခံရမှာကို ရင်ငြိမ်း သိပ်ကြောက်တယ်။ အညာခံရတယ်ဆိုတာ ကိုယ့်ရဲ့အရည်အချင်းညံ့ဖျင်းမှုကို ပိုပြီးပေါ်လွင်စေတယ်တဲ့"

ဘာမှ ပြန်မပြောသာဘဲ ရင်ငြိမ်းကိုသာ သူ ငေးကြည့်နေလိုက်မိတော့သည်။

ရင်ငြိမ်းက မိမိအရည်အချင်းကို တန်ဖိုးထားယုံကြည်လွန်းသော မိန်းမတစ်ယောက်။ သူက....

*

သူ အလုပ်စသောအခါ သူ လိုအပ်သည်ထက်ပိုပြီး ရင်ငြိမ်းက သူ့ကို ကူညီနိုင်လေသည်။ သို့ပေမယ့် ကျေးဇူးတရားကို တော့ ရင်ငြိမ်းက ဘယ်တော့မှ အမှတ်မထားတတ်။

အဆိုးရွားဆုံးတစ်ခုက သူ့အလုပ် အောင်မြင်စ ပြုလာချိန်မှာ ရင်ငြိမ်းနှင့်သူကပို၍ ဝေးကွာသွားခြင်းပင် ဖြစ်ေ သည်။ ထိုအချိန်က ရင်ငြိမ်း စာမေးပွဲဖြေဆိုရချိန်ဖြစ်သည် နောက်ပြီး အလုပ်အဟွက် သူ စာစ် ယောက် ဇာည်း အခ မလောက်မင ဖြစ်နေရချိန်လည်း ဖြစ်သည်။ ကျောင်းဘ ကို ခြေဦးမလှည့်ဖြစ်ခဲ့တော့သော်လည်း ရင်ငြိမ်း ဆီ ကို ေ စိတ်ရောက်နေမြဲ။ တစ်ခါနှကို တစ်ကြိမ်လောက်တော့ ဖု ခေါ်ဖို့ သူ စဉ်းစားမိသည်။ ရင်ငြိမ်းအိမ်ကို ပထမဆုံးအ ဖုန်းဆက်မိစဉ်မှာ စိတ်လှုပ်ရှားရင်း ဖုန်းခွက်ကိုင်ထားေသ သူ့လက်တို့ ချွေးစေးဖြင့် စိုကျ နေ၏။



"ဟဲလို"

ဟူသော ရင်ငြိမ်းအသံကို ပျော့ပြောင်းသော်လည်း ပြတ်ပြတ်ကြားရသည်။

"ရင်ငြိမ်းလား"

"ဟုတ်တယ်"

"ဖြိုးပါ"

"ဩြော်....ပြောလေ ဖြိုး"

ရက်သတ္တ တစ်ပတ်လောက် ဝေးနေရတော ချစ်သူ၏အသံကို ကြားရတော့လည်း ရင်ငြိမ်းမှာ ဘာမှ ထိထိရှရှ မဖြစ်လေဘူးထင်သည်။ အေးစက်စက် ရင်ငြိမ်းအသံကြောင့် သူ စိတ်မကောင်း ဖြစ်သွား၏။

"ရင်ငြိမ်း နေကောင်းလား"

"ဟုတ်ကဲ့၊ ကောင်းပါတယ်"

"စာကျက်နေလား"

"ဟုတ်ကဲ့၊ နောက်တစ်ပတ်စာမေးပွဲလေ"

"ဖြိုး မလာနိုင်ဘဲ့အကြောင်း ပြောမလို့"

ရင်ငြိမ်း အသံတိတ်သွားသည်။ သူ မလာနိုင်သည့်အတွက် စိတ်များ ဆိုးနေလေသလားဟူသော သူ့အတွေး သည် နောက်ထပ်ဆက်လာသော ရင်ငြိမ်းစကားကြောင့် ပျက်စီးကျေမွသွား၏။ သူက စိတ်မြန်သလောက် ရင်ငြိမ်းက သွေးအေးလွန်းသည်လေ။

"ကိစ္စမရှိပါဘူးဖြိုးရဲ့၊ ရင်ငြိမ်း သိနေတာပဲဟာ။ ဖြိုး
အလုပ်ခတွေရှုပ်နေတယ်မဟုတ်လား။ ရင်ငြိမ်း ဘာကူညီရဦး
မလဲ"

"ဟင့်အင်း ရပါတယ်။ နောက်နေ့တွေ ဖြိုး ဖုန်းဆ
မယ်လေ"

"မဆက်ပါနဲ့တော့ ဖြိုးရယ်။ ရင်ငြိမ်းလည်း စာမေး
ရှိတယ်။ စာကျက်ရဦးမယ်။ ဖြိုးလည်း စိတ်ဖြောင့်ဖြော
အလုပ်လုပ်ပေါ့။ စာမေးပွဲပြီးမှ တွေ့ကြတာပေါ့နော်"

သူ နောက်ထပ် စကားမဆက်သာတော့။ ရင်ငြိမ်း
သွေးဒအေးလွန်းမှု၊ တဇွတ်ထိုးနိုင်မှုတွေကို ထိန်းချုပ်ပြုပြ
ပေးဖို့ ကြိုးစားရန် သူ စိတ်ကူးယဉ်မိခဲ့သော်လည်း တကယ
တမ်းမှာ ရင်ငြိမ်းနှင့်ပတ်သက်ပြီး သူ ဘာမျှ ဆုံးဖြတ်ပိုင်ခွ
မရှိခဲ့ပါ။ ရင်ငြိမ်းနှုတ်မှ ထွက်ပြီးသော စကားတစ်ခွန်းသည်
ဆုံးဖြတ်ချက်ဖြစ်၏၊ အမိန့်ဖြစ်၏။ နောက်ပြီး သူ့ဘက်
နားလည်ပေးမှုတစ်ခုလည်း ဖြစ်ပြန်သည်။ ရင်ငြိမ်းပေးသေ
သူ့ စိတ်ချမ်းသာမှုအတွက် သူ့အနည်းငယ်တော့ စိတ်စ
စနောင့် ဖြစ်ရ၏။

"မလွမ်းဘူးလား"

ဟု သူ မေးသောအခါ....

"လွမ်းတယ်"

ဟုသာ သမားရိုးကျ ဖြေသည်။ လျှပ်စစ်လိုင်းထဲမှ ကြား
သော စကားသံမှာ တုန့်ခါလှိုက်လှဲမှုမရှိ။ ပကတိအေးစ
လျက်ပင် ရှိသည်။



"ဒါဆို နောက်နေ့တွေ ဖုန်းမဆက်ရတော့ဘူးပေါ့"

"သိပ် အကြောင်းမထူးဘူးထင်လို့ပါ"

"အင်းလေ ဒါဆိုလည်း စာမေးပွဲပြီးမှ ဆက်တာပေါ့"

"ဟော့ စိတ်ဆိုးသွားပြီလား"

အလိုမကျသော သူ့စိတ်ကို ရင်ငြိမ်းက တယ်လီဖုန်းထဲ
ပင် ခန့်မှန်းမိသွားပြီး သူ ချက်ချင်း စိတ်ပြေစေမည့် လေသံ
းဖြင့် ပြန်မေးလေသည်။ ဂရုတစိုက် မေးဖော်ရသည့်
တွက် ကျေးဇူးတင်စွာဖြင့် ခဏအတွင်းမှာ ရင်ငြိမ်းကို
တ်ပြေသွားသည်။

"မဆိုးပါဘူး"

"မဆိုးပါဘူးသာဆိုတယ် အသံကလည်း အောင့်သက်
က်နဲ့"

"ဒီလိုပဲ ပြောတတ်တာပဲ"

ရင်ငြိမ်းထံမှ အကြင်နာစကားကို ကြားရရုံ သူက စကား
ို ခပ်ဆတ်ဆတ် ဆက်ပြောနေမိသည်။

"ကဲပါ စိတ်ဆိုးမနေနဲ့နော်။ စာမေးပွဲပြီးတော့မှ စိတ်
ဖြောင့်ဖြောင့် တွေ့ကြရအောင်။ ရင်ငြိမ်းက ဖြိုးအသံ
ားနေရတော့ ဖြိုးကို အရမ်းသတိရပြီး စာကျက်ရတာ
ဖြောင့်မှာ စိုးလို့ပါ"

"အင်းပါ။ ဖြိုး နားလည်ပါတယ်"

"ဖြိုး စိတ်ဆိုးနေရင် ရင်ငြိမ်း မနေတတ်လို့ပါ"

သူ့ နှလုံးအိမ်ကို ဖျစ်ညှစ်ကိုင်လှုပ်နိုင်သော ရင်ငြိမ်း၏ စကားဖြစ်သည်။ ရင်ထဲမှာ ရှိနေတာချင်းအတူတူတောင် ရင်ငြိမ်းက စကားလုံး ရွေးချယ်မှု ကျွမ်းကျင်သည့်အတွက် သူ့ကို အစဉ်အမြဲ လွှမ်းမိုးနိုင်သည်သာ ဖြစ်လေသည်။ သို့ ပေမယ့် အဲ့သည်စကားအားလုံးကိုပဲ ရင်ငြိမ်း၏နှလုံးသားထဲမှ ချစ်ခြင်းအတိုင်းအတာကို ဖော်ပြနိုင်သော စကားဟု သူက ယုံကြည်၏။

ရင်ငြိမ်းဆန္ဒအတိုင်း နောက်နေ့တွေမှာ ဖုန်းမဆက်ဖြစ် တော့။ ရင်ငြိမ်းကိုတော့ အခါမလပ် သတိရနေသည်။ အလုပ် ထဲမှာ စိတ်နစ်မြုပ်နေသည့်အချိန်မှလွဲလျှင်ပေါ့လေ။

*

စကတည်းက အခက်အခဲတွေကို ရင်ဆိုင်ရတော့သည်။ အရေးကြီးဆုံး၊ အဓိကအကျဆုံးက ငွေရေးကြေးရေး အခက် အခဲ။ စုဆောင်းထားပြီးသော ငွေအနည်းအကျဉ်းသည် လုပ်ငန်းမှာ ထိရောက်မှုမရှိကြောင်း သူ သိသည်။ ရင်ငြိမ်းက စာမေးပွဲအတွက် လုံးပမ်းနေချိန်မှာ သူက ပထမဦးဆုံး စာ အုပ်အတွက် တင်ရှိထားသောကြွေးများကို ဆပ်ဖို့ လုံးပမ်း နေရလေသည်။ နောက်ပြီး စာအုပ်တိုက်၏ နေရာအတည်တကျ ဖြစ်ဖို့အတွက် သူငယ်ချင်းဘစ်ယောက်ကို အကူအညီ တောင်း ရသည်။



သူ၏ ပင်ပန်းဆင်းရဲမှုမှာ ရင်ငြိမ်းကဏ္ဍ မပါဝင်နိုင် အောင် သူ အထူးဂရုစိုက် ကြိုးစားသည်။ သို့ပေမယ့် စိတ် ညစ်စရာ ကြုံလာတိုင်း ရင်ငြိမ်းကို ရင်ဖွင့်ပြောပြတတ်သည် ကတော့ သူ့အတွက် ထွက်ပေါက်တစ်ခုလို ဖြစ်နေပြီ။

ဖြတ်ကျော်လာရသော စိတ်ညစ်စရာ ကာလများစွာမှာ ရင်ငြိမ်းစကားကပင် သူ့ရင်ကို ငြိမ်းစေခဲ့သည်။ ထို့ကြောင့်ပဲ ရင်ငြိမ်းဟူသည့် အမည်နာမသည် သူ့တစ်ယောက်တည်း အတွက် သီးသန့်ဖြစ်တည်လာခဲ့၏။

*

နံပါတ် ငါးခုကို နှိပ်ပြီးသောအခါ သံရှည်မြည်နေသော ဖုန်းခေါ်သံကို စိတ်မရှည်စွာ စောင့်သည်။

''ဟဲလို''

ဟူသော ထူးသံအဆုံးမှာ....

''ရင်ငြိမ်းနဲ့ တွေ့ချင်လို့ပါ''

ဟု သူ မေး၏။

''ခဏကိုင်ထားပါ''

ဟု ပြန်ပြောသံက ရင်ငြိမ်း၏ မောင်လေး ဖြစ်မည် ထင် သည်။ အချိန်အတော်ကြာတော့မှ ဖုန်းခွက် လာကိုင်သံ ကြားရ၏။

"ရင်ငြိမ်းလား"

"ဟုတ်ပါတယ် ဖြိုးရဲ့"

"ဖြိုးအသံကို မှတ်မိသေးသားပဲ"

"ရိတာလား"

"အလကား နောက်တာပါ။ ရင်ငြိမ်းနဲ့ တွေ့ချင်တယ်"

"အိမ်ကို လာခဲ့လေ"

အသက်ရှူသံ ပြင်းပြင်းကို ဖုန်းထဲမှ ကြားနိုင်လောက်သည်။ ရင်ငြိမ်းအိမ်မှာ သူ အသက်ရှူမဝတတ်။ ခုလို ဝမ်းသာအားရ တွေ့ချင်သည့် အချိန်မျိုးမှာ ထိန်းချုပ်နေရသည့် ရင်ငြိမ်းမျက်နှာကို သူ မမြင်ချင်။

သို့ပေမယ့်လေ—

အိမ်ကိုမှ မသွားလျှင် ရင်ငြိမ်းနဲ့ ဘယ်လိုတွေ့မလဲ။

လမ်းဘေးတစ်နေရာရာမှာ ရင်ငြိမ်း စောင့်နေရမည်။ ဒါမှမဟုတ် သူ စောင့်နေရမည့် ကလေးဆန်ဆန် အပြုအမူမျိုးလည်း မဖြစ်ချင်။

"ကောင်းပြီလေ။ အိမ်ကိုလာခဲ့မယ်။ ရင်ငြိမ်း အားရဲ့လား"

"ဒါ မေးရမယ့် စကားလား"

မကျေမနပ်အသံဖြင့် ရင်ငြိမ်း မေး၏။

"မေးရမယ်လေ။ ရင်ငြိမ်းအတွက် အနှောင့်အယှက်ဖြစ်နေမှာစိုးလို့"



"ဖြိုးအတွက်ဆို ဘယ်အချိန်ဖြစ်ဖြစ် သီးသန့်ထားပါတယ်။ ကိုယ့်ချစ်သူနဲ့ တွေ့ရမှာပဲ မဟုတ်ဘူးလား"

"ကျုပ်က ခင်ဗျားချစ်သူလား"

ခဏလေး အသံတိတ်သွားသည်။

"ဖြိုးနော်....နောက်မနေနဲ့။ရင်ငြိမ်းမှာ ဖြိုးဆိုတဲ့ ချစ်သူတစ်ယောက်တည်းရှိတာ"

သည်စကားကိုပဲ ကြားချင်မှန်း သူမ သိနေလိမ့်မည်။ ခုလိုပဲပြောလိမ့်မည်ဆိုတာလည်း သူက ကြိုသိနေပြန်သည်။ နားလည်မှုသည် သူတို့နှစ်ဦးကြားမှာ အတိုင်းအတာမဲ့ ရှိနိုင်သည်။ နှစ်ဦးစလုံးကလည်း ခုလို အခြေအနေကို နှစ်ခြိုက်ကျေနပ်နေပြန်သည်။

"အိမ်လာခဲ့မယ်နော် .. စောင့်နေ"

ဟု သူမှာပြီး ဖုန်းချလိုက်သည်။ အလုပ်တွေကို ခဏမေ့ထားပြီး စက္ကူသစ်၏ အနံ့သင်းနေသော မဂ္ဂဇင်းစာအုပ် သုံးလေးအုပ်ကို လက်မှာကိုင်လျက် ရင်ငြိမ်းအိမ်သို့ အပြေးအလွှားသွား၏။ ရင်ငြိမ်း အိမ် လမ်းထိပ်ရောက်သောအခါ စာမေးပွဲကာလအတွင်း နဂိုသွယ်နေသော ရင်ငြိမ်း ပင်ပန်းမှုဒဏ်ကြောင့် အသော်ပိန်သွားမှာပဲဟု ဂရုဏာစိတ်ဖြင့် တွေးဖြစ်၏။

ရင်ငြိမ်းနှင့် သူ အေးအေးဆေးဆေး မတွေ့ဖြစ်သည်မှာ နှစ်လကျော်ရှိပြီး တွေးမိဘိုင်း သည်မျှကြာသော အချိန်

ကာလမှာ ရင်ငြိမ်းကို ဘယ်လိုများ ခွဲထားခဲ့သလဲဟု သူ အံ့ဩဘကြီးဖြစ်ရသည်။

အဲလောက် အချိန်ကြာကြာ အထိတောင် ရင်ငြိမ်းကို ခွဲနိုင်လိမ့်မည်ဟု သူ ထင်မထားခဲ့ဘာလေ။

အိမ်ရှေ့ခြံတံခါးကို ဖွင့်သောအခါ သနပ်ခါးရေကြဲ ဖွေးဖွေး လိမ်းထားပြီး ရှပ်အင်္ကျီပွပွနှင့် တရုတ်ထဘီအဝါ ရောင် ဝတ်ထားသော ရင်ငြိမ်းကို အိမ်တံခါးဝမှာ ရပ် လျက် မြင်ရသည်။ ရင်ထဲမှာ အေးချမ်းသွားသည့် တခဏ ကြိတ်မှိတ်ထားခဲ့ရသော အလွမ်းတို့လည်း ယွင့်ပျောက် ကုန်တော့၏။

''နေကောင်းရဲ့လား''

ဟူသော စကားဖြင့် ရင်ငြိမ်းက သူ့ကို နှုတ်ဆက်သည်။ ဂရုတစိုက် ပူပန်တတ်သော ချစ်သူ၏ သံယောဇဉ်အတွက် သူ အမြဲကျေနပ်ခဲ့ရသည်။

''ကောင်းပါတယ်။ ရင်ငြိမ်းကို ဖြူးက စိုးရိမ်နေတာ။ စာမေးပွဲကြောင့် ပင်ပန်းပြီး ဖျားမလားလို့''

''ဟင့်အင်း ရင်ငြိမ်းက ကိုယ်ခံအား ကောင်းပါ တယ်''

ရင်ငြိမ်း ဘာကိုဆိုလိုချင်မှန်း သူ မသိ။ အူကြောင် ကြောင် ဖြစ်နေသော သူ့ကိုကြည့်ပြီး ရင်ငြိမ်းက ရယ်လေ သည်။ အိမ်ရှေ့ဧည့်ခန်းထဲမှာ ရင်ငြိမ်းနှင့် သူ့အပြင် ဘယ်



သူမှ ရှိမနေ။ ရင်ငြိမ်းက နှစ်ယောက်ထိုင်ခုံမှာ သူ့ကို ထိုင်စေသည်။

စားပွဲပေါ်မှာ အသင့်အခွံနွှာထားသော ကျွဲကောသီး အမွှာများ ထည့်ထားသော ကြွေပန်းကန်ပြားတစ်ချပ် ရှိနေ သည်။

သူ့အကြိုက်ကို အလိုက်တသိ ရှိသည့် အတွက်လည်း ရင်ငြိမ်းအပေါ် မြတ်နိုးမှုမှာ လေးစား ချီးကျူးခြင်းပါ ထပ်ဆင့်နေရခြင်း ဖြစ်သည်။

''ရင်ငြိမ်းကို ဖြူးနဲ့ထပ်တူ ဝမ်းသာစေချင်လို့''

သူက လက်မှာ ခပ်ကွယ်ကွယ်ကိုင်လာသော စာအုပ်ကို ရင်ငြိမ်းထံ လှမ်းပေးသည်။ စာအုပ်လှမ်းယူသော ရင်ငြိမ်း၏ လက်များက တည်ငြိမ်လွန်းနေသော်လည်း တောက်ပနေ သော ရင်ငြိမ်း၏ မျက်ဝန်းများထဲမှာ ကျေနပ်မှု၊ အားရမှု၊ နှစ်သက်ဝမ်းမြောက်မှုနှင့်အတူ ဂုဏ်ယူချင်သော အဓိပ္ပာယ် များစွာတို့ ပြည့်နှက်နေသည်။

စာဖတ် ပရိသတ်လက်ထဲမှာ အဝေဖန်ခံနိုင်သော စာ အုပ် တစ်အုပ်ဖြစ်လာဖို့ သူ ဘယ်လောက်ထိ ကြိုးပမ်းထား ရဲသည်ကို ရင်ငြိမ်းသာ နားလည်နိုင်လိမ့်မည်။

ရင်ငြိမ်းက စာအုပ်ဖုံးလေးကို စေ့စေ့စပ်စပ်ကြည့်ပြီးမှ အတွင်းစာသားကို လှန်သည်။ မာတိကာ ''အလွမ်း'' ဟူ သော ကဗျာခေါင်းစဉ်နှင့်အတူ ရင်ငြိမ်း၏ အမည်ကို တွဲ လျက် မြင်ရလိမ့်မည်။

သူ့အတွက် ရင်ငြိမ်း၏သက်ဆောင်။

သူက ငွေရောင်ခဲဘောင်ကွပ်ထားသော စာအုပ်အဖုံးလေးကို ငေးမောကြည့်မိသည်။ ပန်းတိုင်ရောက်လုနီးသော ခရီး၏ အောင်မြင်မှုမှတ်တိုင်ဖြစ်သည်။ ဒါကို သူ ကျေနပ်ရမည်။

သို့ပေမယ့် ရောင့်ရဲခြင်းမျိုးမဟုတ်ဘဲ သည့်ထက် တိုးတက်သော ခြေလှမ်းတို့ကို သူ ပိုင်ဆိုင်နိုင်ရမည်။ ရင်ထဲမှ ပီတိသည် ရင်ငြိမ်းထံသို့ပါ ကူးစက် ပျော်ရွှင် စေ နိုင် လေသည်။

"ဖြိုး သိပ်တော်တာပဲ"

ဟူသော ချစ်သူထံမှ ချီးမွမ်းစကားနှင့်အတူ ဝမ်းသာခြင်းဖြင့် ပီတိလွှမ်းသော မျက်ဝန်းများကို အချိန်အတော်ကြာ ငေးမောကြည့်ရင်း ရင်ခွင်မှ ပြောမပြတတ်နိုင်သော ခံစားမှုကို တစ်သက်လုံး ထိန်းသိမ်း ယူငင် သွား ချင်သည်။

"ဖြိုးရဲ့ အောင်မြင်မှုအတွက် ဖြိုးနဲ့ ထပ်တူ ရင်ငြိမ်း ဝမ်းသာပါတယ်၊ ဒါကို ရင်ငြိမ်း မပြောဘဲလည်း ဖြိုး သိမှာပါလေ။ ဒါပေမယ့်လေ ဖြိုးကို ရင်ငြိမ်း စိတ်ရှိသလောက် မကူညီနိုင်တဲ့အတွက်ဘဲ စိတ်မကောင်း ဖြစ်မိတယ်"



ရင်ငြိမ်း၏စကားကြောင့် သူ နည်းနည်းတော့ အံ့သြသွားမိသည်။ သူက ရင်ငြိမ်း၏ ကူညီပံ့ပိုးမှုကို သူ့အတွက် အရေးပါဆုံးဟု ထင်ထားခဲ့သည်လေ။

"ခုလို ဖြိုး အားတက်သရော ကြိုးစားနေတဲ့အချိန် ကြိုးစားသလောက် ဖြစ်ထွန်းလာတဲ့ အောင်မြင်မှုအတွက် ဖြိုးနဲ့ထပ်တူ ဝမ်းသာဂုဏ်ယူပေးနိုင်မယ့် အဖော်အဖြစ် ရှိနေတာကိုပဲ ရင်ငြိမ်းကို ဖြိုး သိပ်ကျေးဇူးတင်ပါတယ်။ နောက်ပြီး ဖြိုးအနားမှာ အဲလိုပဲ အမြဲ ရှိနေပေးပါနော်"

ရင်ငြိမ်းက စာအုပ်ကို ငုံ့ကြည့် မျက်လွှာချသွားသည်။ သူတို့နှစ်ဦးစလုံး နောက်ထပ် စကားမပြောဖြစ်ကြတော့။ ကြည်နူးမှုတို့ ပြည့်သိပ်နေသော ရင်ခွင်၏ လှုပ်ရှားမှုကို မျက်ဝန်းများမှ တစ်ဆင့် အကဲခတ်ကြည့်ရင်း ပျပျ မြင်နေရသော ရှေ့ခရီးအတွက် ခွန်အားသစ်များကို နှစ်ဦးစလုံး ရယူခံစားနေရသည်။ သူက ရင်ငြိမ်း၏ ကဗျာစာမျက်နှာကို လှန်လှောနေသည်။

"အလွမ်း"ဟူသော ခေါင်းစဉ်အောက်မှာ ရင်ငြိမ်းက စိတ်ခံစားမှုကို ပီပြင်အောင်ဖွဲ့သည်။ ဂန္ထဝင်မြောက်သော စာတစ်ပုဒ်မဖြစ်လောက်ပေမယ့် ရင်ငြိမ်း၏ကဗျာသည် သူမ၏ ရင်ကို ဟင်းလင်းမြင်နိုင်စွမ်းရှိ၏။ ထို့ကြောင့်ပဲ ရင်ငြိမ်းကို ကရုဏာသက်ရခြင်း ဖြစ်သည်။

အလွမ်း

အပြစ်ဆိုတော့ 'မောင်'
တောင်စဉ်တန်းလို ရှည်လျား
စက္ကန့်များလှတဲ့ ညမှာ
ထာဝရချစ်သော 'မောင့်' အတွက်
အိပ်မက်များ သာယာပါစေ....
နွေရက်လို ခြောက်သွေ့တဲ့
မေ့အခန်းရဲ့ ပြတင်းဝမှာ
တွယ်တာတဲ့ အရိပ်လို
မောင့်ဝိညာဉ် ခိုစေချင်ရဲ့
ဒါပေမယ့်လည်း....
တစ်ယောက်ထဲ(တည်း)ပါပဲ မောင်ရယ်...

ကဗျာတစ်ပိုင်းတစ်စမှာပဲ 'ဖြိုး'ဟု ရင်ငြိမ်း ခေါ်သံကို ကြားရသည်။ သူက ရင်ငြိမ်း မျက်ဝန်းတို့ကို စေ့စေ့ကြည့်ရင်း....

''ကဗျာထဲကလို ခေါ်လေ''

ဟု ရင်ငြိမ်းကို တိုးတိုးပြောတော့ ရင်ငြိမ်း ခေါင်းခါလေသည်။

''ဖြိုးရဲ့ ကြိုးစားမှုတွေအတွက် ပန်းတိုင်က သိပ်မဝေး တော့ပါဘူး''



ကုလားထိုင် လက်တန်းပေါ် တင်ထားသော ရင်ငြိမ်း၏ လက်ဖဝါးကို ခပ်ဖွဖွ အုပ်မိုးထားလိုက်သည်။

''ဒါပေမယ့် ပန်းတိုင်ရောက်တဲ့အထိ ဖြိုးနဲ့အတူ ရင်ငြိမ်း ရှိနေမှ ဖြစ်မှာနော်''

အဲသည်စကားကို သူက အမှတ်မထင် ဆိုခဲ့မိသည်။ ပိုင်းခြားသတ်မှတ်ထားသည့် ကာလတစ်ခု၏ သည်ဘက်မှာ ရင်ငြိမ်းနှင့်သူ အတူတကွ ရှိနေနိုင်ခဲ့သည်ကပဲ ရင်ငြိမ်းအတွက်၊ သူ့အတွက် ခံစားနိုင်မှု အဆုံးထိ ပို၍ ကြေကွဲစရာ ဖြစ်လာခဲ့သလားဟု နောင်များမှ သူ တွေးတတ်ခဲ့၏။

သည်စဉ်ကတော့ ရင်ငြိမ်းသည် သူ့ဘဝနှင့် တစ်သားတည်း ဖြစ်သည်။ ရင်ငြိမ်း၏ ချစ်ခြင်းသည် သူ့ အတွက် အထောက်အပံ့ ဖြစ်သည်။ ရင်ငြိမ်း၏ စာနာ နားလည်နိုင်မှုသည် သူ့အသက် ရှင်သန်ခြင်း ဖြစ်သည်။

ဒါတွေကို ရင်ငြိမ်း သိထားလျက်နှင့်....

*

ဆင်းရဲခြင်း၊ ဝတ်မွတ်ခြင်းသည် စာတွေထဲမှာ ကရုဏာ ရသ ဖြစ်သော်လည်း တကယ်တမ်းမှာ ချိုမြိန်ဖွယ်ရသ ပေးနိုင်သော သစ်သီးမဟုတ်။ ထို့ကြောင့်လည်း သူက ဆင်းရဲခြင်းကို ကြောက်သည်။ သူ့ချစ်သူ သူမကလည်း ထို့အတူ

သို့မဟုတ် ထို့ထက် ပိုမိုလိမ့်မည်။ ဆင်းရဲခြင်းမှ ရုန်းကန်ထွက်လိုသော ဆန္ဒကတစ်ခု။ သူမအတွက် လှပသာယာသော အနာဂတ်တစ်ခု ဖန်တီးပေးနိုင်ရမည်ဟူသော ရည်ရွယ်ချက်။ နောက်ပြီး အရာအားလုံးမှာ မအောင်မြင်နိုင်လျှင်တောင် တစ်စုံတစ်ခုမှာတော့ အသေအချာ အောင်မြင်ရမည်ဟူသော ရည်မှန်းချက်။

အားလုံးအတွက် ခြေလှမ်းအစမှာ သူ့အတွက် အသက်ရှူချောင်စရာတော့ မဟုတ်။ လုပ်ငန်း စ,စချင်း အရင်းအနှီး နည်းပါးလွန်းသောကြောင့် ရင်းနှီးသူများထံမှ ငွေချေးငှားပြီး အလုပ်ကို စ,တင်ရသည်။ ထိုသူများကလည်း သူ့ကြိုးစားမှု တစ်ခုတည်းကို မျက်စိမှိတ်ယုံကြည်ခဲ့ပြီး သူ့ကို ငွေချေးငှားခဲ့သော ကျေးဇူးရှင်များ ဖြစ်သည်။ နောက်ဆုံးအဆင့်ဖြစ်လာသော စာအုပ်ကလေးကို ပီတိဖြင့် တစိမ့်စိမ့်ကြည့်နေရင်းလည်း အရင်းထဲမှ လျော့ပါးသွားသော ငွေကြေးများအတွက် စိတ်ပူနေခဲ့ရသည်။ မဂ္ဂဇင်းစောင်ရေ တက်လာသော်လည်း ချေးထားသောငွေများကို တစ်လုံးတစ်ခဲ ပြန်ဆပ်ဖို့ မလွယ်ကူနိုင်ခဲ့။

အဲသည့်အတွက် လုံးချင်းစာအုပ်တစ်အုပ် ထုတ်နိုင်ဖို့ စီစဉ်ရပြန်သည်။

"ဖြိုး လုံးချင်းတစ်အုပ်လောက် တင်မယ် စိတ်ကူးတယ်။ ရင်ငြိမ်း သူငယ်ချင်းတွေထဲက စာအရေးကောင်းတဲ့သူ ရှိရင်လဲ ပြောလေ"



"အသစ်တင်ဖို့လား"

"ဟုတ်တယ်။ ကလောင်သစ်တင်ဖို့"

ရင်ငြိမ်းက အရင်းအနှီးအတွက် လိုအပ်မည့် ငွေရေးကြေးရေး အခြေအနေကို မေးသည်။ အမှန်အတိုင်း ပြောပြဖြစ်သော်လည်း သူ့ ကျပ်တည်းမှုအတွက် ရင်ငြိမ်းကို စိတ်အနှောင့်အယှက် မဖြစ်စေချင်။ စာပေနယ်မှာ ကလောင်သစ်တစ်ယောက် ထွန်းထွန်းပေါက်ပေါက်ဖြစ်ဖို့ သိပ်တော့ မလွယ်ကူဘူးဟု ရင်ငြိမ်းက ပြောသည်။

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမယ့် စမ်းပြီး ကြိုးစားကြည့်ရမှာပဲ၊ မဂ္ဂဇင်းသက်သက်နဲ့တော့ ဖြိုး ဆက်ပြီး ရပ်တည်ဖို့ မလွယ်ဘူး"

"လုံးချင်းကရော ဖြိုး အတွက် ကျန်ပါ့မလား"

"နာမည်ရသွားရင်တော့ ကျန်နိုင်ပါတယ်။ ဖြိုး စာရေးဆရာမ အသစ်တစ်ယောက်တင်ဖို့ စကား ပြောထားတယ်။ ကလောင်သစ်ထဲမှာတော့ သူ့ ဝတ္ထုတိုလေးတွေက မဆိုးဘူးလေ"

"ဘယ်သူလဲ"

ကလောင်မည် တစ်ခုကို ပြောပြတော့ ရင်ငြိမ်းက....

"ဖြစ်နိုင်ပါတယ်။ ဖြစ်နိုင်မယ်လို့ ထင်တယ်"

ဟု သူမ နဂိုနေအတိုင်း အေးစက်စက် ပြောပေမယ့် သူမ၏ ထောက်ခံစကားတစ်ခွန်းအတွက် အားတက်သရော ဖြစ်သွားရသည်။

"ရင်ငြိမ်း ဝတ္ထုရေးကြည့်ပါလား"

"မဖြစ်ပါဘူးကွာ။ ရင်ငြိမ်းက စာဖတ်တာလောက်ပဲ ဖြစ်တာ။ နောက်ပြီး ဝတ္ထုရေးတာက ကဗျာစပ်ရတာ လောက် ခံစားလို့မကောင်းဘူး"

ရင်ငြိမ်းက သူ့အတွက် ဝေဖန်ထောက်ပြခြင်းနှင့် ကာစ်ခါ တစ်ရံ အကြံဉာဏ်ပေးခြင်းတို့ကိုသာ ဝတ္ထုရေးကျေ ပြုတတ် ပေမယ့် သူကတော့ ရင်ငြိမ်းကို ကျေးဇူးတင်သည်။

သူ့တိုက်မှ လုံးချင်းစာအုပ်အတွက်တော့ ရင်ငြိမ်းက ဘာတစ်ခုမျှ အကူအညီ မပေးခဲ့ရ။

"ရင်ငြိမ်း ကူညီဖို့ မလိုလောက်အောင် ဖြိုးမှာ ကိုယ်ပိုင်အရည်အချင်း အစွမ်းအစ ရှိနေပြီးသားပဲ။ ဖြိုး အောင်မြင်လာသမျှဟာ ရင်ငြိမ်းနဲ့ မသက်ဆိုင်ပါဘူး"

ကျေးဇူးတင်စကား ပြောသည့်အခါတိုင်း ငြင်းပယ်လေ့ရှိသော ရင်ငြိမ်း၏ ကိုယ်ပိုင်စကား ဖြစ်သည်။

❋

# အပိုင်း (၄)

## ခရမ်းပြာ (၁၂)

"ပန်းတိုင်ရောက်တဲ့အထိ ဖြိုးနဲ့အတူ ရင်ငြိမ်း ရှိနေပေးခဲ့တာပဲ။ ရှေ့ ဆက် ရ မယ့် လမ်း မှာ ရင်ငြိမ်း မပါဘဲ ဖြိုး တစ်ယောက်တည်း သက်တောင့်သက်သာ ဆက်သွားနိုင်ပြီပဲ ဖြိုးရယ်။ ဘဝဆိုတာ မပါဘဲ ရင်ငြိမ်းတို့ ဆက် ချစ် နေ ရ အောင်"

"ဘယ်လိုမှ မဖြစ်နိုင်ဘူး ရင်ငြိမ်းရယ်"

ကွဲပျက်ကြေမွနေသော အသံကို ရင်ငြိမ်း ရှေ့မှာ ရင်ငြိမ်းလို ဟန်ဆောင်ထိန်းချုပ်ထားဖို့ ဘယ်လိုမှ မစွမ်းနိုင်ခဲ့ပါ။ ငိုနေသော သူမ မျက်ဝန်းတို့၏ ရှေ့မှောက်မှာ နှလုံးသားပျက်သုဉ်းသွားသော အဖြစ်ကို သူမ ကိုယ်တိုင်လည်း ဘာမှ အကူအညီ မပေးနိုင်ဘဲ ဆက်လက် ငိုကြွေးနေလေသည်။

"ရင်ငြိမ်းမရှိဘဲ ဖြိုး ဘ၀ကို ဘယ်လိုမှ ရှေ့ဆက်မရ နိုင်ဘူး"

"ဒေါ့ပေါ့ ဖြိုးရယ်။ ကြာတော့လဲ မေ့သွားမှာပေါ့"

"ဘာပြောတယ် ရင်ငြိမ်း"

အမြဲ တည်ငြိမ်နေတတ်သော ရင်ငြိမ်း မျက်နှာမှာ စိတ် လှုပ်ရှားမှုဖြင့် အပြောင်းအလဲ ဖြစ်သွားသည်။ သည်စကား က ရင်ငြိမ်း နှုတ်ဖျားသက်သက်မှပါ။ သူမသိဘဲ ရှိမလား။ ရင်ငြိမ်း သူ့ကို အတိုင်းအတာမဲ့ ချစ်ခဲ့သည် ဆိုတာ သူ့ဘ လွဲပြီး သည်လောကထဲမှာ သိနိုင်သူ မရှိတော့ဘူးထင်သည်။ ဒါဆို ရင်ငြိမ်းက ဘာကြောင့် စည်းခြားထားသော စကား တွေ ဆိုနေရက်တာလဲ။

"ပြန်ပြောစမ်းပါဦး ရင်ငြိမ်း"

ရင်ငြိမ်း၏ ပါးနှစ်ဘက်ကို လက်ဖဝါးဖြင့် ဖျစ်ညှစ်ခါ ပြီး သူ မေးလိုက်သည်။ ရင်ငြိမ်းက နှုတ်ခမ်းကို တင်းတင်း စေ့ထားပြီး ဆည်ငြိမ်နေ၏။

ပြောရက်တယ်ဟု စိတ်ထဲမှာ အကြိမ်ကြိမ် အခါခါ နာ ကြည်းဖြစ်သည်။ သို့ပေမယ့်လည်း ရင်ငြိမ်းကို ချစ်နေသည့် အချစ်က အရာရာကို အလွယ်တကူ စိတ်လျှော့စိတ်နာလိုက် ခွင့်မပြုနိုင်ပြန်။ ဩော်.... နောက်ထပ် ဘယ်အတိုင်းအတာ အထိ ရင်ကို ရှတနာကျင်စေမည့် စကားတွေ သူမ ဆို



ဦးမှာလဲ။ တကယ်တမ်းမှာ သူက ရင်ငြိမ်းထက် ခံနိုင်ရည် နည်းခဲ့လေသည်။

"ကြာတော့လည်း...."

ရင်ငြိမ်းထံမှ အတင်း ထိန်းချုပ်ထားလျက် ပွင့်ထွက်လာ သည် ရှိုက်သံကို ကြားရသည်။

"အဲလို လွယ်လွယ်ကူကူ မေ့ပစ်လို့ရစတမ်းဆား ရင် ငြိမ်းရယ်။ စကတည်းက လွယ်လွယ်ကူကူ ပေါ့ပေါ့တန်တန် ချစ်ခဲ့ရတာမှ မဟုတ်ဘဲ။ ချစ်တဲ့သူနဲ့ ခွဲနေရတဲ့ ဘ၀သစ်မှာ ဘယ်သူ ပျော်မလဲ။ ရင်ငြိမ်းဆိုရင် ပျော်မလား။ အေး ... ရင်ငြိမ်း ပျော်မယ်ဆိုရင်တော့ ဖြိုး ရင်ကွဲချင်လည်း ကွဲပါ စေ"

"ဟင့်အင်း"

သွေးကြောများဖြင့် တင်းမာနေသော ရင်ငြိမ်းမျက်နှာ မှာ ဆန့်ကျင်ဖက်တို့၏ ထူးခြားစွာ ဖြစ်တည်နေမှုကို ထင် ရှား သိနိုင်သည်။ မာနတရားသည် သူနှင့် ရင်ငြိမ်းကြား မှာ ဘယ်လိုမှ ဝင်ရောက်စွက်ဖက်နိုင်မည် မထင်ထားခဲ့ပါ ဘဲ။ ဘာကြောင့်များ ရင်ငြိမ်း ခုလောက်ထိ တင်းမာနေ ခဲ့တာပါလိမ့်။

"ရင်ငြိမ်း....ဖြိုးကို စိတ်ကုန်နေပြီလား"

"မဟုတ်ဘူး"

"ပြောပါ ရင်ငြိမ်း။ ဖြိုးက ရင်ငြိမ်းအတွက် ငွေ့စရာ လူတစ်ယောက်မှ မဟုတ်တာ"

''မဟုတ်ပါဘူး ဖြိုးရယ်''

သူ့လက်မောင်းမှာ ရင်ငြိမ်းက မျက်နှာအပ်ထားသည်။ တင်းထားသော စိတ်ကို နောက်ထပ် တောင့်ခံထားဖို့ အင်အားမရှိတော့ဘဲ မျက်ရည်စက်တို့က မျက်ဝန်းအိမ်ဆီမှာ ပြည့်လျှံလာ၏။ ယောက်ျားတန်မဲ့ ပျော့ညံ့လွန်းသည်ဟု ရင်ငြိမ်းက ပြောချင်ပြောလိမ့်မည်။ ဒါကလည်း သူမ ကိုယ်ချင်းစာနာနိုင်မှု မရှိခဲ့လျှင်ပေါ့လေ။

စဉ်းစားပေးပါ ရင်ငြိမ်းရယ်....

ဘဝဆုံးထိ အချိန်တွေကို ရင်ငြိမ်းနှင့်အတူ အေးချမ်းစွာ ထူထောင်ဖန်တီးတော့မည်ဟု စိတ်ကူးယဉ်ပြီးကာမှ ရင်ငြိမ်း ကိုယ်တိုင် သိသွားနားလည်ပြီးသည့် ဟိုအရင်အတိတ်ဆီက ကိစ္စတစ်ရပ်ကို အကြောင်းမဲ့ အပြစ်ပုံချတာတော့ မဖြစ် သင့်ဘူးထင်သည်။ နောက်ပြီး ရင်ငြိမ်းထံမှ သူ့အတွက် ချစ်ခြင်းတရားကိုလည်း သူက အကြွင်းမဲ့ ယုံကြည်ထား ပြန်၏။

''ရင်ငြိမ်းတို့အတွက် အနာဂတ်အချိန်ဆိုတာ သာယာ လိမ့်မယ်လို့ ရင်ငြိမ်း မယုံရဲဘူး ဖြိုးရယ်''

''ဒါဆို ရင်ငြိမ်းက အစကတည်းက ဖြိုးနဲ့ အနာဂတ်ကို ထည့်မစဉ်းစားဘူးပေါ့။ ဖြိုးကို သက်သက် အရူးလုပ်ခဲ့တာ လား၊ လှည့်စားခဲ့တာလား''

''မဟုတ်ဘူး....မဟုတ်ဘူး''



ရင်ငြိမ်းထံမှ မသဲမကွဲ ငြင်းဆန်စကားကို ကြားရ သည်။ နောက်တော့ သူ့လည်တိုင်ကို သူမ၏ လက်များဖြင့် အတင်းတွယ်ဖက်ထားရင်း သူ့ကျောပြင်မှာ ပါးအပ်လျက် ရင်ငြိမ်း ငိုရှိုက်နေတော့သည်။ သိပါရဲ့ ရင်ငြိမ်းရယ်။

တော်ရုံတန်ရုံ မေတ္တာ အထုအထည်ဖြင့် ရင်ငြိမ်း သူ့ကို ပေါ့ပေါ့တန်တန် ချစ်ခဲ့ခြင်းမဟုတ်တာကို ရင်ငြိမ်း ဘယ် လောက်ပဲ ဟန်ဆောင် တင်းမာနေပါစေ သူ သေချာ သိ ထားခဲ့ပြီး ဖြစ်သည်။

အဲတော့လည်း ပြဿနာ အသေးအဖွဲ တစ်ခုကြောင့် သူရော ရင်ငြိမ်းပါ စိတ်ဆင်းရဲ မခံချင်တော့။

''ချစ်တာကိုလည်း ဟန်မဆောင်နဲ့။ မုန်းတာကိုလည်း ဟန်မဆောင်နဲ့။ ရင်ငြိမ်း စိတ်ပင်ပန်းမှာပေါ့ကွယ်။ ရင် ငြိမ်းကို ဖြိုး မခွဲနိုင်ဘူး။ ဖြိုးကိုရော ရင်ငြိမ်း ခွဲနိုင်လို့ လား။ အချိန်တွေရှိသေးတာပဲ။ ဖြိုးကို မယုံကြည်နိုင်သေး ဘူးဆိုရင် ရင်ငြိမ်းအတွက် လုံလောက်တဲ့အချိန်အထိ စောင့် ကြည့်နိုင်ပါတယ်''

မျက်ရည်စတို့ဖြင့် ရင်ငြိမ်းမျက်နှာကို ငုံ့ကြည့်သည်။ ပါး ပြင်မှာ တစ်ပိုင်းတစစ ပျယ်လွင့်နေသော သနပ်ခါးမှုန်တို့ကို တွေ့ရ၏။ သွေးရောင်လွှမ်းနေသော နှုတ်ခမ်းတို့ ပွင့်ဟလာ မည့် အချိန်ကို စိတ်မောစွာ စောင့်ရင်း အတိုင်းအဆမဲ့ ချစ်ခြင်းကိုသာ ယုံကြည်အားကိုးမိ၏။

တကယ်တော့ ရင်ငြိမ်းမပါဘဲ တစ်ယောက်တည်း ဆက်သွားရမည့် ခရီးကို သူ ရင်မဆိုင်ရဲ။

''ဖြိုးကို မယုံကြည်တာ မဟုတ်ပါဘူး။ ရင်ငြိမ်းကိုယ် ရင်ငြိမ်း မယုံကြည်တာ။ တကယ်တော့ ရင်ငြိမ်း သတ္တိမရှိဘူး။ ရင်ငြိမ်းရဲ့မာနတွေကိုလည်း မစွန့်နိုင်ဘူး။ ရင်ငြိမ်းရဲ့ မိသားစု၊ ရင်ငြိမ်းရဲ့ မောင်နှမတွေကြားမှာ ရင်ငြိမ်းဟာ ဘယ်နေရာမဆို အနိုင်ရမှ ကျေနပ်တာ။ ဒါပေမယ့်လေ ရင်ငြိမ်းရဲ့ အကြောင်းပြချက် မလုံလောက်မှန်းတော့ သိပါတယ်။ သူတို့က အခု ရင်ငြိမ်းကို လှောင်နေကြပြီ ဖြိုးရဲ့''

ရင်ငြိမ်းစကားကို နောက်ထပ် မဖြေရှင်း နိုင် တော့။ အားပေးနှစ်သိမ့်ဖို့ကို နှုတ်ဆွံ့အခဲ့ရပြီ။ ရင်ငြိမ်း၏အကြောင်းပြချက်သည် ရှေ့နောက် ကြောင်းကျိုး မဆီလျော်ဘူးဟု အများက ထင်ချင်ထင်နိုင်သော်လည်း သူ့ အတွက်တော့ သည်အကြောင်းပြချက်က ခိုင်လုံ ပီပြင်လွန်းနေပြီ။ သူ ဘာ တတ်နိုင်မှာလဲ။ နောက်ထပ် ဘာပြောနိုင်မှာလဲ။

ရင်ငြိမ်းနှင့် စတွေ့ကတည်းက သူ့ ဘဝက သည်အတိုင်းပဲလေ။ နောက်ထပ် ဘဝတစ်ခုမှာ ရင်ငြိမ်းတစ်ဦးတည်းကိုသာ အဖော်အဖြစ် သူက သတ်မှတ်လျာထားခဲ့သည်။

သို့ပေမယ့် သူကိုယ်တိုင် ''မရှိခဲ့ဘူး၊ မဖြစ်ခဲ့ဘူး'' ဟု လက်ခံမရသော အတိတ်ကာလတစ်ခုကို ပတ် ဝန်း ကျင်



အမြင်မှာ ကွယ်ပျောက်သွားဖို့ တစ်စုံတစ်ခုနှင့် ဖုံးကွယ်ထားဖို့ သူ ဘယ်လိုမှ မတတ်နိုင်ခဲ့ဘူးလေ။

သူ မစွမ်းဆောင်နိုင်သော ကိစ္စတစ်ရပ်အတွက် ရင်ငြိမ်း စိတ်ကျေနပ်အောင် သူ ဘယ်လိုကြိုးစားမလဲ။ ရင်ငြိမ်း အသိုင်းအဝိုင်း အသိုက်အဝန်းမှာ ရင်ငြိမ်း ဂုဏ် ယူ နိုင်သော ခင်ပွန်းတစ်ယောက် ဖြစ်လာဖို့ သူ့ကိုယ်သူ ဘယ်လို ဆေးကြောမလဲ။

သည်တစ်ချက်တည်းနဲ့ပဲ သူနှင့် ရင်ငြိမ်း ဝေးကွာသွားရတော့မည်ဟု တွေးမိ လိုက် သော အခါ သူ့ ရင် မှာ အဆမတန် နာကျင်ခဲ့ရတော့သည်။

''ကောင်းပြီလေ။ ရင်ငြိမ်း စဉ်းစားဦးပေါ့''

ရင်ငြိမ်းက သူ့ကို တအံ့တသြ မော့ကြည့်သည်။

''ရင်ငြိမ်းမရှိရင် ဖြိုး ဘယ်လိုကျန်ခဲ့မလဲဟင်''

သူက စိတ်မသက်မသာ ဖြစ်ချိန်တိုင်းမှာ ပြုံးတတ်သော အပြုံးတစ်ခုဖြင့် ရင်ငြိမ်းအကြည့်တို့မှ လွှဲဖယ်လိုက်မိသည်။ ရင်ထဲမှာတော့ မခံမရပ်နိုင်လောက်အောင်ပင်။ သည်မေးခွန်း တစ်ခုသည်ပင် သူ့နှလုံးသားကို မီး မြိုက် သ လို လောင်ကျွမ်းစေသည်။

''ကျန်ရစ်ခဲ့တဲ့ အခါကျတော့ သိမှာပေါ့ ရင်ငြိမ်းရယ်။ အခုတော့ ဘယ်လိုမှ ကြိုတင်မပြောနိုင်သေးဘူး''

တကယ်ပဲ သူ့ ကိုယ်သူ သိနားလည်မှု မရှိခဲ့ခြင်းဖြစ်သည်။ ရင်ငြိမ်းနှင့် စတင် ချစ်ခဲ့စဉ်ကတည်းက 'ရင်ငြိမ်းမရှိလျှင်'

ဟူသော အတွေးမျိုးကို စိတ်ဂူးယဉ် တွေးကြည့်ဖို့ကိုပင် သူ အချိန် မလောက်မငှနိုင် ဖြစ်ခဲ့ရသည်။

နောက်တစ်ချက်က ရင်ငြိမ်း သူ့နံဘေးနားမှာ ထာဝရ ရှိနေလိမ့်မည်ဟုလည်း ယုံကြည်စိတ်ချခဲ့ခြင်းကြောင့် ဖြစ်သည်။ ခုတော့ သည်ယုံကြည်မှုတွေကပဲ အမျိုးမျိုး လှောင်ပြောင်နေကြပြီ။ နောက်ဆုံးတော့ ရင်ငြိမ်းကိုလည်း အပြစ်မတင်ရက်ဘဲ သူကိုယ်တိုင် အပေါ်မှာသာ အပြစ်အားလုံးကို ပုံချလိုက်ရတော့သည်။

''ဘယ်လိုအခြေအနေ ဘာတွေပဲဖြစ်ဖြစ် ရင်ငြိမ်း ဖြိုးကို သိပ်ချစ်ခဲ့တယ်ဆိုတာကိုတော့ ယုံကြည်ပါနော်။ အဲဒီအချစ်က ဘာမျှော်လင့်ချက်၊ ဘယ်လို ဖန်တီးမှုမှ မပါတဲ့ အရိုးသားဆုံး စိတ်ခံစားမှုပါ''

ရင်ငြိမ်းနှုတ်ဖျားမှာ အဲသည်လောက်လှပသော ကဗျာစာသားကလေးတွေ ရှိနေတတ်သည်ကတော့ ချီးမွမ်းစရာပင်။ သူကတော့ သူ့ချစ်သူ ရင်ငြိမ်းကို ချီးမွမ်းစရာ စကားရှာမတွေ့လောက်အောင်ပင် အသင်တကြီးရှိသည်။ နောက်ပြီး ရင်ငြိမ်း ရင်ထဲမှာလည်း အဲသည်အတိုင်းရှိနေသည်ဟု သူ ယုံကြည်ဖြစ်ပြန်လေသည်။

''အနှစ်ဆိုတာ ဘာလဲလို့ ဖြိုး သေချာ နားမလည်တော့ပါဘူး ရင်ငြိမ်းရယ်''

''စကားနာ ထိုးနေပြန်ပြီ''



ဟု ရင်ငြိမ်းက သူ့ကို ပြုံးကြည့်ရင်းပြောသည်။ သူ ခေါင်းခါငြင်း၏။ ရင်ငြိမ်းက အချိန်တိုတို အတွင်းမှာ ပေါက်ကွဲမှုကို ထိန်းသိမ်းလိုက်နိုင်လေသည်။ သူတို့ နှစ်ဦးကြားမှာ ထိန်းသိမ်းထားသော ခွေးခထွေးမှုတို့သည်လည်း အဲသည်အပြုံးနောက်ပိုင်းမှာ ပြန်လည်စီးဆင်းလာ၏။

အရင်အချိန်များကသိုပင် ပြီးခဲ့သမျှကို မေ့ပြီး ကြည်နူးဖွယ်အချိန်များထဲမှ ဖဲ့ပေးလိုက်ရသော ခုနက အချိန်ကို နှမြောနေပြန်သည်။ ချစ်သူသက်တမ်း တစ်နှစ်နီးပါးမှာ စတင်ပြီး ကြုံလာတတ်သည့် သူတို့နှစ်ဦးကြားမှ ပြဿနာသည် ရှည်ရှည်ကြာကြာ တည်ကံ့ခွင့်မရဘဲ ဦးနှောက်အပေါ် အနိုင်ရနေတတ်သော နှလုံးသား၏ အလိုဆန္ဒဖြင့် နောက်ဆုံးတော့ ဟန်မဆောင်တတ်စွာ ချစ်ကြင်နာမြဲ ဖြစ်လေသည်။

''ဖြိုးကို မခွဲနိုင်တာ တစ်ခုတည်းအတွက်နဲ့ပဲ ရင်ငြိမ်း အားလုံးကို အရှုံးပေးလိုက်ရတော့မယ် ထင်ပါရဲ့''

ဟူသော ရင်ငြိမ်း၏ စကားတစ်ခွန်းကြောင့် လေးနက်စစ်မှန်သော ချစ်ခြင်းကို ပိုင်ဆိုင်ခွင့်ရသည့် အတွက် သူ့ကိုယ်သူ ဂုဏ်ယူမဆုံး ဖြစ်ခဲ့ရလေသည်။

*

နောက်ထပ်နှစ်ပိုင်းတွေမှာ အလုပ်ထဲ အာရုံနှစ်မြုပ်ပြီး ရင်ငြိမ်းနှင့် သူ့ကြားမှာ ပုံမှန်အတိုင်း နွေးထွေးနေခဲ့လေသည်။ သူ့အလုပ်တာဝန် တချို့တစ်ဝက်မှာ ရင်ငြိမ်း၏ အကူအညီ၊ အသိုက်အဝန်း၏ ပံ့ပိုးမှုကြောင့် တိုးတက်လာခဲ့သော်လည်း ရင်ငြိမ်း ကိုယ်တိုင်က သူ့အလုပ်ကဏ္ဍမှာ ပါဝင်စွက်ဖက်ခြင်းမရှိဘဲ အေးစက်နေခဲ့သည်။ ဒါကို သူကလည်း ကျေနပ်သည်။ လုံလောက်သည့် အချိန် အတိုင်းအတာအတွင်းမှာ သူ့ဘဝ တိုးတက်မှုကို သူ ကျေနပ်နေခဲ့၏။ ပညာရေးမှာလည်း သာမန် ဘွဲ့တစ်ခုကိုတော့ သူ ရနိုင်ခဲ့သည်။ ရေစီးအတိုင်း အဓိပ္ပာယ်မဲ့ မျောပါသွားသည်ထက် စာလျှင် ခု သူ့မှာ မျှော်လင့်ချက်နှင့် လိုအင် ရှိလာပြီ။ နောက်ပြီး သူ ရည်ရွယ်ခဲ့သည့် ရှင်သန်နေသော ဘဝတစ်ခုကိုလည်း သူ ပိုင်ဆိုင်နေရပြီ။ အလုပ်ထဲမှာ သူ စိတ်ဝင်တစား ရှိနေပြီး အောင်မြင်ခြင်း၊ ဆုံးရှုံးခြင်းတို့ကို မျှယူခံစားပေးနိုင်မည့် အဖော် ရှိနေမှတော့ သူ့ဘဝကို ရှေ့ဆက်ဖို့ ဘယ်လို အန္တရာယ်မျိုးကိုမဆို သူ မမှုတော့။

ဒါပေမယ့် ငွေရေး ကြေးရေးကတော့ အတော့်ကို ကျပ်ကျပ်တည်းတည်း ရှိနေဆဲပင်။ ချေးထားသော ကြွေးမြီများ တစ်စထက်တစ်စ လျော့ပါးလာသည်ကိုပဲ သူ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရသည်။

*



ရင်ငြိမ်း စာတမ်းအတွက် ကျောင်းတက်နေရသည့် ကာလများမှာ သူ ညနေတိုင်း ရင်ငြိမ်း၏ အတန်းကို ရောက်နေတတ်သည်။ တစ်ရက်မှာ တစ်ခါလောက်တော့ ရင်ငြိမ်း မျက်နှာကို မြင်ရမှ သူ ဘဝင်ကျတတ်၏။ ရင်ငြိမ်းကတော့ သူ့ကို....

''အဖြစ်သည်းလွန်းတယ်''

ဟု ခဏခဏ ပြောတတ်သည်။ ဘယ်လိုပြောပြော သူ့ကိုယ်သူ အသိဆုံး။ 'လွမ်းတယ်'ဟူသော စကားကိုပင် သူ့အတွက် ပေါ့ပျက်သည်ဟု သူက ထင်သည်။ တစ်နေ့တာ အလုပ်ခွင်ယဲမှာ နစ်မြုပ်နေပြီး ညနေတိုင်းမှာ တစ်နေ့လုံးအတွက် အဆင်ပြေမှု၊ မပြေမှု၊ အလုပ်ပြီးစီးမှု အားလုံးကို ရင်ငြိမ်း သိအောင် မပြောပြရမှ သူက ဘဝင်ကျတတ်သည်။ ရင်ငြိမ်းကလည်း သူ ပြောသမျှကို စိတ်ရှည်သည်းခံပြီး နားထောင်တတ်၏။ လိုအပ်သည့် နေရာများကို ထောက်ပြတတ်သည်။ အဲ့သည်အခါမျိုးမှာ ရင်ငြိမ်း ပုံစံက ရင့်ကျက်လွန်းသော လူကြီးတစ်ယောက် ပုံစံမျိုး။

သူကတော့ အမိန့်နာခံတတ်သော ကလေးငယ်တစ်ယောက်လို။

ရင်ငြိမ်းနှင့် ခွဲခွာသွားရမည်ဟု အရိပ်အယောင်မျှပင် မမြင်ရခင်ကာလကတည်းက ဝန်တိုမှုနှင့်အတူ ဆုံးရှုံးမှုကို ရင်မဆိုင်ရဲသော သူ့စိတ်စွဲလမ်းမှုကို သိသာစေမည့် ညနေ

ခင်းတစ်ခု ကြုံခဲ့ရသည်။ လာနေကျအချိန်မှာ သူ စောင်ငူး ဆောင်ရှေ့သို့ ရောက်ရှိလာခဲ့သည်။ ရင်ငြိမ်း၏ကားကို တွေ့ပြီးသည့်အတွက် စိတ်ချလက်ချပင် ကျောင်း ဆောင် ထဲ သို့ တန့်းတန်းမတ်မတ် ဝင်လာခဲ့၏။ ရင်ငြိမ်း ထိုင်နေကျ ဆရာမများ နားနေခန်းထဲမှာ ရင်ငြိမ်းကို မတွေ့ရကတည်းက သူ စိတ်အနှောင့်အယှက် ဖြစ်သွားသည်။

"ရင်ငြိမ်း ကင်(န်)တင်း ခဏသွားတယ်။ သူ့ သူငယ်ချင်းတွေ လာလို့"

ဟူသော ရင်ငြိမ်း သူငယ်ချင်းမ၏ စကားသံ အဆုံးမှာ မေးခွန်းများစွာဖြင့် သူ လှည့်ထွက်လာခဲ့ရသည်။ စောင်ငူး ဆောင် စားသောက်ဆိုင်တန်း၏ ခပ်လှမ်းလှမ်း ကကတည်းကပင် ရင်ငြိမ်း ရှိနိုင်မည့်နေရာကို သူ မျက်လုံးဖြင့် ရှာဖွေလာခဲ့သည်။ လမ်းမနှင့်ကပ်လျက် ဗာဒံပင်ရိပ်မှာ မြန်မာအင်္ကျီလက်ရှည်အဝါရောင်၊ ကချင်လုံချည် အစိမ်းရင့်ဖြင့် ကျောင်းကို ကျောပေးထိုင်နေသော ရင်ငြိမ်းကို မြင်လိုက်ရသည့် ခဏမှာ သဝန်တိုစိတ်ကို ထိန်းသိမ်းဖုံးဖိမရလောက်အောင်ပင် သူ့မျက်နှာ တင်းမာသွားခဲ့ရသည်။ ရင်ငြိမ်းနှင့် မျက်နှာချင်းဆိုင်မှာ ရုပ်ရည်သန့်ပြန့် ချောမောသော ရင်ငြိမ်းနှင့် ရွယ်တူကောင်လေးတစ်ယောက်က ရင်ငြိမ်း မျက်နှာကို စိုက်ကြည့်လျက် ရယ်ကာမောကာ စကားပြောနေခဲ့သည်။ ချက်ချင်း စိတ်တိုသွားပြီး ရင်ငြိမ်း အနားသို့ သွက်သွက် လျှောက်သွားလိုက်သည်။ သို့ပေမယ့် ရင်ငြိမ်းကို ဘယ်လို။



ဘာစကား ပြောရမည်ကို အဲဒီအချိန်အထိ သူ စဉ်းစား မရသေး။ ရင်ငြိမ်း၏ ထိုင်ခုံဘေးမှာ သူ ရပ် လိုက်တော့ ရင်ငြိမ်းတို့နှစ်ယောက်စလုံးက သူ့ကို မော့ကြည့်လေသည်။

"ဪ...."

ဘယ်လောက်များ အေးစက်လိုက်သည့် မိန်းကလေးလဲ။

"ထိုင်လေ ဖြိုး"

သူက ခုံရှည်ကို ဆွဲယူထိုင်လိုက်သည်။

"ဒါ တို့အမျိုးသားလေ။ ဝေဖြိုးတဲ့။ ဖြိုး ဒါက"

ရင်ငြိမ်း၏ မျက်နှာချင်းဆိုင်မှာ ရှိနေသော ပုဂ္ဂိုလ်ကို လူမှုရေးအရ ပြုံးပြ နှုတ်ဆက်လိုက်သော်လည်း ရင်ငြိမ်း ဘာပြောလိုက်သည်ဆိုတာ သဲသဲကွဲကွဲပင် မကြားလိုက်။ ဟို ပုဂ္ဂိုလ်ကတော့ အလိုက်မသိစွာ စကားကြော ရှည်နေလေသည်။

"ရင်ငြိမ်း ပြောပြောပြလို့ နာမည်တော့ ကြားဖူးတယ်။ လူချင်းတော့ ခုမှပဲ ဆုံဖြစ်တော့တယ်"

ရင်ငြိမ်းက ဘာကိုမှ ထူးခြားမှုမရှိသလို ထိုပုဂ္ဂိုလ်နှင့် စကားဆက်ပြောနေသောအခါ စကားဝိုင်းထဲဝင်ဖို့ စိတ်မဝင်စားဘဲ ရင်ငြိမ်းကိုသာ စိတ်တိုနေသော သူ့မှာ တစ်ယောက်တည်း စကားဝိုင်းအပြင်မှာ နှုတ်ဆိတ်ငြိမ်သက်နေရတော့သည်။ အဲသည် အချိန်မှာမှ ရင်ငြိမ်း၏ ဥပေက္ခာတရားကို ခံနိုင်ရည် ရှိပါမလားဟု သူ စဉ်းစားမိလာခြင်း

ဖြစ်သည်။ မိနစ်ပိုင်းအတွင်း သူ့ရင်မှ ကြေကွဲမှုကို ရင်ငြိမ်း နားလည်နိုင်မည် မဟုတ်ပါ။ အင်အားမဲ့နေသော လူတစ် ယောက်အဖြစ် ရင်ငြိမ်း မရှိသော ကမ္ဘာမှာ မိနစ်ပိုင်းမျှ သူ နေကြည့်သည်။ ခြောက်သွေ့လွှန်းလှပါလား။

"ကဲ.... ရင်ငြိမ်း သွား တော့ မယ် နော်။ ဖြိုး သွားရ အောင်"

ရင်ငြိမ်းက သွားရအောင်ဆိုတော့မှပဲ သူ့ရင်ထဲမှာ ရှိ နေသည့် မကျေနပ်မှု အစိုင်အခဲက ပို၍ ကြီး မား လာ တော့သည်။ ရင်ငြိမ်းထက် အလျင်ဦးအောင် ထိုင်နေရာမှ ထ,ပြီး ကားရပ်ထားရာသို့ တစ်ယောက်တည်း လျှောက် လာခဲ့သည်။ သဘောထားသေးသိမ်လွန်းသူဟု ရင်ငြိမ်း မြင် မှာလားဆိုသည်ကို သူ့ အနည်းအကျဉ်းမျှပင် မစဉ်း စား တာခဲ့။ နောက်မှ လျှောက်လာသော ခြေသံကို နားစွင့် ရင်း ရင်ငြိမ်းကို ဘယ်လို စကားစ,ရမလဲဟု အဖြေရှာနေ ခဲ့၏။

"ဖြိုး...."

ဟု ခေါ်သံကိုကြားတော့ ချက်ချင်း ပြန်မထူးဘဲ မျက် မှောင်ကြုတ်လျက် ရင်ငြိမ်းနှင့် မျက်နှာချင်း ဆိုင်လိုက်သည်။ ရင်ငြိမ်း မျက်နှာမှာ ပျက်ပြယ်ချင်သော အပြုံးရိပ်ကို မြင် သေး၏။

'ဘယ်လိုဖြစ်တာလဲ"



ကိုယ်တိုင် အစခက်နေသော စကားကို သူမက စတင် လာသည်။ အဲတော့လည်း သူ့ မကျေနပ်မှုကို ရင်ငြိမ်း သိနေ ပြီဆိုတာ သေချာသွား၏။

"ဘာမှ မဖြစ်ပါဘူး"

ဟု သူက ညာလိုက်သည်။ အပြစ်ရှိမှန်း သိသော်လည်း ရင်ငြိမ်းထံမှ ရှေ့ဆက်လာမည့် စကား တစ်စုံတစ်ရာကို ကြားချင်သေး၏။ သို့သော်လည်း ရင်ငြိမ်းက သူ့စကား ကို အတည်ပြုကာ အရင်နေ့တွေကအတိုင်း ပိတောက်လမ်း ကလေးဆီ သို့မဟုတ် အင်းလျားလမ်းမဆီ လမ်းလျှောက် ရန် ခြေလှမ်း ပြင်တော့သည်။

သူက တောင်ငူဆောင်ရှေ့ဖက်မှထွက်ပြီး ဒဂုံဆောင် ဘေးလမ်းဆီသို့ ဦးတည်လိုက်၏။ တိတ်ဆိတ်နေခြင်းသည် စက္ကန့်များစွာ ကြာမြင့်ခဲ့ပြီးနောက် သူတို့နှစ်ယောက်စလုံး နေတတ် မထိုင်တတ် ဖြစ်လာသည်။ သို့ပေမယ့် သည်တစ် ခါတော့ သူက အလျှော့ပေးဖို့ မစဉ်းစားမိ။ ရင်ထဲမှာ တော့ ခံရခက်သော သောကတို့ဖြင့် ပူလောင်နေ သည်။

"ဖြိုး....ဘာဖြစ်နေတာလဲဟင်"

ရင်ငြိမ်းက သူ့လက်မောင်းကို လှုပ်ခါပြီးမေးသည်။ ...းပိတောက်ပွင့်တို့ ကြွေကျနေသော လမ်းမတစ်လျှောက်

ဆေးစင်စင်ရှိသည့် ဗွက်အိုင်ကလေးများကို အမ်ပွာယ်မဲ့
ငေးမောရင်း သူ နှုတ်ခမ်း တင်းတင်း စေ့ထားလိုက်
ဖြေဖို့ မလိုအ ားလို့ သူထင်သည်။

ရင်ငြိမ်းက သူ့ရင်ထဲကို ထိုးဖောက်မြင်နိုင်စွမ်းသူ တ
ယောက်ပဲ။ သူ့ခံစားမှုကို မျက်ဝန်းချင်းဆုံရုံ တစ်ခ
အတွင်း နားလည်နိုင်သူပဲ။

''ကဲ–အဲလိုကြီး မနေပါနဲ့။ ရင်ငြိမ်း မနေတတ်လို့ပါ
ရင်ငြိမ်းကို စကားမပြောချင်တော့ဘူးလား၊ ဘာ
မကျေမနပ် ဖြစ်နေဟာလဲ''

''အဲဒါ ဖြိုးပြောမှ ရင်ငြိမ်း သိမှာလား''

သူ့မျက်နှာကို ရင်ငြိမ်း ငေးမောကြည့်ခနေမည်ဟု
သိနေသည်။ ဂျပ်ဆင်ဘေးတစ်ဘက်ရှိ ဝါးရုံပင်အုပ်
ခန္ဓာကိုယ်ကြီးမားသော တိရိစ္ဆာန်တင်ကောင်လို လှု
လှုပ်လှဲ့ ယိမ်းနွဲ့နေ၏။ လှုပ်ရှား သွား လာ နေ ကြ
ကျောင်းသူကျောင်းသား အုပ်စုတို့ကို မြင်ရသော်လ
အသိစိက်မှာ အမှတ်မထားမိ။

''ရင်ငြိမ်း ဘာလုပ်မိလို့လဲ ဖြိုးရယ်''

ရင်ငြိမ်းမျက်နှာကို ဖျတ်ခနဲ ငုံ့ကြည့်မိသည်။ မျက်
တို့မှာ မျက်ရည်စတို့ ကင်းစင် ကြည်လင်နေသော်လ
အားငယ်ဝမ်းနည်းရိပ်တို့ ရှိသည်။ ခပ်ဟဟ ပွင့်နေ
နှုတ်ခမ်းတို့မှာ ပျော့ပျောင်းသော ကြင်နာမှုတို့ရှိသည



ဘာ ရင်ငြိမ်းကို အမြဲ အရိပ်ကြည့်နေတတ်သော ရင်ငြိမ်း
မျက်နှာ အနည်းအကျဉ်း ပြောင်းလဲသွားမှာကိုပင် သူက
အစိုးရိမ် ကြီးလွန်းခဲ့သည်။ ရင်ငြိမ်း စိတ်ထိခိုက်သွားပြီ
ထင်ပါရဲ့။

သည်အတွေးဖြင့် စိတ်ကို အဆုံးထိ သူ လျှော့ချလိုက်ရ
တော့သည်။

''ဆောရီး ရင်ငြိမ်းရယ်။ ဖြိုးရဲ့အမြင်မှာ ရုတ်တရက်
ဆိုတော့ မခံမရပ်နိုင်လောက်အောင် ဖြစ်သွားတယ်။ ရင်
ငြိမ်းနဲ့ ပတ်သက်ရင် အဲဒီလို အမြင်မျိုးကိုတောင် ခံနိုင်ရည်
မရှိဘူး။ ဘာဖြစ်လို့ ယောက်ျားလေး တစ်ယောက်နဲ့
လက်ဖက်ရည်ဆိုင်ကို အတူသွားရတာလဲ။ ရယ်မောစကား
ပြောနေကြတော့ အများအမြင်မှာ ဘယ်လိုထင်မလဲ။
နောက်ပြီး ဖြိုးနဲ့ ရင်ငြိမ်းကို ဒီပတ်ဝန်းကျင်က သိထား
ပြီးသား။ ကွယ်ရာမှာ ရင်ငြိမ်းကို ကဲ့ရဲ့ကြမှာပေါ့''

ဂျပ်ဆင်အောက်ဘက်ဘေး လှေကားထစ်ရှေ့ အရောက်
မှာ....

''ထိုင်ရအောင်''
ဟု ရင်ငြိမ်းက ပြောသည်။ လှေကားထစ်၏ အပေါ်ဘက်
တံခါးအနီးမှာ နှစ်ယောက်သား ထိုင်မိကြစဉ်....

ရင်ငြိမ်းက....
''အသိသာကြီးပဲ''

ဟု သူ ရှတ်တရက် နားမလည်လိုက်သော စကားထို ဆို၏။

''ဘာကိုလဲ ရင်ငြိမ်း''

''လက်ဖက်ရည်ဆိုင်ဆိုတာ လူမြင်ကွင်းမှာပဲ ဖြိုးရယ် တစ်ယောက်နဲ့တစ်ယောက် နှုတ်ဆက်ပြီး ရယ်မောစကား ပြောရုံနဲ့တော့ အထင်မှားရလောက်အောင် လူတွေရဲ့အမြင် ကျဉ်းမြောင်းမယ် မထင်ပါဘူး''

''ဪ....ဒါဆို ဖြိုးကတော့ အမြင်ကျဉ်းမြောင်းတယ် ပေါ့''

ရုန်းကန်ထွက်လာသော ဒေါသကို ဘယ်လိုမှ မထိန် သိမ်းလိုက်နိုင်ခင်မှာ ကလေးဆန်သော စကားတစ်ခွန်းက နောက် ဆိုဖြစ်ပြန်သည်။ ရင်ငြိမ်းနဲ့ ပတ်သက်ပြီး ဖြိုးက ခဏခဏ မှားခဲ့တာပါလေ။

''အဲဒီလို မဆိုလိုပါဘူး ဖြိုးရယ်''

''အဖော်တစ်ယောက် ခေါ်သွားဖို့ မစဉ်းစားမိဘူ လား။ ဖြိုး မြင်ရင် ဘယ်လိုနေမယ်ဆိုတာ ရင်ငြိမ်း ထ မတွေးမိဘူးလား''

ရင်ငြိမ်းက နှုတ်ခမ်းကို တင်းတင်းစေ့သည်။ မျက်နှ ကို ပင့်ပြီး ဆံပင်ကို ဆတ်ခနဲခါ၏။

''လူမှုရေးကိစ္စလောက်ကိုတော့ ဖြိုး နားလည်နိုင်မ ထင်လို့''



ဗြဲ''

သူ့ နှုတ်ခမ်းကို မဲ့လိုက်သည်။ သိပ် ကလေးဆန်လွန်းနေ မလားဟု သူ့ကိုယ်သူ ပြန်တွေးမိတော့ ရင်ငြိမ်းရှေ့မှာ ရှက်ရွံ့သိမ်ငယ်သလို ဖြစ်မိ၏။ ရင်ငြိမ်းကတော့ အခါ အခွင့်သင့်တိုင်း သူမ၏ မာနတရားဖြင့် သူ့ကို အနိုင် ယူတတ်လေသည်။

''အေးပေါ့ကွာ။ လူမှုရေးဆိုတာက အကြောင်းပြလို့ ကောင်းတာပေါ့''

''ဘာပြောတယ်''

ရင်ငြိမ်း၏ ခပ်ထန်ထန်အော်လိုက်သံကိုကြားမှပင် သဝန် ကြောင်လွန်းသော သူ့စကားတစ်ခွန်းအတွက် အချိန်လွန် နောင်တရလေသည်။

''ဖြိုး ဘာဖြစ်လို့ ရင်ငြိမ်းရဲ့ သိက္ခာကို စော်ကားရတာ လဲ''

''သိက္ခာကို စော်ကားတာမဟုတ်ဘူး။ သိက္ခာရှိစေချင် လို့''

''ခုတော့ ရင်ငြိမ်းက သိက္ခာမရှိဘူးပေါ့၊ ဟုတ်လား''

နောက်ထပ်ဆက်ရမည့်စကားကို သူ မသိတော့။ ဦးတည် ရာ ပျောက်သွားသောအဖြစ်ကိုသာ မိမိကိုယ်မိမိ အပြစ်တင် မဆုံး ရှိလေသည်။ တကယ်ဆို သူ့ ရင်ထဲမှာ ရှိသည့်အတိုင်းပဲ သူ ပြောပြရမှာ။ ဒါကလည်း ရင်ငြိမ်းကို လိုက်မမှီနိုင်သော သူ၏ ညံ့ဖျင်းသည့် ဟန်ဆောင်မှုပင် ဖြစ်၏။

နောက်ထပ် ရင်ငြိမ်း စကားသံကို သူ မကြားရတော့။ နံဘေးမှာတော့ ရင်ငြိမ်း၏ ကိုယ်ရနံ့ မွှေးနေဆဲပင် ဖြစ်သည်။ စကားတစ်ခွန်း နှစ်ခွန်း ထပ်ပြောဖို့ သူ ကြိုးစားသော်လည်း ရည်ရွယ်ချက် ပျောက်သွားတတ်သော သူ၏ စကားပြောညံ့ဖျင်းမှုကို အားကိုးရန် မရဲတရဲ ရှိ၏။ အခုချိန်မှာ သူ နံဘေးမှ ရင်ငြိမ်း ပျောက်သွားမှာကို သူ အစိုးရိမ်ဆုံးပင် ဖြစ်သည်။

''သိက္ခာမရှိတဲ့ မိန်းမတစ်ယောက်အတွက် ဖြိုး အချိန်ကုန်ခံနေဖို့ မကောင်းဘူး''

''ရင်ငြိမ်း''

စိုးရိမ်သောအခြေအနေတစ်ခု တကယ်ဖြစ်လာသောအခါ ဆောက်တည်ရာမဲ့စွာ သူတစ်ယောက်တည်း ကျန်ရစ်ခဲ့လေသည်။

သိပ်ချစ်လို့ပါ ရင်ငြိမ်းရယ်။

*

ရင်ငြိမ်းထံမှပြန်လာပြီး တစ်ညနေလုံး ရင်ငြိမ်းထံမှ ဖုန်းကို သူ မျှော်နေခဲ့သည်။ ငှားထားသော တိုက်ခန်းမှ တယ်လီဖုန်းနံပါတ်ကို သိပ်အရေးဘကြီးရှိမှသာ ရင်ငြိမ်း အသုံးပြုတတ်လေသည်။ အရူးတစ်ယောက်လို သူ ဖုန်းအနားမှာ ထိုင်ပြီး စာတိုက်မှရောက်လာသော စာမူများကို မျက်လုံးမှ



ဖတ်ရင်း စိတ်ကတော့ ရင်ငြိမ်းထံ ရောက်နေခဲ့သည်။ တကယ်တော့ အိပ်ချိန်တစ်ချိန်ပဲ သူ့မှာ အနားယူချိန် ရှိခဲ့ဘာ။ ညဘက် အိပ်မပျော်နိုင်တော့ စိတ်ပင်ပန်းခြင်းက ပို၍ပြင်းထန်လာခဲ့၏။ နံနက်စောစောမှာ သူမျက်နှာဖုံးရိုက်ဖို့ ဓာတ်ပုံဆရာနှင့် ချိန်းထားသည်။ အဲသည်အချိန်တွေကို ဘယ်လိုကျော်ဖြတ်ရပါမလဲ။ စိုးရိမ်ဒိတ်ဖြင့် သူ့လုပ်ငန်းခွင်မှာ အလွဲလွဲအမှားမှား ဖြစ်နိုင်သည်။

ရင်ငြိမ်း သူ့ကို တကယ်ပဲ စိတ်ဆိုးသွားပြီထင်သည်။ ဒါဆို ရင်ငြိမ်း စိတ်ပြေအောင် ဘယ်လို ချော့ရပါမလဲ။ ရင်ငြိမ်းက စိတ်ဆိုးမလွယ်သောမိန်းကလေးတစ်ယောက်ဖြစ်သည့်အတွက် စိတ်ဆိုးလျှင် ပြေမလွယ်မှာ သူ စိုးရိမ်သည်။ ရင်ငြိမ်းနှင့် ခွဲသွားရလျှင် ဟူသော အတွေးဝင်လာသောအခါ တစ်ညလုံး အိပ်မပျော်နိုင်ဘဲ ဝေဒနာတွေကို ဟာက်ခံဖို့ သတ္တိနည်းစွာ ကြိုးပမ်းကြောက်လန့်နေခဲ့လေသည်။ အမှန်အတိုင်း ဝန်ခံရလျှင် မျက်ရည်ကျချင်သည်အထိပါပဲ။ သို့ပေမယ့် ကိုယ့်ကိုယ်ကို တွေဝေပျော့ညံ့သည့်ယောက်ျားတစ်ယောက်ဟု လက်မခံချင်သည့်အတွက် မျက်ရည်မကျဖြစ်အောင် ထိန်းချုပ်ခဲ့ရသည်။

ရင်ငြိမ်းကတော့ သိပ်ကို စိတ်ဓာတ်ခိုင်မာသည့် မိန်းကလေးတစ်ယောက်ဖြစ်သည်။ တယ်လီဖုန်းရှိရာကို မကြာခဏ အကြည့်ရောက်တိုင်း ရင်ငြိမ်း၏ မာနကို ခါးသက်စွာ သတိရ၏။ သူကိုယ်တိုင်ကလည်း ရင်ငြိမ်းထံကို ဖုန်းဆက်ရန် တွန့်ဆုတ်နေခဲ့၏။ ည ဆယ်နာရီတီဘီမှာတော့ စိုးရိမ်ထိတ်လန့်သော ရင်ခုန်သံဖြင့် ဖုန်းခွက်ကို လှည့်သည်။

"ရင်ငြိမ်း"

ဟု သူအမေးမှာ....

"အိပ်ပျော်နေပြီ"

ဟူသော ပြတ်တောင်းတောင်း ပြန်ဖြေသံကို ကြားရ၏။ အဲသည် စကားသံကပဲ သူ့ကို တစ်ညလုံး နှိပ်စက်လေတော့သည်။ ရင်ငြိမ်း၏ မောင်နှမများက သူ့ကို မကြည်ဖြူကြောင်း ရင်ငြိမ်းစကားဖြင့် သူ သိထားပြီးသော်လည်း ကိုယ်တိုင်ကြုံလာရသောအခါ နာကြည်းခံပြင်းစိတ်တစ်ဝက်၊ စိုးရိမ်စိတ်တစ်ဝက်ဖြင့် မကျေနပ်ချက်တို့ ပိုမိုတွန်းကန်လာပြန်သည်။ သို့ပေမယ့် ရင်ငြိမ်းအပေါ် သူ ဘယ်လိုမှ မတင်းမာနိုင်ခဲ့။

ည နှစ်နာရီ ထိုးလုလုမှာ သူ အိပ်ပျော်သွားပြီး မနက်ခြောက်နာရီတိတိမှာ သူ ပြန်နိုးလာသည်။ အိပ်ရာမှ နိုးနိုးချင်း ရေမိုးချိုး အဝတ်အစားလဲပြီး ကျောင်းဘက်သို့ သူ ထွက်လာခဲ့၏။ တောင်ငူဆောင်ရှေ့ရောက်တော့ ခုနစ်နာရီကျော်ပြီ။ ကံကောင်းထောက်မစွာ နာရီဝက်ခန့်စောင့်အပြီး ရင်ငြိမ်း ကား က လေး ရောက် လာ သည်။ တောင်ငူဆောင် ပေါ်တီကို အောက်မှာ ထိုင်နေသော သူ့ကို ရင်ငြိမ်း မြင်သောအခါ မျက်လွှာကိုချပြီး ကားတံခါးကို အချိန်အကြာကြီး သော့ခတ်နေ၏။ သူက ရင်ငြိမ်းဆံသို့ ခပ်မြန်မြန် လျှောက်သွားလိုက်သည်။ ရင်ငြိမ်းလက်ထဲမှ လွယ်အိတ်ကို လှမ်းဆွဲယူလိုက်သောအခါ ရင်ငြိမ်းက မျက်နှာတည်တည်ဖြင့် မော့ကြည့်၏။



"ရင်ငြိမ်း"

မျက်စိရှေ့မှာရှိနေသော ရင်ငြိမ်းကိုပင် အငွေ့ပျံပျောက်လွင့်သွားမှာ စိုးရိမ်ကြီးစွာ သူ မျက်တောင်မခတ် ကြည့်နေမိသည်။

"စိတ်ဆိုးနေတုန်းပဲလား"

ရင်ငြိမ်းက ခေါင်းမညိတ် ခေါင်းမခါဘဲ တောင်ငူကင်န်တင်းဆီသို့ မျက်နှာလွှဲသည်။ ညက အိပ်မပျော်သည့် အကြောင်း စပြောလျှင် ကောင်းမလားဟု စဉ်းစားသည်။ တကယ်တမ်းကျတော့ စကားတွေက အစီအစဉ်တကျ ပြင်ဆင်ထားရမှုမရှိ။ ရင်ငြိမ်းမျက်နှာကိုပဲ ငေးမောနေဖြစ်တော့သည်။

"ရင်ငြိမ်းရယ်"

သူ့လက်မှလွယ်အိတ်ကို ရင်ငြိမ်းက ပြန်ဆွဲယူသည်။ ရင်ငြိမ်းလက်ဖဝါးကို ခပ်တင်းတင်းလှမ်းဆုပ်ထားလိုက်ရင်း တင်းမာသယောင်ရှိသော ရင်ငြိမ်းမျက်ဝန်းများကို ရင်ဆိုင်လိုက်၏။

"ဖြိုးကိုမထားခဲ့ပါနဲ့ ရင်ငြိမ်းရယ်"

ရင်ငြိမ်း အောက်နှုတ်ခမ်းကို ကိုက်သည်။ ကြည်စင်နေသော မျက်ဝန်းတို့ အရောင်ပြောင်းသွားပြီး ချက်ချင်း မျက်ရည်ပေါက်ဟို့ လိမ့်ဆင်းလာ၏။ ချယ်ရီဖျော့ရောင်နှုတ်ခမ်းတို့ အဖွင့်မှာ သူ အသက်ရှူရပ်သွားမလား ထင်သည်။

"မနေ့ကတည်းက အဲလို ချော့ပါလားလို့"

သူ လှုပ်ခနဲ ပြုံးမိသွား၏။

*

လစဉ် ရင်ဆိုင်နေရသော ပြဿနာများဟု သိပေမယ့် သူ စိတ်မညစ်ဘဲမနေနိုင်။ စက္ကူဈေးကြောင့် စက်ရိုက်ခကို ခဏ ဆိုင်းထားခိုင်းရသည်။ စာမူများ နောက်ကျရသည့်အတွက် ထွက်ရက်က တခြား မဂ္ဂဇင်းတွေထက် အနည်းဆုံးတစ်ပတ် တော့ နောက်ကျနိုင်သည်။ နားမနေအားဘဲ ပိခနေသော အလုပ်ပုံကို သူတစ်ယောက်ထဲ ဒိုင်ခံဖြေရှင်းရ၏။ အဲသည် အချိန်မှာ ရင်ငြိမ်းကို သတိမရအားသည်ကတော့ အမှန်ပင် ဖြစ်သည်။ စာပုံနှိပ်စက်ရှိရာ လမ်းတိုကလေးထဲမှ သူ ပြန်ထွက် လာခဲ့စဉ် တစ်စုံတစ်ယောက်၏ နှုတ်ဆက်သံကို ကြားရသည်။

"ဟေ့ ကောင် နီတွတ်"

ကြားရခဲ့သော ငယ်နာမည်ကြောင့် သူ ဝမ်းသာအားရ လှည့်ကြည့်လိုက်မိ၏။

"ဟာ ... ကိုမြင့်အောင်"

မြင်လိုက်ရသော မျက်နှာတစ်ခုနှင့်အတူ ခါးသက်ဖွယ် ပုံရိပ်တို့ ချက်ချင်း ထင်ဟပ်လာသည်။ နိမ့်ကျခဲ့သော အတိတ် တစ်ချိန်က သူ့ကို ကျေးဇူးပြုဖူးသည့်ကျေးဇူးရှင်တစ်ယောက်



အဖြစ် ကိုမြင့်အောင်ကို ပြန်တွေ့ရချိန်မှာ သူ လှိုက်လှိုက်လှဲလှဲ ဝမ်းသာသွားမိ၏။

"သေချာရဲ့လားလို့ မနည်းကို ကြည့်ယူရတယ်။ ဆိုစမ်း ပါဦး။ မင်းဘာတွေလုပ်နေလဲ၊ အခြေအနေကတော့ ကောင်း နေပြီထင်တယ်"

ဘယ်ကဘယ်လို စပြောရမှန်းမသိဘဲ သူ ရုတ်တရက် ကြောင်အမ်းနေသည်။

"အေးအေးဆေးဆေး လက်ဖက်ရည် သောက်ပါဦး ကွာ"

ဟု ကိုမြင့်အောင်ကပြောတော့မှ လမ်းဘေးပလက်ဖောင်း ထိပ်မှာရှိနေသော လက်ဖက်ရည်ဆိုင်ကို သူ သတိပြုမိတော့၏။ ကိုမြင့်အောင်ကတော့ ဟိုးအရင်ကအတိုင်းပင် သူ့ အပေါ် မှာ လှိုက်လှဲပျူငှာ ရှိနေတုန်း။ လက်ဖက်ရည်ဆိုင်မှာ သူ မကြိုက်တတ်သော ကော်ဖီတစ်ခွက်ကိုမှာပြီး သူ့ဘဝ၏ နောက်ပိုင်းကာလများကို ဇာတ်စုံ ခင်းပြရတော့သည်။

"အခုတော့ အတော်လေး အခြေအနေကောင်းနေပါပြီ အစ်ကို။ တိုက်ခန်းတစ်ခန်းတော့ ပိုင်နေပြီပေါ့လေ။ ကျွန် တော့် ဘဝအတွက် နောက်ထပ်လည်း သိပ်မလိုအပ်တော့ပါ ဘူး။ ပုံမှန်စီးပွားရေးတစ်ခုလောက်ရှိထားပြီဆိုရင်ပဲ ညည့်စုံ ပါပြီ"

"ဘယ်ဟုတ်ဦးမှာလဲကွ။ မင်းအိမ်ထောင်နဲ့မင်းပြန်ပေါင်း ဖို့ စိတ်မကူးဘော့ဘူးလား"

သည်အမေးစကားကိုကြားမှ ချန်လှပ်ထား၍ မရသော သူ့ဘဝ၏ အစိတ်အပိုင်းများအတွက် သူ ဘယ်လိုမှ ကြိုးပမ်း မရနိုင်ကြောင်း သဘောပေါက်လိုက်ရတော့သည်။ သူက မေ့ပစ်နိုင်သည်ထား၊ ပတ်ဝန်းကျင်ကတော့ သည်ကိစ္စကို အရေးတယူ စောင့်ကြည့်နေမှာပဲဖြစ်သည်။ ပတ်ဝန်းကျင်ထဲမှာ အရေးကြီးဆုံးက ရင်ငြိမ်း၏ အသိုက်အဝန်း။

"မဖြစ်နိုင်တော့ဘူးအစ်ကို။ တဖြည်းဖြည်း ဝေးသထက် ဝေးသွားပြီပဲ။နောက်ပြီး ကျွန်တော့်ဘဝကိုအသစ်ထူထောင်ဖို့ ကျွန်တော့်ကို နားလည်ပေးနိုင်မယ့် ချစ်သူတစ်ယောက်လည်း ကျွန်တော့်မှာ ရှိနေပြီ"

"ဩော်....ဒီလိုလား၊ အေးကွာ။ ဘယ်လိုပဲဖြစ်ဖြစ် ဒီအခြေအနေအထိ တိုးတက်လာတယ် ဆို က တည်း က တော့ ဝမ်းသာစရာပေါ့။ ကြိုးစားမှုကိုတော့ ဘယ်တော့မှ မလျှော့လိုက်နဲ့ညီလေးရေ။ အရင်တုန်းက ဘယ်လောက်ထိ ရုန်းကန်ခဲ့ရတယ်ဆိုတာကို အချိန်ရတိုင်း ပြန်ပြီးတော့ သုံးသပ်နေ။ မင်းလိုပဲ လူငယ်တိုင်းဘဝကို အရှုံးမပေးဘဲ ဇွဲမာန်နဲ့ တိုးတက်အောင် ကြိုးစားစေချင်တယ်ကွာ"

"ဟုတ်ပါတယ်အစ်ကို။ကျွန်တော်လဲ ကျွန်တော်လာခဲ့ရတဲ့ဘဝကို နီးစပ်တဲ့လူတိုင်းကို ပြောပြပါတယ်။ ဘယ်တော့မှလဲ မမေ့ပါဘူး။ အထူးသဖြင့် အစ်ကို့ကျေးဇူးကို ကျွန်တော် အမြဲသတိရနေပါတယ်"



"အစ်ကိုက မင်းကို ခုလိုမြင်ရတာ သိပ်ပြီး အားရတာပဲ။ လူဆိုတာ ကိုယ့်ရဲ့ရည်မှန်းချက်ပန်းတိုင်ကို သိပြီး အဲဒီပန်းတိုင်ကို ရောက်အောင်လဲ ကြိုးစားနိုင်ရမယ်"

ဒုတိယအကြိမ်မြောက် စကားလက်ဆောင်ကို သူ ရပြန်သည်။ ခရမ်းပြာပန်းကလေး၏ အစုန်အဆန်ခရီးကို သူ ကိုယ်ချင်းစာတတ်ပြီ။

နောက်ပြီး ပန်းတိုင်ကို အရောက်သွားနိုင်ခဲ့သော ခရမ်းပြာ ပန်းတစ်ပွင့်အဖြစ် သူ့ကိုယ်သူ ဂုဏ်ယူသည်။ သို့ပေမယ့် ခရီးလမ်း၏ ဒဏ်ရာဒဏ်ချက်ကိုတော့ ခုချိန်တိုင်အောင် စူးနစ်နာကျင်စွာ ခံရဆဲပင် ဖြစ်၏။

*

လောလောဆယ်မှာ သူ တစ်ယောက်တည်း ဖြစ်နေသော တိုက်ခန်းကလေး၏ အောက်ထပ်သို့ ဆင်းလာစဉ် သံတံခါး ရှေ့မှာရပ်ပြီး လူခေါ်ခေါင်းလောင်းကို နှိပ်ရန် ပြင်နေသော ရင်ငြိမ်း၏ မေမေကို တွေ့လိုက်ရသည်။ ဖော်မပြနိုင်သော အံ့ဩမှုတို့ဖြင့် လှေကားရင်းမှာပင် သူ ကြောင်အမ်းအမ်း ရပ်နေမိ၏။ ကိုယ့်ကိုယ်ကို သတိဖြင့် ပြန်လည်ထိန်းသိမ်းနိုင်သောအချိန်မှာမှ စေ့ရုံစေ့ထားသော တံခါးကို သူ ဖွင့်ပေးဖြစ်သည်။

"ထိုင်ပါ အန်တီ"

အောက်ထပ်မှာ ဆက်တီမရှိသည့်အတွက် အလုံပ် စားပွဲရှေ့က ကြိမ်ကုလားထိုင်မှာပဲ နေရာပေးဖြစ်သည်။ နောက်ပြီး အပေါ်ဘက်ဧည့်ခန်းသို့ ခေါ်ရန်လည်း သတိမရ။

ရင်ငြိမ်းမေမေက စားပွဲအောက် ထိုးထားသော ကုလားထိုင်ကို ကိုယ်တိုင် ဆွဲထုတ်ပြီး ထိုင်သည်။ အဲသည်အချိန်အထိ နောက်ထပ် ဘာစကားဆိုရမှန်း သူမသိသေး။ အံ့ဩစိတ်နှင့်အတူ စိုးရိမ်သောကတို့ပါ သူ့ထံသို့ စုပြုံတိုးဝင်လာ၏။

"ရင်ငြိမ်းကို အိမ်ထောင်ချပေးမလို့ မင်းကို လာပြောတာ"

"ဗျာ"

"မင်းတို့နှစ်ယောက် အခြေအနေကို တို့သိပြီး ပါပြီ။ သဘောတူနိုင်စရာလဲ လုံးဝ အကြောင်းမရှိဘူး။ ဘာကြောင့်လဲ ဆိုတာတော့ မင်း သိမှာပါ။ မင်းရဲ့ဖြစ်ခဲ့တဲ့ အရှုပ်အရှင်းတွေကြားထဲမှာ ရင်ငြိမ်းကို ဘယ်လိုမှ အပါမခံနိုင်ဘူး။ ရင်ငြိမ်းက စိတ်သဘောထား ကောင်းတယ်။ သနားတတ်တယ်။ အဲဒါတွေကြောင့်ပဲ မင်းတို့နှစ်ယောက်ရဲ့ ဇာတ်လမ်းက ခုလောက်ထိ အချိန်ကြာနေတာ။ တကယ် ဆိုရင် ရင်ငြိမ်းကိုယ်တိုင်ကလဲ မင်းလိုလူမျိုးကို ဘယ်လိုမှလက်မထပ်ရဲဘူး။ ကလေးအဖေတစ်ယောက်ကိုလဲ လက်ထပ်ဖို့ စိတ်ကူးမရှိဘူး။ အဲတော့ မင်းဘက်က တို့ရဲ့ အစီအစဉ်ကို အနှောင့်အယှက်မပေးဖို့ပါပဲ။ လာရင်းကိစ္စကတော့ အဲဒါပါပဲ"

"ဘယ်ဖြစ်မလဲ အန်တီ။ ရင်ငြိမ်းက ကျွန်တော့်ချစ်သူပဲ"

ဘယ်လိုအင်အားမျိုးကပဲ တွန်းပို့နေသည်မသိ။ ရင်ထဲမှာ တနုံ့နုံ့ ကြိတ်မှိတ်ထားခဲ့ရသမျှ ပေါက်ကွဲထွက်လေတော့သည်။ လက်ဖျား ခြေဖျား အေးစက်ပြီး တဆတ်ဆတ်တုန်ယင်လာသည်အထိ ယူကြုံးမရ ကြေကွဲမှု၊ ဒေါသ သည်းမခံနိုင်မှုတို့ဖြင့် ရင်ခွင်ဟာစ်ခုလုံး ပေါက်ကွဲ ဆူညံနေသည်။ ရင်ငြိမ်း၏ မိခင်ဟူသော အသိဖြင့် စကားအဆုံးအထိ သည်းခံနေရခြင်းသည်ပင် လွန်လှပြီ။

"မင်း ... အဲလို မရိုင်းပါနဲ့"

ရင်ငြိမ်းမေမေက ထိုင်ရာမှ ချက်ချင်း ထ,ရပ်သည်။

"ကျွန်တော် မရိုင်းပါဘူး အန်တီ။ မှန်ရာကို ပြောတာပါ။ ရင်ငြိမ်းက ကျွန်တော့်ချစ်သူ။ လက်ထပ်မယ်လို့လဲ နှစ်ဦးသဘောတူထားပြီးပြီ။ ကျွန်တော်ကတော့ ရင်ငြိမ်းကိုပဲ လက်ထပ်ဖို့ ဆုံးဖြတ်ထားပါတယ်"

ခံပြင်းစိတ်က သွေးတို့ကို ငယ်ထိပ်အထိ ဆူပွက်စေ၏။ အရောင်မှိန်နေသော နံရံကို မျက်နှာမူစဉ် အဂ်တေ သားပေါ်မှာ ရင်ငြိမ်း၏ ပုံရိပ်ထင်သည်။

"မင်းဟာ အတော် လူမဆန်တာပဲ။ တို့ကတော့ ရင်ငြိမ်းကို ဘယ်တော့မှ ဒုတိယနေရာ အရောက်မခံနိုင်ဘူး။ မဖြစ်

ဖြစ်တဲ့နည်းနဲ့ ရှင်းရမှာပဲ။ မင်းဘက်က ဒီထက်ပိုပြီး မိုက်ရိုင်းလာရင်တော့ ဘရားဥပဒေအရ အရေးယူရလိမ့်မယ်''

''ဒုတိယနေရာ''

ရင်ငြိမ်းမေမေက တံခါး၏ အတော်သှမ်းလှမ်း သို့ ပင်ရောက်နေပြီ။ သူ့ နားထဲမှာ သည်စကားသံက ပဲ့ တင်ထပ်ကျန်နေဆဲပင်။ ရင်ငြိမ်းကို ဘယ်တုန်းကမှ နံပတ်စဉ်ဘပ်ရမည့် နေရာဘစ်ခုသို့ တွန်းပို့ရန် သူ စိတ်မကူးခဲ့ဘူး။ ဒါကို ရင်ငြိမ်း အသေအချာ သိနေပါလိမ့်မည်လေ။

ကြေကွဲမှုအဆုံးမှာ မျက်ရည်မကျဖြစ်ဘဲ နှလုံး သား တို့ တစ်စစီကွဲကြေသွားလောက်အောင်ပင်။ ရင်ငြိမ်းကို ချက်ချင်း ပြေးတွေ့လိုက်ချင်သည်။

''ဘယ်လို ဆုံးဖြတ်မှာလဲ ရင်ငြိမ်းရယ်''

ဟု မေးလိုက်ချင်သည်။ ရင်ငြိမ်း ဘယ်လိုဖြေမှာလဲ။ ရင်ငြိမ်းကိုယ်တိုင်ကရော ဒီပြဿနာတွေကို ရင် ဆိုင် ဖြေရှင်း ဖို့ သတ္တိရှိနိုင်ပါ့မလား။

*

''တကယ်ဘမ်းကျတော့ ရင်ငြိမ်း သတ္တိမရှိဘူးမို့ လား''

''ဟုတ်တယ် မှူး''

တိတိရိရိစေ ပိတ်သွားသော ရင်ငြိမ်းနှုတ်ခမ်းတို့ကို စိုက်ကြည့်ရင်း အသက်ရှူ ကျပ်လာသည်။ ရင်ငြိမ်း အဲလောက်



သူ့ အပေါ် ပြတ်သားနိုင်မည်ဆိုတာ သူ နည်းနည်းမှပင် တွေးထင်မဘားခဲ့။ ရင်ငြိမ်း၏မျက်ရည်တို့ကိုသာ သူကမျှော်လင့်ထားခဲ့သည်လေ။ ခုတော့ ရင်ငြိမ်းက မျက်နှာတည်တည်ဖြင့်ပင် သူ့ ကို ရင်ဆိုင်လေသည်။

''အဲဒီတော့ ဖြူးအတွက် ရင်ငြိမ်း ဘယ်လိုစဉ်းစားမလဲ''

သိပ်ပြီး ပျော့ညံ့ လွန်းသည့်စကားတစ်ခွန်းမှန်း သူ့ ကိုယ်သူ သိသည်။ သို့ပေမယ့်လည်း သည်စကားမှ လွဲပြီး သူ့ မှာဆိုစရာမရှိ။ ရင်ငြိမ်း၏ ဆုံးဖြတ်ချက်ကို တစ်စုံတစ်ခု တိမ်းစောင်းသွားအောင် ပြောင်းလဲပစ်ဖို့ သူ ဘာမျှ မတတ်နိုင်ခဲ့ပါ။ ရင်ငြိမ်း၏ဦးနှောက်ကိုတော့ သူ ကြိုတင်မသိနိုင်။ သို့ပေမယ့် ရင်ငြိမ်း၏ နှလုံးသားကိုတော့ သူ နားလည်နေဆဲပင်။ ခုထက်ထိ ယုံကြည်နေဆဲပင်။

''ချစ်သူတွေဘဝနဲ့ပဲ တစ်သက်လုံး နေသွားကြမလားဟင်''

ရင်ငြိမ်း သွေးတိုးစမ်းသော စကားဟု သူ သိသည်။ ဘေးဘက်မှာရှိနေသော နံရံကို မှီထိုင်လိုက်ရင်း ရင်ငြိမ်းမျက်နှာကို ငေးကြည့်မိ၏။ နွမ်းနယ်နေသော မျက်နှာမှာပင် မာနရိပ်တို့ ရှိနေဆဲ ဖြစ်သည်။ မြက်ခင်းပြင်ပေါ်မှ ဆက်ရက်ကလေးများကို ရင်ငြိမ်း ငေးကြည့်နေ၏။ ဘွဲ့နှင်းသဘင်ရှေ့ မှာတ်မီးတိုင်တို့ အစီအရီ ညီညာနေသော အဓိပတိ လမ်းမတစ်လျှောက် လှုပ်ရှား ပျော်ရွှင်နေကြသော ကျောင်းသူကျောင်းသား အုပ်စုတို့လိုပင် ရင်ငြိမ်းကိုလည်း သောက

ကင်းစေချင်သည်။ တွေဝေမှု မဲ့စေချင်သည်။ ရင်ငြိမ်းဘဝကို အဘတ်နိုင်ဆုံး သာယာအောင်၊ သန့်စင်အောင် သူ ကြိုးစားပေးချင်သည်။ သို့ပေမယ့်လည်း အဲသည်အတွက် သူ ရင်ငြိမ်းကို စွန့်လွှတ်ရမည်ဆိုလျှင် စွန့်လွှတ်ခြင်းကို သူ ရင်မဆိုင်ရဲပြန်။

''ရင်ငြိမ်းနဲ့ ဖြိုးတို့ရဲ့ဘဝကို ဖြိုး ဘယ်လောက်ထိ မျှော်လင့်စိတ်ကူးယဉ်ထားရတယ်ဆိုတာ ရင်ငြိမ်း သိမှာပါလေ။ သာယာချမ်းမြေ့တဲ့ မိသားစုဘဝကလေးတစ်ခု ဖြစ်လာဖို့ ဖြိုး ရည်မှန်းကြိုးစားခဲ့တယ်။ အဲဒီ ဘဝကလေးကလည်း ရင်ငြိမ်းကလွဲပြီး ဘယ်သူနဲ့မှ မဖြစ်နိုင်ဘူး။ ဖြိုးရဲ့ မျှော်လင့်ချက်တွေကို စွန့်လွှတ်လိုက်ရတော့မှာလား။ ဖြိုးနဲ့ ရင်ငြိမ်း ဘယ်လိုမှ မဆုံနိုင်တော့ဘူးလား''

သက်ပြင်းချသံကြောင့် ရင်ငြိမ်း၏ ရင်ထဲက သောကထုထည်ကို ရိပ်စားမိပြန်သည်။ စိတ်ထဲမှာ ရှိသမျှ မျက်နှာပေါ်မှာ ကူးစက်မလာအောင် ဟန်ဆောင်ကောင်းလှသည့် ရင်ငြိမ်းကို ချီးမွမ်းရမှာလား၊ သနားရမှာလားဟုပင် စဉ်းစားမရတော့။

ရင်ငြိမ်းရယ်....

မသိနိုင်ခဲ့လျှင်လည်း အကောင်းသား၊ ဘာကြောင့်များ သည်မျှ ဟန်ဆောင် ထိန်းချုပ်နေနိုင်သည်လဲ။ ရင်ထဲက ချစ်ခြင်းကို နှုတ်ဖျားမှ စကားတစ်ခွန်းဖြင့် ဖုံးကွယ်ထားလို့ ရနိုင်



မည် ထင်လေသလား။ သူက ရင်ငြိမ်း၏ လက်ဖမိုးကို ဆွဲယူပြီး ဖွဖွနမ်းလိုက်သည်။ ဒုတိယကြိမ်မြောက် သက်ပြင်းချသံကို ကြားရပြန်သည်။

''သူတို့က ပြောကြတယ်။ ရင်ငြိမ်းအနားမှာ ဖြိုးရှိနေဖို့ ဘယ်လောက်ကြာကြာဆွဲဆောင်ထားနိုင်မလဲတဲ့။ ဘဝဟောင်းကို အချစ်ဟောင်းကို ဖြိုး သတိရလာတဲ့အခါ၊ တမ်းတလာတဲ့အခါ အိမ်ထောင်ရေးမှာ အရည်အချင်းဘာမှမရှိတဲ့ ရင်ငြိမ်းကို အပြစ်မြင်လာလိမ့်မယ်တဲ့။ နောက်ပြီး ရင်ငြိမ်းကြားဖူးတဲ့ စကားတစ်ခုရှိတယ်....

''အချစ်ဦးကို ရှုံးတောင်မမေ့ဘူးတဲ့'' ရင်ငြိမ်း ကြောက်တယ်။ ပတ်ဝန်းကျင်ဆိုတာထက် ဖြိုး ကိုယ်တိုင် ရင်ငြိမ်းကို ရက်စက်သွားမှာကို ဘယ်လိုမှ ရင်ငြိမ်း ခံနိုင်ရည် မရှိဘူး။ တကယ်ဆိုရင် ရူးသွားလိမ့်မယ်။ အဲတော့...''

ရင်ငြိမ်းက သူ့လက်ဖဝါးကို တင်းတင်းဆုပ်ထားပြီး ဘွဲ့နှင်းသဘင်၏ အောက်ဘက် လှေကားထစ်များဆီသို့ ငေးမောနေသည်။ ကြေကွဲနေသော ရင်ငြိမ်းမျက်နှာကို သူ သေချာမကြည့်ရဲ။

''မေ့နိုင်အောင် ကြိုးစားတာကပဲ ရင်ငြိမ်းအတွက် အကောင်းဆုံး ဖြစ်လိမ့်မယ်ထင်တယ်''

စကားအဆုံးမှာ ရင်ငြိမ်းက နဖူးပေါ် ဝဲကျနေသောဆံပင်များကို လက်ချောင်းများဖြင့် ထိုးဖွပစ်လိုက်သည်။

''အဓိကကတော့ ဖြိုးကို မယုံနိုင်တာဘဲပေါ့''

ရင်ငြိမ်းက ခြောက်သွေ့နေသော နှုတ်ခမ်းတို့ကို လျှာဖြင့် သပ်လိုက်ရင်း....

''ကံကို မယုံရဲတာ''

ဟု တိုးတိုး ပြောသည်။

''ကံဆိုတာ လူကလုပ်တဲ့အလုပ်ဆို ရင်ငြိမ်း ပြောခဲ့ဖူးတယ်လေ''

''မှန်တယ်လေ၊ ရင်ငြိမ်းကိုယ်တိုင်တောင်မှ ကိုယ့်ကိုယ်ကို အကြွင်းမဲ့ မယုံရဲသေးတာ။ ကိုယ်ကလွဲပြီး တခြား လူတစ်ယောက်ကို ကိုယ့်ကိုယ်ကို အားကိုးနဲ့ ဘယ်လို ယုံမလဲ။ ဘဝတစ်ခုလုံးကို ရင်းရမယ့်ကိစ္စမှာတော့ ရင်ငြိမ်း စဉ်းစားမှ ဖြစ်လိမ့်မယ်''

ရင်ငြိမ်း၏ နှုတ်ခမ်းများကို သူကိုယ်တိုင် ကြောက်လန့်လာသည်၊ ရင်ငြိမ်းထံမှ စကားများကို သူ ဘယ်အတိုင်းအတာအထိ သည်းခံနေနိုင်မည်မသိ။ ရင်ငြိမ်းနံဘေးမှာ ဆက်ထိုင်နေရမှာကိုပင် သူ လိပ်ပြာလန့်လာ၏။

''ကောင်းပြီလေ။ စဉ်းစားပေါ့ ရင်ငြိမ်းရယ်။ ရင်ငြိမ်းမှာ ရွေးစရာလမ်းတွေ အများကြီးရှိတာပဲ။ ဖြိုးကတော့ နှလုံးသားကိုပဲ ဦးစားပေးထားတော့ နောက်ထပ် ရွေးစရာလမ်းလည်း မရှိတော့ဘူး။ ရှိလာရင်တောင် ရွေးစရာလည်း မလိုအပ်တော့ဘူး။ အဲတော့ ရင်ငြိမ်းရဲ့ ဆုံးဖြတ်ချက်ကို စောင့်နေရုံပဲ ရှိတာပေါ့''



သူက စိတ်ပျက်နာကြည်းစွာ ထိုင်နေရာမှ ထသည်၊ နေ့တမာပင်ရိပ်အောက်မှာ ရပ်ထားသော ပိတောက်ခြောက်ရောင် ဆန်နီပစ်ကပ်ကလေးဆီသို့ သူ ဇဝေဇဝါ လှမ်းကြည့်သည်။ သူနှင့် ရင်ငြိမ်းတို့အတွက် ရတတ်သလောက် သူကြိုးစားခဲ့ပြီးပြီပဲ။

ခုတော့ သူ့ ကြိုးစားမှုတွေအားလုံး လေဟာပြင်ထဲမှာ တစ်စစီ ပြန့်ကျဲသွားခဲ့ပြီ။

ရင်ငြိမ်းကို နှုတ်မဆက်ဘဲ သူ လှေကားထစ်များကို ဆင်းသွားလိုက်သည်။

''ဖြိုး''

ရင်ငြိမ်းက သူ့ လက်ဖဝါးကို လှမ်းဆွဲသည်၊ သူ စိတ်မရှည်နိုင်စွာ ရင်ငြိမ်းကို လှည့်ကြည့်၏၊ စိတ်တို့ ကစဉ့်ကရဲ ပြေးလွှားနေသည်။

''ခုတော့ မစဉ်းစားချင်သေးဘူး၊ ရင်ငြိမ်းအနားမှာ ဖြိုး ရှိနေမှ ဖြစ်မယ်''

သူ ရယ်ချင် ငိုချင် ဖြစ်သွား၏။ ဟန်ဆောင်တတ်သော ရင်ငြိမ်းကို လှည့်စားတတ်သော မိန်းကလေးဟု သူ မသတ်မှတ်ချင်။

သို့ပေမယ့် သူကတော့ ရင်ငြိမ်း၏ ကြိုးဆွဲရုပ် တစ်ရုပ်သာသာ ဖြစ်၏။

*

''ဘယ်လိုဖြစ်တာလဲ ဖေဖြိုး

ဟု အပေါင်းအသင်းများက မေးသောအခါ သူဘာမျှ မဖြေနိုင်ခဲ့။ ဖြေလည်းမဖြေတတ်။ သတင်းစာထဲမှာ ပါလာမှသာ သိရသော ချစ်သူ၏ စေ့စပ်ကြောင်းလမ်းခြင်းသတင်းအတွက် သူက ဘယ်လိုများ ဖြေရှင်းပြရမှာပါလိမ့်။ သတင်းစာကို ကိုင်ထားရင်းမှ ရင်ငြိမ်းထံက တယ်လီဖုန်းခေါ်သံကို ရူးမိုက်စွာ သူ မျှော်နေခဲ့သေးသည်။ အဲသည်တစ်နေ့လုံး တယ်လီဖုန်းစင်အနားက ဒရင်းဘက်ပေါ်မှာ သတင်းစာကို ရင်ဘတ်မှာတင်ရင်း လှုပ်ရှားမှုကင်းမဲ့စွာ သူရှိနေခဲ့သည်။ စိတ်ထဲမှာတော့ အိပ်မက်လိုလို။

ထုနှင့် ထည်နှင့် ပြိုဆင်းပိကျလာသော အဆမတန်ကြေကွဲမှု၏ အဆုံးစွန်မှာ မျက်ရည်တစ်ပေါက်မျှပင်မကျဘဲ သူ့နှလုံးသား ထုံကျင်အေးစက်နေခဲ့ရသည်။

ရက်စက်ပေါ့ ရင်ငြိမ်းရယ်....

ခံနိုင်ရည်ရှိမယ့်အသည်းဂို့ မညှာမတာ လုပ်ပစ်ခဲ့တယ်ဆိုတာ ဖြိုး သိပါတယ်။ ဒါပေမယ့် ရင်ငြိမ်းကို ခုထက်ထိ စိတ်နာမှုပစ်လို့ မရနိုင်ခဲ့တဲ့အတွက်ဘဲ ရင်ငြိမ်း ဖြိုးကို အပြစ်တင်ရတော့မယ်။ ည ဆယ့်တစ်နာရီအထိ ညစာ မနက်စာ စားဖို့ မေ့လျော့နေစဉ်။ရင်ငြိမ်းမုလွဲပြီး ဘာကိုမျှ သတိမရနိုင်အောင် ဖြစ်ခဲ့ရသည်။ ဆယ့်တစ်နာရီ နှစ်ဆယ့်ငါးမိနစ်မှာ ဖုန်းသံ မြည်လာတော့ အံ့ဩထူးဆန်းစရာကောင်းသော



သတ္တဝါတစ်ကောင်လို တယ်လီဖုန်းကို သူ ငေးမောကြည့်နေခဲ့သေး၏။ ဖုန်းခွက်ကို မပြီး ကပ်ထားလိုက်သည်။ ပြန်ထူးဖို့ကိုလည်း မေ့လျော့နေသည် ထင်၏။

''ဖြိုး''

တခြားကမ္ဘာတစ်ခုမှာ အချုပ်နှောင်ခံထားရသလိုပင်။ သူ့နှုတ်ခမ်းတို့ လေးလံစေ့ပိတ်နေခဲ့သည်။

''ဖြိုးရယ်၊ ရင်ငြိမ်း စကားပြောပါရစေ''

''.......''

ရင်ငြိမ်းဟု အသိရှိသည်။ သို့ပေမယ့် ပြောစရာ စကားမကျန်တော့။

အဆုံးထိ သည်းခံနိုင်ခဲ့သော သူ့နှလုံးသားတို့လည်း ခုချိန်မှာ နာကျင်မှု အထပ်ထပ်ဖြင့် ထုံပေနေခဲ့ပြီ ဖြစ်သည်။

''ရင်ငြိမ်း ဘာမှ မသိပါဘူး။ ရင်ငြိမ်းကို သူတို့ ဘာမှ မပြောကြဘူး။ ယုံပါဖြိုးရယ်။ တကယ်တော့ ရင်ငြိမ်း....''

လေးလံနေသော ဖုန်းခွက်ကို ပစ်ချလိုက်သည်။ စူးရှသော ခေါ်သံက နားထဲမှာ ပဲ တင်ထပ်လျက် မြည်နေဆဲပင်ဖြစ်၏။ အံကို တင်းတင်း ကြိတ်လိုက်သောအခါ မျက်လုံးအိမ်တို့ ပူလောင်စပ်ဖျဉ်းလာကြသည်။ ဝါကျင့်ကျင့်မီးရောင်ဖြင့် ပွင့်နေသော အိပ်ခန်းတံခါးကို မြင်ရ၏။ တစ်ချိန်ချိန်မှာ ရင်ငြိမ်းရောက်လာလိမ့်မည်ဟု မျှော်လင့်တကြီးဖြင့် သူ ပြင်ဆင်ခဲ့ရသော သူနှင့် ရင်ငြိမ်းအတွက် အိပ်ခန်း။ ဖုန်းခေါ်သံ နောက်

တစ်ခေါက် မြည်လာပြန်သည်။ သံရှည်မြည်နေသော တတူတူ အသံကို နားမခံနိုင်လွန်းစွာ သူ သည်နေရာမှ ခွာသွားဖို့ စဉ်းစားသည်။ သို့ပေမယ့် သူ မကိုင်မချင်း တယ်လီဖုန်းသံက မြည်နေဦးမှာ။

ရင်ငြိမ်း....

သည်ထိအောင် နှိပ်စက်နေတုန်းလား။

တယ်လီဖုန်း မြည် သံ သည် တိတ် ဆိတ် နေ သော ည မှာ ချောက်ချားဖွယ်ဖြစ်၏။ အထူးသဖြင့် သူ့အဖို့တော့ အထပ်ထပ် နာကျင်ကြေကွဲစေသော ဒဏ်ရာအပေါ် ပြင်းပြင်းထန်ထန် ဖိနှိပ်ခံရခြင်းပင် ဖြစ်၏။

ဟင့်အင်း....

မကြားချင်ဘူး ရင်ငြိမ်းရယ်။

သူက ဦးတည်ရာမဲ့စွာ ကက်ဆက်ခလုတ်ကို နှိပ်လိုက်သည်။

....ဟစ်ချိန်ကဆိုရင်....

....ကြင်နာသူမေရေ ...ဒီလမ်းကလေးပေါ်....

....မမေ့ရက်စရာပါမေရေ ... ဒီလမ်းကလေးမှာ....

....တို့နှစ်ဦး လက်ချင်းတွဲလို့ ပျော်ရွှင်ခဲ့ကြသေးတယ်နော်....

မိုးပိတောက်ပင်တို့ စီတန်းနေသော လမ်းကလေးကို အာရုံမှာ မြင်ယောင်လာသည့်ခဏ သူ ဖုန်းခွက်ကို ကောက်ကိုင်လိုက်တော့သည်။



"ဖြိုး.... ရင်ငြိမ်းပြောတာ နားထောင်ပါဦး ဖြိုးရယ်။ နားထောင်ပါနော်"

လျှပ်စစ်လှိုင်းထဲမှအသံသည် သူ့ရင်ကို ပူလောင်ကျွမ်းမြေ့စွာ တဆတ်ဆတ်ခါသွားစေ၏။ ဖုန်းခွက်ကို ကက်ဆက်စပီကာအနားမှာ ချထားလိုက်သည်။ နောက်တော့ ကြမ်းပြင်ပေါ်မှာ သူ အရုပ်ကြိုးပြတ် လဲကျသွား၏။

"ရင်ငြိမ်း"

ဟု သူ အကျယ်ကြီး အော်သည်။

ဖြိုးကို တစ်ယောက်တည်းထားခဲ့တယ်။ ရင်ငြိမ်းရက်စက်တယ်။ ရင်ငြိမ်းရက်စက်တယ်။ ဖြိုးဘဝမှာ ရင်ငြိမ်းရှိနေမှ ပြည့်စုံမယ်ဆိုတာ"

....မမေ့ရက်နိုင်သူမှာလေ တစ်ကိုယ်တည်းဆွေးပေါ့....

....လွမ်းရက်ရှည်ကြာပြီလေ မေ တစ်ယောက်သိပါစေ....

....အလွမ်းတွေ ...

....အလွမ်းတွေနဲ့ငေ ...

....စိမ်းကားနိုင်သူမေရေ ရှောင်ပြေးပုန်းတော့....

....မမေ့ရက်နိုင်သူမှာလေ.... တစ်ကိုယ်တည်းဆွေးပေါ့....

"ဖြိုး"

"ဖြိုး"

တဲ့....။ ခေါ်သံတွေ ပဲ့တင်ထပ်လာသည်။

တော်ပါတော့ ရင်ငြိမ်းရယ်။

နောက်ထပ် ကြေမွစရာ အပိုင်းအစပင် မကျန်တော့သော နှလုံးသားတစ်ခုမှာ သူမ ဘာကို လိုချင်သေးတာလဲ။ ရင်ငြိမ်းသည် သူ့အတွက် မမျှော်လင့်ချက် မီးအိမ် ဖြစ်သည်။ အစားထိုးမရနိုင်သော ချစ်ခြင်းသည် ရင်ငြိမ်း တစ်ယောက်တည်း အတွက်သာ ဖြစ်သည်။ ဒါကို ရင်ငြိမ်း သေချာသိထားလျက်နှင့် သူဘယ်လိုမှ မတတ်နိုင်သော အကြောင်းအရာတစ်ခုဖြင့် သူ့ကို အနိုင်ယူသွားရက်သည်လေ။ စိတ်နာမေ့ဖျောက်ရန်လည်း မကြိုးစားဖြစ်တော့ဘဲ ချစ်ခြင်းကိုသာ အရှည်အကြာ သိမ်းဆည်းထားရတော့မည်။

ရင်ငြိမ်းနှင့် နောက်ဆုံးတွေ့ဖြစ်သော နေ့တစ်နေ့ကို အမှတ်ရသည်။

"အတင်းအဓမ္မ တောင်းဆိုရတဲ့ ပုံစံမျိုး ဖြိုးနဲ့ ရင်ငြိမ်းကြားမှာ မရှိသင့်ဘူးလို့ ဖြိုး ယုံကြည်တယ်။ ဒါပေမယ့် ရင်ငြိမ်းရယ် ထပ်ပြောချင်သေးတယ်။ မျှော်လင့်နေပါရစေ။ နောက်ထပ် ဒီအချိန်တွေရှိသမျှမှာ မျှော်လင့်နေပါရစေလို့"

ရင်ငြိမ်းကို သူ ပြောဖြစ်ခဲ့သည်။ ရှိသင့်သော မာနတရားသည်ပင် ရင်ငြိမ်းရှေ့မှောက်မှာ ခဏတော့ ငုပ်လျှိုး လွင့်ပြယ်ခဲ့ရ၏။

ခုတော့ သူ့မျှော်လင့်ချက်တွေကို ဖျက်ဆီးဖို့ ခြေလှမ်းစလိုက်ပြီလားဟု ရင်ငြိမ်းကို အပြစ်မတင်ရက် တင်ရက်ဖြင့် တွေးမိသည်။



ခုမျှားမှာလေ....

သကာလို ချိုတာတွေ...မေတစ်ယောက်မေ့ပေါ့....

နှစ်ဦးသား ပျော်ရွှင်တာတွေ မေတစ်ယောက်မေ့ပေါ့....

တစ်ယောက်တည်း ဒီလမ်းခွဲမှာ ကြိုဆိုမြဲပါ ချစ်သူရေ...

ကြောက်မက်ဖွယ် တယ်လီဖုန်းခေါ်သံသည် မသိစိတ်မှာပင် စိုးမိုးလွှမ်းခြုံလျက် အိပ်ပျက်ညကို ခြောက်လှန့် နှိပ်စက်နေတော့၏။ မျက်ရည်စက်တို့ကြောင့် ကျိန်းစပ်လျက်ရှိသော မျက်ဝန်းတို့ကို အတင်းဇွတ်မှိတ်ပစ်ရင်း နာရီလှည့်သံတို့ကြားမှာ မိုးစင်စင် လင်းခဲ့ရသည်။

ဩော်....

အနားမှာ ရင်ငြိမ်း ရှိမနေပါလား။

*

သစ်ပင်အုပ်စိမ်းစိမ်း၏ အောက်ခြေရှိ မီးခိုးငွေ့တန်းကလေးသည် ဘယ်နေရာမှ စတင်လာသည်မသိ။ အဆုံးသတ်အနားမှာ တဖြည်းဖြည်း လျော့ပါးပျောက်ကွယ်သွားသည်။ ရိတ်သိမ်းပြီးစ စပါးပင်တို့သည် အစည်းလိုက်၊ အပုံလိုက် ရိုးပြတ်လယ်ကွက်ထဲမှာ ရွှေအိုရောင် လွှမ်းလျက်ရှိသည်။

လက်ပံပင်၊ ကုက္ကိုပင်တို့သည် တာရိုး၏အစပ် လှည်းလမ်းကြောင်းနံဘေးမှာ ရှိ၏။ သူက တာရိုးအတိုင်း ရွှံ့မြေမာတို့ကို ကျော်လွှားလျက် ချောင်းအစပ်ဆီသို့ လျှောက်သွား

လိုက်သည်။ မိုးကုန်ပြီးဖြစ်သည့်အတွက် ချောင်းထဲမှာ ရေအတော်ကျနေပြီ။ သဲမြေနုနုတို့ တင်ကျန်ခဲ့သော ချောင်းရိုးမြေပြင်မှာ သူ ထိုင်ချလိုက်သည်။ သဲမြေ၏အအေးဓာတ်သည် ခြစ်ခြစ်တောက် ပူနေသော နေအရှိန်နှင့် ဆန့်ကျင်ခြားနားနေ၏။

နည်းနည်းကျန်တော့သော ချောင်းရေထဲမှာ ဗိုက်သရောနှင့် ဗေဒါပင်ကလေးများကို မတွေ့ရတော့။ မျက်စိတဆုံးမြင်နေရသော ချောင်း ဟိုဘက်ကမ်းမှ ကိုင်းမြေတို့ကို ငေးမောရင်း ကုန်လွန်ပြီးခဲ့သော အချိန်များကို သူ ပြန်လည်သုံးသပ်နေမိသည်။

လိုချင်မက်မောမှုဖြင့် ပန်းတိုင်ကို သူ ရှာဖွေခဲ့သည်။ ဆန္ဒပြည့်ဝမှုသည် ဘယ်အချိန်ကာလမှမျှား သူ့ထံမှာ တည်မြဲနေမှာပါလိမ့်။ ပန်းတိုင် ရောက်ဖို့ အခက်အခဲ အမျိုးမျိုးကို သူ မညည်းမညူ ဖြတ်ကျော်ခဲ့သည်။ ပြန်တွေးမိတိုင်း မိမိကိုယ်မိမိ ကျေနပ်ပီတိဖြစ်စေရမည့် ရုန်းကန်အားထုတ်မှုမျိုးဖြင့် အတန် အသင့် ပြည့်စုံသော ဘဝဆီ သူ အရောက်ကြိုးစားနိုင်ခဲ့သည်၊

ပန်းတိုင်မှာ ပန်းခိုင်ဆိုက်ကာမှ....

သူ့အပျော်ကို မျှယူခံစားပေးမည့်အဖော်က သူ့ကို စွန့်ခွာထွက်သွားပြန်တော့၏။ ဖြစ်ပြီးခဲ့သမျှ ကံကြမ္မာ မလှခဲ့သည့် ဘဝကိုပဲ အပြစ်တင်ရလေမလား။



ရင်ငြိမ်းကို အပြစ်မတင်ရက်သည်ကတော့ အနှိုင်းထင် ဖြစ်လေသည်။

⁂

ရင်ငြိမ်းရယ်....

အတူရှိခဲ့ဖူးတဲ့ အရိပ်တွေက ဝေးသွားရင် မေ့ပျောက်သွားမယ်လို့ မျှော်လင့်မိသား။ ခုတော့ ဝေးလေ၊ လွမ်းလေ သတိရမိလေ။ မေ့ထားချင်တဲ့ အတိတ်တွေထဲမှာ ရင်ငြိမ်း မပါဝင်ပြန်ဘူး။

ဖြိုးရဲ့ဘဝထဲမှာ ရင်ငြိမ်းသာ လိုအပ်နေသည့်အတွက် ဖြိုး ရောက်ချင်တဲ့ ပန်းတိုင်မှာ အကြင်နာတရားကတော့ ကင်းမဲ့နေမှာပဲ။

(ဖြိုးရဲ့ ရှေ့ဆက်မယ့် အနာဂတ် ဘဝသစ်မှာ ရင်ငြိမ်းက ပထမဆုံးနဲ့ နောက်ဆုံးပါပဲ အချစ်ရယ်....) နောက်ဆုံးပါပဲလေ။

နောက်ထပ် ချစ်ခြင်းတို့ကိုးငည်း ရင်ငြိမ်းတစ်ယောက်မှလွဲပြီး ဘယ်သူမှ မပိုင်ဆိုင်နိုင်ဘူး ထင်သည်။ ချစ်သူမရှိသော အချိန်မှာ ဘဝအဓိပ္ပာယ်အားလုံး ကင်းမဲ့ ပျောက်ဆုံးနေတော့သည်။ ရင်ငြိမ်း မမြင်နိုင်သည့် ကွယ်ရာမှာ သူ တစ်

ယောက်တည်း မျက်ရည်ကျဖြစ်သော်လည်း ပျော့ညံ့သူဟု ခါးသက်စွာ စွပ်စွဲတတ်သည့် ချစ်သူကိုပဲ အထင်ထင် သတိရသည်။

မေ့နိုင်စွမ်းကို ဘာကြောင့်များ ပေးမထားခဲ့ပါလိမ့်။

ဘဝ၏ ဒဏ်တွေအားလုံးကို မကြောက်မရွံ့ ဖြတ်ကျော်လာနိုင်ပြီးကာမှ ရှုံးနိမ့်သွားရသော ချစ်ခြင်းအတွက် ပိုင်ဆိုင်မှုအားလုံးကို လွှင့်ပစ်ချင်တော့သည်။

အမိပ္ပာယ် မရှိတော့ဘူးနော်။

သူ့ကိုယ်သူ စိတ်ကူးယဉ်ဘဝထဲမှ လွတ်မြောက်နိုင်သည်ဟု အမြဲ ဂုဏ်ယူတတ်ခဲ့တာကို သတိရသည်။ သူသည် လက်တွေ့ဆန်လွန်းသော နှလုံးသားအလိုဆန္ဒကို အမြဲတမ်း နှိမ်ချထားတတ်သော စက်ရုပ်ဆန်သည့် လူသားတစ်ယောက်ဟု ရင်ငြိမ်း ကိုယ်တိုင်ကပင် သတ်မှတ်ထားခဲ့သည် မဟုတ်လား။ ခုမှ သူ့နှလုံးသားတွေ အရည်ပျော်ကျကုန်ပြီ။

ဒါကို ရင်ငြိမ်း သိပါ့မလား။

ရင်ငြိမ်း မရှိသော ဘဝကို သူ ဘယ်လိုမှ နေပျော်အောင် နေလို့မရတော့။ အကြီးမားဆုံး အရှုံးပေးလိုက်ရခြင်းပါပဲ ရင်ငြိမ်းရယ်။

ရောက်နှင့်ပြီးသော ပန်းတိုင်ကို ကျောခိုင်းလိုက်ဖို့ သူ ဆုံးဖြတ်သည်။ ရင်ငြိမ်းသိလျှင်တော့ တစ်ကိုယ်ကောင်းဆန်သူ၊ ပျော့ညံ့တွေဝေသူလို့ သူ့ကို ရှုံ့ချတော့မှာပဲ။



ဒါပေမယ့်လေ....

အဲလိုဖြစ်လာဖို့ သူမကိုယ်တိုင်က ဖန်တီးခဲ့တာပဲ မဟုတ်လား။

ရင်ငြိမ်းရယ်....ချစ်နေဆဲပဲဆိုတော့လည်း....

*

## ခရမ်းပြာ (၁၃)

အချိန် ရာသီတို့၏ အပြောင်းအလဲကို စိတ်မဝင်စားသော်လည်း ခြောက်သွေ့အေးစက်လွန်းသော အချိန်တို့ တစ်နာရီပြီး တစ်နာရီ၊ ဘစ်ရက်ပြီး တစ်ရက် ကုန်ဆုံးသွားသည်ကို သိနေရသည်။ ဘယ်တုန်းကမှ ပျော်ရွှင်မှု မရှိခဲ့ဘူးသော သူ့ကမ္ဘာမှ ရင်ငြိမ်း ပျောက်ကွယ်သွားခြင်းသည် ရေးရေးမျှသော ပျော်ရွှင်မှု၊ မျှော်လင့်ချက်တို့ ဆိတ်သုဉ်းသွားခြင်းပင် ဖြစ်လျက် အနာဂတ်တို့ အမိပ္ပာယ်မဲ့သွားခြင်းလည်း ဖြစ်သည်။

သတိရစိတ်၊ ကြေကွဲစိတ်ကို ဖျောက်ဖျက်ပစ်နိုင်ဖို့ အလုပ်ထဲမှာ အရင်ကထက် သူ ဖိစီးခဲ့သည်။ ပိုပြီး စိတ်ဝင်စားနိုင်အောင် ကြိုးစားခဲ့သည်။ ဒါပေမယ့်လည်း အားတက်



သရော ရှိတတ်သော တက်ကြွမှုတို့က ထူးဆန်းစွာ ပျောက်ဆုံးနေခဲ့သည်။ သူ လုပ်ကိုင်နေသောအလုပ်မှာ စိတ်လျော့ရဲနေမှုကို ပတ်ဝန်းကျင်က သတိပေးမှသာ သတိသားဖြစ်တော့သည်။

''ဖြိုး....မဂ္ဂဇင်းအတွက်စာမူတောင်းခိုင်းလိုက်တယ်ဆို''

ရင်ငြိမ်း ခေါ်သလို 'ဖြိုး'ဟု ထူးဆန်းစွာ ခေါ်တတ်သော နောက်တစ်ယောက်မှာ သူ့တိုက်မှ စာရေးဆရာမပင် ဖြစ်သည်။ သူ့ထက် သုံးနှစ်လောက်ငယ်သော်လည်း ရွယ်တူတစ်ယောက်လို သူမက 'ဖြိုး'ဟု ခေါ်တတ်၏။ အဲလိုခေါ်တိုင်းလည်း သူ ရင်ငြိမ်းကို ပိုအမှတ်ရ ဖြစ်သည်။

''ဟုတ်တယ် ပွင့်။ ဘာဖြစ်လို့လဲ''

''ပြီးခဲ့တဲ့လက ပွင့် စတ္တု ထည့်ပြီးပြီလေ''

ကောင်မလေးက ခပ်သွက်သွက်ပဲ သူ့စားပွဲရှေ့မှ ကုလားထိုင်ကို ဆွဲထိုင်လိုက်သည်။

''အင်းလေ....ဘာဖြစ်လဲ''

''လ,စဉ်လို ထပ်နေပြီ''

''ကလောင် အင်အား နည်းနေလို့ပါ''

''ဖြိုး မဂ္ဂဇင်းမှာ လ,စဉ်လို စာရေးဆရာ အပြောင်းအလဲ မရှိဘဲ ပုံသေကြီးဖြစ်နေပြီဆိုတာ သတိထားဦး။ ကြာရင် ပရိသတ် အီလာလိမ့်မယ်။ ခုတောင် စကားသံတွေ ထွက်လာပြီ။ မဂ္ဂဇင်းကိုလဲ ဖိဖိစီးစီး လုပ်ပါဦး ဖြိုးရယ်''

''ကိုယ့်လောက် ကိုယ့်စာအုပ်ကို ကောင်းစေချင်တာ ဘယ်သူရှိမလဲ ပွင့်ရယ်။ ကိုယ် ကြိုးစားပါတယ်''

''ဒါပေမယ့် ပွင့် ထင်တယ် ဖြိုးက လက်က အလုပ်လုပ်နေပေမယ့် စိတ်က တခြားရောက်နေတာ''

သူ ခပ်ရှက်ရှက်ဖြင့် ရယ်ရင်း ဝန်ခံ ခေါင်းညိတ်လိုက်ရသည်။ ပြီးခဲ့သည့်လက လက်ကျန် မဂ္ဂဇင်းကို ပြန်သိမ်းတော့လည်း သူနှင့်ရင်နှီးသည့် စာအုပ်ဖြန့်သူများက သည်လိုပဲ သတိပေးခဲ့သည်လေ။ သူ့ကိုယ်ကို သူပိုင်နိုင်သေးသော်လည်း သူ့ စိတ်အစဉ်ကိုတော့ ရင်ငြိမ်းက သိမ်းယူသွားခဲ့ပြီဖြစ်သည်။ နယ်ပို့ဖို့ စာအုပ်တွေ စည်းထုပ်နေရာသို့ လှမ်းကြည့် ဖြစ်သည်။ လုံးချင်းဝတ္ထုတွေ....

''ပွင့် အခု ကုန်ကြမ်းလိုနေလို့ ဖြိုးဆီက တောင်းမလို့''

''ဘာကိုလဲ''

''ဖြိုးရဲ့ဇာတ်လမ်းလေ''

''ဟာ...သွားစမ်းပါ''

ကောင်မလေးက ဟက်ဟက်ပက်ပက် ရယ်နေသည်။ သူ မရယ်မောဖြစ်တာ အ တော် ကြာနေပြီ ဖြစ်သည့် အတွက် အလိုက်သင့် ပြုံးဖို့ပင် သတိမရ။

''ပြောစမ်းပါ....ရင်ငြိမ်းနဲ့ ဇာတ်လမ်းလေး''

''နင်တို့ စာရေးဆရာတွေကလေ လူတစ်ယောက်ကို တွေ့တာနဲ့ နင်တို့ ဖန်တီးဆိုင်းခံရမယ့် ရုပ်သေးရုပ်လို သတ်မှတ်လိုက်တော့တာပဲ။ ကြောက်စရာကောင်းတယ်''



''အဲလို မပြောပါနဲ့နော်။ ဒါမှလဲ လူ့စရိုက် လူ့သဘာဝက ပိုပီပြင်တော့မှာပေါ့''

''ထားပါတော့''

''ဒါပေမယ့် ပွင့်ကိုတော့ ရင်ငြိမ်းအကြောင်း ပြောပြပါနော်။ သူ့ကဗျာလေးတွေ ပွင့် သိပ်ကြိုက်တာ''

''အင်းလေ....တစ်နေ့နေ့ပေါ့''

''တစ်နေ့နေ့ပေါ့''

ပွင့်က သူ့စကားကို သံယောင်လိုက် ရေရွတ်သည်။နောက်လ ဝတ္ထုတိုမထည့်ဘဲ ဆိုင်းထားဖို့ပြောပြီး နှုတ်ဆက် ပြန်သွား၏။

ဘဝမှာ အချစ်က အရေးတကြီး လိုအပ်သလားဟု သူ တွေးနေမိသည်။

*

''ခရမ်းပြာဝန်းထိုင်''

ချစ်သူ....
ရှေ့ကိုကြည့်စမ်း၊ လန်းဆန်းစုံကြွား
အားနှင့်မာန်နှင့်၊ သည်ပန်းပွင့်က
လွင့်မျောလှုပ်လဲ့၊ ချောင်းရဲ့ရေစီး
သည်ခရီးထဲ၊ ငွဲ့ကို ကိုးစား
ပျော်များနေရဲ့၊ မင်းချစ်တဲ့ပန်း
ခရမ်းပြာလေ....

ဗေဒါရဲ့လမ်း၊ စခန်းဘယ်ဆီ
မှန်းရည်သော်လည်း၊ ခက်ခဲပင်ပန်း
ဒီရေကြမ်းမှာ၊ သာသာတစ်မျိုး
ဆိုးဆိုးတစ်ဖုံ၊ ကြုံမြဲကြုံလျက်
ရောက်ခက်နိုင်ခဲ့၊ မင်းချစ်တဲ့ပန်း
ခရမ်းပြာလေ ...

ဗေဒါခရီး၊ နီးနီးဝေးဝေး
အေးအေးကြမ်းကြမ်း၊ သည်လမ်းစုန်ဆန်
ရန်ခုန့်သံဖြင့်၊ ချစ်ခြင်းမုန်းခြင်း
ဖြတ်နင်းကျော်သွား၊ လူသားဆန်စွာ
ပန်းဗေဒါလို၊ မညီုမညင်
လမ်းသစ်ထွင်လျက် ဆက်လျှောက်ပါနော်.....

အဖော်ခဏ၊ ခေါ်မရလဲ
တစ်ယောက်တည်းပေါ့၊ ခေါင်းမော့စမ်းပါ
ခရမ်းပြာပန်း၊ ခြေလှမ်းမြဲခိုင်
ပန်းတိုင်မြင်မှ သတိရလည်း
ဝမ်းနည်းမနေ၊ လေပြေလေးဖြစ်
ကျေနပ်နေရစ် ပါရစေနော်....။



စာရွက် အောက်ဘက်ထောင့်စွန်းမှာ ရှိနေသော လက်မှတ်ကို မမြင်ရသေးခင်ကပင် ရင်ငြိမ်းလက်ရေးကို သူမှတ်မိသည်။

ရင်ငြိမ်း၏ နေ့စဉ်မှတ်တမ်းမှာ တွေ့နေကျလက်ရေးထက် အနည်းငယ် ဖိုပြီးဝိုင်း၏။ အနည်ထိုင်ပြီး မေ့ထားလိုလျှင် အတော်အသင့် မေ့၍ရနေပြီဟု သူ ထင်သော်လည်း ရင်ငြိမ်း လက်ရေးကို မြင်ရရုံ၊ ရင်ငြိမ်းကဗျာကို ဖတ်ရရုံဖြင့် သူ တုန်လှုပ်ချင်လာသည်။ လက်ချောင်းတွေ တဆတ်ဆတ်တုန်လာလည်ကို ကြည့်ရင်း....

"စိတ်မခိုင်တဲ့သူ၊ စိတ်ပျော့တဲ့သူတွေက တစ်ခုခုနဲ့ရင်ဆိုင်ရရင် အဲဒီလို ဖြစ်တတ်တယ်"

ဟု သူ့ဒေါသကို စိတ်အေးလက်အေး ဘိုင်ကြည့်ရင်း ရင်ငြိမ်းပြောခဲ့ဖူးတာကို သတိရမိသည်။ တိုက်နှင့် အောဖ်ဆက်၊ စာပုံနှိပ်စက်တို့ကိုပြေးလွှားနေရင်းမိုးမိသည့်အတွက် ဖျားပြီး အိပ်ရာထဲမှာ ငြိမ်ငြိမ်သက်သက် နေရသည့်အခိုက် ရင်ငြိမ်းကဗျာက သူ့ထံသို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။ သူ့အတွက် လက်ဆောင်စကား တစ်ခွန်းတလေမှ မပါ။

သို့ပေမယ့် သူမ၏ ဆန္ဒနှင့် အားပေးမှုကတော့ ကဗျာမှာ ထင်ရှားပေါ်လွင်နေပြီ ဖြစ်သည်။

"အဖော်ခဏ ခေါ်မရလဲ
တစ်ယောက်တည်းပေါ့၊ ခေါင်းမော့စမ်းပါ"

တဲ့။ တင်းမာလှချည့်လား ရင်ငြိမ်းရယ်....

တစ်ယောက်တည်းပေမယ့် နာကျင်စိတ်ဖြင့် ခုထိ ခေါင်းမမော့နိုင်ခဲ့သေးပါ။ ဒါကို ရင်ငြိမ်း အသိပါပဲလေ။

ရင်ငြိမ်းဘက်ကရော....

သည်အတိုင်း ထပ်တူရှိနေမည်ဟု ခုချိန်မှာ သူ ကိုယ်ချင်းစာ၍ရသည်။ ကဗျာကလေးကို ကြည့်လေ။ သူ့အတွက် ရည်ရွယ်ချက်ပန်းတိုင်ကို ရင်ငြိမ်း သိပြီး ဖြစ်သည်။ သူ့အမြင်မှာ ရေစီးထဲ တလှုပ်လှုပ်မျောနေသော ဗေဒါကလေးကို မြင်ယောင်လာသည်။ နားထဲမှာ ရင်ငြိမ်း အကြိမ်ကြိမ် ရွတ်ပြဖူးသော ဆရာဇော်ဂျီ၏ ဗေဒါလမ်းကဗျာကလေးကို ကြားလာရသည်။

> စိုးပါတု သူ့မူရာ
> ချောင်းတခွင် ပင်လယ်ဝက၊ ပန်းလှဗေဒါ
> ဆန်တက်ချိန်မှာ၊ ဆန်လာနိုင်ပါဘိ
> စုန်ဆင်းချိန်မှာ၊ စုန်လာနိုင်ပါဘိ
> သူ့လမ်းစဉ် သူမြင်ရဲ၊ သူ စွဲတတ်ဘိ။

ဗေဒါလမ်းကဗျာတွေထဲမှာ ရင်ငြိမ်း အကြိုက်ဆုံးဖြစ်ပြီး သူ့ကိုပါ အလွတ်ရသွားစေလောက်အောင် ခဏခဏရွတ်ပြခဲ့ဖူးသော ကဗျာပိုဒ်ကလေးဖြစ်သည်။ သူ့ကို ရင်ငြိမ်းက ခရမ်းပြာ ပန်းကလေး ဖြစ်စေချင်ခဲ့သည်။ ပန်းတိုင်မှာ ပန်းခိုင်စိုက်စေချင်ခဲ့သည်။ သူ့အောင်မြင်မှုကို သူနှင့်ထပ်တူ ဟိုတုန်း



ကလည်း ရင်ငြိမ်းဂုဏ်ယူပျော်ရွှင်ခဲ့သည်။ နောင် လည်း အဝေးမှာ ဂုဏ်ယူနေချင်ဦးမည်။

ရင်ငြိမ်းရယ်....

ဖြိုးရဲ့ ကိုယ်ပွားအဖြစ်နဲ့လည်း ရင်ငြိမ်းကို ဖြိုး ချစ်နေခဲ့ပါတယ်။

ရင်ထဲမှာ ဘောင်ဘင်ထ,နေသော လှိုင်းဂယက်များက အားမာန်များလို ပြည့်လာစေသည်။ အိပ်ရာပေါ်မှ ထ,ပြီး ပြတင်းပေါက်မှာ ရပ်၏။ ကတ္တရာလမ်းမပေါ် မိုးစက်ဖွဲ့ဖွဲ့ကျနေသည်။ ရင်ငြိမ်း မိုးရွာလဲမှာ ထီးမပါဘဲ လျှောက်သွားနေဦးမှာလား။

ခုချိန်မျိုးမှာ ရင်ငြိမ်း သူ့အနား ရှိမနေနိုင်တာကိုတော့ သူ ဝမ်းနည်းမဆုံး။

သူ့ကျန်းမာရေးကို ရင်ငြိမ်းက အမြဲ စိတ်ပူနေခဲ့သည်။ ရင်ငြိမ်းလက်ထပ်ပွဲကိုသွားဖို့ ဖိတ်စာကဒ်ဖြူဖြူကို ထိတ်ထိတ်လန့်လန့်နှင့် နွေတိုင်းမျှော်နေရတာ သူမ မသိနိုင်ဘူးထင်ရဲ့။

ရင်ငြိမ်းရယ်....

ပန်းတိုင်သာရှိခဲ့ရင် ဖြိုး အရောက်သွားမှာပါ။ ဒါပေမယ့် အလုံးစုံပြည့်စုံခြင်းကိုတော့ မရခဲ့ဘူးနော်။

ချစ်ခြင်းမေတ္တာနဲ့ပတ်သက်ပြီး ငယ်စဉ်ကတည်းက ဖြိုး ဆုံးရှုံးခဲ့ရပါဘယ်။

ရောက်ချင်တဲ့ပန်းတိုင်မှာလည်း ဖြိုးအတွက် ချစ်ခြင်းမေတ္တာ ကင်းမဲ့နေပြန်ပြီနော်။

မြတင်းဆီမှာ မိုးသက်လေက ခပ်ကြမ်းကြမ်း ဝှေ့ပက်လာသည်။ မိုးရေစက်တို့ ပါးပြင်ပေါ်အထိ လွင့်စင်လာလေသလား။ ရင်ငြိမ်းမြင်ခဲ့လျှင်တော့ စိတ်ညစ်မှာပဲ။

ခွင့်လွှတ်ပါ ရင်ငြိမ်းရယ်....

ကိုယ် ငိုပါရစေ။

*

''ငါ မယုံနိုင်ဘူးကွာ''

''သူမှန်း သေချာပါတယ်ကွာ။ မင်း ရင်ငြိမ်းမှတ်ပုံတင်နံပါတ်ကို မှတ်မိနေတာပဲ မဟုတ်လား''

''ဒါပေမယ့် သူက လွယ်လွယ်ကူကူ ကတိပျက်မယ့် မိန်းကလေး မဟုတ်ဘူး''

သောင်းထိုက်က သူ့ကိုမော့ကြည့်ရင်း သူ့လက်ထဲက သတင်းစာကို ဆွဲယူသည်။

''သူတို့ ပြဿနာတစ်ခုခုရှိလို့ နေမှာပေါ့''

''ငါ ရင်ငြိမ်းနဲ့ တွေ့ချင်တယ်''

''ခုချက်ချင်းကြီးလား''

''ခုချက်ချင်းတွေ့ဖို့ သိုအပ်တယ်လို့ ငါထင်တယ်''



မိုးရေစပ်စပ်ရှိသော လမ်းမပေါ်သို့ ပြေးထွက်ထိုင်သော အခါ သောင်းထိုက်က သူ့ကို အံ့ဩတကြီး ငေးကြည့်ရင်း ကျန်ရစ်သည်။

ရင်ငြိမ်း --

ဖြိုးကို အခွင့်အရေးတစ်ခု ပေးပါကွယ်။

ကျန်တဲ့ အရာအားလုံးအတွက် ဖြိုး ခွန်အား ရှိသရွေ့ ကြိုးစားနိုင်ပါတယ်။ ကြိုးစားတိုင်း မရနိုင်တာကတော့ ရင်ငြိမ်းကို ပိုင်ဆိုင်ဖို့ပဲ။

မျှော်လင့်ချက် တစ်စွန်းတစ်စ ရင်မှာ ထင်ဟပ်လာမြန်သည်။ ရင်ငြိမ်း သူ့ကို ချစ်နေဆဲဆိုတာ ရင်ငြိမ်းမှ လွဲလျှင် သူ အသိနိုင်ဆုံး။ ပန်းတိုင်ကို ရင်ငြိမ်းနှင့်အတူ လျှောက်ပါရစေ။

*

# အပိုင်း (၅)

တောင်ပိန္နဲသီးကြွေများကို ဖိနပ်ဖြင့်ဖိနင်းပစ်လိုက်သည်။ ကမ္ဘာလောကထဲမှာ သူ့အတွက် ရှိနေသော အခက်အခဲ အတားအဆီးများကိုလည်း သူ သည်လိုပဲ ပိပြားသွားအောင် နင်းချေပစ်လိုက်ချင်သည်။ ရင်ငြိမ်းက တီရှပ် အနက်ရောင်နှင့် ပန်းရောင်ဖျော့လုံချည်ကို ခပ်တိုတို ဝတ်ထားသည်။ ဆံမျှင်တို့ ရှင်းလင်းနေသော နဖူးပြင်ဆီမှ သနပ်ခါးရနံ့ကို နမ်းမွှေးခွင့် ရချင်သည်။ သည်ကြေက်ပိုင်းတွေအတွင်းမှာ အံ့သြယူရလောက်အောင် ရင်ငြိမ်း မျက်နှာချောင် ကျသွားခဲ့၏။ လေအဝှေ့မှာ မိုးစက်တို့ မျက်နှာဆီ လာမှန်သည်။

"စေ့စပ်ကြောင်းလမ်းခြင်း ဖျက်သိမ်းပြီးကတည်းက ဖြိုး ရောက်လာမယ်ဆိုတာရင်ငြိမ်း သိနေခဲ့တယ်။ ဖြိုး ရောက်လာမှာကိုလဲ ရင်ငြိမ်း ကြောက်တယ်"

"ကြောက်တယ်"

"ရင်ငြိမ်းလေ"

ရင်ငြိမ်း လက်ဖျားကလေးများကို ဆွဲယူပြီး ရင်ခွင်ထဲမှာ ရင်ငြိမ်းကို သိမ်းဆည်းဖက်ပွေ့ထားလိုက်မိတော့သည်။

မိုးစက်ဖြင့် စိုစွတ်နေသော ရင်ငြိမ်း၏ နှုတ်ခမ်းရဲရဲတလေးများ ချိုမြနေသည်ကိုလည်း အခါခါ အိပ်မက်ခဲ့ရသလို ခုချိန်မှာ သိခွင့်ရနေသည်။

ဟပေါက်ဟပေါက်ကျနေသော မိုးရေစက်တွေကြားမှာ.....

ရင်ငြိမ်းကို မြေးထွက်မသွားရအောင် ဖက်ထားပါရစေ။

"ဘာမျှမပြောနဲ့ ရင်ငြိမ်းရယ်။ ဒီအချိန်မှာ ဘာမှမပြောပါနဲ့"

မောပမ်းလှုပ်ခတ်စွာ ရင်ငြိမ်းကို တားဆီးနေမိသည်။ တောင်ပိန္နဲပင်ရိပ်မှာ မိုးမလုံနိုင်မှန်း သိသော်လည်း ဘယ်နေရာမှ ထွက်သွားဖို့ သူ စိတ်မကူးမိ။ နောက်ပြီး ရင်ငြိမ်းကိုလည်း သူ့ရင်ခွင်ထဲမှ လွှဲပြီး ဘယ်ကိုမှ ပြောင်းရွှေ့ခိုလှုံခွင့်ပေးဖို့ စိတ်မကူးမိတော့။ နောက်တစ်ခါ ခွဲခွာ ကျန်ရစ်ခဲ့ဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး ရင်ငြိမ်းရယ်။

ရင်ငြိမ်းပါးပြင် နဖူးဇာပ်နှင့် လည်တိုင်ဆီမှာ သနပ်ခါးမှုန်တွေ ကုန်စင်သွားအောင်ပင် သူ ဖျက်ဆီးပစ်လိုက်သည်။

"ဖြိုး"

"ဟင့်အင်း"

"ရင်ငြိမ်း ပြော"



ရင်ငြိမ်း နှုတ်ခမ်းများကို ကြမ်းတမ်းစွာ ပိတ်ပစ် လိုက်သည်။

"မပြောနဲ့။ ရင်ငြိမ်းဆီက ဘယ်လိုအကြောင်းပြချက်မျိုးကိုမှ မကြားချင်ဘူး။ ဖြိုးလေ၊ ဟိုး အရင်တုန်းက ခွဲခွာရတဲ့ ခံစားချက်တွေထက် ပိုပြီး အချစ်ဆိုတာကို သိလာတော့ ခွဲရမှာကို အရင်ထက် ပိုကြောက်တတ်ပြီ ရင်ငြိမ်း။ ရင်ငြိမ်းနဲ့ ဖြိုး မခွဲနိုင်ဘူး။ ဘယ်လိုပဲဖြစ်ဖြစ်၊ ဘာတွေပဲဖြစ်ဖြစ် ရင်ငြိမ်းကို ဖြိုး ခွဲမသွားနိုင်ဘူး။ ရင်ငြိမ်းလဲ ဖြိုးကို ခွဲမသွားရဘူး"

နီရဲနေသော ရင်ငြိမ်းမျက်ဝန်းများကို မြင် နေ ရ လျက် မမြင်ဟန် ဆောင်ထားမိသည်။

"ရင်ငြိမ်း သိပါတယ်။ ရင်ငြိမ်းကို ဖြိုး ဘယ်လောက် လိုအပ်ခဲ့သလဲ။ ငယ်ငယ်ကတည်းက ဖြိုး တောင့်တခဲ့ရတဲ့ ငြိမ်းချမ်းတဲ့ မေတ္တာတရားမျိုးကို ရင်ငြိမ်းတစ်ယောက်တည်းဆီကပဲ ဖြိုး လိုချင်ခဲ့တယ်။ ဘယ်သူ့ဆီကမှ မလိုချင်ဘူး။ ရင်ငြိမ်းဆီက အကြင်နာကို ဖြိုး ထာဝရ လိုချင်ခဲ့တယ်။ ဖြိုး ကြိုးစားနေတဲ့ တစ်စိတ်တစ်ပိုင်းဟာ ရင်ငြိမ်းနဲ့သက်ဆိုင်တယ်။

ရင်ငြိမ်းရယ်....

ဒီဘဝမှာ မေတ္တာတရားနှင့် ဖြိုး မထိုက်တန် တော့ ဘူးလား။ ဖြိုး ခံယူချင်တဲ့ မေတ္တာကိုရဖို့ ကံတရားက ခွင့်မပေးတော့ဘူးတဲ့လား။ ဖြိုးရဲ့ဘဝကို ဖြိုး တစ်ယောက်တည်း

ရှန်းကန်နိုင်ပါတယ်။ အောင်မြင်မယ်ဆိုတာလဲ သေချာပါတယ်။ ဒါပေမယ့် အဲဒီအောင်မြင်မှုတွေက ရင်ငြိမ်းမရှိမှတော့ ဘာအဓိပ္ပာယ်ရှိတော့မှာလဲ ရင်ငြိမ်းရယ်၊ ပြောပါဦး။ ဖြိုးကို ရင်ငြိမ်း ထားခဲ့ဖို့''

''ဖြိုးကို ဘယ်တုန်းကမှ ရင်ငြိမ်း မထားခဲ့ပါဘူး''

''မညာနဲ့လေ၊ ထားခဲ့ပြီးပြီပဲ''

''ရင်ငြိမ်းရဲ့ အချစ်တွေအားလုံးကို ဖြိုးပဲ အမြဲ ပိုင်ပါတယ်''

ရင်ငြိမ်း မျက်ဝန်းအိမ်ကို စူးစမ်းကြည့်သည်။ မျက်ရည်တွေနဲ့။

''မငိုပါနဲ့ရင်ငြိမ်းရယ်။ ရင်ငြိမ်းငိုတာကို ဖြိုး မမြင်ပါရစေနဲ့''

ရင်ငြိမ်းမျက်ရည်ကိုမြင်ရဖို့သူဘယ်တုန်းကမှဆုမတောင်းခဲ့ပါ။ ပြောပါရင်ငြိမ်း။ ဖြိုးအတွက် ရင်ငြိမ်း စိတ်ဆင်းရဲနေခဲ့ရသလား။ ကိုယ့်ဘက်က ခံစားရတာတွေကိုရော အသိအမှတ် ပြုမှာလား။

ရင်ငြိမ်းက နူးညံ့လွန်းသည်ဟု သူကိုယ်တိုင် ချီးမွမ်းခဲ့ရသော လက်ချောင်းကလေးများဖြင့် လည်တိုင်ကို တွဲခိုလျက် သူ့ရင်ခွင်မှာ သွေးကြောတို့ဖြင့် တင်းနေသော ပါးပြင်တစ်ဘက်ကို ဖိကပ်ထားသည်။ ရင်ခုန်သံကို ရင်ငြိမ်းကြား



နိုင်မယ်ထင်ရဲ့။ သည်အချိန်ကာလကလေးကို ဘဝတစ်ခုလုံးအတွက် လိုချင်ပါရဲ့ ရင်ငြိမ်းရယ်။

''တကယ်ဝေးသွားတဲ့အခါ ရင်ငြိမ်း ဖြိုးကလွဲပြီး ဘယ်သူ့ကိုမှ ချစ်လို့မရတော့ဘူးဆိုတာ သိလာတယ်။ ဖြိုးရဲ့ ရင်ခွင်နေရာမှာ တခြားသူတစ်ယောက်ရဲ့ရင်ခွင်ကို ခဏ အစားထိုးကြည့်ရင်တောင် သိပ်ပြီး အေးစက် အသက်မဲ့လွန်းတယ်လေ။ ရင်ငြိမ်း ဖြိုးကလွဲပြီး ဘယ်သူ့ကိုမှ မလိုချင်ဘူး။ ဖြိုးရင်ခွင်ကလွဲပြီး ဘယ်သူ့ရင်ခွင်ကိုမှ မခို ချင် ဘူး။ အဲဒါကြောင့် အားလုံးနဲ့အတိုက်အခံလုပ်ပြီး စေ့စပ်ပွဲကို ရင်ငြိမ်းဆန္ဒနဲ့ ဖျက်ခဲ့တယ်''

ရှိုက်သံလား။ ခပ်သာသာလှုပ်ရှားနေသော ရင်ငြိမ်းနှုတ်ခမ်းကို ငေးကြည့်မိသည်။

''ဖြိုးရယ်၊ ချစ်ခြင်းဆိုတာ လူမှုရေး စည်းမျဉ်း တွေ၊ ကိုယ်ကျင့်တရားတွေ၊ ပိုင်ဆိုင်မှုတွေနဲ့ မသက်ဆိုင်ဘူးဆိုတာ ရင်ငြိမ်းသိသလို ဖြိုးလဲ သိမှာပဲ။ ဒါပေမယ့်ကွယ်၊ ပိုင်ဆိုင်လိုမှုဆိုတဲ့ အရာမှာတော့ အားလုံးက အဲဒါတွေကို စဉ်းစားလာကြတယ်''

''ရင်ငြိမ်းကရော''

ရင်ငြိမ်းက သူ့နှုတ်ခမ်းကို လက်ဖဝါးဖြင့် ဖိသည်။ မျက်ရည်စက်တို့ လိမ့်ကျလာသည့်အခါ စိုစွတ်သော မျက်ဝန်းများဖြင့် ရင်ငြိမ်းက သူ့ကို မော့ကြည့်၏။

"ဖြိုးကိုပိုင်ချင်ရင် ရင်ငြိမ်း အဲ့ဒါကို စဉ်းစားရတော့မယ်။ နောက်ပြီး ရင့်ငြိမ်းရဲ့ အသိုက်အဝန်းက ရင်ငြိမ်းကို ကန့်ကွက်ကြတော့မယ်။ ရင်ငြိမ်းရဲ့ ဆန္ဒအရ တစ်ခုကို ရင်ငြိမ်းဖျက်ဆီးခဲ့ပြီးပြီ။ အားလုံးရဲ့ ဆန္ဒအရ နောက်တစ်ခုကို ရင်ငြိမ်းဖျက်ဆီးရဦးမယ်။ အဲဒါက ရင်ငြိမ်းတို့ရဲ့ အတူနေလိုမှုဆိုတဲ့ ဆန္ဒတစ်ခုကို"

"ဖြိုးကို ရင်ငြိမ်း လက်မထပ်နိုင်ဘူးပေါ့"

"ဖြိုးကို လက်မထပ်ပါဘူးလို့ ရင်ငြိမ်း ကတိပေးခဲ့တယ်"

ခန္ဓာကိုယ်တစ်ခုလုံးတောင့်တင်းသွားလျက် သွေးခုန်နှုန်းတို့ ချက်ချင်း မြန်လာသည်။ ဒေါသလား၊ ကြေကွဲမှုလား၊ နှမြောတမ်းတခြင်းလား။ ရင်ငြိမ်းနောက်ကျောကို သိုင်းဖက်ထားသောလက်တို့ ပြေလျော့ကျသွား၏။ ရင်ငြိမ်းပါးပြင်ပေါ်မှ မျက်ရည်စက်များ၊ ပြီးတော့ ,ရှိုက်သံများ။

အားလုံးသည် မှုန်ဝါးဝါးသာ ကျန်သော မျှော်လင့်ချက်တို့ကို အပြီးတိုင် ဖျက်ဆီးပစ်လိုက်တော့၏။ ဒုတိယအကြိမ်နှင့် နောက်ဆုံး အကြိမ်အဖြစ် သူ့နှလုံးသားသည်လည်း အစိတ်စိတ်အမွှာမွှာ ကြေကွဲသွားတော့သည်။

"ရင်ငြိမ်း"

ပါးပြင်ပေါ်မှ ရင်ငြိမ်း၏ လက်ချောင်းများကို ဆွဲဖယ်ပစ်လိုက်သည်။



"မငိုနဲ့လေ"

"ပျော့ညံ့တယ်လို့ ပြောဦးမှာလား"

"ဟင့်အင်း.... ဖြိုးရယ်၊ မငိုနဲ့။ ရင်ငြိမ်း ဖြိုးကို ချစ်တယ်လေ။ သိတယ်ဒို့လား။ တစ်သက်လုံးလေ"

ရင်ငြိမ်းက အသက်ရှူမရအောင်ပင် သူ့ကို အတင်းကွယ်ဖက်ထားတော့သည်။ အဖြူရောင်အင်္ကျီ၏ ရင်ဘတ်မှာ မျက်ရည်စက်တို့က မိုးပေါက်များနှင့်အတူ စွန်းထင်း စွတ်စိုနေတော့သည်။

"ဟုတ်တယ်၊ ဖြိုးက ပျော့ညံ့တယ်။ ရင်ငြိမ်းနဲ့ပတ်သက်ရင် ပိုပြီး ပျော့ညံ့တယ်။ ကိုယ့်ရဲ့ ဖျက်ဆီးဆေးကြောလို့ မရတဲ့အတိတ်အတွက် ဆိုတော့ ကိုယ် ဘာတတ်နိုင်မှာလဲရင်ငြိမ်းရယ်။ ဖြိုးရဲ့ကံကြမ္မာပေါ့"

"ရင်ငြိမ်းတို့ရဲ့ လွတ်လပ်တဲ့ ချစ်ခြင်းအတွက် ကျေနပ်လိုက်ပါ ဖြိုးရယ်"

"ကျေနပ်ပါတယ်"

မျက်တောင်တဖျတ်ဖျတ် ခတ်ပစ်လိုက်သည်။ ရင်ငြိမ်းကတော့ ငိုနေဆဲ....

မိုးစက်တို့ ပို၍ သိပ်သည်းလာ၏။ ဟိုးငယ်စဉ်က နေ့အချိန်အထိ ပြောင်းလဲခဲ့သော အဖြစ်အပျက်တို့က ရှေ့မှာ ဟင်းလင်းဖြစ်နေသော မြင်ကွင်းသည် တစ်ခုစီ ပေါ်လာနေ၏။

အတိတ်....။

ခါးသီးဖွယ်ကောင်းသည်၊ ဝမ်းနည်းဖွယ်ကောင်းသည်။ သို့ပေမယ့် သူ ကျေနပ်နိုင်ခဲ့၏။

ခုချိန်မှာတော့

ကျေနပ်ဖွယ်၊ ချိုမြိန်ဖွယ် အနာဂါတ်တစ်ခုကို သူ မကျေနပ်နိုင်တော့။

မိုးစက်မိုးပေါက်တို့က အရှိန်အဟုန်ပြင်းစွာ ပြေးလွှားလာသည်။ သူ့ပါးပြင်တစ်ဖက် လှစ်ခနဲ နွေးထွေးသွား၏။ မျက်ရည်တွေကြားမှာ ရင်ငြိမ်းက သူ့ကို ရီရီဝေဝေ ကြည့်သည်။

"ဖြိုးရဲ့ ပန်းတိုင်မှာ ရင်ငြိမ်းရှိမနေနိုင်တဲ့အတွက် အရမ်းကို ကြေကွဲရပါတယ်ကွယ်။

ဒါပေမယ့်....

ဖြိုးရဲ့ ပန်းတိုင်ကို ရင်ငြိမ်း စောင့်ကြည့်နေမယ်လေ....

ရင်ငြိမ်းဟာ ဖြိုးရဲ့ ထာဝရချစ်သူလို့ မှတ်ထားပေးပါနော် ..."

မိုးရေတွေထဲမှာ တစ်လှမ်းချင်း လျှောက်သွားနေသော ရင်ငြိမ်းကို ငေးမော‌ကြည့်နေမိသည့်အဆုံးမှာ သူ့အသိစိတ်များလည်း ပျောက်ကွယ်သွားတော့သည်။

*



ပန်းခရမ်းပြာတို့ ပန်းတိုင်မှာ ဆိုက်နေပြီဟု သူက မျှော်လင့်တွေးကြည့်သည်။

သို့ပေမယ့် ....

မိုးရာသီဆို ဒီချောင်းမှာ ခရမ်းပြာပန်းတို့ အစုန်အဆန် မျောပြန်ရဦးမည်။

သူကတော့....

သူကိုယ်တိုင် ကျေနပ်သည့် အတိုင်းအတာအထိ ဘဝချောင်းရေစီးမှာ ခရီးပေါက်ခဲ့ပြီ။ ပန်းတိုင်ကို အရောက်သွားနိုင်လိမ့်မည်ဟုလည်း ယုံကြည်သည်။

အောင်မြင်ခြင်းသည် နူးညံ့သော မေတ္တာတရားနှင့်အတူ ရှိမနေနိုင်ဘူးလား ဟုတော့ သေချာနားမလည်မိ။

ပန်းတိုင်မှာ သူ တစ်ယောက်တည်း ဖြစ်လိမ့်မည်။

ဖြိုးကို နွေးထွေးစွာ ပြုံးကြည့်နေပါ ရင်ငြိမ်းရယ်....

ရှား

ခရမ်းပြာပန်းတိုင်

14.5.1991

TUESDAY

1:16:00 PM